www.burmeseclassic.com

# ကာတွန်း

ချစ်တယ်ဆိုရင် လက်ညှိုးထောင်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


**စာမူခွင့်ပြုချက်အမှတ်** [၅၀၀၂၃၅၀၅၀၃]

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** [၅၀၁၁၉၀၀၅၁၀]

**မျက်နှာဖုံးဒီဇိုင်း** ◆ အံ့ဘွယ် (Star's)

**ထုတ်ဝေသည့်လ** ◆ ၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ
(ဒုတိယအကြိမ်)

**အုပ်ရေ** ◆ ၅၀၀

**ထုတ်ဝေသူ**
ဦးသန်းမြင့်(၀၁၀၄၀)၊ လင်းလင်းစာပေ
အမှတ် ၄/၂၉၊ မြဝတီမင်းကြီးလမ်း
၁၀-မိုင်ကုန်း၊ အင်းစိန်။ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်သူ**
ဦးဇော်မင်း (wizard)
အမှတ်(၁၉၇)၊ ၃၃-လမ်း(အထက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်**
ဦးတိုးဝင်း(၀၂၄၃၁) နေလရောင်အော့ဖ်ဆက်
(၉၆/ခ)၊ ၁၁ လမ်း၊ ရန်ကုန်မြို့။

**စာအုပ်ချုပ်** ◆ ပပစိုး

**တန်ဖိုး** ◆ ၅၀ ကျပ်


# ချစ်တယ်ဆိုရင်

## လက်သုံးတော်

ကြူမွေး

(ဒုတိယအကြိမ်)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်၊
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

### နိုင်ငံရေးဦးတည်ချက် ၄ ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် ၄ ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် ၄ ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး



( တစ် )

## ချစ်ဓားပြကြီးလော

ဆောင်းကာလ၏ တစ်ခုသော ညနေစောင်း...

အချိန်နာရီကို ဖော်ပြရလျှင် ညနေ (၅)နာရီသာသာခန့်သာ ...မည်။

သို့သော် ဆောင်းကာလမို့ ညတာက အလွန်ရှည်လှသည်။

ထိုအချိန်သည် နွေရာသီသာ ဖြစ်ခဲ့လျှင် နေမင်းရောင် ...င်းဝင်းနှင့် လင်းထိန်ကာ နေပေဦးမည်။

ယခုမူ ဆောင်းရာသီကာလမို့ နေမင်းက မရှိတော့။ ...တကြီး အနားယူသွားဟန်ဖြင့် အမှောင်ထုကို ထားခဲ့သည်။

မဟာရန်ကုန်မြို့တော်ကြီး၏ ကန်တော်ကြီးဘက်တွင် ဦးဖိုး ...လမ်းမှာ နေ့ပိုင်းအချိန်ဆိုလျှင်ပင် လူအသွားအလာ နည်းပါး ...သည့်အထဲ ညနေစောင်းအချိန်တွင်တော့ ပို၍ပင် လူအသွား ...သော ပြတ်လပ်လှသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းရာသီကလည်းဖြစ်နေ၊ လူအသွားအလာကလည်းပြတ်၊ အလင်းရောင်မှာလည်း ကင်းမဲ့ပြီး လေညင်းကလေးက တသွင်သွင် တိုက်ခတ်နေ၍ ချမ်းအေးကာနေတော့သည်။

ထိုအချိန်တွင် မိုးပြာရောင် ကတ္တီပါအနွေးထည် ရင်ဖုံးအင်္ကျီကို ဝတ်ဆင်ထားသော အသက်(၂၀) ပတ်ဝန်းကျင်တွင်ရှိ အမျိုးသမီးချောကလေး တစ်ဦးမှာ ထိုလမ်းထဲတွင် ခပ်သုတ်သုတ်ကလေး လျှောက်လာနေသည်။

သူ၏ဘယ်ဘက်လက်တွင် ကျောင်းစာအုပ်များ ကိုင်ထားပြီး ညာဘက်လက်တွင်တော့ ခေါက်ထီးကလေး တစ်လက်ကို ကိုင်ထားသည်။

ယင်းသို့လာနေခိုက် တစ်ခုသောခြံကြီးအေးတွင်ရှိ ချုံတောကြီးအနီးသို့ရောက်လျှင် လူတစ်ယောက် ဘွားခနဲ ပေါ်လာသည်။

"အမေ့..."

အမျိုးသမီးချောကလေးမှာ ရုတ်တရက် သူ၏ရှေ့မှောက်သို့ ခုန်လွှားကာ ရောက်လာသောသူကြောင့် လန့်ဖျပ်ကာ ရေရွတ်မိခြင်းပင်။

"ဟိတ်...မအော်နဲ့၊ အသံကို အခုတိတ်လိုက်"

ချုံပုတ်ဘက်မှ ရောက်လာခဲ့သော လူက တင်းမာသော အသံဖြင့် အမျိုးသမီးကလေးအား ခြိမ်းခြောက်နေသည်။

ထိုလူ၏ ညာဘက်လက်တွင်လည်း ခြောက်လက်မအရှည် ဓားမြှောင်တစ်လက် ကိုင်ထားသည်ကို တွေ့ရသည်။

အမျိုးသမီးချောကလေးမှာ ထိုမြင်ကွင်းကြောင့် သူ့ တစ်ကိုယ်လုံး တုန်ယင်သွားသည်။



ဓားမြှောင် ကိုင်ထားသူ၏ မျက်နှာကိုလည်း ထိတ်ထိတ်လန့်လန့်ဖြင့် လှမ်းကြည့်မိသည်။

ထိုသူမှာ သူ့ထက် ကြီးလှလျှင် သုံးလေးနှစ်သာ ကြီးပေမည်။

အသားဖြူဖြူ၊ အရပ်အနေတော်နှင့် ချောမောသော ရုပ်သွင်ရှိသူ ဖြစ်သည်။

"ရှင်...ရှင်...ကျွန်...ကျွန်မကို ဘာ...သာ...ဘာလုပ်မလို့လဲဟင်။ အသက်ကိုတော့ ချမ်းသာပေးပါ၊ ကျွန်မမှာပါတဲ့ ပစ္စည်းအားလုံး ယူလိုက်ပါနော်"

မိန်းမပျိုချောကလေးက တောင်းပန်သံကလေးဖြင့် တုန်တုန်ယင်ယင် ပြောနေသည်။

BURMESE CLASSIC .com

"ဟား...ဟား...ဟား...ရယ်ရတယ်ဟေ့၊ ဟား...ဟား...ဟား"

ဓားမြှောင်ကိုင်ထားသော လူရွယ်မှာ မိန်းမပျိုကလေး၏ အပြောအဆိုကို နားထောင်ပြီး တဟားဟား အော်ရယ်နေတော့သည်။

"အို...ဒါ ရယ်စရာမဟုတ်ပါဘူးရှင်၊ ကျွန်မ ကြောက်လွန်းလို့ တကယ်ပြောနေတာပါ"

"ဟဲဟဲ...မင်း ဒီလောက်ပဲ သေရမှာကို ကြောက်သလား မိန်းကလေးရဲ့"

"အို...လူပဲရှင် သေရမှာကိုတော့ ကြောက်ကြတာပေါ့။ ဘယ်သူ မကြောက်ဘဲ နေပါ့မလဲ။ ဒီတော့ ကျွန်မအသက်ကို ချမ်းသာပေးပြီး ကျွန်မလည်ပင်းမှာရှိတဲ့ ဆွဲကြိုးကို ယူပါရှင်။

www.burmeseclassic.com

www.burmeseclassic.com



ဒီဆွဲကြိုးကလေးဟာ ရွှေချည်းပဲ နှစ်ကျပ်သားတိတိ ရှိပါတယ်။ ပြီးတော့ ဆွဲကြိုးနဲ့ ဆွဲထားတဲ့ ရွှေလော့ကက်သီးလေးဟာလည်း ငါးမူးသား ရှိတာမို့ စုစုပေါင်း နှစ်ကျပ်ခွဲသား ရှိပါတယ်ရှင်။ ကျေနပ်တယ်မဟုတ်လား"

မိန်းမချောကလေးက ခားမြှောင်ကိုင် လူရွယ်အား ပြောပြနေသည်။

လူရွယ်ကမူ သူ့ခေါင်းကို ခါယမ်းပြရင်း ပြန်ပြောသည်။

"ဟ…ငါ အခုလာခဲ့တာက မင်းပစ္စည်းတွေကို လုယူဖို့ လာခဲ့တာမှ မဟုတ်ဘဲ၊ ဟဲဟဲ"

"ဟောတော့၊ ဒါ…ဒါဖြင့် ရှင် ဘာကိုလိုချင်လို့ လာခဲ့တာလဲဟင်။ ကျွန်မမှာ ငွေတော့ ပါမလာဘူးရှင်၊ အိမ်ကနေ ကျူရှင်ထွက်အလာမှာ ပိုက်ဆံအိတ် မေ့ကျန်နေရစ်လို့ သူငယ်ချင်းတွေဆီက လမ်းစရိတ်တောင် ချေးပြန်လာခဲ့ရပါတယ်ရှင်"

မိန်းမချောကလေးက မျက်ရည်ကလေးစစဖြင့် ရှင်းပြနေသည်။

"အိုကွာ၊ မင်းပိုက်ဆံလည်း ငါမလိုချင်ပါဘူးလေ၊ ငါလိုချင်တာက မင့်အချစ်ပါ၊ ဟဲဟဲ"

"အို…"

ခားမြှောင်ကိုင် လူရွယ်၏ စကားကြောင့် မိန်းမပျိုချောကလေး နှုတ်မှ အထက်ပါအတိုင်း အာမေဍိတ်သံကလေး ပေါ်ထွက်လာသည်။

မျက်နှာတစ်ပြင်လုံးမှာလည်း ရှက်သွေးရောင်များ သမ်းသွားခဲ့သည်။



လူရွယ်ကမူ မိန်းမချောကလေးအား စပ်ဖြဲဖြဲဖြင့်ကြည့်ရင်း ဆက်ပြောနေသည်။

"အဟဲ…မင်းကသာ ငါ့ကိုမသိတာ၊ ငါကတော့ မင့်ကို ချစ်နေတာ ကြာလှပြီကွ၊ အဲဒါနဲ့ မင့်အချစ်ကို ဘယ်လိုရအောင် ယူရမလဲဆိုပြီး အမျိုးမျိုး စိတ်ကူးနေခဲ့တာ ဒီကနေ့ ညနေဘက်မှာတော့ မှောင်ကလည်းမှောင်၊ လူကလည်းပြတ်နေလို့ အခုလို လုပ်ဖို့ ငါအကြံရခဲ့တာပဲ။ ဒီတော့ ငါ့အချစ်ကို လက်ခံပါကွာ။ နို့မို့ ဟောဒီမှာ ကိုင်ထားတဲ့ ခားမြှောင်နဲ့ မင့်အချစ်ကို ရအောင် ယူရလိမ့်မယ် မိန်းကလေးရဲ့…ဟား…ဟား…ဟား…ဟား"

လူရွယ်၏စကားကို ကြားလိုက်ရလျှင် မိန်းမပျိုကလေးမှာ လိပ်ပြာစဥ်မတ္တတ် ကြောက်ရွံ့ကာ သွားတော့သည်။

သူ့အနေဖြင့် "ကယ်တော်မူကြပါရှင့်"ဟူ၍ အော်ဟစ်အကူအညီတောင်းရန်ကလည်း သူ့ပတ်ဝန်းကျင် တစ်ဝိုက်တွင် တိုက်ခြံကြီးများသာ ရှိနေပြီး လူအသွားအလာ ပြတ်နေသောနေရာမို့ အော်လိုက်လျှင် သူ့အသက်ပျောက်သွားလိမ့်မည်။

အဲ…မအော်ဘဲနေပြန်လျှင်လည်း သူ့ဘဝမှာ သေရသည်ထက် ဆိုးဝါးသွားနိုင်သည်။

သည်တော့ သူ့အဖို့ မအော်လည်းခက်၊ အော်လည်းခက်မို့ ဘယ်ထွက်ပြေးရမည်မသိ ဖြစ်နေတော့သည်။

"ဟိတ်…ဘယ်လိုလဲမိန်းကလေးရဲ့၊ ငါ့အချစ်ကို လက်ခံမယ်မဟုတ်လား။ ဟဲဟဲ…လက်ခံလိုက်စမ်းပါကွာ၊ ငါလေ မင့်ကို သေတစ်ပန်သက်တစ်ဆုံး ပေါင်းသွားမှာပါ။ ဒီတော့ ငါနဲ့လိုက်ခဲ့နော်…အဟီး"

www.burmeseclassic.com

www.burmeseclassic.com



ဓားမြှောင်ကိုင် လူရွယ်မှာ ပြောပြောဆိုဆိုနှင့် မိန်းမချော ကလေး၏ လက်ကို လှမ်းဆွဲတော့သည်။

မိန်းမပျိုချောကလေးမှာ ကြောက်အားလန့်အားနှင့် ပြန်ရုန်း ကန်ရင်း တောင်းပန်နေရှာသည်။

"မ...မ...မလုပ်လိုက်ပါနဲ့ရှင်၊ ကျွန်မ ကျောင်းနေတုန်း အရွယ်ပဲ ရှိပါသေးတယ်။ ကျွန်မ အိမ်ထောင်ရေးကို စိတ်မကူး သေးပါဘူး။ စိတ်ကူးတဲ့အခါကျတော့ အစ်ကို့ကို ဦးစားပေးပြီး ရွေးပါ့မယ်။ အခုတော့ ကျွန်မကိုယ်စား ဟောဒီက လည်ဆွဲ ကလေးကိုပဲ ယူသွားပါရှင်၊ တောင်းပန်ပါတယ်"

မိန်းမပျိုချောကလေးက ရှိခိုးမတတ် တောင်းပန်နေသော် လည်း လူရွယ်ကတော့ လက်မခံပေ။

"အို...မရဘူး၊ ငါက ပစ္စည်းလိုချင်လို့ အခုလို လုပ်နေတာမှ မဟုတ်ဘဲ။ မင့်အချစ်ကို လိုချင်လို့ပါ။ ဒီတော့ စကားတွေ ရှည်ရှည်ဝေးဝေး ပြောမနေနဲ့၊ အခု ငါနဲ့လိုက်ခဲ့၊ အော်မယ်များ မကြံနဲ့၊ အသက်ပျောက်သွားမယ် သိလား"

ဓားမြှောင်ကိုင် လူရွယ်မှာ ဇွတ်အတင်းပင် မိန်းမပျိုချော ကလေး၏ လက်ကို ဆွဲခေါ်နေတော့သည်။

ဤတွင် မိန်းမပျိုချောကလေးမှာ ကယ်မည့်သူဝေးကာ မဟာဒုက္ခနွံတွင်းသို့ သက်ဆင်းရမလို ဖြစ်နေတော့သည်။

ထိုအခိုက်...

"ဟေ့...အခုရပ်လိုက်စမ်း"

သူတို့၏နောက်ဘက်မှ ရုတ်တရက် ထွက်ပေါ်လာသော အသံကြီးတစ်သံကို သူတို့နှစ်ဦးစလုံး ကြားလိုက်ကြရသည်။



အသံလာရာသို့ နှစ်ဦးသား ပြိုင်တူ လှမ်းကြည့်မိကြသည်။

သူတို့အသက်နှင့် မတိမ်းမယိမ်း လူရွယ်တစ်ဦးကို မြင်လိုက် ကြရသည်။

ထိုလူရွယ်မှာ အရပ်က ရှည်ရှည်၊ လူက ပိန်ပိန်ထဲကပင်။ ဝတ်ထားသောအင်္ကျီကလည်း အကောင်းစား စပို့ရှပ်၊ ထို ကျီပေါ်ကမှ အစိမ်းရောင် ဂျာကင်ကို ခံဝတ်ထားပြီး တက် ရက်ဘောင်းဘီရှည်ကို အကျဝတ်ထားသည်။

လူငယ်၏အသံကြောင့် အမျိုးသမီးချောကလေးမှာ အား က်သွားပြီး ဓားမြှောင်ကိုင် လူရွယ်မှာတော့ မျက်စိမျက်နှာတွေ က်သွားသည်။

ခြုံတွင်းမှ ထွက်ပေါ်လာသော လူရွယ်မှာ သူတို့အား ရော်ပြုံးကလေးဖြင့် လှမ်းကြည့်ရင်း အနီးသို့ ဘွတ်ဖိနပ်သံ ခေါက် ခေါက်မြည်အောင်နင်း၍ အမေရိကန် ရုပ်ရှင်မင်းသား တ် ရေနိုး' ဟန်မျိုးဖြင့် လျှောက်လာနေသည်။

ဟန်ကသာ ဘတ်ရေနိုးလို ဖြစ်နေသည်။

ရုပ်ကတော့ အုံ့ကျော်၏ရုပ်မျိုး။

"ကိုင်း...ဆိုစမ်းပါဦး၊ ဒါက ဘယ့်လိုဖြစ်နေကြတာလဲ၊ လို...ဟိုတစ်ယောက်ကလည်း ဓားမြှောင်ကြီး ကိုင်လို့ပါ လား...ဟဲဟဲ"

သူတို့အနီးရောက်လျှင် တစ်ဖက်လူရွယ်က မေးနေသည်။

"သူ...သူ...ကျွန်မ...ကျွန်မကို ခြိမ်းခြောက်နေပါတယ်ရှင်"

မိန်းမပျိုချောကလေးက တုန်ယင်သော အသံကလေးဖြင့် ကြားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခြံတွင်းမှ ထွက်လာခဲ့သော လူရွယ်က ဓားမြှောင် ကိုင်ထားသော လူရွယ်ကို ဟီးရိုးဟန်မျိုးဖြင့် လှမ်းမေးသည်။

"ဟော့ကောင် သူပြောနေတာ ဟုတ်သလားကွ"

"ဟုတ်ဟုတ်, မဟုတ်ဟုတ် မင်းနဲ့မဆိုင်ရင် ဝင်မရှုပ်ပါနဲ့။ အရှုပ်သွားမယ်"

လူရွယ်က သူ့လက်မှ ဓားမြှောင်ကို ဝင့်ပြရင်း ဘုကျကျ ပြန်ပြောသည်။

"ဟား...ဟား...ဟား...ရယ်စရာကောင်းလိုက်တာကွာ။ မဆိုင်ရင် ဝင်မရှုပ်နဲ့ အရှုပ်သွားမတဲ့...ဟဲ...ဟဲ။ ဒီမယ်ကွ ကိုယ့်မြန်မာအမျိုးသမီးကလေးတစ်ဦး အစော်ကားခံနေရတာကို ဝင်မရှုပ်ဘဲ မျက်နှာလွှဲနေရမှာလား ကိုယ့်လူ၊ စဉ်းစားပြီး ပြော စမ်းကွာ၊ ပြီးတော့ တို့နိုင်ငံတော်ဟာ ဥပဒေမဲ့နိုင်ငံတော် မဟုတ် ဘူး။ ဒီတော့ မင်းတို့လို လူဆိုး လူရှုပ်တွေအတွက် ဘာအခွင့် အရေးကိုမှ ပေးမထားဘူး။ အဲသဟာကြောင့် မင်းရဲ့အသား အနာမခံချင်ရင် အေးအေးဆေးဆေး ဒီနေရာက ထွက်သွား။ နို့မို့ မင်းအသား နာလိမ့်မယ်။ ငါပြောချင်တာက ဒါပဲ"

"အောင်မာ...မင်းကိုယ်မင်း ဟီးရိုးလိုလို၊ ဇီးရိုးလိုလိုနဲ့ ငါ့ကို လာကျူယ်လို့ ရမတဲ့လား။ မင်းသာ ထွက်သွားပါ"

"မထွက်ဘူးဆိုရင်ရော"

"မထွက်ဘူးဆိုရင် ဟောဒီလို လုပ်ရလိမ့်မယ်"

ဓားမြှောင်ကိုင် လူရွယ်က ပြောရင်း တစ်ဖက်လူရွယ်အား ဓားမြှောင်ဖြင့် လှမ်းထိုးသည်။

တစ်ဖက်လူရွယ်က ထိုလူရွယ်၏ ဓားမြှောင်ကိုင်ထားသော



လက်ကို ဖမ်းဆုပ်ပြီး လိမ်ချိုးလိုက်ရာ အားခနဲ အော်သံနှင့်အတူ တစ်ဖက်လူရွယ်၏ လက်မှ ဓားမြှောင်မှာ မြေပေါ်သို့ လွတ်ကျ သွားခဲ့သည်။

ချက်ချင်းဆိုသလိုပင် ထိုလူရွယ်၏ မေးဖျားသို့ ကယ်တင် ရှင် လူရွယ်၏ ဘယ်ဝိုက်လက်သီးတစ်လုံး ဝင်သွားသည်။

ခွပ်ခနဲမြည်သံနှင့်အတူ ဓားမြှောင်ကိုင်လူရွယ်မှာ မြေကြီး ပေါ်သို့ ပက်လက်လန်ကာ လဲကျသွားသည်။

"အမယ်လေး"

မိန်းမပျိုချောကလေး၏ နှုတ်မှ အထိတ်တလန့် ရေရွတ်မိ သည်။

ကယ်တင်ရှင်လူရွယ်မှာ မြေပေါ်တွင် လဲကျနေသော လူရွယ် အား သူစီးထားသော ဘွတ်ဖိနပ်ဖြင့် ကျောကို တအားကန်ပစ် သည်။

"ဒုတ်"

"အွန့်"

ဘွတ်ဖိနပ်ဖြင့် အကန်ခံလိုက်ရ၍ ဓားမြှောင်ကိုင် လူရွယ်မှာ ကျောကလေး ကော့ကာ နာကျင်သံဖြင့် အွန့်ခနဲ ရေရွတ်မိသည်။

ထို့နောက် ကယ်တင်ရှင်လူရွယ်က မြေပေါ်တွင် လဲနေသော လူရွယ်၏ ကုပ်ပိုးကို ဆွဲမသည်။

လူရွယ်ကလေးမှာ ကိုယ်အထက်သို့ ကြွတက်လာပြီးနောက် မျက်နှာမှာလည်း မော့လာသည်။

ကယ်တင်ရှင် လူငယ်သည် လက်တစ်ဖက်ဖြင့် လူရွယ်၏ ကုပ်ပိုးကို ဆွဲထားသလို ကျန်လက်တစ်ဖက်ဖြင့် လူရွယ်ကို

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ပြန်ညာပြန် ရိုက်ပစ်နေသည်။

ထိုလူရွယ်၏ ရိုက်နှက်မှုကြောင့် တစ်ဖက်လူရွယ်ခမျာ ပါးစပ်မှ သွေးများ ယိုစီးကာ ကျလာသည်။

"အို...အို...တော်ပါတော့ရှင်၊ တော်ပါတော့၊ သူ့ခမျာ အတော်နာရှာနေပါပြီ"

မိန်းမပျိုချောကလေးမှာ ကြင်နာသနားတတ်သူပီပီ သူ့အား လက်နက်ဖြင့် ခြိမ်းခြောက်ခဲ့သူ ဖြစ်လင့်ကစား ကရုဏာသက်ကာ ဝင်ရောက်တောင်းပန်ပေးနေသည်။

ကယ်တင်ရှင်လူရွယ်မှာတော့ မိန်းမပျိုချောကလေး၏ စကားကြောင့် အံ့ဩသွားသည်။

"ဟာ...မင်းက ဘယ်လိုမိန်းကလေးလဲကွ၊ သူဟာ မင့်ကို ဒုက္ခပေးတဲ့သူ မဟုတ်လား။ ဒါကိုများ မင်းက သနားနေရသလားကွာ အံ့ရော...ဟဲဟဲ"

"အိုရှင် သူမကောင်းတာ မှန်ပေမယ့် ကျွန်မမျက်စိအောက်မှာ မရှုမလှ ခံနေရတာ မြင်ရတော့ ဘယ်ကြည့်နိုင်ပါ့မလဲ။ ဒါကြောင့် တော်ခိုင်းနေတာပါ"

"ကောင်းပြီလေ၊ ဒါဆိုရင်လည်း ငါတော်လိုက်ပါ့မယ်"

ကယ်တင်ရှင်လူရွယ်သည် မိန်းမပျိုအား လှမ်းပြောပြီးနောက် သွေးအလူးလူးနှင့် ဖြစ်နေသော လူရွယ်ဘက်သို့ ခက်ထန်သော မျက်နှာဖြင့် ကြည့်ကာ ကြိမ်းမောင်းနေသည်။

"ဟေ့ကောင်... ဟိုညီမက တောင်းပန်နေလို့ မင့်ကို ဒီလောက်ပဲ ငါဆုံးမလိုက်မယ်၊ အေး...နောက်တစ်ကြိမ် ဒါမျိုး တွေ ဒီလမ်းထဲမှာ လာလုပ်မယ်ဆိုရင်တော့ မင်းအသက်ကို



သတဲ့အထိ ငါဆုံးမရလိမ့်မယ် ကြားလား"

တစ်ဖက်လူရွယ်က ခေါင်းကို ပြန်ညိတ်ပြသည်။

"ကြားရင် သွားပေတော့၊ နောက် ဘယ်တော့မှ တို့လမ်းထဲ ကို ယောင်လို့တောင် လျှောက်မလာနဲ့၊ အခုသွားစမ်း"

ကယ်တင်ရှင်လူရွယ်မှာ ဓားမြှောင်ကိုင် လူရွယ်အား သတိ ပေးရင်း ရင်ဘတ်မှ အင်္ကျီကို ဆွဲယူကာ မ,သည်။

ပြီးတော့ တစ်ဖက်သို့လှည့်ကာ သွားဟန်ပြုနေသော လူရွယ် ၏ တင်ပါးကို နောက်မှ သူ၏ဘွတ်ဖိနပ်ကြီးဖြင့် တအား ကန်ပစ်သည်။

ထိုသူ၏ခြေဖြင့် ကန်လိုက်မှုကြောင့် ဓားမြှောင်ကိုင်ဆောင်ခဲ့ သော လူရွယ်မှာ ရှေ့သို့ ဟပ်ထိုးလဲကျသွားခဲ့ပြန်သည်။

"အို...ရှင်ကလည်း တော်ပါတော့ ဆိုကာမှ ထပ်ကန်နေရ သလားရှင့်"

မိန်းမပျိုကလေးက စိတ်ဆိုးသံဖြင့် ကယ်တင်ရှင်ကို ပြော နေသည်။

"ဟဲဟဲ...ဒါက အဆစ်ထပ်ပေးလိုက်တာပါကွာ၊ နေစမ်း ပါဦး၊ မင်းက ဘာဖြစ်လို့ ဟိုတေလေကြမ်းပိုးလိုကောင်ကို သနားနေရတာလဲ။ အဲဒါ မင်းသေမင်း ဆိုတာကိုလည်း သတိ ချပ်ဦးကွ...ဟဲဟဲ"

"သိပါတယ်လေ၊ ဒါပေမယ့် သူပြုမူခဲ့တဲ့ အပြစ်အတွက် ရှင်ပေးတဲ့ဒဏ်ဟာ များလွန်းနေလို့ပါ။ သူက ရှင့်ကို ဘာမှ ပြန်မလုပ်တဲ့ဟာ၊ တော်ရောပေါ့"

"အိုကေ...မင်းရဲ့ဆန္ဒအတိုင်း ငါလိုက်နာပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကယ်တင်ရှင်က မိန်းမပျိုကလေးအား ပြန်ပြောရင်း ပြုံးပြုံးကြီးလုပ်ကာ ကြည့်နေသည်။

ထိုသူ၏ အကြည့်ကြောင့် မိန်းမပျိုကလေးမှာ ရှိုးတိုးရှန့်တန့်ဖြစ်သွားသည်။

ဓားမြှောင်နှင့်လူငယ်မှာတော့ သူတို့အနီးမှ လစ်ပြေးခဲ့လေပြီ။

"အင်း...မင်း သိပ်ကံကောင်းတယ်ကွာ၊ ငါသာ ရောက်မလာရင် မင်းတော့ ဒီတေလေကြမ်းပိုး ခေါ်ရာကို လိုက်သွားရမှာပဲနော်"

"မှန်ပါတယ်ရှင်"

မိန်းမပျိုကလေးက ဝန်ခံသောအနေဖြင့် ခေါင်းကို ညိတ်၍ ပြန်ပြောနေသည်။

"ဒီလိုဆို ငါ့ကို ကျေးဇူးမတင်ဘူးလားကွာ၊ ဟဲ...ဟဲ...ဟဲ"

"အို... ဘယ်လိုပြောလိုက်ပါလိမ့်ရှင်၊ ကျေးဇူးမတင်ဘဲနေပါ့မလား။ အစ်ကိုကြီးဟာ ညီမရဲ့ ကျေးဇူးရှင်ပဲဟာ"

"ကောင်းပြီ၊ မင်း ကျေးဇူးတင်တယ်ဆိုရင် ငါ့အိမ်ထဲကို ခဏလိုက်ခဲ့ပါလား"

"ရှင်..."

တစ်ဖက်လူရွယ်၏ စကားကြောင့် မိန်းမပျိုကလေး နှုတ်ဖျားမှ အာမေဍိတ်သံကလေး ပေါ်လာသည်။

"ဘာလဲ...မင်း အံ့သြနေသလား"

တစ်ဖက်လူရွယ်၏ အမေးကို မိန်းမပျိုကလေး ခေါင်းကို ညိတ်ပြသည်။

"ဘာများအံ့သြစရာရှိလို့လဲကွာ၊ မင့်ကို ခင်မင်လို့ ဖိတ်ခေါ်



တာပဲဟာ၊ ဒါထက် ငါ့နာမည်ကို သိသလား"

မိန်းမပျိုကလေးက ခေါင်းကို အသာခါယမ်းပြသည်။

"မသိရင် မှတ်ထား၊ ငါ့နာမည်က ဘိုဘိုတဲ့၊ မင်းနာမည်က ပန်းကြာဖြူနော်"

"ရှင်...ဘယ်လိုလုပ်ပြီး ကျွန်မနာမည်ကို သိနေတာလဲဟင်"

ပန်းကြာဖြူ ခေါ် မိန်းမပျိုကလေးက အလွန်အမင်းအံ့သြသံဖြင့် ဘိုဘိုကို ပြန်မေးနေသည်။

ဘိုဘိုက ပါးစပ်ကလေး လေဖြတ်ခံလိုက်ရသူအလား တစ်ချက်မဲ့ရွဲ့ပြရင်း ပြန်ဖြေသည်။

"ဟဲဟဲ...မင်းလို အချောအလှထိပ်ခေါင်တင် တစ်ပါးကို ငါလိုလူပျိုတစ်ယောက်က နာမည်မသိရင် ညံ့ရာကျတော့မှာပေါ့ကွာ၊ ဟား...ဟား...ဟား"

ဘိုဘို ပြောပြီး ရယ်နေသည်။

ပန်းကြာဖြူမှာမူ ရှက်နေဟန်ဖြင့် ခေါင်းကို ငုံ့ထားသည်။

"ကဲပါကွာ၊ ငါ့ကို တကယ်ပဲ ကျေးဇူးတင်တယ်ဆိုရင် ဟောဒီ ငါ့တိုက်ထဲကို ခဏလိုက်ခဲ့ပါလား"

ဘိုဘို နောက်တစ်ကြိမ် ခေါ်နေပြန်သည်။

ပန်းကြာဖြူမှာမူ မလိုက်ရဲဟန်ဖြင့် နေရာမှာပင် ရပ်နေသည်။

"ဟော့...ငါခေါ်နေတယ်လေ...လာပါကွ၊ ခဏလေးပါ"

တတိယအကြိမ်မြောက် ဘိုဘိုက ခေါ်နေပြန်သည်။

ကျွန်...ကျွန်မ အိမ်ပြန်သိပ်နောက်ကျနေမှာမို့ မလိုက်ပါရစေနဲ့လား အစ်ကိုကြီး"

www.burmeseclassic.com

www.burmeseclassic.com



“အိမ်ပြန်နောက်ကျရအောင် မင်းအိမ်နဲ့ ငါ့အိမ် ဘာလေး လို့လဲ၊ စိတ်ချ၊ မင့်အိမ်ကို ငါကိုယ်တိုင် လိုက်ပို့ပေးပါ့မယ်လေ ခဏကလေးသာ ငါ့တိုက်ထဲ ဝင်စမ်းပါ”

“နေပါဦး၊ အစ်ကိုကြီးက ဘာဖြစ်လို့ ကျွန်မကို တိုက်ထဲ အတင်းခေါ်နေရတာလဲ”

ပန်းကြာဖြူ မသင်္ကာဟန်ဖြင့် မေးနေသည်။

ဘိုဘိုက လက်ညှိုးကလေးသုံးချောင်းကို ထောင်ပြရင်း ပြော သည်။

“အချက်သုံးချက်ရှိတယ်၊ တစ်ချက်က မင့်ကို ငါ့မိဘနှစ်ပါး နဲ့ မိတ်ဆက်ပေးချင်လို့၊ နှစ်အချက်က ငါ ဘယ်သူဘယ်ဝါ ဆိုတာ မင်း ပိုသိသွားစေချင်လို့နဲ့ သုံးအချက်ကတော့ မင်းကို ကျွေးမွေးပြုစုချင်လို့ပါ။ ဒီတော့ မင်းသာ ကျေးဇူးမကန်းတတ် တဲ့သူဆိုရင် ငါ့တိုက်ကို အလည်လာခဲ့ပေါ့ကွာ...ဟဲဟဲ”

ဘိုဘို၏စကားကြောင့် ပန်းကြာဖြူ အဖြေရခက်နေတော့ သည်။

“ဘယ်လိုလဲ ပန်းကြာဖြူရဲ့၊ မလိုက်ချင်ဘူးလား”

ဘိုဘို၏အသံ ပေါ်လာပြန်သည်။

“မလိုက်ချင်လို့တော့ မဟုတ်ဘူးရှင်၊ အိမ်ပြန် သိပ်များ နောက်ကျနေမလားလို့ပါ”

“ဟာကွာ...အခုမှ အိမ်ပြန်နောက်ကျမှာကို ကြောက်နေ လိုက်တာ၊ တကယ်လို့ ငါ ရောက်မလာဘဲ စောစောက တောလေ ကြမ်းပိုးကောင်က ခေါ်သွားရင်ရော အိမ်ပြန်နောက်ကျရုံတင် ဘယ်ကမလဲ မင်းရဲ့အိမ်ကို မင်းပြန်ရောက်တော့မှာကို မဟုတ် ဘူး။ အဲဒါနဲ့စာရင် အခု ငါခေါ်တာက အိမ်ပြန်ရောက်တဲ့ဟာ မဟုတ်ဘူးလား...ဟဲဟဲ”

ဘိုဘိုပြောနေသော စကားများမှာ မှန်ကန်နေ၍ ပန်းကြာဖြူ ခေါင်းကိုညိတ်ကာ သဘောတူလိုက်ရသည်။

“ကောင်းပြီလေ...အစ်ကိုကြီးရဲ့ ကျေးဇူးက ရှိနေလေတော့ ကျွန်မ လိုက်ပါ့မယ်။ သိပ်အကြာကြီးတော့ မနေဘူးနော်”

“အာ...စိတ်ချ၊ အလွန်ဆုံးကြာရင် နာရီဝက်ပေါ့ကွာ၊ ကဲ လာ...ငါ့တိုက်ဘက်ကို သွားကြစို့”

ဘိုဘိုက ပြောရင်း ပန်းကြာဖြူအား သူ၏တိုက်ဘက်သို့ ရှေ့မှ ဦးဆောင်ကာ ခေါ်သွားသည်။

ပန်းကြာဖြူ မရဲတရဲဖြင့် နောက်မှ လိုက်ပါသွားခဲ့သည်။

❖

www.burmeseclassic.com

www.burmeseclassic.com



( နှစ် )

## ရှင်ကြီး ကျားထက် ဆိုးပြီလော

ဘိုဘို၏ တိုက်ကလေးမှာ လှပသေသပ်သော တစ်ထပ် တိုက်ကလေး ဖြစ်သည်။

ခြံအနေနှင့်တော့ သိပ်ကျယ်ဝန်းခြင်း မရှိလှပေ။

တိုက်ရှေ့တွင် ဆန်နီပစ်ကတ် ကားကလေးတစ်စီး ရပ်ထားသည်ကို တွေ့ရသည်။

“အဲဒါ ငါ့ကားပဲ၊ မင့်ကို ဒီကားနဲ့ပဲ အိမ်လိုက်ပို့ပေးမယ်ကွာ”

ဘိုဘိုက ရပ်ထားသော သူ၏ ဆန်နီပစ်ကတ်ကားကလေးကို ပြရင်း ပန်းကြာဖြူကို ပြောနေသည်။

“ကိစ္စမရှိပါဘူးရှင်၊ ကျွန်မအိမ်က သိပ်ဝေးတာမှ မဟုတ်ဘဲ၊ ခြေကျင်ပဲ ပြန်ပါ့မယ်”

“အို...မင်း ခြေကျင်ပြန်နေရင် ဟိုမသမာကောင်နဲ့ ပြန်တိုးရင် ဘယ်လိုလုပ်မလဲ။ ငါ စိတ်မချပါဘူးကွာ၊ ဒီတော့ ငါ



ကိုယ်တိုင် ပြန်ပို့ပေးပါ့မယ်။ အဲ...မပို့ခင် ငါ့မိဘတွေနဲ့ မင့်ကို မိတ်ဆက်ပေးချင်လို့ပါ။ လာကွာ အထဲကို”

ဘိုဘိုပြောရင်း စေ့ထားသော သူ၏ တိုက်တံခါးကို တွန်းဖွင့်၍ ဝင်သည်။

တိုက်ခန်းထဲတွင် မီးရောင်များ လင်းထိန်နေသည်ကို ပန်းကြာဖြူ တွေ့ရသည်။

ဘိုဘိုကတော့ ပန်းကြာဖြူ တိုက်တွင်းသို့ ဝင်အပြီးတွင် တံခါးကို ပြန်စေ့ထားသည်။

“လာကွာ...ဟိုဘက်ခန်းကို”

ဘိုဘိုက ဧည့်ခန်းဘက်သို့ မခေါ်ဘဲ တစ်ဖက်အခန်းဆီသို့ ခေါ်နေ၍ ပန်းကြာဖြူ ကိုယ်ကလေး တွန့်သွားသည်။

ဘိုဘို ရိပ်မိဟန်ဖြင့် ပြန်ပြောသည်။

“ဘာလဲ မင်းက လန့်သွားသလားကွ၊ ငါ့မိဘတွေက ဟိုဘက်ခန်းမှာမို့လို့ပါကွ၊ ဟား...ဟား...ဟား”

သည်တော့မှ ပန်းကြာဖြူ သက်ပြင်းရှည်ကလေး တစ်ချက်ကို ချရင်း ဘိုဘိုခေါ်ရာသို့ လိုက်သွားသည်။

ထိုအခန်းမှာ အိပ်ခန်းတစ်ခန်း ဖြစ်နေသည်ကို တွေ့ရသည်။

အခန်းထဲတွင်လည်း ဘိုဘိုပြောသလို သူ့မိဘတွေ ရှိနေသည်ကို မတွေ့ရပေ။

“ဟင်...ဘယ်မှာလဲ ရှင့်မိဘတွေ”

ပန်းကြာဖြူ ထိတ်လန့်သံကလေးဖြင့် ပြန်မေးသည်။

“အိုကွာ...လာလိမ့်မပေါ့...ဟဲဟဲ”

“ဘာလိမ့်မပေါ့လဲ၊ အို...မဖြစ်ဘူး မဖြစ်ဘူး၊ ကျွန်မ ပြန်မ

www.burmeseclassic.com

www.burmeseclassic.com



ပါရစေ"

ပန်းကြာဖြူ ပြောရင်း အခန်းတွင်းမှ လှည့်၍ထွက်ရန် ပြင်သည်။

"ဟော့...နေဦးလေ"

ဘိုဘိုပြောရင်း ပန်းကြာဖြူ၏ ကိုယ်ကလေးကို နောက်မှ သိမ်းဖက်သည်။

"ဒါ...ဒါ...ဘာလုပ်တာလဲ၊ ဒီလိုမလုပ်နဲ့နော်၊ လွှတ်ပါ"

ပန်းကြာဖြူ ရုန်းထွက်ရင်း ပြောနေသည်။

"မလွှတ်ပါရစေနဲ့ကွာ၊ မင်းကို ချစ်လွန်းလို့ပါ။ ဒီတော့ ငါ့အလိုကို လိုက်ပါ၊ ငါလေ မင့်ကို မိဿားဖသားပီပီ လက်ထပ်ယူပါ့မယ်ကွာ...ဟဲဟဲ"

ဘိုဘိုပြောရင်း ပန်းကြာဖြူ၏ ပါးနှစ်ဖက်ကို နမ်းရန် ပြင်သည်။

ပန်းကြာဖြူက ဘိုဘို၏ အနမ်းကို မခံရစေရန် ခေါင်းကိုငုံ့၍ တောင်ယမ်း မြောက်ယမ်းလုပ်ရင်း ပြန်ပြောနေသည်။

"အို...မရဘူး၊ ရှင် မိဿားဖသားပီပီ တောင်းရမ်းယူမယ် ဆိုရင် ရှင့်မိဘတွေနဲ့ ပထမ လာတောင်းပေါ့။ အခုလို နှမချင်း မစာမနာ လုပ်တာတော့ မကောင်းဘူး"

"ဒါ နှမချင်း မစာနာတာမှ မဟုတ်ဘဲ၊ အပျို လူပျိုတို့ရဲ့ သဘာဝအတိုင်း ချစ်စရန်ကလေး သတ်နေတာလေ။ ဒီတော့ ကိုယ့်အလိုကို လိုက်စမ်းပါကွာနော်...နော်၊ အဟီး"

ဘိုဘို ပြောရင်းမှ ပန်းကြာဖြူ တစ်ကိုယ်လုံးကို တအား ပွေ့ဖက်ထားသည်။



ပန်းကြာဖြူ အတင်းရုန်းကန်နေသည်။

သူ့လက်တွင်းမှ ခေါက်ထီးနှင့် စာအုပ်များမှာလည်း ကြမ်းပြင်ပေါ်တွင် လွင့်ကျကုန်သည်။

ရုန်းရအားကြီး၍ ပန်းကြာဖြူမှာ မောဟိုက်နေရှာသည်။

ဘိုဘိုမှာမူ မုန်ယိုနေသော ဆင်ကြီးပမာ ပန်းကြာဖြူ၏ ကိုယ်ကလေးကို ဇွတ်ခနဲနေအောင် မြှောက်ယူကာ အနီးရှိ ခုတင် ပေါ်သို့ ခေါ်လာသည်။

"ဒီ...ဒီလိုမလုပ်ပါနဲ့ရှင်၊ ကျွန်မ တောင်းပန်ပါတယ်။ ရှိခိုးပါရဲ့ရှင်"

ပန်းကြာဖြူ မောဟိုက်နွမ်းနယ်သံကလေးဖြင့် တောင်းပန် နေသည်။

သို့သော် ဆာလောင်နေသော ကျားဆိုးတစ်ကောင်အား အသက်မှ ချမ်းသာပေးရန် တောင်းပန်နေသော သမင်ငယ် ကလေးလို ပန်းကြာဖြူအဖြစ်မှာ တူနေသည်။

"ဟား...ဟား...ဟား...ပန်းကြာဖြူကလည်းကွာ၊ ကိုကိုက ချစ်လို့ပဲဟာ စိတ်ချစမ်းပါ။ မင့်ကိုလေ သားမှတ်မှတ်, မယားမှတ်မှတ် ရာသက်ပန် ပေါင်းသွားမှာပါ။ တစ်နပ်စားအကြံနဲ့ မဟုတ်ပါဘူး၊ တကယ်ချစ်လို့ပါကွာ"

ဘိုဘိုပြောရင်း ပန်းကြာဖြူ၏ ကိုယ်ကလေးကို ခုတင်ပေါ် သို့ တင်သည်။

ပန်းကြာဖြူ ကြောက်အားလန့်အားနှင့် အတင်းပင် ရုန်းကန် နေသည်။

ခဏ်ချေပြီ၊ ပန်းကြာဖြူမှာ အားကိုးရာမဲ့၍ ရေတိမ်တွင်

www.burmeseclassic.com

www.burmeseclassic.com



နှစ်ရက်ကိန်း ကြုံတော့မည်။

ထိုနေ့သည် ပန်းကြာဖြူအတွက် ကံဆိုးမိုးမှောင်ကျသောနေ့ဟူ၍ ဆိုရမလို ဖြစ်နေသည်။

ပထမ လမ်းပေါ်တွင် ဓားမြှောင်ကိုင်လူရွယ်၏ ခြိမ်းခြောက်မှုကို ခံခဲ့ရသည်။ ယခု သူ့အား ဟီးရိုးလုပ်ကာ ကယ်ခဲ့သူ၏ မတရားပြုကျင့်မှုကို ခံရတော့မည်။

သူ့အဖြစ်မှာ ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီး ကျားထက်ဆိုး ဟူသော စကားလို ဖြစ်နေချေပြီကော။

စိတ်ရှုပ်စရာ ကောင်းလိုက်ပါဘိ။

ပန်းကြာဖြူမှာ ဆိုးရွားလှသော သူ့အဖြစ်ကို တွေးကာ မျက်ရည်များ ပါးပြင်နှစ်ဖက်ဆီသို့ ကျဆင်းလာသည်။

ဘိုဘိုမှာတော့ နွမ်းဟိုက်ကာနေသော ပန်းကြာဖြူ၏ အဖြစ်ကို ကျေနပ်စွာဖြင့် ပြုံးပြုံးကြီး ကြည့်နေသည်။

သူကြည့်နေခိုက်မှာပင် 'ဝုန်း'ခနဲမြည်သံကြီးတစ်သံ ကြားလိုက်ရသည်။

ထိုအသံကြောင့် ဘိုဘို လှည့်ကြည့်ရန်ပြင်ခိုက် သန်မာတောင့်တင်းလှသော လက်ကြီးတစ်ဖက်က သူ့ကုပ်ပိုးကို တအားဆွဲလှည့်ပစ်သည်။

ဘိုဘိုမှာ အားခနဲအော်သံပေးရင်း သူ့ကုပ်ပိုး လာ၍ဆွဲသူဘက်သို့ မျက်နှာချင်းဆိုင် ဖြစ်သွားသည်။

မျက်နှာချင်းဆိုင် ဖြစ်ခိုက်မှာပင် တစ်ဖက်လူ၏ လက်သီးတစ်လုံး မျက်နှာဆီသို့ ခွပ်ခနဲဝင်ကာ နောက်ဘက်သို့ ဖင်ထိုင်လျက် လဲကျသွားသည်။



ပန်းကြာဖြူ ခုတင်ပေါ်မှနေ၍ ဒုတိယ ကယ်တင်ရှင်ကို ငမ်းကြည့်မိသည်။

"အလိုလေး မြတ်စွာဘုရား သူပါပဲလား"

ပန်းကြာဖြူမှာ ဒုတိယမြောက် ကယ်တင်ရှင်ကို တွေ့ရလျှင် အထက်ပါအတိုင်း ရေရွတ်မိသည်။

အခြားကြောင့်မဟုတ်ဘဲ သူ့အား ဓားမြှောင်ဖြင့် ချစ်ရေးဆိုခဲ့သော လူရွယ်ဖြစ်နေ၍ပင်။

ခက်ချေပြီ။ ဤအတိုင်းသာဆိုပါက သူ့မှာ အချစ်ရူးနှစ်ဦးကြားတွင် လွတ်လမ်းမမြင်ဘဲ အစားခံရမည့်ကိန်း ဆိုက်နေလေပြီဘကား။

သူ့အဖို့ ကိုယ်ကျိုးနည်းရမည့်ကိန်းသာ မြင်နေတော့သည်။

ဥပမာပြရလျှင် ဖမ်းမိထားသော သားကောင်ကို သူစားမည်၊ ငါစားမည်ဟူ၍ မာန်ဖီကာနေကြသော ကျားနှင့် ခြင်္သေ့နှစ်ကောင်ကြား၌ ရောက်နေရရှာသော သားကောင်ကလေးလို ဖြစ်နေတော့သည်။

ကျားစားလည်း သေရမည်၊ ခြင်္သေ့၏အစားခံရလျှင်လည်း သေရမည်။ သူ့မှာလည်း ထိုအတိုင်း ပထမကယ်တင်ရှင် နိုင်လျှင်လည်း ဘဝဆုံးမည်၊ ဒုတိယကယ်တင်ရှင် နိုင်လျှင်လည်း ဘဝဆုံးမည်။

ပန်းကြာဖြူ တွေးရင်း ကံဆိုးလှသော သူ့အဖြစ်အတွက် တအားကြုံး၍ အော်ဟစ်ကာ ငိုချလိုက်ချင်တော့သည်။

သူ့စိတ်ဓာတ်တွေလည်း အကြီးအကျယ် ကျဆင်းလာကာ တရှုတ်ရှုတ်ဖြင့် ငိုကြွေးနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ညီမ....မင်းငိုမနေနဲ့၊ မင့်ကို ငါ ဘာမှမလုပ်ဘူး သဘောရှိုးနဲ့ လာကယ်နေတာ၊ စောစောကကိစ္စတွေ မေ့ပစ် လိုက်"

ဘိုဘို၏အခန်းထဲသို့ ရောက်လာသော ဒုတိယကယ်တင် ရှင်က ပန်းကြာဖြူကို လှမ်း၍ အားပေးနေသည်။

ထိုအားပေးမှုကို ပန်းကြာဖြူကတော့ ပွဲထဲမှ လူပြက်များ ပြောင်...ချော်နှင့် ပြောသလို "ယုံရမှာလားအာကို" ဟူ၍သာ ပြန်ပြောလိုက်ချင်သည်။

ဘိုဘိုမှာ ကြမ်းပြင်ပေါ်တွင် လဲကျနေရာမှ အားယူထရင်း သူ့အား လာ၍ နှောင့်ယှက်သူကို ကြည့်မိသည်။

"ဟင်...ပြာသို မင်း...မင်း ဘာလာလုပ်တာလဲဟင်"

ဘိုဘို၏အသံမှာ စားမာန်ခုပ်နေသော အသံမျိုး ဖြစ်နေ သည်။

"ဘာလုပ်ရမှာလဲ၊ ခင်ဗျားကြီးလုပ်ပုံ လူမဆန်လို့ လာ တာပဲ"

'ပြာသို' ဟူ၍ အခေါ်ခံလိုက်ရသူက ဒေါသသံဖြင့် ပြန်ပြော နေသည်။

"ဘာလူမဆန်တာလဲ။ ဒါဟာ မင့်အလုပ်မဟုတ်ပါဘူးလေ၊ မင်းသာ ငါ့အခန်းထဲက အခုထွက်သွားစမ်းပါ"

"မသွားပါဘူး၊ လာကတည်းက ထွက်သွားဖို့ လာခဲ့တာမှ မဟုတ်ဘဲ၊ ခင်ဗျားကို ဆုံးမဖို့ ပြန်လာခဲ့တဲ့ဟာ...ဟွန်း"

ပြာသိုက လက်နှစ်ဖက်ကို ခါးတွင်ထောက်ရင်း ပြန်ပြော နေသည်။



ပန်းကြာဖြူကတော့ သူတို့နှစ်ဦး ပြောဆိုနေကြသော မြန်မာ စကားများကို မြန်မာစစ်စစ် ဖြစ်နေပါလျက်နှင့် နားမလည် ဖြစ်နေရှာသည်။

အောင်မာ...လူပါးဝလိုက်တဲ့ကောင်နှယ်၊ မင်းလိုတေလေ ကြမ်းပိုးကများ ငါ့လိုကောင်ကို ဆုံးမလို့ ရမတဲ့လား။ ဟဲ...ဟဲ ...ရယ်လိုက်ရရင် ငါ့တိုက်ကြီးတောင် ပြိုသွားနိုင်တယ်ကွ၊ ဟွန်း"

"ခင်ဗျားဘာသာခင်ဗျား ရယ်ချင်ရယ်၊ မရယ်ချင်ရင်နေ၊ ကျုပ် အရေးမစိုက်ဘူး၊ အဲ...ကျုပ်ပြောချင်တာက ဟိုအမျိုးသမီး ကို ဒီအခန်းထဲကနေ အမြန်ပြန်လွှတ်ပေးဖို့ပဲ။ ဒါပဲလိုချင်တယ်"

"ဟကောင်ရ...အဲဒါ မင်းနဲ့ ဘာဆိုင်လို့လဲ၊ သြော်...သြော် ...သိပြီ၊ သိပြီ...လက်စသတ်တော့ ငါ့ကောင်က ငါပြောထား ခဲ့တဲ့အတိုင်း ငွေမပေးလိုက်လို့ကိုး၊ မင့်ကို ငါက မနက်ဖြန်မှ ပေးမယ်လို့ ပြောထားခဲ့ပြီးပြီပဲ။ ကဲပါလေ မင်းလိုချင်ရင်လည်း အခုပဲပေးလိုက်ပါ့မယ်၊ ငွေရရင်တော့ ငါ့အခန်းထဲက မြန်မြန် သွားရမယ်နော်။ ငါ့အလုပ်ထဲတော့ လာမရှုပ်ပါနဲ့ကွာ...ဟဲဟဲ"

ဘိုဘို မျက်နှာချိုသွေးရင်း ပြာသိုအား လှမ်းပြောနေသည်။

"တော်စမ်းပါဗျာ၊ ခင်ဗျားဟာ ပေးထားတဲ့ ကတိအတိုင်း မလုပ်ဘဲ ကတိမတည်တဲ့ လူတစ်ယောက်ပဲ၊ ကျုပ်ကို ခိုင်းတုန်း ကတော့ ဒီအမျိုးသမီးကလေးကို လက်ဖျားနဲ့တောင် မထိပါဘူး၊ သူ့မေတ္တာကို အနုနည်းနဲ့ပဲ ရအောင် ငါယူပြမှာပါဆို။ ဒီလိုပြောခဲ့ လို့ ကျုပ်လည်း ယုံပြီး ခင်ဗျားခိုင်းသလို ငွေကို ယူပြီး လုပ်ပေးခဲ့တာပဲ။ အခုတော့ ခင်ဗျားလုပ်ပုံ လူမဆန်ဘူး။ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



ကိုပြောတော့တစ်မျိုး, လုပ်တော့တစ်မျိုး ဖြစ်နေတယ်။ နောက် ကျုပ်ကိုလည်း ဟန်လုပ်ပြီး ထိုးခဲ့တာမဟုတ်ဘူး၊ တကယ်ကို ထိုးကြိတ်ခဲ့တယ်။ ကျုပ်မျက်နှာကြည့်စမ်း၊ ဖူးဖူးကို ရောင်နေ တာပဲ။ ဒါ ကောင်းသလားဗျ...ဟင်"

ပြာသိုက မကျေနပ်ချက်များကို ရင်ဖွင့်နေသည်။

"ဆောရီးကွာ၊ မင်းကို နာကျင်စေချင်တဲ့ သဘောနဲ့ လုပ်တာ မဟုတ်ပါဘူး။ လက်လွန်သွားလို့ပါ၊ ပြီးတော့ သဘာဝ လည်းကျအောင်လို့ပါ။ မင့်ကို ငါက ညှာထိုးနေရင် ဒီအမျိုး သမီးက ဘယ်မှာယုံပါ့မလဲကွ...ဟဲဟဲ"

"ဪ...ဪ...သဘာဝကျအောင်လို့ပေါ့လေ၊ ဟဲဟဲ... သဘာဝကျအောင်ကလည်း ကျွန်တော့်ကိုသာ မကဘူး အမျိုး သမီးကလေးကိုပါ သဘာဝကျအောင်ဆိုပြီး အခုလို ခင်ဗျား အခန်းထဲ ခေါ်စော်ကားတာကတော့ လွန်လွန်းတယ်ဗျာ၊ ခင်ဗျား တို့ ဓနရှင် သားသမီးတွေဟာ ဘယ်တော့မှ စကားမတည်ကြဘူး၊ အပြောတစ်မျိုး အလုပ်တစ်မျိုးချည့်ပဲ။ ကဲပါလေ ကျုပ်အသား နာတာ အရေးမကြီးပါဘူး၊ အရေးကြီးတာက ဒီကအမျိုးသမီး ဘဝ မဆုံးရှုံးစေဖို့ပဲ။ ဒီတော့ သူ့ကို ပြန်လွှတ်လိုက်ပါ"

ပြာသိုက လက်နှစ်ဖက်ကို ခါးထောက်ရင်း ဘိုဘိုအား ပြောနေသည်။

ထိုစကားကြောင့် ဘိုဘို ဒေါသထွက်သွားသည်။

"ဟေ့ကောင်...မင်းနဲ့ မဆိုင်တာတွေကို ပြောမနေနဲ့လော၊ ဒီတော့ မင့်ကို ပြောထားတဲ့အတိုင်း ဆရာစံဆယ်ရွက် ပေးလိုက် မယ်၊ ရရင် ဒီအခန်းထဲက ထွက်သွားပါ၊ ဒါပဲပြောမယ်"



ဘိုဘိုပြောရင်း သူ၏အခန်းတွင်းတွင်ရှိသော သစ်သားအံဆွဲ ကို ဖွင့်၍ ဆရာစံပုံပါသော ကိုးဆယ်ကျပ်တန် ဆယ်ရွက်ကို ကောက်ယူနေသည်။

ပန်းကြာဖြူနှင့် ပြာသိုကတော့ ဘိုဘို၏ အပြုအမူကို နောက်မှ အသာစောင့်ကြည့်နေကြသည်။

"ရော့... ဆရာစံဆယ်ရွက်၊ မြန်မြန်ယူပြီး ထွက်သွား စမ်းကွာ"

ဘိုဘိုက ကိုးဆယ်တန် ဆယ်ရွက်ကို ကိုင်ကာ ပေးရင်း ပြာသိုကို ပြောနေသည်။

ပြာသိုကမူ ငွေစက္ကူများအား မကြည့်ဘဲ ဘိုဘိုကိုသာ ရှုရှာသောမျက်နှာဖြင့် ကြည့်ကာ အသံမာမာဖြင့် ပြန်ပြောသည်။

ကျုပ် အခုလာခဲ့တာ ခင်ဗျားပေးမယ့် ငွေစက္ကူတွေယူဖို့ လာခဲ့တာ မဟုတ်ဘူး။ ဒီအမျိုးသမီးကို ခင်ဗျားလက်ထဲက ကယ်တင်ဖို့ ပြန်လာခဲ့တာပဲ၊ ရှင်းပြီလား"

"ဟာကွာ မင်းကလည်း ကိုယ်နဲ့မဆိုင်တာတွေကို ဘာလို့ လုပ်ချင်ရတာလဲကွာ၊ နို့...မင့်အမေကြီး အသည်းအသန်ဖြစ်နေ တယ်ဆို၊ ဒီငွေရမှ မင့်အမေအသက်ကို ကယ်တင်နိုင်မှာ မဟုတ် လား။ ဒီတော့ ငွေကိုသာယူပြီး ထွက်သွားစမ်းပါ။ ဟီးရိုးစကား မျိုးတွေ ပြောပြီး အချိန်ဖြုန်းမနေပါနဲ့။ ရော့...ယူစမ်းပါ...အဟဲ"

"ကျုပ်မယူဘူးလို့ ပြောပြီးပြီ မဟုတ်လား"

ပြာသို၏အသံမှာ စောစောကထက် ပို၍ မာကျောလာသလို မျက်နှာကလည်း တင်းမာလာသည်။

"ဒီလိုမလုပ်နဲ့လေ၊ ငွေကိုသာ ယူစမ်းပါကွာ၊ ဒီမယ် အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



ငွေဟာ မင့်အတွက် နည်းနေတယ်ဆိုရင် နောက်ထပ် သခ
ဖိုးလှကြီး ငါးရွက် ထပ်ပေးဦးမယ်ကွာ၊ ဒါဆိုရင်တော့ မင
ကျေနပ်လောက် ပါပြီနော်...ဟဲ...ဟဲ...ဟဲ"

"ခင်ဗျားပါးစပ်ကို ပိတ်ထားလိုက်ရင် ကောင်းမယ်... ကိုဘိုဘို"

ကျားဟိန်းသံကြီးပမာ လှမ်းအော်လိုက်သော ပြာသို၏အသံ ကြောင့် ဘိုဘို လန့်ဖျပ်ကာသွားသည်။

သူ၏အသံများလည်း တိတ်ဆိတ်သွားတော့သည်။

ပြာသို၏အသံသာ ဆက်လက်ထွက်ပေါ်လာခဲ့သည်။

ဒီမယ်...ကျုပ်အမေ အသည်းအသန်ဖြစ်နေလို့ ခင်ဗျားခိုင်း တာလုပ်ပြီး ငွေကို ယူမယ်ဆိုတာက ခင်ဗျား လူလိုလုပ်မယ် ထင်လို့ပေါ့။ အခုတော့ ခင်ဗျားလုပ်ပုံဟာ လူမဆန်ဘူး။ နှမချင်း လည်း စာနာစိတ် မရှိဘူး။ ဒီတော့ ခင်ဗျားပေးမယ့်ငွေကိုလည်း မယူနိုင်တော့ဘူး။ ကျုပ်အမေအသက်ထက် ဟောဒီက မြန်မာ အမျိုးသမီးကလေးရဲ့ အရှက်က ပိုအရေးကြီးတယ်ဗျ။ ဒီလောက် ပြောပြရင် ခင်ဗျားလည်း ထမင်းစားနေတဲ့လူတစ်ယောက်မို့ အဓိပ္ပာယ် အပြည့်အစုံကို နားလည်လောက်ပြီပေါ့ဗျာ...ဟုတ် လား"

ပြာသို၏စကားများကြောင့် ဘိုဘို၏အသားများမှာ တဆတ် ဆတ် တုန်တက်လာအောင် ဒေါသတွေ အလိပ်လိုက်တက်လာ ကော့သည်။

"သြော်...မင်းက ဒီလိုလား၊ ငါကတော့ မင့်ကို စေတနာနဲ့ ပြောနေတာကို မင်းက တယ်ပြီး ဟီးရိုးလုပ်ချင်တာကိုးကွ။



ဘိုကို ဘယ်လိုကောင်ကမှ ဗိုလ်လာကျလို့ မရဘူးဆိုတာ င်းသိတယ်မဟုတ်လား။ ဒီတော့ စောစောကထက် မင့်အသား မနာချင်ရင် ဒီက အမြန်ထွက်သွား၊ ဒါနောက်ဆုံးသတိပေး ခြင်းပဲ"

"ဟား...ဟား...ဟား... တော်တော်ရယ်စရာကောင်းတဲ့ ကားပဲ၊ စောစောကအချိန်နဲ့ အခုအချိန်ဟာ မတူတော့ဘူးလေ ဗျာ၊ စောစောတုန်းကတော့ ကျုပ်က လူကြမ်း၊ ခင်ဗျားက ဓာတ်လိုက်မင်းသား ဖြစ်နေလို့ လူကြမ်းပီပီ မင်းသားကို အရှုံး ပေးခဲ့တာပဲ။ အခုတော့ ကျုပ်က ဓာတ်လိုက်ဖြစ်သွားပြီ၊ ဒီတော့ ခင်ဗျားဟာ လူကြမ်းမင်းသားလို အသားမနာချင်ရင် နောက် ဆုတ်လိုက်ပါ"

ပြာသို၏ မခန့်လေးစားပြောနေမှုကြောင့် ဘိုဘိုမှာ ဒေါသ စိတ်များကို မထိန်းနိုင်တော့ဘဲ ပြာသို၏ ကိုယ်ပေါ်သို့ လွှားခနဲ ခုန်အုပ်သည်။

ပြာသိုက လေ၏ လျင်မြန်ခြင်းဖြင့် ဘေးဘက်သို့ အသာ တိမ်းရှောင်ပေးသည်။

ဘိုဘိုမှာ ကြမ်းပြင်ပေါ်သို့ အလျားလိုက် ကျသွားသည်။

ပြာသိုကမူ မည်သို့မှ မပြုသေးဘဲ ဘိုဘို ပြန်ထအလာကို သရော်ပြုံးကလေး ပြုံးပြရင်း ရပ်ကြည့်နေသည်။

ပန်းကြာဖြူမှာတော့ လူနှစ်ဦး၏ ဖိုက်တင်ပွဲကို ရင်တမမဖြင့် ခုတင်ပေါ်မှ ငေးကြည့်နေသည်။

ဘိုဘိုကလည်း သတ္တိခေသူမဟုတ်၍ လဲကျရာမှ ပြန်ထ သည်။ နောက် ပြာသိုနှင့် မျက်နှာချင်း ပြန်ဆိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏လက်ထဲတွင် ကိုင်ထားသော ဆရာစံ ငွေစက္ကူများကတော့ တွန့်ကြေကုန်လေပြီ။

ဘိုဘို့လက်ထဲမှ ငွေစက္ကူများကို ကြမ်းပြင်ပေါ်သို့ လွှင့်ပစ်ပြီးနောက် ပြာသိုနှင့် ရင်ဆိုင်ရန် လက်သီးနှစ်ဖက်ကို ဆုပ်ကာ ကမ္ဘာချန်ပီယံ မိုက်တိုင်စန် ဟန်မျိုးဖြင့် ချိန်ရွယ်နေသည်။

ယင်းအခိုက်မှာပင် ပြာသိုက သူ့အား ဝင်ထိုးတော့မလိုလိုနှင့် မြန်မာ့လက်ဝှေ့ပညာဖြစ်သော ခြေဖြင့် လှမ်း၍ သူ၏မျက်နှာသို့ ခတ်ပစ်သည်။

ဘိုဘို၏မျက်စိများထဲတွင် ဝင်းခနဲဖြစ်ကာ နောက်ဘက်သို့ ဖင်ထိုင်လျက် လဲကျသွားခဲ့သည်။

သူလဲအကျ၌ ပြာသိုက ဘယ်ညာလက်သီးစုံကို လျှပ်စီးလက်သလို ထိုးပစ်သည်။

ဘိုဘို၏မျက်နှာတစ်ပြင်လုံး ချက်ချင်းပင် ဖူးဖူးရောင်ကာ ပါးစပ်တွင်းမှ သွေးများ မြင်မကောင်းအောင် ယိုစီးကျလာတော့သည်။

လူမှာလည်း စောစောကလို မတ်မတ်ပင် မရပ်နိုင်တော့ပေ။

နောက်ပြန်၍ လဲကျမသွားစေရန် ပန်းကြာဖြူ ရှိနေသော ခုတင်တိုင်ကို အားပြု၍ မှီထားရသည်။

ဤအကြိမ်တွင်တော့ ဘိုဘို ခံရမည့်အလှည့် ဖြစ်သွားတော့သည်။

"ဘယ်လိုလဲ ကိုဘိုဘို၊ တစ်ချက်မှကို ပြန်မလှန်နိုင်ပါလားဗျ၊ ခင်ဗျားနဲ့ ဘောင်ဆင်ပလေးရတာ တယ်လည်း လက်ပျက်လှပါကလား။ ထစမ်းပါဗျ၊ ခင်ဗျား တကယ်ပျော့တာပဲ



နည်းနည်းပါးပါးလည်း ပြန်ထိုးဦးမှပေါ့။ အခုတော့ ပွဲကြီးက တစ်ဖက်သတ်ပွဲကြီး ဖြစ်နေတယ်ဗျာ...ဟား...ဟား...ဟား"

ပြာသိုက လက်နှစ်ဖက်ကို ခါးတွင်ထောက်၍ ပြောနေသော်လည်း ဘိုဘိုမှာတော့ သူ့အား မျက်လုံးကြီးပြူးကာ ဒေါသဖြင့် ကြည့်နေရုံမှတစ်ပါး မည်သို့မျှ ပြန်လည်၍ ခုခံမည့်ပုံ မပြတော့ပေ။

"ကိုင်း...ခင်ဗျား အရှုံးပေးရင်လည်း ကျုပ်က ဆက်ပြီး အနိုင်ကျင့်မနေတော့ပါဘူးလေ၊ 'တီ–အို–ကေ'လို့ ခေါ်တဲ့ ဒိုင်ပွဲသိမ်းနဲ့ပဲ ကျေနပ်လိုက်ပါ့မယ်...ဟဲဟဲ"

ပြာသိုက ဆက်၍ ပြောနေသည်။

ပြီးတော့ သူတို့အား ခုတင်ပေါ်တွင် ငေးငိုင်၍ ကြည့်နေသော ပန်းကြာဖြူဘက်ကို ကြည့်ပြီး လှမ်းပြောသည်။

"ဟော့...ခုတင်ပေါ်ကညီမ ဆင်းလာခဲ့တော့၊ တို့ သွားကြမယ်"

ပြာသိုက ခေါ်နေသော်လည်း ပန်းကြာဖြူမှာ မလှုပ်မရှားဘဲ ရှိနေသေးသည်။

"ဟေး...ဒါက ဘယ်လိုဖြစ်နေတာလဲ၊ သွားကြမယ်လေ၊ ဘာလဲ...မင်းက ဒီမှာပဲ နေခဲ့ချင်လို့လား။ ဒါဆိုရင်လည်း ရပါတယ်လေ"

ပြာသို ပြောရင်း အခန်းတွင်းမှ ထွက်သွားမည်ပြုသည်။

ပန်းကြာဖြူမှာ လှုပ်ရှားလာတော့သည်။

"အို...အို...နေပါဦးရှင်၊ ကျွန်မလည်း လိုက်ခဲ့မယ်"

ပန်းကြာဖြူ၏ပြောသံကြောင့် ပြာသို မသွားသေးတော့ဘဲ ရပ်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"မင်းစာအုပ်တွေနဲ့ ထီးကိုလည်း ယူခဲ့နော်၊ မေ့မကျန်စေနဲ့"

ပြာသိုက ကြမ်းပြင်ပေါ်တွင် လွင့်စဉ်ကျနေသော ပန်းကြာဖြူ၏ စာအုပ်များနှင့် ထီးကို ယူရန် သတိပေးနေသည်။

"ဟုတ်ကဲ့ရှင့်"

ပန်းကြာဖြူ ပြန်ပြောရင်း သူ၏ လွင့်စဉ်ကျနေသော ထီးနှင့် စာအုပ်များကို တစ်အုပ်ချင်း လိုက်ကောက်နေသည်။

သူတို့တစ်တွေ အခန်းတွင်းမှ ထွက်မည်အပြုတွင် ဘိုဘို နောက်မှ လှမ်း၍ ဒေါသတကြီးဖြင့် အော်ပြောသည်။

"ဟေ့ကောင်...ပြာသို၊ မင်း သတိကောင်းကောင်းထားနေပေတော့၊ မင်းကိုတော့ ကမ္ဘာမကြေထဲကပဲ၊ နောက်တစ်ခါကျရင်တော့ မင်းအလှည့်ဖြစ်ပြီသာမှတ်ထား။ ဒီအခါ ပြာသိုဟာ ခွာညိုတောင် မပွင့်နိုင်တော့ဘဲ တပေါင်းအဖြစ်နဲ့ ပူလောင်ပြင်းပြတဲ့ ဝေဒနာကို ခံစားရမယ်ဆိုတာ မြဲမြဲကြီး မှတ်ထားလိုက်ဟေ့ ...ဟွန်း"

ဘိုဘို၏စကားများ ကြားရလျှင် ပြာသို ဒေါပွသွားတော့သည်။

"ဟာ...ဒါဆိုရင် ခင်ဗျားကို ဒီအတိုင်း အလှကြည့်နေလို့ မဖြစ်ဘူး၊ ဒီတော့ ဘိုဘိုကိုလည်း ငိုငိုအဖြစ်နဲ့ တွေ့ရအောင် ခပ်နာနာကလေး လုပ်သွားဦးမှပဲ"

ပြာသို ပြောရင်း လက်သီးဆုပ်ကာ ဘိုဘို့အနီးသို့ ပြန်သွားသည်။

ပန်းကြာဖြူက နောက်မှ လှမ်းဆွဲထားသည်။

"တော်ပါတော့ရှင်၊ ဒီတစ်ခါ ထပ်ခံရရင်တော့ သူ့ကို ဆေးရုံတင်ရလိမ့်မယ်။ ရှင်လည်း တရားဥပဒေအရ အရေးယူခံရလိမ့်မယ်...သွားကြစို့"

ပန်းကြာဖြူက ပြောနေ၍ ပြာသိုမှာ ဘိုဘိုအား မည်သို့မှ မလုပ်တော့ဘဲ အခန်းတွင်းမှ ထွက်လာခဲ့ကြသည်။

ပန်းကြာဖြူမှာ ပြာသို၏နောက်မှ လိုက်သာလာရသည် စိတ်ထဲတွင်တော့ လန့်နေမိသည်။

မလန့်၍လည်း မဖြစ်ပေ။

ပြာသိုမှာ စောစောပိုင်းက သူ့အား ချစ်ဆေးပြုတိုက်ထားသူမို့ အခုလည်း မည်သို့ပြုမည်ကို မသိရ၍ ကြောက်လန့်နေမိခြင်းပင်။

ခြံအပြင်သို့ရောက်လျှင် ပန်းကြာဖြူ ရင်တုန်သံကလေးဖြင့် ပြာသိုကို မေးနေသည်။

"အာ...အခု ကျွန်...ကျွန်မကို ဘယ်ခေါ်သွားမှာလဲရှင်"

ပန်းကြာဖြူ၏ အမေးကြောင့် ပြာသိုမှာ ရှေ့မှသွားနေရာမှ လှည့်ကြည့်မိသည်။

"ဟဲ...ဘယ်ကိုခေါ်ရမှာလဲ၊ မင်းနေတဲ့အိမ် လိုက်ပို့ပေးလို့ပေါ့။ ဘာလဲ...မင်းစိတ်ထဲမှာ စောစောကလို ငါ ယုတ်မာတဲ့အကြံနဲ့ တခြားကို ခေါ်သွားမယ် ထင်နေလို့လားကွ"

ပန်းကြာဖြူ မဝံ့မရဲဖြင့် ခေါင်းကို ပြန်ညိတ်ပြမိသည်။

"ဟား...ဟား...ဟား...ဒါကြောင့် မင့်ကြည့်ရတာ ငါ့ကို တော်တော်လန့်နေတာကိုးကွ၊ ဟဲဟဲ...ဒီမယ် စောစောက ကိစ္စတွေ မေ့ပစ်လိုက်ပါ။ အမှန်တော့ မင်းဟာ ဘီလူးကို မင်းသားထင်ပြီး မင်းသားကို ဘီလူးထင်နေတဲ့သူလို ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ စိတ်ချ...ဒီတစ်ကြိမ်တော့ မင့်ကို တကယ့်စေတနာမွန်နဲ့ အိမ်အရောက် လိုက်ပို့ပေးပါ့မယ်ကွာ၊ ဘာမှ မစိုးရိမ်ပါနဲ့... အဟဲ”

ပန်းကြာဖြူမှာ ပြာသို၏ စကားများကို နားထောင်ရင်း အနည်းငယ်တော့ စိတ်ထဲတွင် အေးသွားမိသည်။

ရာနှုန်းပြည့်တော့ စိတ်မအေးနိုင်သေးပေ။

“နေပါဦး၊ အစ်ကိုဟာ စောစောတုန်းက ညီမကို ဘာ သဘောနဲ့ ဓားနဲ့ထောက်ပြီး ခေါ်ရတာလဲဟင်၊ နောက်...ဟ အခန်းထဲမှာ ကျန်နေခဲ့တဲ့ အစ်ကိုနဲ့ရော ဘယ်လိုအချိတ်အဆက် တွေ ရှိနေလို့လဲ”

ပန်းကြာဖြူမှာ အလွန် သိလိုနေ၍ စပ်စုကြည့်နေတော သည်။

“အင်း...မင်းတို့မိန်းမတွေရဲ့ အကျင့်ကတော့ အားလုံး အတူတူချည်းပါပဲကွာ။ မိန်းမကြီး၊ မိန်းမငယ်၊ မိန်းကလေးပေါက် မရွေး အသက်တွေသာ ကွာနေကြပေမယ့် စပ်စုချင်ကြတဲ့ စိတ် တွေကျတော့ အတူတူဖြစ်နေကြတယ်...ဟား...ဟား...ဟား”

ပြာသို ပြောပြီး ရယ်နေသည်။

“စပ်စုတယ်လို့ထင်ရင်လည်း မပြောနဲ့ပေါ့ရှင်၊ ကျွန်မက စပ်စုလိုတဲ့သဘောနဲ့ မေးနေတာ မဟုတ်ပါဘူး၊ သိချင်လို့ပါ”

“ဟောကြည့်...မင့်လေသံက စိတ်ကောက်တဲ့လေသံမျိုး ပြောင်းသွားပြန်ပြီ၊ အင်း...အဲ့သဟာမျိုးတွေကျတော့လည်း မိန်းမ တွေဟာ တူနေကြပြန်ရော၊ တစ်စုံတစ်ခုကို သူတို့မေးလို့ ကောင်း ကောင်းဖြေရင်ဖြေ၊ မဖြေရင် မင်း အခုပြောသလိုပဲ စပ်စုတာ



မဟုတ်ဘူး။ ဒီကမသိလို့ မေးတဲ့ဟာပဲဆိုပြီး စိတ်ကောက်ကြတော့ တာပါပဲကွာ...ဟား...ဟား...ဟား”

ပြာသို ပြောပြီး ရယ်နေပြန်သည်။

ပန်းကြာဖြူကတော့ မည်သို့မှ မပြောတော့ဘဲ သူ့အား စူးစိုက်စွာ ကြည့်နေသည်။

“ကဲပါကွာ၊ မင်း အင်မတန်သိချင်နေတဲ့ကိစ္စကို ငါပြောပြပါ့ မယ်၊ ဒီလိုကွာ ငါက ဆင်းရဲသား လက်လုပ်လက်စား တစ် ယောက်ပဲ။ အဲ...ငါ့မှာ မုဆိုးမ အမေအိုကြီးရှိတယ်။ သူ အခု အတော်ပဲ မမာမကျန်း ဖြစ်နေရှာတယ်။ ဆေးကုဖို့အတွက် ငွေက ငါ့မှာ သိပ်လိုနေတယ်၊ ငွေကလည်း နည်းနည်းပါးပါး မဟုတ်ဘူး၊ အနည်းဆုံး ငွေခုနစ်ရာ, ရှစ်ရာလောက် ကုန်ကျ မယ်။ ဒီလောက်ငွေကို ငါမရှာနိုင်ဘူး။ ဒါနဲ့ တိုတိုပြောရရင် သူဌေးသား ဘိုဘိုနဲ့ ငါဟာ တွေ့ရပြီး စောစောက မင့်ကို ပြုခဲ့သလို ပြုပေး၊ နောက် သူရောက်လာပြီး ငါ့ကို ဓာတ်လိုက် မင်းသားဟန်မျိုးနဲ့ ထိုးကြိတ်မယ်၊ ငါက သူ့ကိုကြောက်ပြီး မင့်အနားက ထွက်ပြေးသွားရမတဲ့။ ဒီလိုလုပ်ပေးရင် ငွေငါးရာပေး မယ်ပြောတယ်။ ငါက နည်းတယ် တစ်ထောင်ပေးမှ လုပ်ပေး မယ်ဆိုတော့ ဒီလူက ကတ်သီးကတ်သတ် ကိုးရာထားလိုက်ကွာ၊ ဒီလောက်ဆို တော်သင့်ပြီလို့ ပြောတာနဲ့ ငါလည်း သဘောတူပြီး အခုလိုလုပ်ခဲ့တာပဲ”

“အဲဒီလို သဘောတူပြီးမှ အစ်ကိုက သူပေးတဲ့ငွေကို ဘာဖြစ်လို့ မယူခဲ့တာလဲဟင်”

“ဟ...” ယူလို့ဖြစ်ပါတော့မလား၊ သူခိုင်းတဲ့အလုပ်ကို..

www.burmeseclassic.com

www.burmeseclassic.com



ကျော့ပွန်အောင်မှ ငါမလုပ်တဲ့ဟာ၊ အဲ...မလုပ်တဲ့အပြင် မင့်ကိုတောင် သူ့လက်က ကယ်ခဲ့ရသေးတယ် မဟုတ်လား။ အမှန်တော့လည်း သူပြောတုန်းက မင်းက သူ့ကို အထင်ကြီးပြီး ချစ်လာအောင် လုပ်မှာပါဆိုလို့ လုပ်ပေးခဲ့တာပဲကွ။ ဒီလို အကျင့်ယုတ်မှန်းသိရင် ဆရာစံဆယ်ရွက်မပြောနဲ့ အရွက်တစ်ထောင်ပေးတောင် ငါက မလုပ်သေးထဲကပဲ...ဟွန်း”

ပြာသို ပြောရင်း ဒေါပွလာပုံရသည်။

“နို့...အစ်ကိုက ထွက်သွားပြီးမှ ညီမတို့ဆီကို ဘယ်လိုကြောင့် ပြန်လာခဲ့တာလဲဟင်။ ပိုက်ဆံလာယူရာမှာ အခုလို ညီမကို စော်ကားနေတာကို တွေ့သွားတာလားဟင်”

ပန်းကြာဖြူ ဆက်၍ မေးနေပြန်သည်။

“ဘယ်ဟုတ်ရမှာလဲ၊ ငါက ဒီဘိုဘိုဆိုတဲ့ကောင်ရဲ့ အကျင့်ကို သိနေတဲ့သူမို့ သူ့ရှေ့မှာ ဟန်လုပ်ထွက်သွားပြီး သူမမြင်နိုင်တဲ့နေရာလောက် ရောက်တော့ အသာချောင်းကြည့်နေတာကွ။ ဒီအခါ မင့်ကို သူက တိုက်ထဲခေါ်သွားတာ တွေ့ရတယ်။ ဒါနဲ့ ငါလည်း မသင်္ကာတာနဲ့ ဒီတိုက်ဘက်ကို ပြန်လာပြီး အခြေအနေကို စောင့်အကြည့်မှာ ငါထင်ထားတဲ့အတိုင်း မင့်အပေါ်မှာ ယုတ်ယုတ်မာမာ ကြံစည်တာကို မြင်ရတာနဲ့ အခုလို ဝင်ကယ်ခဲ့တာပါပဲကွာ။ ကိုင်း...ဘာဆက်မေးချင်သေးလဲ”

“မမေးချင်တော့ပါဘူး၊ အဲ...တစ်ခုပဲပြောချင်ပါတယ်”

“ဘာများလဲ ပြောလေ”

“အခုလို အစ်ကိုက သူ့ဆီကငွေ မယူဘဲ ညီမကို ကယ်တင်ခဲ့တော့ မကျန်းမမာဖြစ်နေတဲ့ အစ်ကို့အမေအိုကြီးအတွက် ဘယ်



လိုလုပ်မလဲ”

“အင်း ဘယ်လိုမှ မလုပ်တတ်ဘူးကွာ၊ တခြားနည်းလမ်းနဲ့ ငွေရအောင် ရှာရမှာပေါ့”

ပြာသို စိတ်မချမ်းမြေ့သံဖြင့် ပြောနေသည်။

“တခြားနည်းလမ်း ဆိုတာက ဘယ်လိုဟာလဲ၊ လုဖို့ယက်ဖို့ ကိစ္စလား”

“ဟား...ဟား...ဟား...မင်းကလည်း ငါ့ကို တကယ့် သူဆိုးကြီးများ ထင်နေသလား မသိပါဘူး။ မလုပ်ပါဘူးကွာ၊ သမ္မာအာဇီဝနည်းနဲ့ ရှာမှာကို ပြောတာပါ။ ဒါပေမယ့် ဘိုဘိုပေးသလို ငွေမျိုးတော့ ဘယ်မှာ လုံးခနဲ ပက်ခနဲ ရမလဲ။ တောက်...သူက ကတိမတည်လို့ပါကွာ၊ သူသာ ငါ့ကိုပေးထားတဲ့ ကတိအတိုင်း မင့်ကို ဘာမှမဟုတ်မတရား မလုပ်ဘဲ ပြန်လွှတ်လိုက်ရင် ငါလည်း မနက်ဖြန်မှာ သူ့ဆီက ငွေကိုးရာကျပ်ကို ရမှာကွ။ အခုတော့ သူ့ရဲ့ ကတိက မတည်တော့ ငါလည်း ငွေဆုံးခဲ့ရတာပေါ့။ ကဲ...လာပါကွာ ပြီးတာတွေ ပြောမနေပါနဲ့တော့၊ မင်းအိမ်ကို သွားကြစို့၊ မိုးလည်းချုပ်လှပြီ”

“ဒါဆိုရင် ညီမရဲ့ ဆွဲကြိုးကို ယူပါလားဟင်”

“ဟော့...ဘာအတွက်လဲ”

ပြာသို အံ့သြသံဖြင့် မေးနေသည်။

အစ်ကို့အမေ ဆေးကုဖို့အတွက်လေ”

“ဟ...နေစမ်းပါဦး၊ မင်းက ဘာအတွက် ငါ့ကို ဆွဲကြိုးပေးနေရတာလဲ”

“အစ်ကို့ကျေးဇူး ရှိနေလို့ပေါ့၊ ဒီတော့ ယူမှာသာယူပါ”

www.burmeseclassic.com

www.burmeseclassic.com



"ဟာ...မဆိုင်လိုက်တာကွာ၊ ကျေးဇူးရှိတာနဲ့ မင့်ရွှေဆွဲကြိုး ပေးတာ ဘာဆိုင်လို့လဲ။ ပြီးတော့ အမေ့ကို ဆေးကုဖို့က မင့်ရွှေဆွဲကြိုး ယူရလောက်အောင်လည်း ငွေမလိုပါဘူးကွာ၊ မင့်ရွှေဆွဲကြိုးက အနည်းဆုံး နှစ်သောင်းကျော် တန်တယ်"

"ဟုတ်ကဲ့ အခုခေတ်ပေါက်ဈေးနဲ့ ဆိုရင်တော့ အဲဒီလောက် တန်ပါတယ်။ ဒါကို မယူရင် အစ်ကို့အမေအတွက် ဘယ်လို ဆေးကုမှာလဲ။ ဪ...သိပြီ၊ ညီမရဲ့ မြလက်စွပ်ကလေး ယူပါလား။ ဒါကတော့ ငါးထောင်လောက် တန်ပါတယ် အစ်ကို"

"တော်ပါပြီလေ၊ ဘာပစ္စည်းမှ မင့်ဆီက မယူချင်ဘူး၊ ငါ အခု ကယ်တင်ခဲ့တာကလည်း မင့်ကျေးဇူးတင်ခံချင်လို့ မဟုတ်ဘူး။ လူယုတ်မာရဲ့ လက်ထဲမှာ မိန်းကလေးတစ်ယောက် ရေတိမ်အနစ်ခံရမှာကို မကြည့်ချင်တာနဲ့ ကယ်ခဲ့တာပဲ။ ဒီတော့ ဘာပစ္စည်းမှ မင်းပေးနေဖို့ မလိုဘူး။ အိမ်ပြန်ဖို့သာပြင်၊ ဒါထက် မင့်အိမ်က ဘယ်နားမှာလဲ၊ ဒီလမ်းထဲမှာပဲလား"

"ဟုတ်ပါတယ်အစ်ကို၊ ဒီလမ်းထိပ်နားက 'ချမ်းမြေ့သာစည်' လို့ အမည်တပ်ထားတဲ့ ခြံကြီးပဲ"

"ဪ...သိပြီ၊ သိပြီ...ဒီခြံကြီးကိုတော့ ငါ အမြဲတမ်း မြင်နေရတာပဲ။ မင့်ကိုသာ မမြင်ဖူးတာပါ"

"ဟင်...ကျွန်မကို မမြင်ဖူးဘဲနဲ့ ဘယ်လိုလုပ်ပြီး အစ်ကိုက ကျွန်မကို ဓားပြပြီး ခိုးခြောက်ရတာလဲ"

ပန်းကြာဖြူ အံ့ဩသံဖြင့် ပြန်မေးနေသည်။

"အဟဲ...ဘိုဘိုဆိုတဲ့ကောင်က မင့်ကို မနေ့တုန်းက တိတ်တိတ်ခေါ်ပြထားလို့ပါ။ ဒါကြောင့် မင်းမှန်းသိပြီး သူခိုင်းတဲ့ အတိုင်း ပြုလုပ်ပေးခဲ့တာလေ။ ကဲပါကွာ စကားပြောနေတာနဲ့ အချိန်က ကုန်သထက် ကုန်လာနေပြီ၊ တော်ကြာ မင့်မိဘတွေ စိတ်ပူနေမှာစိုးရတယ်"



"ညီမရဲ့မိဘတွေက ဒီမှာ မရှိပါဘူး၊ သူတို့က ညီမသူငယ်ချင်းရဲ့ မိဘတွေပါ"

"ဟေ...ဒါဆိုရင် မင်းဟာ ဒီမြို့က မဟုတ်ဘူးပေါ့"

"မဟုတ်ဘူး အစ်ကို၊ ညီမနေတာက ဟိုရှမ်းပြည်နယ် လားရှိုးကပါ"

"ဟောဗျ... လားရှိုးကတောင် လာပြီး ဒီရန်ကုန်မြို့မှာ ကျောင်းတက်ရသလား၊ မန္တလေးမှာတက်ရင်လည်း ဖြစ်တဲ့ဟာ"

ပြာသို အံ့ဩနေသည်။

"ဟုတ်ကဲ့...မန္တလေးမြို့မှာက ဆွေမျိုးလည်း မရှိဘူး၊ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေလည်း မရှိဘူးလေ။ ဒီတော့ မန္တလေးမြို့မှာ စာသင်ရင် ဘော်ဒါနေမှဖြစ်မယ်။ ညီမကလည်း ဘော်ဒါမှာ မနေချင်သလို ဖေဖေနဲ့ မေမေကလည်း မထားချင်ဘူး။ ဒါနဲ့ အခု ညီမနေတဲ့တိုက်က ဦးသောင်းရွှေ-ဒေါ်စုရင်တို့ဆီမှာ ထားတာပဲ။ သူတို့ဟာ ဖေဖေနဲ့ရော မေမေနဲ့ပါ ငယ်သူငယ်ချင်းတွေ ဖြစ်ကြသလို သူတို့သမီး လှသူဇာနဲ့ ညီမကလည်း ငယ်သူငယ်ချင်းတွေမို့ အခုလို လာနေတာပါပဲ အစ်ကို"

"ဪ...ဪ...အခု မင်း ဘယ်ကပြန်လာတာလဲ"

"ညီမတို့တက္ကသိုလ်ကျောင်းက ဆရာဆီမှာ မသိတာတွေ သွားမေးပြီး ပြန်လာခဲ့တာပါ။ ညီမက ရူပနောက်ဆုံးနှစ် ကျောင်းသူပါ"

www.burmeseclassic.com

www.burmeseclassic.com



"အလှဲ... မင်းအသက်က ငယ်ငယ်နဲ့ နောက်ဆုံးနှ တက္ကသိုလ်ကျောင်းသူ ဖြစ်နေတာကိုး။ ငါထင်နေတာက ဆယ် တန်းကျောင်းသူ မှတ်နေတာ။ တော်တယ်ကွာ မင်းတို့မျာ ကျတော့ ပညာရေးဘက် ထူးချွန်လိုက်ကြတာ၊ ငါ့မှာဖြင့် အခု အသက်ပဲ နှစ်ဆယ့်သုံးနှစ်ထဲ ရောက်နေပြီ ဆယ်တန်းမပြောနဲ့ ရှစ်တန်းတောင် မအောင်ခဲ့ဘူး...ဟဲဟဲ"

ပြာသို ပြောပြီး ရယ်နေသည်။

သူတို့တစ်တွေလည်း စကားတပြောပြောနှင့် လျှောက်လာ ခဲ့ကြရာ ပန်းကြာဖြူနေသော ခြံကြီးအနီးသို့ ရောက်လုနီးနေကြ ပြီဖြစ်သည်။

"အဲ...စကားသာပြောနေကြတယ် မင့်နာမည်လည်း ငါ မသိသေးဘူး၊ ဘိုဘိုကတော့ ပြောဖူးတယ်၊ ဒါပေမယ့် ငါက မှတ်မထားလို့ မေးနေတယ်။ ငါ့နာမည်ကတော့ မင်းလည်း သိပြီးလောက်ပါပြီလေ။ ပြာသိုဆိုတာ ဟိုကောင် ဘိုဘို မင့်ရှေ့မှာ ခဏခဏခေါ်ခဲ့တာပဲ...ဟဲဟဲ"

"ညီမနာမည်က ပန်းကြာဖြူပါ"

"ဟ...နာမည်ကတော့ အပျံစားပဲ၊ ဆန်းလည်းဆန်းတယ်၊ အင်း...မင့်ရုပ်ကလည်း ပန်းကလေးလို လှနေတော့ နာမည်နဲ့လှ လိုက်လျောညီထွေ ရှိပါပေတယ်ဗျာ၊ ဟား...ဟား...ဟား"

"အို...အစ်ကိုကလည်း မြှောက်နေပြန်ပါပြီ"

ပန်းကြာဖြူ ရှက်စနိုးအသံဖြင့် ပြန်ပြောသည်။

"ငါ မမြှောက်တတ်ပါဘူးကွာ၊ အရှိကို အရှိအတိုင်းပဲ ပြောနေတာပါ။ နို့...မင်းကို သူတို့က အိမ်ကကားနဲ့ လိုက်မပို့ဘူး



ား။ သူတို့မှာ ကားရှိတယ်မဟုတ်လား"

"ရှိပါတယ်၊ ပို့လည်း ပို့ပါတယ်။ ဒီကနေ့တော့ အန်ကယ် သောင်းရွှေ ပဲခူးကို ကိစ္စတစ်ခုနဲ့ သွားနေလို့ ညီမ ဆရာ့ဆီကို ငှားကားနဲ့ သွားခဲ့ရတယ်လေ။ အဲ...ဖြစ်ချင်တော့ ညီမရဲ့ က်ဆံအိတ်က အိမ်မှာ မေ့ကျန်နေခဲ့တယ်။ စီးသွားတဲ့ အငှား ားခတောင် သူငယ်ချင်းတစ်ယောက်ဆီက ချေးပေးလိုက်ရ ယ်။ ဒါနဲ့ အပြန်ကျတော့ ခရီးသည်တင်ကားနဲ့ပဲ ပြန်လာခဲ့ ာမှာ အစ်ကိုတို့နဲ့ တိုးခဲ့တာပါပဲရှင်"

ပန်းကြာဖြူက ရှင်းပြနေသည်။

သူတို့နှစ်ဦးလည်း ချမ်းမြေ့သာစည် ခြံဝသို့ ရောက်နေကြပြီ ဖြစ်သည်။

"ကိုင်း...မင်းနေတဲ့ခြံရှေ့လည်း ရောက်နေပြီ၊ သွားပေ ာ့"

ပြာသိုက ပန်းကြာဖြူအား သွားခိုင်းနေသည်။

"ဟုတ်ကဲ့...သွားပါ့မယ်၊ မသွားခင် ညီမ တစ်ခုပြောပါ ဦး"

"ပြောလေ...ဘာအကူအညီ လိုနေသေးလို့လဲ"

"အကူအညီက ညီမလိုတာ မဟုတ်ပါဘူး၊ အစ်ကို့အတွက်

"ဟေ...ဘာများလဲ"

"ပြောရမယ်ဆိုရင် မမာမကျန်းဖြစ်နေတဲ့ အစ်ကို့မိခင်ကြီး တွက် ဆေးကုဖို့"

"တော်...မင့်ကို ငါပြောခဲ့ပြီးပြီပဲ၊ မင့်ဆီက ဘာအကူအညီမှ

www.burmeseclassic.com

www.burmeseclassic.com



မယူချင်ပါဘူးလို့”

“ဒီလိုဆို ညီမ စိတ်ကောင်းမှာ မဟုတ်ဘူး၊ ဒီတော့ အစ်ကို ကို ညီမရဲ့ ရတနာတွေကို ပေးလို့မရတဲ့အတွက် မနက်ဖြန်ကျရင် ညီမ ငွေယူပြီး အစ်ကို့အမေအတွက် ငွေလာပို့ချင်ပါတယ် အစ်ကိုနေတဲ့ လိပ်စာကို ပေးပါ”

“မလိုဘူးလို့ ပြောနေမှတော့ မင်းကို လိပ်စာမပေးချင်ဘူး မင့်စေတနာကိုတော့ ငါ လေးစားပါတယ်လေ။ ကဲ...သွားမယ် ကွာ”

ပြာသို ပြောပြောဆိုဆိုနှင့် ထွက်သွားတော့သည်။

“အစ်ကို...အစ်ကို...နေဦးလေ...ညီမ ပြောပါရစေဦး”

ပန်းကြာဖြူ နောက်မှ အော်ဟစ်ကာ တားနေသည်။

ပြာသိုကတော့ လှည့်၍ပင် မကြည့်တော့ချေ။

ပန်းကြာဖြူမှာတော့ ပြာသိုအား နောက်မှနေ၍ ငေးကြည့် ကာ ကျန်ရစ်ခဲ့သည်။

❖



( သုံး )

## ပြာသို

ပြာသို...

ဤအမည်မှာ မြန်မာလူမျိုးတို့၏ ၁၂-လအနက် ၁၀-လမြောက် (ဝါ) ဒသမမြောက်လအမည် မဟုတ်ပါ။

လူအမည် ဖြစ်ပါသည်။

ပြာသိုလသည် မြန်မာလများအနက် ဒသမမြောက် ဖြစ်နေ၍ ဆယ်ဂဏန်းဖြစ်နေသည်။

ထိုတစ်ဆယ်ဂဏန်းကား ‘ဘူ’ဂဏန်း ဖြစ်နေသလို ပြာသိုမှာလည်း တကယ်ပင် ‘ဘူ’ကျလှသည်။

‘ဘူ’ဟူသော စကားမှာ မြန်မာလူမျိုးတို့ အရိုးစွဲအောင် သုံးစွဲနေကြသဖြင့် မြန်မာစကားဟူ၍ မှတ်ထင်နေကြသည်။

အမှန်တော့ ‘ဘူ’ဟူသော စကားသည် မြန်မာစကား မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



တရုတ်စကားသာ ဖြစ်သည်။

ထိုတရုတ်စကားမှာလည်း ကိုးမီးဖဲကစားကြရာမှ တရုတ်များထံမှ စတင်ပေါက်ဖွားလာခြင်းပင်။

သည်တော့ ကိုးမီးဖဲကစားရာတွင် ခေါ်ဝေါ်သော တရုတ်အခေါ် 'ဘူ'နှင့် လေလည်၍ ထွက်သော 'ဘူ'မှာ ဘူချင်းတူသော်လည်း အသက်ရှူချင်း ကွဲပြားခြားနားကြသည်။ အဲ...ဟုတ်ပေါင်၊ အမျိုးအစားချင်း ကွဲပြားကြသည်။

တရုတ်အခေါ် 'ဘူ'မှာ ကိုးမီးဖဲကစားရာတွင် အနိုင်မရဘဲ မိမိလောင်းကစားသော ငွေကြေးများ အစားခံရပြီး အရှုံးနှင့် ရင်ဆိုင်ရတာတ်သလို လေလည်၍ ဖင်မှထွက်သော 'ဘူ'မှာလည်း အသံသာမြည်သည်မဟုတ်၊ အနံ့ကလေးမှာ အသံနှင့်အတူ ရော၍ ပါလာတတ်သဖြင့် အနီးပတ်ဝန်းကျင်ရှိ လူအများ 'ဘူ'သံကြားလျှင် နှာခေါင်းကို ပိတ်၍ ဝေးရာသို့ ပြေးတတ်ကြသည်။

'ဆို:' ထို့ကြောင့် တရုတ်အခေါ်အဝေါ်မှ ဆင်းသက်လာသည့်'ဘူ'ရော၊ ဖင်မှထွက်သော'ဘူ'ရော ဘယ်'ဘူ'မှမကောင်းပေ။

ဤနေရာတွင် စကားစပ်မိ၍ ကျွန်တော်တို့ မြန်မာဝေါဟာရထဲတွင် ခပ်တည်တည်ဖြင့် မြန်မာစကားယောင်ယောင်ဖြင့် ဟန်ဆောင်ကာ ဝင်ရောက်နေကြသော နိုင်ငံခြားစကား အများအပြားရှိနေကြသည်။

ထိုအထဲမှ အချို့ကို ချစ်စွာသော စာဖတ်သူများ ဗဟုသုတရကြစေရန် ရည်သန်၍ အနည်းငယ် တင်ပြလိုပါသည်။

သည်းခံ၍ ဖတ်ရှုကြပါ ဟူ၍လည်း တောင်းပန်ပါသည်။

ကျွန်တော်တို့ မိဘများလက်ထက်မှစ၍ ကျွန်တော်တို့ခေတ်



တိုင်အောင် သုံးစွဲနေကြသော 'ဘုံးသည်'ဟူသော စကားကို ပြောချင်ပါသည်။

သူငယ်ချင်းတစ်ဦးဦးက လက်ထဲတွင် ပစ္စည်းတစ်စုံတစ်ခုကို ကိုင်ထားသည်ကို တွေ့ရလျှင် သူငယ်ချင်းတို့ဘာဝ လှမ်း၍ ၍သို့ နောက်ပြောင်တတ်သည်။

"ဟေ့ကောင်... မင့်လက်ထဲက ပစ္စည်းက ဘာလဲကွ၊ ဘယ်က ဘုံးလာတာလဲ"

ထိုစကားမှာ ဘန်းစကားအဖြစ် သုံးစွဲလိုက်ခြင်းပင်။

စကား၏အဓိပ္ပာယ်မှာ လစ်လာသည်၊ တိတ်တဆိတ် ယူလာသည် ဟူ၍ဖြစ်သည်။

ကျွန်တော်ငယ်စဉ်က ထိုစကားကို မြန်မာဘန်းစကားအစစ်ဟူ၍ ထင်မှတ်ခဲ့သည်။

ကျွန်တော်တို့လိုပင် ကျွန်တော့်သူငယ်ချင်းများကလည်း ထင်မှတ်ခဲ့ကြသည်။

အင်္ဂလိပ်စကား B,O,N,E. (ဘုန်းန်)ဟူသော စကားမှ ဆက်ဆင်းလာခြင်းပင် ဖြစ်သည်။

သို့သော် သူတို့၏ 'ဆလဲင်းဂ်' (ဝါ) ဘန်းစကားဖြင့် သုံးစွဲသည့်အခါ ဘုန်းန်မှာ ခိုးသည်ဟူ၍ အနက်ရသည်။

သို့ဖြစ်၍ ကျွန်တော်တို့ ပြောဆိုသုံးစွဲနေကြသော 'ဘုံး'ကလည်း ခိုးယူခြင်းကိုပင် ရည်ညွှန်းထားသဖြင့် ထူးထူးဆန်းဆန်း တိုက်တိုက်ဆိုင်ဆိုင်ပင်။

ဘန်းစကားများအဖြစ် အင်္ဂလိပ်ရော မြန်မာတို့ပါ သုံးစွဲနေကြခြင်းဖြစ်သည်။ မဆန်းလားခင်ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခု ရှိသေးသည်။ ထိုစကားကတော့ 'ပိုက်ဆံ' ဟူ၍ ကျွန်တော်တို့ ပြောဆိုနေကြသောစကားပင်။

ထိုစကားကလည်း မြန်မာစကား မဟုတ်ပေ။

ဟိန္ဒူစကား ဖြစ်သည်။

မြန်မာစကားစစ်စစ်ကတော့ ငွေဟူ၍ ခေါ်ရမည် ဖြစ်သည်။

သို့သော် 'ငွေ'ဟူသော စကားမှာ ခေါ်ရသည်မှာ မြန်မာ စကားပင် ဖြစ်လင့်ကစား ခေါ်နေလည်းမကျ၊ ခေါ်ရလည်း ထောက်နေ၍ ပိုက်ဆံဟူ၍သာ လူကြီး, လူငယ်မရွေး ခေါ်ဝေါ် နေကြသည်။

ငွေကြေးချမ်းသာသူကို ပိုက်ဆံချမ်းသာသည် ဟူ၍လည်း ကောင်း၊ 'ပိုက်ဆံမရှိရင် တယ်မျက်နှာငယ်တာပဲ'ဟူ၍လည်း ကောင်း ပိုက်ဆံကိုသာ အပြောများနေကြသည်။

မိမိကိုယ်ပိုင်ဝေါဟာရဖြစ်သော ငွေကိုတော့ သုံးစွဲသူ နည်း လှသည်။

"ဩော်..ဤလည်းတစ်ဒုက္ခ"ပါကလားဟူ၍ ပြောရမလို ဖြစ်နေတော့သည်။

မြန်မာဝေါဟာရတွင်းသို့ ရောက်နေကြသော မော်တော် ကား၊ ဘတ်စ်ကား၊ ရေဒီယို၊ ပလတ်စတစ် စသဖြင့်... စသဖြင့် မြောက်မြားစွာ ရောက်နေကြသည်ကိုတော့ ချစ်စွာသော စာဖတ် သူများ သိရှိနေကြပြီမို့ ရေးပြမနေတော့ပါ။

နောက် ကိုယ့်မြန်မာစကားဟူ၍ ထင်နေကြသော စကား တစ်ခု ရှိသေးသည်။

ထိုစကားမှာ 'ဗိုလတ်' သို့မဟုတ် 'ဘိလပ်'ဟူသော စကား



ပင်။

ထိုစကားကလည်း မြန်မာစကား မဟုတ်ပေ။

ဟိန္ဒူစကား ဖြစ်သည်။

အဓိပ္ပာယ်မှာ 'ဂရိတ်ဗြိတိန်'ကို ခေါ်ဆိုခြင်းပင်။

သို့ဖြစ်၍ ကျွန်တော်တို့ မိဘများလက်ထက်မှ ပြောဆိုခဲ့ သော 'ဘိလပ်ပြန်ကြီး'ဟူသည်မှာ အင်္ဂလန်နိုင်ငံပြန်ကို ဆိုလို ခြင်းပင်။

ကျွန်တော်တို့ ကိုးနှစ်သား၊ ဆယ်နှစ်သား အရွယ်လောက်က စီးခဲ့ကြဖူးသော 'လန်ချား'အကြောင်းကို ပြောချင်ပါသေးသည်။

လန်ချားဆို၍ ယခုခေတ် လူငယ်များအနေဖြင့် သိချင်မှ သိကြပေမည်။

အခြားမဟုတ်ပါ။

ရောမဘီးကြီးနှစ်ဘီးကို တပ်၍ ရှေ့မှ လူကဆွဲရသော လူဆွဲယာဉ်တစ်မျိုးပင်။

ထိုင်ခုံက နောက်တွင်ရှိပြီး လူနှစ်ယောက်ထိုင်နိုင်သည်။

ထိုလန်ချားကို ရန်ကုန်မြို့တွင် စစ်ကြိုခေတ်မှစ၍ စစ်ပြီး ခေတ်အထိ ကုလားလူမျိုးများကသာ ဆွဲကြသည်။

ထိုသို့ ကုလားများသာ ဆွဲနေကြ၍ လန်ချားစီးလို၍ ခေါ် ချင် ကုလားလိုသာ ခေါ်ကြသည်။

"ဟေး...လန်ချား အောင်း"

မြန်မာလိုဆိုတော့ "ဟေ့...လန်ချား လာဦး"ဟူလို၏။

ထိုလန်ချားဟူသော စကားကို ကျွန်တော့်စိတ်ထဲတွင် ကုလားစကားဟူ၍သာ ထင်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပေ။

တရုတ်စကား ဖြစ်နေသည်ကို နောက်မှ သိရသည်။

တရုတ်ပြည်တွင် ထိုလန်ချားက စတင်ပေါ်ပေါက်ခဲ့ပြ ကုလားပြည်၌ နောက်မှ ပေါ်ခဲ့ခြင်းကြောင့် တရုတ်ဘာသာဖြ ခေါ်သော လန်ချားကို ကုလားများကလည်း အတုယူကာ ခေါ် ခြင်းပင်။

အင်္ဂလိပ်စကား 'မော်တော်ကား'ကို ကျွန်တော်တို့ မြန်မာ များ ခေါ်သလိုပေါ့။

ယခုခေတ်တွင်တော့ တရုတ်ပြည်မကြီးတွင် လန်ချားများ မရှိတော့ပေ။

မော်စီတုံး လက်ထက်မှစ၍ ပိတ်ပင်ခဲ့သည်။

စင်ကာပူနှင့် ဟောင်ကောင်တို့လောက်တွင်သာ ကျန်ရှိနေ တော့သည်။

အိန္ဒိယပြည်တွင်လည်း ကွယ်လွန်သူ အိန္ဒိယဝန်ကြီးချုပ် ရှရီဂျဝါဟလာနေရူး လက်ထက်မှစ၍ ပိတ်ပင်ခဲ့သည်။

ကျွန်တော်တို့ မြန်မာနိုင်ငံတွင်လည်း လွတ်လပ်ရေး ရပြီး နောက် လန်ချားများကို ပိတ်ပင်ခဲ့၍ လန်ချားခေတ် ပပျောက် သွားခဲ့ရတော့သည်။

နောက်တစ်ခု ကုလားစကားဟူ၍ ထင်မှတ်နေသော စကား ရှိပါသေးသည်။

ထိုစကားမှာ 'ဘဇား' မြန်မာလိုဆိုတော့ 'ဈေး'ဟူ၍ အနက် ရသည်။

'ဘဇား'ဟူသော စကားကို အင်္ဂလိပ်များကလည်း ယူ၍



း စွဲထားကြသည်။

ကျွန်တော်တို့ အင်္ဂလိပ်ကျောင်းတွင် နေစဉ်ကလည်း ဂလိပ်စကား 'မားကက်' မြန်မာလို 'ဈေး'ဟူသော စကား စား 'ဘဇား'ဟူ၍ ရေးတတ်ကြသည်။

ဥပမာ "ကျွန်တော်တို့မြို့မှာ ဈေးအသေးစားကလေးတွေ များကြီးရှိတယ်"ဟူ၍ အင်္ဂလိပ်လို ရေးလိုလျှင် "သဲယားအာ မားရပ်စ် စမော(လ်) မားကက်(တ်) အင်အာဝါတောင်း"ဟူ၍ းလည်း မှန်သလို...

"သဲယား အာ ညူးမားရပ်(စ်) စမော်(လ်) ဘဇား အင် ဝါ တောင်း"ဟူ၍ ရေးလျှင်လည်း မမှားပေ။

အကြောင်းမှာ အင်္ဂလိပ်များကိုယ်တိုင်ပင်လျှင် ဘဇားဟူ၍ န်တော်တို့ သင်ကြားခဲ့ကြရသော အင်္ဂလိပ်ကျောင်းသုံး စာအုပ် တွင် ထည့်သွင်း၍ ရေးသားထားသောကြောင့် ဖြစ်သည်။

အင်္ဂလိပ်အဘိဓာန်ထဲ၌လည်း 'ဘဇား'ကို ဖော်ပြထားကြ ည်။

"အောက်စ်ဖို့ဒ် အက်ဒ်ဗန်း လန်းနား" အဘိဓာန်စာအုပ် 'ဘဇား'ဟူသော အနက်ကို "အမျိုးအစား အများအပြား ဈေးပေါပေါဖြင့် ရောင်းချသောဆိုင်"ဟူ၍ အင်္ဂလိပ်ဘာသာ ဖော်ပြထားသည်ကို တွေ့ရသည်။

ယင်းသို့ကြောင့် ကျွန်တော်၏ စိတ်ထဲတွင် ကုလားစကား ား'ကို အင်္ဂလိပ်များက ယူ၍ သုံးစွဲထားသည်ဟူ၍ မှတ်ထင် သည်။

မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ယင်း'ဘဇား'မှာ အင်္ဂလိပ်များက ယူသုံးထားသော ကုလား စကား မဟုတ်ပေ။

'ဘဇား'ဟူသော စကားမှာ ပါးရှင်းလူမျိုးတို့၏ စကားသာ ဖြစ်သည်။

ပါးရှင်းဆို၍ ချစ်ဖွာသော စာဖတ်သူအချို့အတွက် သိချင်မှ သိကြပေမည်။

အခြားလူမျိုး မဟုတ်ပါ။

ယခုအခါ ပင်လယ်ကွေ့ထဲတွင် ရေနံတင်သင်္ဘောများနှင့် ကုန်တင်သင်္ဘောများစွာတို့အား လက်သံပြောင်ပြောင်ဖြင့် ဒိုင်ခံ ကာ ချနေသော အီရန်လူမျိုးတို့ ဖြစ်သည်။

"အလို ဒီပါးရှင်း(အီရန်)လူမျိုးရဲ့ စကားတွေက ဘဇ ကြောင့် အိန္ဒိယနိုင်ငံကို ရောက်ပြီး ကုလားများက သုံးစွဲနေကြ တာလဲ"ဟူ၍ အံ့သြကောင်း အံ့သြနေကြပေမည်။

မအံ့သြပါနှင့်။ ပါးရှင်းဘုရင်များသည် လွန်ခဲ့သော ရာစု များက အိန္ဒိယနိုင်ငံအား ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်ခဲ့ဖူး၍ ၎င်းတို့၏ ဘာသာစကားများမှာ ကျန်ရစ်ခဲ့ခြင်း ဖြစ်ဟန်တူ သည်။

ကိုင်း...ကျွန်တော်၏ လေပေါခန်းကို ဤနေရာတွင် ရပ် ဖြစ်ပေတော့မည်။

ဆက်၍ရေးနေလျှင် ဝတ္ထုမဟုတ်တော့ဘဲ 'အက်တီမိုလို ခေါ် စကားအရင်းအမြစ် ပညာကျမ်း ဖြစ်သွားပေတော့မည်

သည်တော့ ဤနေရာတွင် 'ဟော့ဖ်တိုင်း'အဖြစ် ရပ်ဆိုင်း ဝတ္ထုကို ဆက်ပါတော့မည်။



အထက်တွင် ဖော်ပြခဲ့သည့်အတိုင်းပင် ပြာသိုလမှာ ဒသမ မြောက်လ ဖြစ်နေ၍ 'ဘူ'ကျနေသလို လူ ပြာသိုမှာလည်း မွေးလာကတည်းက 'ဘူ'ကျနေသူပင်။

သူ့အား မွေးကင်းစ ရက်သားအရွယ်မှာပင် မိခင်အရင်း ခေါက်ခေါက်က အမှိုက်ပုံထဲတွင် သတင်းစာစက္ကူဖြင့် ရစ်ပတ် ကာ လူစိတ်ကင်းစွာဖြင့် ရက်ရက်စက်စက် စွန့်ပစ်သွားခြင်းကို ခံခဲ့ရသည်။

သို့သော် ပြာသိုမှာ သေကံမရောက်ချင်သေး၍လား မသိ၊ သူ့အား လာရောက်၍ ကယ်သော ကယ်တင်ရှင်နှင့် တွေ့ခဲ့ရ၊ သည်။

သူ့ကို လာ၍ ကယ်တင်ခဲ့သူမှာ သူဌေး သူကြွယ်ထဲကတော့ မဟုတ်ပေ။

ဆင်းရဲမွဲတေလှသော သန့်ရှင်းရေးလုပ်သားကြီး ဦးတက်လူ ဖြစ်သည်။

ဦးတက်လူမှာ ထိုနေ့က ရေကျော်ဘက်တွင် သန့်ရှင်းရေး လုပ်အားပေးနေစဉ် အမှိုက်ပုံအတွင်းမှ ကလေးငယ်၏ ငိုသံကို ကြားမိသည်။

ယင်းသို့ကြောင့် သူသည် ငိုသံကြားရာ အမှိုက်ပုံသို့ ပြေး၍ ကြည့်လိုက်ရာ မွေးကင်းစ ရက်သားအရွယ် ကလေးငယ်တစ်ဦး မှာ ငိုယိုနေသည်ကို မြင်ရသည်။

မငိုဘဲနေပါမည်လော။

ကလေးငယ်၏ တစ်ကိုယ်လုံးတွင် ပုရွက်ဆိတ်အနီကောင် များက တက်၍ ကိုက်ခဲနေကြသောကြောင့်ပင်။

www.burmeseclassic.com

www.burmeseclassic.com



ဦးတက်လူမှာ ဆင်းရဲမွဲတေလှသော်လည်း ကရုဏာနှင့် မေတ္တာတရား ပြည့်ဝလှသူမို့ ကလေးငယ်အား အမှိုက်ပုံတွင်းမှ ကသောကမျော ဆွဲယူရင်း နှုတ်မှလည်း ဤသို့ရေရွတ်နေရှာသည်။

"အို…ကလေးငယ်ကလေးပါလား၊ ဘယ်သူကများ ရက်ရက်စက်စက် ဇွန့်ပစ်သွားကြတာပါလိမ့်မလဲ။ သနားစရာကလေးပဲ၊ သူ့တစ်ကိုယ်လုံးလည်း ပုရွက်ဆိတ်ကောင်တွေ တက်ပြီး ကိုက်နေရှာတယ်"

ဦးတက်လူ စိတ်မကောင်းသံဖြင့် ရေရွတ်ရင်း ကလေးငယ်အား ကိုက်ခဲနေသော ပုရွက်ဆိတ်အနီကောင်များကို အမြန်ဖယ်ရှားပေးနေသည်။

ကလေးငယ်ကလေးမှာ ရက်သားသာ ရှိရသည့်အထဲ အဆိပ်ရှိသော ပုရွက်ဆိတ်ကောင်များ၏ ကိုက်ခဲခံရမှုကြောင့် ဖူးရောင်၍ နေရှာသည်။

ကလေးငယ်ကလေးမှာတော့ နီကလည်းဆာ၊ ပုရွက်ဆိတ်အနီကောင်များ၏ အကိုက်အခဲကို ခံရ၍ နာကျင်သည်က တစ်ကြောင်းကြောင့် အူဝဲ…အူဝဲဖြင့် ငိုမဆုံး ဖြစ်နေသည်။

"ဒုက္ခပဲ၊ ကလေးက ဆာလည်းဆာ၊ နာလည်းနာ ဖြစ်နေရှာတော့ ငိုနေတာပဲ။ ငါ ဘယ်လိုလုပ်ရပါ့မလဲ။ အာ…အကြံရပြီ၊ ဟိုလက်ဖက်ရည်ဆိုင်ကို ခေါ်သွားမယ်၊ သူတို့ဆီက နို့တစ်ခွက်လောက် အလှူခံပြီး ကလေးငယ်ကို တိုက်ရမှာပဲ"

ဦးတက်လူ တွေးရင်း ကလေးငယ်ကလေးအား ချီပွေ့၍ လက်ဖက်ရည်ဆိုင်ဘက်သို့ ထွက်သွားသည်။



ကလေးငယ်ကတော့ ငိုနေမြဲမင်။

ကလေးကိုယ်ပေါ်တွင် အနီးက မရှိပေ။

ဇွန့်ပစ်သွားသူ ပတ်ပေးထားသော သတင်းစာစက္ကူတို့ဖြင့်သာ ရစ်ပတ်ထားရသည်။

လက်ဖက်ရည်ဆိုင်ကလည်း မြန်မာလူမျိုးပိုင် လက်ဖက်ရည်ဆိုင် ဖြစ်နေ၍ ဆိုင်ရှင် မိန်းမကြီးက စေတနာသန့်သန့်ဖြင့် ကလေးငယ်ကလေးအား နို့များ တိုက်ကျွေးရုံမကသေး ကလေးငယ်အတွက် အနီးများနှင့် အင်္ကျီငယ်ကလေးများပါ လှူဒါန်းလိုက်ရှာသည်။

ထို့ပြင် ကလေးငယ်ကလေးကို သူမွေးစားလိုကြောင်းကို ပြောသည်။

"ဟာဗျာ…အဲဒါတော့ မလုပ်ပါနဲ့၊ ကျွန်တော်နဲ့ ထိုက်လို့ ကျွန်တော် ရခဲ့တာမို့ ဒီကလေးကို ကျွန်တော်ပဲ မွေးစားပါရစေ။ ပြီးတော့ ကျွန်တော့်မှာက သမီးတွေပဲ ရှိနေတာ။ သားယောကျ်ားလည်း မရှိလို့ပါ အစ်မရယ်"

ဦးတက်လူ တောင်းပန်သံဖြင့် ပြောနေသည်။

"ဟုတ်တယ်လေ၊ ရှင်မွေးချင်လည်း မွေးပေါ့။ ဒါပေမယ့် ကလေးတစ်ယောက် တာဝန်ဆိုတာက မသေးဘူးရှင့်။ အဲ…အားနာနာနဲ့ ပြောရရင်တော့ ရှင့်မှာကလည်း ဆင်းရဲနေတော့ ဒီကလေးကို လူဖြစ်အောင် မွေးဖို့ဆိုတာ လွယ်ပါ့မလား"

"ဟာဗျာ…ဖြစ်အောင်တော့ မွေးမယ်ဗျာ၊ ဒါဟာ ရိုးရိုးကလေးမှ မဟုတ်ဘဲ၊ ဘုရားပေးတဲ့ကလေးဗျ။ ဘုရားပေးတဲ့ကလေး…ဟား…ဟား…ဟား"

www.burmeseclassic.com

www.burmeseclassic.com



ဦးတက်လှ၏စကားကြောင့် လက်ဖက်ရည်ဆိုင်ရှင် မိန်းမကြီးလည်း ရယ်နေမိသည်။

"ကောင်းပါပြီရှင်၊ ရှင်ပြောတာကို ကျွန်မလည်း သဘောတူပါတယ်။ ဒါထက် ဒီကလေးကို ဘယ်လိုနာမည်ပေးမလဲ ပြောစမ်းပါဦး"

"ရှည်ရှည်ဝေးဝေးတွေးပြီး ပေးနေရဦးမှာလား၊ အမိုက်ပုံက ကောက်ရတဲ့ ကလေးမို့ 'ကောက်ရ'လို့ပဲ နာမည်ပေးလိုက်မှာပေါ့ဗျာ...ဟဲဟဲ"

ဦးတက်လှ၏ စကားကို ကြားလျှင် လက်ဖက်ရည်ဆိုင်ရှင် မိန်းမကြီး အလိုမကျ ဖြစ်သွားသည်။

"မဟုတ်တာပဲရှင်၊ ဒီနာမည်ကြီးကိုတော့ မပေးပါနဲ့၊ ကျွန်တော် သဘောမတူဘူး"

"သည်လိုဆို အစ်မကြီးပေးမယ့်နာမည် ပြောလေ၊ ကျုပ်သဘောကျရင် လက်ခံမယ်"

ဦးတက်လှ ပြန်မေးသည်။

"ခဏနေဦး၊ ဒီနေ့ဟာ ဘာနေ့ပါလိမ့်မလဲ"

"ပြာသိုလပြည့်ကျော် သုံးရက်လေဗျာ၊ ဘာဖြစ်လို့လဲ"

ဦးတက်လှ နားမလည်ဟန်ဖြင့် ဆိုင်ရှင်မိန်းမကြီးအား ပြန်မေးနေသည်။

"ဟုတ်ပြီ၊ ဒီကလေးကြည့်ရတာ အလွန်ရှိလှ သုံးရက်သားလောက်ပဲ ရှိမယ်၊ နောက် သူ့ကိုယ်ပေါ်မှာ ပတ်ထားတဲ့ သတင်းစာစက္ကူက နေ့စွဲကို ကြည့်ပါဦး၊ ပြာသိုလပြည့်နေ့စွဲကြီးနဲ့။ ဒီတော့ ဒီကလေးကို တခြားနာမည်တွေ ပေးမနေနဲ့၊ မောင်ပြာသို



လလို့သာ ပေးလိုက်ရင်၊ ဘယ့်နှယ်လဲ"

"ကြိုက်ပြီဗျို့၊ ဒါပေမယ့် နောက်ဆုံးက 'လ'ကြီး ပါနေလို့ ထောက်နေဗျာ။ 'လ'အက္ခရာကို ဖြုတ်ပြီး မောင်ပြာသိုလို့ ပေးချင်တယ်ဗျာ"

"ကောင်းတယ်၊ ကောင်းတယ်၊ ကျွန်မလည်း သဘောတူပါတယ်ရှင်...ဟဲဟဲဟဲ"

ဆိုင်ရှင်မိန်းမကြီး ပြောပြီး ရယ်နေသည်။

"ကိုင်း...သဟာဖြင့် ဒီကလေးရဲ့နာမည်ကို ဒီကနေ့ကစပြီး မောင်ပြာသိုလို့ မှည့်လိုက်တော့မယ်ဗျို့...ဟားဟားဟား"

ထိုအခါမှစ၍ သူ့အမည်မှာ ပြာသိုဟူ၍ တွင်ခဲ့တော့သည်။

လက်ဖက်ရည်ဆိုင်ရှင် မိန်းမကြီးမှာ ပြာသိုအား မမွေးစားလိုက်ရသော်လည်း ပြာသိုအတွက် လိုအပ်သော အစားအစာ၊ ဆေးဝါးနှင့် အဝတ်အထည်များကိုတော့ ဦးတက်လှ လာတိုင်း ပေးကမ်းနေလေ့ရှိသည်။

ပြာသိုအား မွေးစားဖခင် ဦးတက်လှကသာ ချစ်သည် မဟုတ်။

မွေးစားအမေဖြစ်သော ဦးတက်လှ၏ဇနီး ဒေါ်ငြိမ်းရှင်ကလည်း သားအရင်းပမာ ချစ်ခင်ခဲ့သည်။

ပြာသို၏အထက် အစ်မနှစ်ဦးတို့ကလည်း သူတို့၏ မွေးစားမောင်လေးအား အလွန်ချစ်ကြသည်။

ပြာသိုအား သားတစ်ဦးလို ချစ်ခင်နေရှာသော လက်ဖက်ရည်ဆိုင်ရှင် အဒေါ်ကြီးမှာ ပြာသို ဆယ်နှစ်သားအရောက်တွင် ကွယ်လွန်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ပြာသိုအတွက် ထောက်ပံ့နေသူတစ်ဦး လျော့သွား
တော့သည်။

လက်ဖက်ရည်ဆိုင်မှာလည်း ထိုအဒေါ်ကြီး အနိစ္စရောက်ပြီး
နောက် လူမျိုးခြား ကုလားတစ်ဦးထံသို့ သားသမီးများက ရောင်း
ချကာ အခြားအရပ်သို့ ပြောင်းရွှေ့သွားခဲ့ကြသည်။

ပြာသိုမှာ ပညာပါရမီဘက်တွင် ကံနည်း၍လားမသိ ကျောင်း
ပညာတွင် မထူးချွန်ခဲ့ပေ။

သူ့အား မွေးစားမိဘများက အဆင်းရဲခံကာ ကျောင်းစာ
တွေ သင်ကြားပေးခဲ့သော်လည်း ပြာသိုကတော့ မထူးချွန်လှပေ။

အဲ...အခြား လက်မှုပညာဘက်တွင်တော့ ပြာသိုက မဆိုး
လှပေ။

သင်လျှင် တတ်သည်။

ပြာသို တစ်ဆယ့်ငါးနှစ်သား အရွယ်မှာ မွေးစားဖခင်ကြီး
ဦးတက်လူမှာ အနိစ္စရောက်ခဲ့ရှာသည်။

ပြာသိုမှာလည်း ကျောင်းဆက်နေ၍ မဖြစ်တော့ပေ။

သူ့အား မွေးစားမိခင် ဒေါ်ငြိမ်းရှင်က ဆယ်တန်းအောင်
သည်အထိ ကျောင်းဆက်နေရန် အားပေးခဲ့သေးသည်။

"မဖြစ်ပါဘူး အမေရာ၊ ကျုပ်က ဉာဏ်ထိုင်းတယ်ဗျ၊
အခုပဲကြည့်လေ၊ ရှစ်တန်းမှာ တဗုန်းဗုန်းကျလို့ ကျောင်းက
တောင် ထွက်နေရပြီမဟုတ်လား။ ဆက်ဖြေရင်လည်း အပြင်ကပဲ
ဖြေရမှာမို့ အောင်မှာမဟုတ်ဘူး။ ဒီတော့ အမေတို့နဲ့အတူ ဝင်ငွေ
ရမယ့် အလုပ်တစ်ခုခုကို ဝင်လုပ်မယ်ဗျာ။ ကျောင်းပညာ မတတ်
ပေမယ့် လက်မှုပညာ တစ်ခုခုတတ်ရင်လည်း ထမင်းစားနိုင်တာ



ပါပဲဗျာ"

ပြာသို၏စကားအတိုင်း ဒေါ်ငြိမ်းရှင်က အလျှော့ပေးခဲ့ရ
သည်။

မိခင် ဒေါ်ငြိမ်းရှင်က ခွင့်ပြုခဲ့သဖြင့် ပြာသို ပထမဆုံး
ဝင်လုပ်ခဲ့သော အလုပ်မှာ လဟာပြင်တွင်ရှိ ထမင်းဆိုင်တစ်ဆိုင်
တွင် ဖြစ်သည်။

လခမှာ တစ်လ ငါးဆယ်ဖြစ်ပြီး ည,မနက် ထမင်းကျွေး
သည်။

ရသည့်လခအနေဖြင့် မဆိုးလှသော်လည်း လုပ်ကိုင်ရသော
အလုပ်ချိန်ကတော့ မနည်းလှပေ။

နံနက် (၆)နာရီအရောက် ထမင်းဆိုင်သို့ သွားရပြီး ည
ဘက်တွင် ဆိုင်သိမ်းချိန် (၉)နာရီခန့်မှ ပြန်ရသဖြင့် ပြာသိုအဖို့
ပင်ပန်းလှသည်။

ပြာသိုက အလုပ်ကို ပင်ပန်းသည်ဟူ၍ မထင်မှတ်သော်
လည်း ပြာသို၏ မိခင်ကြီးနှင့် အစ်မနှစ်ဦးက သဘောမကျလှပေ။

"မောင်လေးရယ်၊ နင့်အလုပ်ကရတဲ့ လခဟာ ထမင်းနှစ်နပ်
ကျွေးနဲ့ ငါးဆယ်ဆိုတော့ နည်းတော့ မနည်းပါဘူး။ ဒါပေမယ့်
မောင်လေးမှာက ပင်ပန်းလွန်းပါတယ်။ ပြီးတော့ နင့်အလုပ်က
တက်လမ်းလည်း မရှိဘူး။ တစ်သက်လုံး စားပွဲထိုးအလုပ်နဲ့ပဲ
နင် နေသွားရလိမ့်မယ်"

ပြာသို၏ အစ်မတစ်ဦးဖြစ်သူ ညွန့်ညွန့်က သဘောမကျ
သဖြင့် ပြောသလို ကျန်အစ်မတစ်ဦးဖြစ်သော မလှနုကလည်း
ပြောနေသည်။

www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်တယ် ပြာသိုရဲ့၊ မမတို့ကတော့ မောင်လေး အခုလု
နေတဲ့ အလုပ်ကို သဘောမကျဘူး။ ဒီတော့ တခြားအလုပ်က
ရှာဟယ်”

“ဟာဗျာ၊ မမတို့ကလည်း တခြားအလုပ်ကို ရှာနေရင်
အခု အလုပ်ပြုတ်သွားလိမ့်မယ်ဗျ၊ ဒီတော့ ခေတ္တခဏတော
အောင့်ပြီး လုပ်ပါရစေဗျာ။ ကျွန်တော် ပင်ပန်းတာကို ထည့်တွက်
မနေပါနဲ့”

“ဟဲ့...မတွက်လို့ဖြစ်မလား၊ တော်ကြာ နင်ပင်ပန်းပြီး ဖျာ
နာနေရင် ဘယ်လိုလုပ်မလဲ။ ဒီတော့ ဒီအလုပ်ကို ဆက်မလု
နဲ့ဟယ်။ ထွက်သာထွက်လိုက်။ မမတို့မှာလည်း အလုပ်အကိုင
တွေ ရှိနေလို့ ထမင်းမငတ်နိုင်ပါဘူးဟဲ့”

အစ်မကြီးဖြစ်သူ ညွန့်ညွန့်က အတင်းပင် အထွက်ခိုင်းနေ
သည်။

“ဟင့်အင်းဗျာ...မမတို့လုပ်စာနဲ့ ကျွန်တော် ထိုင်မစားချင
ဘူး။ ကျွန်တော်လည်း အရွယ်ရောက်နေပြီမို့ အမေ့ကို ကိုယ့်ချွေးနဲ
စာနဲ့ ရှာဖွေကျွေးချင်သေးတယ်။ ဒီတော့ အလုပ်ကတော့ မထွက်
ချင်ဘူးဗျာ”

သို့သော် မိခင်ကြီး ဒေါ်ငြိမ်းရှင်၏ စကားကြောင့် ပြာသိုမှာ
အခက်တွေ့ရတော့သည်။

“သားငယ်...အဲဒီလောက် ပင်ပင်ပန်းပန်းနဲ့ သားရှာဖွေ
ကျွေးနေတဲ့ ပိုက်ဆံနဲ့ အမေလည်း မစားချင်ဘူး။ ဒီတော့
သားရှာဖွေကျွေးမွေးချင်တယ်ဆိုရင် သားအတွက်လည်း တက်
လမ်းရှိ၊ အမေတို့အတွက်လည်း ဝင်ငွေရမယ့် အလုပ်ကို လုပ်ပါ





ကွယ်။ ဒါမှ အမေတော့ သဘောတူမယ်။ နို့မို့ အမေတော့
သားပေးတဲ့ ပိုက်ဆံကို မယူဘူး”

နောက်ဆုံးတွင် ပြာသိုမှာ မိခင်ကြီး၏စကားကြောင့် လက်ရှိ
အလုပ်မှ ထွက်ခဲ့ရသည်။

ထိုအလုပ်မှ ထွက်လာခဲ့ပြီးနောက် ပြာသိုမှာ အလုပ်မလုပ်
သေးဘဲ ထိုင်စားဘဝဖြင့်သာ နေခဲ့ရသေးသည်။

နှစ်လခန့်ကြာမှ ရန်ကုန်မှ တောင်ကြီးမြို့သို့ ပြေးဆွဲနေသော
ကုန်တင်လော်လီကားကြီးတစ်စီးတွင် စပယ်ယာအဖြစ်ဖြင့် လုပ်
ကိုင်ခွင့်ကို ရခဲ့သည်။

ပိုင်ရှင်မှာ ရှမ်းအမျိုးသားကြီးဖြစ်သလို ကားမောင်းသူမှာ
လည်း ရှမ်းအမျိုးသားကြီးပင်။

အမည်က စောမြတ်ထွန်း ဖြစ်သည်။

အသက်မှာ ငါးဆယ်ခန့်ရှိပြီး သန်မာတောင့်တင်းလှသူပင်။

ဦးစောမြတ်ထွန်းမှာ ခေသူမဟုတ်ပေ။

တိုက်ပွဲပေါင်း မြောက်မြားစွာ ဆင်နွှဲခဲ့ဖူးသော မြန်မာ့
တပ်မတော်ထွက် တပ်ကြပ်ကြီးတစ်ဦးပင်။

သူ့တွင် လွန်ခဲ့သော ငါးနှစ်ခန့်က သောင်းကျန်းသူများနှင့်
တိုက်ခိုက်ခဲ့ရာတွင် ညာဘက်ပေါင်တွင် ကျည်သင့်ခဲ့သည်။

သို့သော် တပ်မတော်ဆေးရုံမှ ဆရာဝန်များ၏ အစွမ်းကုန်
ကုသပေးခဲ့မှုကြောင့် ခြေမဖြတ်ရဘဲ ပြန်လည်ကျန်းမာခဲ့သည်။

ကျည်သင့်ခဲ့ရသော ညာဘက်ပေါင်ကတော့ ရခဲ့သော
ဒဏ်ရာကြောင့် ထော့နင်း ထော့နင်း ဖြစ်နေသည်။

ထိုနောက်တော့ ဦးစောမြတ်ထွန်းမှာ တပ်မတော်မှ အငြိမ်း

www.burmeseclassic.com

www.burmeseclassic.com



စားယူခဲ့ပြီး သူနှင့် ဆွေရိပ်မျိုးရိပ်မကင်းသော ရှမ်းလူမျိုး စဝ်အောင်သိုက်ပိုင် ကုန်တင်လော်လီကြီးကို မောင်းနေခြင်းပင်။

ပြာသိုအား စောမြတ်ထွန်းက တွေ့စကပင် သားတစ်ယောက်ကဲ့သို့ ချစ်ခင်နေသူ ဖြစ်သည်။

ပြာသိုကလည်း သူ့အား အလွန်လေးစားစွာ ဆက်ဆံသည်။

သို့ဖြစ်၍ ဦးစောမြတ်ထွန်းက ပြာသိုအား ကားမောင်းပညာကိုသာမကဘဲ ကားပြင်ပညာများကိုပါ သင်ပေးခဲ့သည်။

ထို့ပြင် 'မာရှယ်အပ်' ခေါ် ကိုယ်ခံပညာများကိုလည်း ဦးစောမြတ်ထွန်းက ပြာသိုအား အချိန်ရတိုင်း သင်ကြားပေးခဲ့သည်။

သို့ဖြစ်၍လည်း ပြာသိုမှာ ကိုယ်ခံပညာများကို ပြောင်မြောက်စွာ တတ်ကျွမ်းနေခြင်းပင်။

ပြာသိုမှာ စောမြတ်ထွန်းမောင်းသော လော်လီကားကြီးဖြင့် ငါးနှစ်ကျော်ကျော် ခြောက်နှစ်ခန့် လိုက်ပါလုပ်ကိုင်ခဲ့သည်။

ခြောက်နှစ်ပြည့်လုနီးတွင် ပြာသိုမှာ မိခင် ဒေါ်ငြိမ်းရှင် မကျန်းမမာ ဖြစ်နေ၍ အလုပ်မှ နုတ်ထွက်ခဲ့ရသည်။

မထွက်၍လည်း မဖြစ်ပေ။

သူ၏အိမ်တွင် အစ်မနှစ်ဦးလည်း မရှိတော့၍ မိခင် ဒေါ်ငြိမ်းရှင်အား ပြုစုရန်မှာ သူတစ်ယောက်တည်းသာ ရှိနေ၍ ဖြစ်သည်။

သူ၏ အစ်မနှစ်ဦးမှာ ရှမ်းပြည်နယ်ဘက်သို့ ကားဖြင့် လိုက်၍ သုံးနှစ်ခန့်အကြာတွင် အိမ်ထောင်ပြုသွားခဲ့ကြသည်။

အိမ်ထောင်ပြုခဲ့ကြသဖြင့် သျှောင်နောက်ဆံထုံးပါ ဆိုသည့်



စကားအတိုင်း သူတို့၏ ခင်ပွန်းများ အလုပ်ရှိရာသို့ ပါသွားခဲ့ကြသည်။

အစ်မတစ်ဦးက ဧရာဝတီ မြစ်ဝကျွန်းပေါ်သို့ ရောက်ခဲ့ပြီး ကျန်တစ်ဦးမှာ တနင်္သာရီဘက်သို့ ရောက်သွားခဲ့သည်။

သို့ဖြစ်၍ အိမ်တွင် ဒေါ်ငြိမ်းရှင် တစ်ဦးသာလျှင် ကျန်နေတော့သည်။

ထိုစဉ်ကတည်းက ဒေါ်ငြိမ်းရှင်မှာ သားဖြစ်သူ ပြာသိုအား အလုပ်မှထွက်၍ သူနှင့်ပင် ရန်ကုန်မြို့၌ အိုးမကွာ အိမ်မကွာ နေထိုင်ရန် တိုက်တွန်းခဲ့သည်။

"ဟာဗျာ...အမေကလည်း အခုအလုပ်က ဝင်ငွေလည်းကောင်း၊ သားအတွက် ပညာလည်းရလို့ မထွက်ပါရစေနဲ့ဦး၊ တစ်နှစ်, နှစ်နှစ်လောက်တော့ ဆက်လုပ်ပါရစေဦး"

ပြာသိုက မိခင် ဒေါ်ငြိမ်းရှင်အား ဖျောင်းဖျ၍ ပြောခဲ့ရသည်။

ဒေါ်ငြိမ်းရှင်မှာမူ ပြာသို၏ ဖျောင်းဖျမှုကို သိပ်ဘဝင်မကျခဲ့ပေ။

သူ၏သားကလေးအား တစ်နယ်တစ်ကျေးတွင် အလုပ်သွား၍ လုပ်ကိုင်နေခြင်းကို စိတ်မချပေ။

ပြာသိုမှာ မွေးစားသားပင် ဖြစ်လင့်ကစား ဒေါ်ငြိမ်းရှင်ကတော့ သူ၏ဗိုက်မှ မွေးထားခဲ့သော သမီးအရင်းခေါက်ခေါက် နှစ်ယောက်ထက်ပင် ပြာသိုကို ပို၍ချစ်သည်။

ကြာကြာလည်း ခွဲမထားနိုင်။

ပြာသိုကလည်း မိခင်ကြီးက သူ့အား မည်မျှချစ်သည်ကို သိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူကလည်း မိခင်ကြီးနှင့် ကြာကြာခွဲမနေချင်ပေ။

သို့သော် သူ၏ကျေးဇူးရှင် မွေးစားမိခင်ကြီးအား ရာ… ကျွေးမွေးချင်သဖြင့် ယခုလို သွားရောက်၍ လုပ်ကိုင်နေခဲ့ခြင်း… သာ။

ယင်းသို့ လုပ်ကိုင်ခဲ့သော်လည်း အထက်တွင် ဖော်ပြခဲ့သည့် အတိုင်း ဒေါ်ငြိမ်းရှင်မှာ ဇရာ၏ ဖိစီးမှုဒဏ်ကြောင့် ရောဂါမျာ… ဝင်လာကာ နောက်ဆုံးတွင် အိပ်ရာ၌ လဲနေတော့သည်။

ထိုအခါတွင်တော့ ပြာသိုမှာ ရပ်ဝေးသို့ ကားလိုက်ရ… မဖြစ်တော့ပေ။

သူ၏မိခင်ကို ပြုစုစောင့်ရှောက်ရန် လူလိုအပ်နေ၍ သူပင် မိခင်ကြီးအား ပြုစုနေရတော့သည်။

ပြာသို အလုပ်ထွက်လိုက်သဖြင့် သူ့ဆရာ ဦးစောမြတ်ထွန်း… မှာ အတော်ပင် စိတ်မကောင်း ဖြစ်သွားသည်။

စိတ်မကောင်းဖြစ်သော်လည်း ပြာသို၏ အကြောင်းပြချက်… မှာ သင့်လျော်နေ၍ ထပ်မံ၍ တိုက်တွန်းမနေတော့ပေ။

"အေးကွယ်...မင်းမှာကလည်း အမေတစ်ခု၊ သားတစ်ခု… ဖြစ်နေတော့ ငါနဲ့ ရှမ်းပြည်နယ် လိုက်နေလို့ ဘယ်ဖြစ်တော့မလဲ… လေ။ အမေကြီးကလည်း အတော်ပဲ မကျန်းမမာ ဖြစ်နေတာကိုး… ဒါပေမယ့် ငါ့ကို ကတိတစ်ခုတော့ ပေးရလိမ့်မယ်"

ဦးစောမြတ်ထွန်းက ပြာသိုထံတွင် ကတိတစ်ခုကို တောင်းခံ… နေသည်။

"ဘာလဲအဘ၊ ဘာကတိလဲ။ ကျွန်တော် ပေးနိုင်ရင်တော့ ပေးမှာပါ အဘရာ"



ပြာသိုက ပြန်ပြောသည်။

"တခြားမဟုတ်ပါဘူးကွာ၊ မင့်အမေကြီးများ မဆိုကောင်း …ကောင်း အနိစ္စရောက်ခဲ့ရင် ငါ့ဆီကို ပြန်လာမယ်ဆိုတာပါပဲ"

"ဟာ...အဘနယ်၊ ဒါများ ကတိတောင်းနေစရာ လိုသေး …လား။ အဘဟာ ကျွန်တော့်မိဘလို ဖြစ်နေပြီပဲဟာ။ အမေ …မှတော့ အဘနဲ့ပဲ မခွဲဘဲ နေမှာပေါ့ဗျ"

ပြာသို၏စကားကို ကြားရလျှင် ဦးစောမြတ်ထွန်းမှာ အလွန် …သာသွားပြီး ပြာသိုအား တအားပွေ့ဖက်ကာထားတော့သည်။

သို့သော်...

ပြာသို၏ မိခင်ကြီးမှာ တရှောင်ရှောင်သာ ဖြစ်နေသည်။ ရောဂါမှာ တိုး၍မလာသလို ကျ၍လည်းမသွားသဖြင့် ပြာသို …မိခင်ကြီး၏အပါးတွင်သာ နေ၍ ပြုစုနေရသည်။

အဲ...ဦးစောမြတ်ထွန်းမှာတော့ ပြာသိုနှင့်ခွဲ၍ တစ်နှစ်နီးပါး …အကြာတွင် သူမောင်းနေသော လော်လီကားကြီးမှာ ဘီရိတ် …ကာ လူရောကားပါ တောင်အောက်သို့ ကျသွားခဲ့ရာမှာ …အနိစ္စရောက်သွားခဲ့ရရှာတော့သည်။

ထိုသတင်းကို ကြားရလျှင် ပြာသိုမှာ စိတ်ထိခိုက်စွာဖြင့် …ပွဲချကာ ငိုကြွေးခဲ့ရသည်။

မမာနေသော မိခင်ကြီးအားလည်း ခေတ္တပစ်ထားခဲ့ပြီး …စောမြတ်ထွန်း၏ ရုပ်အလောင်းရှိရာ တောင်ကြီးမြို့ စဝ်စံထွန်း …ဆေးရုံကြီးသို့ သွားခဲ့သည်။

ဦးစောမြတ်ထွန်းမှာ ဆွေမျိုးအရင်းအချာဟူ၍ များများ …စား မရှိဘဲ အဒေါ်ဝမ်းကွဲတစ်ဦးသာ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ ပြာသိမှာ ဦးစောမြတ်ထွန်းအား သူကိုယ်တိုင် ဦးစီး၍ သင်္ဂြိုဟ်ပေးခဲ့ရသည်။

ယင်းကိစ္စများ ပြီးစီးမှ သူလည်း ရန်ကုန်သို့ ပြန်လာနိုင်ခဲ့သည်။

ရန်ကုန်ပြန်ရောက်တော့လည်း သူ့မှာ အလုပ်ထွက်၍ မလုပ်နိုင်သေး။

မိခင်ကြီးကို ပြုစုနေရသည်။

သို့နှင့်ပင် သူ စပယ်ယာလုပ်၍ ရှာဖွေခဲ့သော ငွေမှာ တက်တက်ပြောင်သွားခဲ့တော့သည်။

သည်တော့ ပြာသိမှာ အလုပ်တစ်ခုခုကို ရှာရပြန်တော့သည်။

အလုပ်က မရတော့ မဟုတ်။

ပြာသိအတွက် ရပါ၏။

ရပင်ရသော်လည်း သူရသောအလုပ်မှာ တစ်နယ်တစ်ကျေးသို့ သွား၍ လုပ်ကိုင်ရမည်ဖြစ်ခြင်း၊ တစ်နယ်တစ်ကျေးသို့ မသွားရပြန်လျှင်လည်း ညဘက်တွင် ဆင်းရမည့် အလုပ်တွေဖြစ်နေ၍ ပြာသိမှာ မကျန်းမမာ ဖြစ်နေသော မိခင်ကြီးကြောင့် မလုပ်နိုင်ခဲ့ပေ။

သူ၏အစ်မနှစ်ဦးထံမှလည်း တစ်လလျှင် တစ်ကြိမ် တတ်နိုင်သမျှ ငွေများကို ပို့ပေးနေသည်။

ထိုပို့ပေးသော ငွေများမှာ တစ်ရာကျော်ခန့်သာမို့ မိခင်ကြီး ဆေးကုရန်ပင် မလုံလောက်ပေ။

ထိုစဉ်မှာပင် ဤ၀တ္ထုအစတွင် ဖော်ပြခဲ့သော သူဌေးသား



ိုနှင့် ပြာသိ တွေ့ခဲ့ခြင်းပင်။

ဘိုဘိုက ပြာသိ ငွေလိုနေမှန်း သိသဖြင့် ပန်းကြာဖြူကို ပြ၍ ချစ်စားပြတိုက် ရန်ပြုပေး၊ သူက ရောက်လာပြီး ရိုးဆန်ဆန်ဖြင့် သူ့ကို ထိုးကြိတ်၍လွှတ်ပြီး ပန်းကြာဖြူ ားဇူးတင်အောင် လုပ်မည်။

နောက် ထိုမှတစ်ဆင့် ပန်းကြာဖြူ၏ အချစ်ကို ရအောင် ည်၊ ထိုပြုလုပ်ခအတွက် သူ့အား ငွေငါးရာပေးမည်ဟု သည်။

ပြာသိက မိခင်ကြီးဆေးကုရန်အတွက် တစ်ထောင်ရမှ ပေးနိုင်မည်ဟု ပြောရာ ဘိုဘိုက ကက်သီးကတ်သတ် ကိုးရာ ဆစ်သည်။

နောက်တော့ ဈေးတည့်သွားကြသည်။

ဈေးတည့်သော်လည်း ပြာသိက ဘိုဘိုထံတွင် ကတိတစ်ခု တောင်းသည်။

ထိုကတိမှာ ပန်းကြာဖြူအား ရိုးရိုးသားသား ဆက်ဆံရန်နှင့် အချစ်ကို အတင်းဓားပြတိုက်မယူရန် ဖြစ်သည်။

"အေးပါကွာ၊ ငါ နားလည်ပါတယ်။ ငါ့အပေါ် ကျေးဇူး င်လာရုံကလေး လုပ်မှာပါ။ သူ့ကို ဘာမှ ငါ ကျူးကျူး လွန် မလုပ်ပါဘူး။ မင့်ကို ဟန်လုပ်ထိုးကြိတ်ပြီး သူ့အိမ်ကို ိုက်ပြီး ပို့ပေးမှာပါ၊ စိတ်ချပါ"

ဘိုဘိုက ပြောခဲ့သဖြင့် သူကလည်း ယုံကြည်ကာ အစောက် ဖော်ပြခဲ့သည့်အတိုင်း ဘိုဘို၏စိတ်တိုင်းကျ ဆောင်ရွက်ပေး င်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘိုဘိုမှာ သူ၏ကတိကို မလေးစားဘဲ ပန်းကြာဖြူအပေ
တွင် ယုတ်မာသောအကြံဖြင့် ပြုမူရန် ကြံခဲ့၍ ပြာသိုမှာ ဝင်ကယ်
ခဲ့ရခြင်းပင်။

ယင်းသို့ အကယ်ကောင်းသဖြင့် သူ့မှာ မိခင်ကြီး ဆေးက
ရန်အတွက် ရရှိမည့်ငွေကိုးရာလည်း မရခဲ့တော့ပေ။

သူကယ်တင်ခဲ့သော ပန်းကြာဖြူကတော့ ထိုအတွက် သူ
လက်ဝတ်ရတနာကို ထုတ်၍ပေးသည်။

ပြာသိုက လက်မခံခဲ့ပေ။

မိန်းကလေးတစ်ဦးက ပေးသော ပစ္စည်းဖြင့် သူ့မိခင်ကြီး
ဝေဒနာကို ကုသပေးရန် သူ ရှက်နေ၍ပင်။

သူ၏ ကျေးဇူးရှင် မိခင်ကြီးအား သူရှာဖွေ၍ရသော ငွေမျာ
နှင့်သာ ကုသပေးလိုသည်။

သူကား ဆင်းရဲပင် ဆင်းရဲသော်လည်း မာနကလေးကတော့
ရှိသည်။

သူ၏လုပ်အားမပါဘဲ အခမဲ့ပေးသော ငွေများကိုတော့ သ
မယူလိုပေ။

နောက်ဆုံးတွင်တော့ ပြာသို၏မိခင်ကြီးမှာ ရောဂါကျွမ်း
လာပြီမို့ နောက်နှစ်ရက်ခန့်အကြာတွင် အနိစ္စရောက်သွားရှာတော
သည်။

ပြာသိုအဖို့တွင်လည်း လောကအလယ်တွင် တစ်ကော
ကြွက် တစ်မျက်နှာ ဖြစ်ခဲ့ရသောနေ့ကြီးလည်း ဖြစ်ပေသည်

❖



( လေး )

## သူချေလိုသော ကလဲ့စား

ပန်းကြာဖြူ…

သူကလေးမှာ ရန်ကုန်ဇာတိ မဟုတ်ပေ။

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့သူ ဖြစ်သည်။

ချမ်းအေးသာယာလှသော မြစ်ကြီးနားဇာတိသူကလေးမို့
လား မသိ…

သူ၏အသားကလေးများမှာ ဝါဝင်းအိစက် ချောမွေ့နေ
သည်။

ရုပ်ရည်ကလေးလည်း အပြစ်ဆိုစရာမရှိအောင် ချောမွေ့သူ
ကလေးပင်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံးကိုယ်ထည်ကလေးကလည်း ကျန်းမာရေး လိုက်စားသူကလေးမို့ လှလှပပနှင့် အချိုးကျစွာ တောင့်တင်းလှသည်။

ပန်းကြာဖြူမှာ မြစ်ကြီးနားဇာတိပင် ဖြစ်လင့်ကစား ဆယ်နှစ် သမီးအရွယ်တွင် လားရှိုးမြို့သို့ မိဘများနှင့်အတူ ပြောင်းရွှေ့ခဲ့ရသည်။

ထိုလားရှိုးမြို့မှာပင် တက္ကသိုလ်ဝင်စာမေးပွဲကြီးကို အောင်မြင်ခဲ့သည်။

တက္ကသိုလ် ပထမနှစ်တွင် ပန်းကြာဖြူမှာ မန္တလေးတက္ကသိုလ်တွင် နေခဲ့ပြီး ဒုတိယနှစ်မှစ၍ ရန်ကုန်သို့ ပြောင်း၍ စာကို ဆက်သင်ခဲ့ရာ ယခုဆိုလျှင် ရူပဗေဒ နောက်ဆုံးနှစ်သို့ ရောက်နေပြီဖြစ်သည်။

သူ၏မိဘများကတော့ လားရှိုးမြို့နယ်ရှိ နယ်ကလေးတစ်နယ်တွင် နေထိုင်လျက်ရှိသည်။

ပန်းကြာဖြူတွင် အစ်ကိုတစ်ဦး ရှိခဲ့ဖူးသည်။

သို့သော် ထိုအစ်ကိုမှာ သူမမွေးမီအချိန်ကပင် ဆုံးပါးသွားခဲ့သည်ဟု သိရသည်။

ပန်းကြာဖြူ၏ ဖခင်ကြီးမှာ ရဲဝန်ထောက်ကြီးတစ်ဦးပင်။

လွန်ခဲ့သော ၂၅ နှစ်ကျော်ခန့် ကချင်ပြည်နယ်ရှိ ရွာကလေးများတွင် လူဆိုးခေါင်းဆောင် ဗျူဌဆိုသူမှာ တပည့်များ မြောက်မြားစွာဖြင့် ရှမ်းပြည်နယ် ကျေးရွာတစ်ဝိုက်တွင် ဆိုးသွမ်း ထကြွခဲ့ဖူးသည်။

ထိုခေါင်းဆောင်နှင့် အဖွဲ့အား ပန်းကြာဖြူ၏ ဖခင် ဦးဖြူထွေးအား အထက်မှ အပြတ်နှိမ်နင်းရန် တာဝန်ပေးခဲ့သည်။



ထိုစဉ်က ဦးဖြူထွေးမှာ ရဲအုပ်ကလေးဘဝ၌သာ ရှိသေးသည်။

သို့သော် သူ၏တိုက်ရည်ခိုက်ရည်ကို အထက်လူကြီးများက သဘောကျခဲ့ကြ၍ ယခုလို တာဝန်ပေးခံခဲ့ရခြင်းပင်။

ဗျူဌတို့အဖွဲ့မှာ ရိုးရိုးလူဆိုးများ မဟုတ်ပေ။

ဗျူဌတို့အဖွဲ့မှာ ယခုလို ရဲများ သူတို့စခန်းသို့ လာရောက်၍ တိုက်မည်ဟူ၍ မထင်မှတ်ခဲ့ကြပေ။

သူတို့စခန်းမှာ အလွန်ဝေးလံပြီး လုံလုံခြုံခြုံရှိလှသော စခန်းဟူ၍လည်း အထင်ကြီးတခွဲသားထားခဲ့ကြ၍ ကင်းများကိုပင် စေ့စေ့စပ်စပ် ချမထားခဲ့ပေ။

ကင်းများချမထား၍လည်း ဦးဖြူထွေး ခေါင်းဆောင်သော ရဲတပ်ဖွဲ့ကြီးက အလွယ်တကူ ဝင်ရောက်စီးနင်းနိုင်ခဲ့ခြင်းပင်။

ဗျူဌ အပါအဝင် သူ၏ညာလက်ရုံးလို အားကိုးရသောသားဖြစ်သူ သံလုံးတို့မှာ ရဲတပ်ဖွဲ့တို့၏ ဝင်ရောက်တိုက်ခိုက်မှုကြောင့် သူ၏လူများအား အမြန်ပြန်၍ ခုခံရန် စီစဉ်ကြရသည်။

သူတို့အဖို့ အလွန်နောက်ကျနေပြီဖြစ်သည်။

"ဟောကောင်တွေ မင်းတို့အားလုံး. လက်နက်ချလိုက်ကွ။ ငါတို့ ပြည်သူ့ရဲတပ်ဖွဲ့သားတွေအားလုံးဟာ မင်းတို့စခန်းကို စီးမိနေကြပြီ။ အသက်မသေချင်ရင် လက်နက်ချကြပါ"

ဦးဖြူထွေး အော်ဟစ်၍ သတိပေးနေသည်။

သံလုံးမှာ သူ့ဘေးတွင်ရှိနေသော ဗျူဌအား လှမ်း၍ပြောသည်။

"ကဲ...ဖေဖေ၊ သူတို့က လက်ဦးနေပြီ၊ ဒီတော့ ဖေဖေနဲ့

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့သားတွေတချို့ အနောက်ဘက် တောတန်းဘက်ကို ပြေးကြ
သားနဲ့ ကျန်လူတွေက သူတို့ကို ခုခံရင်း နေခဲ့မယ်”

“ဟာကွာ...သားကလည်း မင်းကိုပစ်ပြီး ဖေဖေ မသွားချင်ပါဘူးလေ”

ဗျူဟ ငြင်းနေသည်။

မသွားလို့တော့ မဖြစ်ဘူးဖေဖေ၊ နို့မို့ ဖေဖေရော သားပါ ကျဆုံးသွားလိမ့်မယ်။ ဒီလိုကျဆုံးသွားရင် ကျွန်တော်တို့အဖွဲ့ကြီးလည်း ပျက်စီးသွားမှာပေါ့။ ဒီတော့ သွားမှာသာ သွားစမ်းပါ၊ ဖေဖေတို့ သွားပြီးရင် သားလည်း နောက်က အမြန်လိုက်လာမှာပေါ့”

သားဖြစ်သူ သံလုံးက ဇွတ်ပင် နှင့်နေသည်။

ဗျူဟလည်း သားပြောသည့်အတိုင်းလုပ်ရန် ပြင်ရတော့သည်။

သူသည် သူ၏အဖွဲ့သားအချို့အား လှမ်းခေါ်ပြီးနောက် သူတို့၏ ပစ္စည်းများကို ယူ၍ အနောက်ဘက်တောတန်းဘက်သို့ ဆုတ်ခွာခဲ့ကြသည်။

သံလုံးကတော့ ဦးဖြူထွေးတို့ ရဲတပ်ဖွဲ့အား ပြန်လည်ခုခံရင်း ကျန်ရစ်သည်။

“ဟေ့ကောင်တွေ လက်နက်ချဆိုတာ မရဘူးလား”

ဦးဖြူထွေးက လှမ်းအော်နေသည်။

“မချဘူးကွ၊ မချဘူး၊ သတ္တိရှိရင် တက်လာခဲ့ကြ”

သံလုံးက တဇောက်ကန်းသမားပီပီ ပြန်အော်သည်”

“ကောင်းပြီ...ဒါဆိုရင်လည်း ပြီးရောပေါ့”

ဦးဖြူထွေး ပြန်အော်ပြောရင်း သူ၏ရဲတပ်ဖွဲ့ဝင်များအား



အပြင်းအထန် ချီတက်တိုက်ခိုက်ခိုင်းသည်။

သံလုံး ဦးဆောင်သောအဖွဲ့လည်း သဲသဲမဲမဲပင် ပြန်၍ခုခံနေရာ တောကြီးတစ်ခုလုံးမှာ သေနတ်သံများဖြင့် ညံညံစီနေတော့သည်။

သို့သော် နာရီဝက်ခန့်အကြာတွင်တော့ သံလုံးဦးဆောင်သော လူဆိုးများမှာ အကျအဆုံးများပြားကုန်ကြပြီး နောက်ဆုံးတွင် လက်နက်ချခဲ့ကြသည်။

လက်နက်မချဘဲ ခုခံနေသူမှာ သံလုံးဖြစ်သည်။

ဦးဖြူထွေးက လှမ်း၍သတိပေးသေးသည်။

ဟေ့ကောင် သံလုံး...မင့်လူတွေအားလုံး လက်နက်ချကုန်ပြီ၊ မင်းပဲကျန်တော့တယ်၊ ဒီတော့ လက်နက်ချပြီး ထွက်လာခဲ့ပါ”

သံလုံးကမူ နားမထောင်ပေ။

ဟား...ဟား...ဟား...ဝေးလိုက်တာ၊ သံလုံး ဘယ့်တော့မှ လက်နက်မချဘူး။ နာမည်ကိုက သံလုံးဗျ၊ ရွှံ့လုံးမဟုတ်ဘူး”

သံလုံး ပြန်အော်ပြောရင်း ဦးဖြူထွေးရှိရာသို့ ရိုင်ဖယ်သေနတ်ကို ကိုင်ကာ လှမ်းအပစ် သူ့ထက်လျင်သော ဦးဖြူထွေးက လက်မှ ပစ္စတိုသေနတ်ဖြင့် လှမ်းပစ်လိုက်ရာ သံလုံးမှာ အားခနဲအော်ရင်း မြေပေါ်သို့ သွေးအလူးလူးနှင့် ကျသွားတော့သည်။

ဦးဖြူထွေးမှာ ရန်သူပင် ဖြစ်နေသော်လည်း သံလုံး ကျဆုံးသွားခြင်းကို မြင်ရတော့ သူ့မှာ စိတ်မကောင်း ဖြစ်သွားရသည်။

သံလုံးမှာ အသက်အားဖြင့် နှစ်ဆယ်ကျော်ရုံမျှလေးသာ ရှိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍သာ သံလုံးသည် လူဆိုးဓားပြ မဟုတ်ဘဲ ပြည်သူ့တပ်မတော်သားတစ်ဦးသာ ဖြစ်ခဲ့လျှင် သူ၏သတ္တိကြောင့် နိုင်ငံတော်အတွက် အလွန်အားကိုးအားထား ပြုရမည့် လူငယ်တစ်ယောက် ဖြစ်ပေသည်။

ယခုတော့ လမ်းမှားသို့လိုက်၍ မဟုတ်တာများ လုပ်နေသဖြင့် အသက်ကလေး ငယ်ငယ်ရွယ်ရွယ်နှင့် အသေဆိုးနှင့် သေဆုံးခဲ့ရရှာလေပြီ။

သံလုံးလို လမ်းမှားသို့ လိုက်မိ၍ သေဆုံးခဲ့ရသော လူငယ်တွေ မည်မျှရှိနေပြီနည်း။ တွေးကြည့်လျှင် နိုင်ငံနှင့် လူမျိုးအတွက် နစ်နာစရာကောင်းသလို နှမြောစရာလည်း အလွန်ကောင်းသည်။

ဦးဖြူထွေးမှာ အသက်ကလေးငယ်ငယ်ရွယ်ရွယ်နှင့် သေပန်းပွင့်ခဲ့ရရှာသော သံလုံးအဖြစ်ကို ကြည့်၍ စိတ်မကောင်း ဖြစ်ခဲ့ရသလို ခေါင်းဆောင်ဖြစ်သူ ဗညှူကို မမိလိုက်ဘဲ လွတ်မြောက်သွားခြင်းအတွက်တော့ စိတ်ထဲတွင် မချင့်မရဲ ဖြစ်နေမိသည်။

"တောက်.. ဗညှူ၊ မင့်သား၊ သေမယ့်အစား မင်းသေဖို့ကောင်းတာကွ။ မင်းဟာ ငါတို့နိုင်ငံနဲ့ လူမျိုးအတွက်တော့ အင်မတန်ကြီးမားလှတဲ့ အန္တရာယ်ကောင်ပဲ။ မင်းကို မမိသမျှတော့ အန္တရာယ်ကလည်း ဆက်ပြီး ရှင်သန်နေဦးမှာပဲ ...ဟွန်း"

ဦးဖြူထွေးမှာ အထက်ပါအတိုင်း ပြောရင်း ဗညှူအား ဒေါပွနေမိသည်။

ဗညှူတို့အဖွဲ့ ပြိုကွဲသွားအောင် ဦးဖြူထွေး လုပ်ဆောင်ပေးရာတွင် သူ့အား အထက်လူကြီးများက အလွန်ကျေနပ်အားရ



ဖြစ်ကာ ရာထူး တစ်ဆင့်တိုးပေးခဲ့သည်။

သူလည်း အလွန်ဝမ်းသာနေမိသည်။

သူဝမ်းသာနေသလောက် သူ့အား အခဲမကြေဖြစ်နေသူမှာ ဗညှူပင်"

"ဖြူထွေးဆိုတဲ့ ပုလိပ်စုတ်ရေ...မင်း ထမင်းကို ဝဝကြီးသာ စားထားကွ။ ငါ့သား သေသလို မင်းလည်း သေရစေမယ်ဟေ့။ ဗညှူတဲ့ကွ၊ ရန်သူကို လက်စားမချေရရင် အစာမကြေရောဂါစွဲတဲ့ကောင် သိလား...ဟွန်း"

ဗညှူမှာ သူ အလွန်ချစ်လှသော သားအတွက် ဦးဖြူထွေးအား စိတ်နာစွာဖြင့် ကြိမ်းဝါးနေသည်။

ထိုအချိန်တွင် ဦးဖြူထွေးကတော့ ဆယ်လသားအရွယ်ခန့်သာ ရှိသေးသော သူ၏သားကလေးဖြင့် ကြည်နူးမဆုံး ဖြစ်နေသည်။

သူ၏သားကလေးကိုလည်း အလွန်ချစ်လှသည်။

သားကလည်း ချစ်စရာကလေးပင်။

သား၏ညာဘက်ပခုံးပေါ်တွင် ငါးမူးစေ့အရွယ် အမည်းမှတ်ကလေးတစ်ခု ရှိသည်။

သူတို့မိသားစုမှာ လာမည့်ဘေးကို မသိကြသေး၍ ပျော်ပျော်ရွှင်ရွှင်နှင့်သာ နေထိုင်ခဲ့ကြသည်။

တစ်နေ့သော ညအခါတွင် လူဆိုးခေါင်းဆောင် ဗညှူမှာ ဦးဖြူထွေး၏အိမ်သို့ တိတ်တဆိတ် ရောက်လာခဲ့သည်။

ထိုနေ့ညက ဦးဖြူထွေးမှာ အလုပ်က ပင်ပန်းလှသဖြင့် ညစာ စားပြီးကတည်းက သူ၏အိပ်ရာသို့ ဝင်၍ အိပ်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ဇနီးဖြစ်သူ ဒေါ်နုနုမှာသာ ဆယ်လသားအရွယ်ခန့်ရှိ သားကလေးဖြင့် အိမ်ရှေ့ခန်းတွင် နေခဲ့သည်။

ကလေးကလည်း ထိုနေ့ညကျမှ တော်တော်နှင့် မအိပ်နိုင်ဘဲ ဆော့ကောင်းနေသည်။

ည(၁၁)နာရီခန့်ကျမှ ကလေးမှာ အိပ်ငိုက်လာခဲ့သည်။

ဒေါ်နုနုမှာ သားကလေး အိပ်ငိုက်လာသဖြင့် သားအား ပွေ့ချီကာ သူတို့အိပ်ခန်းသို့ ခေါ်လာခဲ့သည်။

အိပ်ခန်းထဲတွင်တော့ ဦးဖြူထွေးမှာ တခေါခေါဖြင့် အိပ်မော ကျနေသည်။

ဒေါ်နုနုက ချီပွေ့လာခဲ့သော သားငယ်ကလေးအား သူတို့၏ ခုတင်အနီးရှိ ပုခက်ထဲတွင် ထည့်သိပ်သည်။

ပြီးတော့ ကလေးငယ်အား ခြင်မကိုက်စေရန် ပုခက်တွင် အသင့်ဆင်ထားသော ဇာခြင်ထောင်ကလေးကို ချကာပေးထားခဲ့ သည်။

သူသည်လည်း အိပ်ချင်လာ၍ ကလေးငယ်အား ခြင်ထောင် ချပေးအပြီးတွင် အိပ်ခန်းတွင်းမှ မီးကို ငြိမ်းကာ ဦးဖြူထွေး၏ ဘေးတွင် ဝင်အိပ်သည်။

အိပ်လိုက်သည်နှင့် တစ်ပြိုင်နက် ဒေါ်နုနုမှာ သားသည် အမေပီပီ တုံးခနဲ အိပ်ပျော်ကာသွားခဲ့တော့သည်။

ဤတွင် ဗျူဟအတွက် အကွက်ကောင်း ဖြစ်နေတော့သည်။

ညကလည်း လကွယ်ည ဖြစ်နေ၍ ဦးဖြူထွေး နေထိုင်သော ခြံဝင်းတစ်ခုလုံး မည်းမှောင်ကာနေသည်။

သူတို့၏တပည့်နှစ်ဦးမှာလည်း ခြံဝင်းအတွင်းတွင်ရှိ သူတို့



တဲအိမ်ကလေးများတွင် အသီးသီး အိပ်မောကျနေကြသည်။

“ဟား...ဟား...ဟား...ဟန်ကျလိုက်တာ၊ ခြံတစ်ခုလုံး တ်ဆိတ်ပြီးနေလိုက်တာ တစပြင်ကျနေတာပဲ။ သင်းတို့မိသားစု ဖုံးထောင်ပြီး သတ်ပစ်လိုက်ရင်တောင် ရတယ်...ဟဲဟဲ။ ပေမယ့် ငါက ဒီလိုမသတ်ချင်ဘူး။ သူတို့ကို အခုသတ်ရင် ခုသေကြမှာ မှန်ပေမယ့် သတ်ရတဲ့ ငါ့အတွက် အရသာ ဘူး။ ဖြူထွေးဟာ ငါ အင်မတန်ချစ်တဲ့သားကို ရက်ရက် က်စက် သတ်ခဲ့တဲ့အတွက် ငါ့မှာ အသည်းကွဲခဲ့ရတယ်။ အိမ်း ..ငါအသည်းကွဲသလို သင်းတို့လည်း အသည်းကွဲမှ ငါ ကျေနပ် င်မယ်။ ဒါကြောင့် သင်းတို့ကို အသေသတ်တာထက် အရှင် ားပြီး သူတို့ရဲ့သားကလေးကို ငါသတ်လိုက်ရင် အဟဲ...ငါ သည်းကွဲသလို သင်းတို့လည်း ကွဲကုန်ကြမှာ သေချာတယ်။ ါမှ ငါ့အတွက် အရသာရှိမှာပေါ့...ဟား...ဟား...ဟား”

ဗျူဟမှာ အာဃာတကြီးမားလှသူပီပီ အထက်ပါအတိုင်း ပြောကာ ကျေနပ်မဆုံး တပြုံးပြုံး ဖြစ်နေသည်။

ဦးဖြူထွေးတို့ လင်မယားမှာတော့ မကြာမီ ကျရောက်လာ ကြတော့မည့် အန္တရာယ်ကို မသိကြသေး၍ အိပ်ရာပေါ်တွင် တရှူးရှူးဖြင့် အပူအပင်ကင်းစွာ အိပ်မောကျကာနေကြသည်။

ဗျူဟသည် အိမ်ကြီး၏အနီးသို့ရောက်လျှင် အတွင်းသို့ မဝင် သေးဘဲ ပတ်ဝန်းကျင်တစ်ဝိုက်ကို အကဲခတ် လှေ့လာနေသေး သည်။

ယင်းသို့ လှေ့လာပြီး စိတ်ချရမှ သူသည် အားရပါးရပြုံးကာ အိမ်ထဲသို့ ဝင်ရန် ကြံတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးမှာ ဖျဉ်ထောင်သစ်သားအိမ်ကြီးမို့ တိုက်ခန်းများလို ခက်ခက်ခဲခဲ ဖွင့်၍မနေရပေ။

ဇူဣလို ကျွမ်းကျင်သော တောပုန်းဓားပြအဖို့ ဦးဖြူထွေး၏ အိမ်တံခါးကို ဖွင့်ရသည်မှာ ငှက်ပျောသီးတစ်လုံးကို အခွံနွှာစားရသလောက်ပင် မခက်ခဲပေ။

အိမ်ထဲသို့ရောက်လျှင် ဇူဣသည် ခါးကြားတွင် ထိုးထားသော ပစ္စတိုသေနတ်ကလေးကို အသာထုတ်ကာ ညာလက်တွင် အသင့်အနေအထားဖြင့် ကိုင်ထားသည်။

သည်လိုမလုပ်၍လည်း မဖြစ်ပေ။

ဦးဖြူထွေးမှာ သေနတ်ပစ် အလွန်ကျွမ်းကျင်လှသလို လက်ကလည်း မြန်ဆန်လှသည်။

သည်တော့ သူက ဦးဖြူထွေးကို စိတ်ချထား၍ ရနိုင်မည် မဟုတ်ပေ။

မတော် ဦးဖြူထွေးက အိပ်မနေဘဲ သူ့အား အခန်းတွင်းမှ အသင့်စောင့်နေလျှင် မခက်လော။

သို့ဖြစ်၍ ဇူဣမှာ ပေါ့ပေါ့ဆဆ မနေရဲဘဲ ယခုလို သတိကို ဆောင်ကာထားရခြင်းပင်။

အိမ်ခန်းကြီးတစ်ခုလုံးမှာ မီးများငြိမ်းထား၍ မှောင်နေသည်။

မမှောင်ဘဲ အလင်းရောင် အနည်းငယ်ရှိသော အခန်းမှာ ဦးဖြူထွေးတို့ မိသားစုအိပ်နေကြသော အခန်းသာရှိသည်။

ကလေးငယ်အတွက် လက်ဆွဲမှန်အိမ်ကလေးကို ထွန်းထားခြင်း ဖြစ်သည်။

ဇူဣသည် ညာလက်တွင် ပွိုင့်တူးတူးပစ္စတိုသေနတ်ကလေး



မြဲမြဲစွာကိုင်ရင်း ဦးဖြူထွေးတို့အိပ်နေရာ အိပ်ခန်းသို့ ဝင် းခဲ့သည်။

အိပ်ခန်းထဲသို့ ရောက်လျှင် ဇူဣမှာ ဦးဖြူထွေး အိပ်နေရာ င်ဆီသို့ ရင်ခုန်သံဖြင့် လှမ်းကြည့်နေသည်။

တကယ်ပင် အိပ်မောကျကာ အိပ်ပျော်နေမှန်းသိလျှင် ဇူဣ နုပ်စွာဖြင့် ခေါင်းကလေးကို ညိတ်ရင်း ပြုံးနေသည်။

ပြီးတော့ သူသည် ပစ္စတိုသေနတ်ကလေးကို အိပ်ပျော်နေ ာ ဦးဖြူထွေးရှိရာသို့ ချိန်ရွယ်ရင်း ခုတင်အနီးသို့ ကပ်လာ ည်။

ခုတင်ပေါ်တွင် ဦးဖြူထွေးရော ဇနီးသည် ဒေါ်နုနုပါ တရှူး ဖြင့် အိပ်မောကျနေကြသည်။

ဇူဣမှာ အိပ်မောကျနေသော ဦးဖြူထွေး၏ နဖူးတည့်တည့် သူ့လက်တွင်းရှိ ပွိုင့်တူးတူးပစ္စတို သေနတ်ကလေးဖြင့် ရွယ်ထားရင်း စိတ်တွင်းမှ ဤသို့ ရေရွတ်နေသည်။

“ဩော်...ဖြူထွေး...ဖြူထွေး၊ အပူအပင်ကင်းမဲ့စွာနဲ့ အိပ် လိုက်တာ၊ ငါ့လက်ထဲက ပွိုင့်တူးတူးနဲ့ ပစ်ထည့်လိုက်ရင် င်းဦးနှောက်တွေဟာ အခန်းတစ်ခုလုံး ဖွာဆန်ကြဲကုန်တော့ ယ်...ဟားဟားဟား။ အင်း...ဒါပေမယ့် မင့်ကို ငါ မသတ်ပါ လေ၊ မေတ္တာရှိလို့တော့ မဟုတ်ဘူးဟေ့၊ မင့်ကို အစိမ်းလိုက် ားပစ်ချင့်လောက်အောင်ကို မုန်းနေတာကွ သိလား။ မင်းဟာ အသက်လောက် ချစ်ရတဲ့ ငါ့သားလေးကို မင့်ရာထူးတိုးဖို့ တွက် အကြင်နာ အသနား မထားဘဲ ရက်ရက်စက်စက် သတ်ခဲ့တယ်။ ဒီတော့ မင်းလိုကောင်မျိုးကို ငါက သနားနေ

www.burmeseclassic.com

www.burmeseclassic.com



ရမှာလား။ ငါ့သားအတွက် မင်းဟာ တန်ဖိုးကြီးကြီးနဲ့ ပေးဆပ်ရ တော့မယ်။ ဒီလိုတန်ဖိုးကြီးကြီး ဈေးကောင်းကောင်းရဖို့ဆိုတာ မင့်ကို သတ်လိုက်လို့လည်း မရဘူး၊ မင့်ဇနီးကို သတ်လိုက် လည်း မရနိုင်ဘူး။ ရနိုင်တာက မင်းတို့ အသက်လောက်ချစ် ဖြစ်နေတဲ့ မင်းတို့ရင်သွေးငယ်ကလေးကို သတ်လိုက်ရမှ ရမှာ ဒါမှ ငါ အခုခံစားနေရသလို မင်းတို့လင်မယားလည်း ခံစားရ ပေါ့။ ဒါကြောင့် မင့်ကို ငါမသတ်တာပါကွာ။ ကိုင်း...ပြော ကြာတယ်၊ မင်းတို့ရဲ့ ရင်သွေးကလေးကို ငါ အပြင်ခေါ်ထုတ် ငါ့သားအတွက် တန်ပြန်လက်စားချေရတော့မယ်။ မင်းတို့ လ မယား အသည်းကွဲဖို့သာ ပြင်ကြပေတော့ဟေ့...ဟားဟားဟား

ဇော်ဂျီစိတ်တွင်းမှ ကြိမ်းဝါးရင်း သူ၏ရယ်သံကလေးလည် စိတ်ထဲမှာသာ ရယ်နေသည်။

အပြင်ထုတ်၍ အားရပါးရ ရယ်လိုက်လျှင် ဦးဖြူထွေးမှ ရုတ်ခြည်းနိုးလာမည် မဟုတ်လော။

ယင်းသို့ကြောင့် ဇော်ဂျီမှာ သူ့အသံကို ရင်ထဲတွင်သာ သိုဝှ ၍ ရယ်နေခြင်းပင်။

ဇော်ဂျီ အချိန်ကို ကြာကြာဆွဲမနေတော့ပေ။

ပစ္စတိုသေနတ် ကိုင်ထားသော လက်ဖြင့် ပုခက်ထဲတွ အိပ်ပျော်နေသော ကလေးငယ်အား အသာဆွဲယူသည်။

ကလေးငယ်မှာ အိပ်မောကျနေ၍လား မသိ။

အင့်ခနဲပင် မပြုဘဲ ဇော်ဂျီ၏လက်ပေါ်သို့ ပါသွားသည်။

ဇော်ဂျီမှာ ညာလက်ဖြင့် ကလေးငယ်ကို ပွေ့ယူပြီး ဘယ်လ ဖြင့် ကလေးငယ်၏ခြေပိုင်းကို သိမ်းကာ သူ့ပခုံးပေါ်သို့ အသာ



င်သည်။

ကလေးငယ်နှင့် ထွက်ခွာမသွားမီ ဦးဖြူထွေးတို့ လင်မယား ပ်ပျော်နေရာ ခုတင်ဘက်သို့ တစ်ချက်လှမ်းကြည့်သည်။

နိုးကြပုံမပေါ်သည်ကို သိရမှ သူသည် သရော်ပြုံးလေး ပြရင်း အိပ်ခန်းတွင်းမှ အမြန်ထွက်သွားခဲ့တော့သည်။

အိမ်အပြင်သို့ရောက်လျှင် သူသည် အိမ်ခြံဝင်းနှင့် မနီးမဝေး င် လှန်ထားခဲ့သော သူ၏ အုန်းခွံရောင်မြင်းကြီးဆီသို့ အမြန် လျှောက်သွားသည်။

ကလေးငယ်ကလေးကတော့ မနိုးသေးပေ။

သူ့မြင်းကြီးအနီးသို့ ရောက်လျှင် ဇော်ဂျီမှာ မြင်းကြီးကို က်မစီးဘဲ ဘယ်လက်ဖြင့် မြင်း၏ကြိုးကို ကိုင်ကာ ရှေ့မှ ဆွဲသွားသည်။

သူ့မြင်းကြီးကလည်း လိမ္မာစွာဖြင့် နောက်မှ ခွာသံကလေး ပေးရင်း လိုက်ပါသွားသည်။

ဦးဖြူထွေးအိမ်နှင့် နှစ်ဖာလုံခန့်ဝေးသော နေရာသို့ ရောက် လျှင် ကလေးငယ်မှာ အိပ်ပျော်နေရာမှ နိုးလာတော့သည်။

နိုးလျှင်နိုးချင်း ကလေးပီပီ လက်က အငြိမ်မနေဘဲ ဇော်ဂျီ၏ မေးဖျားဆီသို့ လာ၍စမ်းသည်။

ဇော်ဂျီမှာ ကလေးငယ် နိုးလာမှန်းသိလျှင် ပခုံးပေါ်တွင် တင် ထားခဲ့ရာမှ ကလေးငယ်အား သူ၏ရင်ခွင်သို့ ပွေ့ယူသည်။

သူ၏ပစ္စတိုသေနတ်ကိုလည်း မူလနေရာတွင် ပြန်၍ထားခဲ့ ပြီး ဖြစ်သည်။

အလွန်မှောင်မိုက်နေ၍ သူ့မှာ ကလေးငယ်၏ မျက်နှာကို

www.burmeseclassic.com

www.burmeseclassic.com



မမြင်ရ ဖြစ်နေသည်။

ယင်းသို့ကြောင့် သူ၏မြင်းကုန်းနှီးဘေးတွင် အမြဲချိတ်ထာ လျက်ရှိသော ငါးတောင့်ထိုး လက်နှိပ်ဓာတ်မီးကို ဖွဲ့ပြီး ကလေး ငယ်၏ မျက်နှာကို ထိုးကြည့်သည်။

ဝင်းခနဲဖြစ်သွားသော လက်နှိပ်ဓာတ်မီးရောင်ကြော ကလေးငယ်မှာ မည်သို့စိတ်ကူးပေါက်သွားသည် မသိ။

ဝမ်းသာအားရဖြစ်ကာ ဗျူဌလက်မှ လက်နှိပ်ဓာတ်မီး မမီမကမ်း သူ့လက်ကလေးဖြင့် လှမ်းဆွဲနေသည်။

ဗျူဌ ကလေးငယ်၏ အပြုအမူကို ကြည့်ရင်း ပြုံးလိုက် သည်။

"အင်း...မင်းကလေးကိုတော့ ငါ သနားပါရဲ့ကွာ၊ မင်း အပြစ်တော့မရှိပါဘူး။ ဒါပေမယ့် မင့်အဖေရဲ့ အပြစ်တွေအတွက် မင်းက ဆပ်ရလိမ့်မယ် သားသားကလေးရ...ဟားဟားဟား"

ဗျူဌတစ်ကိုယ်တည်း ပြောပြီး ရယ်နေသည်။

ကလေးငယ်ကလေးကတော့ သူပြောသည်ကို နားမလည် ရှာပေ။

သူ၏လက်ထဲမှ မီးရောင်တဝင်းဝင်း ဖြစ်နေသော လက်နှိပ် ဓာတ်မီးကိုသာ ကစားစရာအမှတ်ဖြင့် တခိခိရယ်ရင်း လှမ်းဆွဲ နေသည်။

ဗျူဌ အချိန်ဆွဲမနေတော့ပေ။

ကလေးငယ်အား မူလအကြံအတိုင်း သတ်ပစ်ရန် လုပ် တော့သည်။

"သားသားရေ...မင့်ဖေဖေ လူမိုက်ကြီးကြောင့် သားသာ



ဘာ လူ့လောကကြီးက ထွက်သွားရတော့မယ်။ ဦးဦးလည်း င်ကို သနားတော့ သနားပါရဲ့ကွာ၊ ဒါပေမယ့် ဦးဦးရဲ့သားဟာ င့်ဖေဖေ လူမိုက်ကြီးက သေနတ်နဲ့ ပစ်သတ်လို့ သေခဲ့ရပြီမို့ င်းလည်း ဦးဦးသားလို သေရတော့မယ် ဟုတ်လား"

ဗျူဌ ပြောရင်း သူ့လက်ထဲတွင် ဆော့ကစားနေရှာသော လေးငယ်၏နားသယ်ဆီသို့ ပွိုင့်တူးတူး ပစ္စတိုသေနတ်ကလေး င် ပစ်သတ်ရန်အတွက် ခါးကြားတွင် ညှပ်ထားသော သေနတ် ထုတ်ရပြန်သည်။

ထိုအချိန်မှာပင် ကလေးငယ်ကလေးမှာ လာမည့်အန္တရာယ် မသိရှာဘဲ ဗျူဌလက်ပေါ်မှာပင် ဆော့ကစားနေသည်။

ပြီးတော့ ဗျူဌ၏မေးဖျားကလေးကိုလည်း ပွတ်သပ်နေသည်။

ဗျူဌမှာ ကလေးငယ်၏ အပြုအမူကို စိတ်မကောင်းစွာ ကြည့်ရင်း ပွိုင့်တူးတူး ပစ္စတိုသေနတ်ကို ကလေးငယ်၏ သယ်သို့ ချိန်ရွယ်သည်။

ကလေးငယ်ကလေးကတော့ တခိခိဖြင့် ရယ်မဆုံး ဖြစ်နေ သည်။

ထိုသို့ ကလေးငယ်က ရယ်ကာမောကာ နေနေသဖြင့် ကြင်နာတရား ခေါင်းပါးလှသော ဗျူဌမှာ ကလေးငယ်အပေါ် င် ရက်စက်လိုသောစိတ် ရပ်ဆိုင်းကာ သွားတော့သည်။

"ဟွန်း...ခက်တာပဲ၊ အပြစ်မရှိတဲ့ကလေးကို ရက်ရက် က်စက် သတ်ဖို့ကျတော့လည်း ငါ့မှာ သတ်ဖို့ ဝန်လေးနေပြန် ကလား။ ဒါဖြင့် ငါ ဘာဆက်လုပ်ရမလဲ။ ဒီကလေးကို သတ်ဘဲ ဒီနေရာမှာပဲ ပစ်ထားခဲ့ရမလား"

www.burmeseclassic.com

www.burmeseclassic.com



ဗျူဟ တွေးနေသည်။

နောက် သူ၏ဦးခေါင်းထဲတွင် လက်ခနဲ အကြံသစ်တ
ပေါ်လာခဲ့တော့သည်။

"သူ့ကို ငါ မသတ်ဘဲ ငါ့သားအဖြစ် မွေးစားထား
မဖြစ်ဘူးလား။ ဟာ...သိပ်ဖြစ်၊ အလွန်ဖြစ်ပေါ့။ ဒီကလေး
ငါ့ရဲ့ သေသွားတဲ့ သားနေရာမှာ အစားထိုးပြီး ငါ့သားအ
မွေးစားမယ်။ နောက် သူ့ကို လူဆိုးကြီးဖြစ်အောင် ငါ
လုပ်ရမယ်။ သူလူဆိုးဖြစ်လာရင် သူ့အဖေ ဖြူထွေးနဲ့ တိုးမှာ
ဒီအခါ ဖအေကလည်း သားမှန်းမသိ၊ သားကလည်း အဖေမှ
မသိဖြစ်ပြီး တစ်ဦးကို တစ်ဦး ပစ်ကြခတ်ကြ လုပ်ကြမ
သားပဲသေသေ၊ အဖေပဲသေသေ ငါ့အဖို့ကတော့ အမြတ်ချည်
မဟုတ်လား။ ဒီတော့ ကလေးကို အခုအချိန်မှာ သတ်ပစ်တ
ထက် ငါစောစောက စိတ်ကူးရသလို လူဆိုးဖြစ်အောင်လုပ်
သူ့အဖေနဲ့ ရန်တိုက်ပေးတာက ပိုကောင်းတယ်။ ငါးကြင်းဆ
ငါးကြင်းကြော်ဆိုတာ ဒါမျိုးပေါ့။ ဟားဟားဟား...ကောင်းလို
တဲ့ ငါ့အကြံပါကလား။ ဒီအကြံမျိုး ရခဲ့တာ ငါ့အဖို့ အင်မတ
ဟန်ကျတာပဲ။ ဖြူထွေးတို့ကတော့ သူ့သားကလေး သေသလ
ရှင်သလား မသိကြလို့ တစ်သက်လုံး ပူဆွေးသောက ဖြစ်နေ
မှာ မလွဲဘူး။ အိမ်း...ငါကလည်း အဲဒီဟာမျိုးကိုပဲ အလိုရှိတာ
သင်းတို့လည်း ပူဆွေးကြ၊ သင်းတို့သားကလေးလည်း လူဆိုးဖြ
ငါ့မှာလည်း သားအစားရနဲ့ ငါဖြစ်စေချင်ခဲ့တဲ့ ဆန္ဒထက်တော
ပိုပြီး ပြည့်စုံနေပါကလား...ဟားဟားဟား"



ဗျူဟတစ်ကိုယ်တည်း တွေးရင်း ကျေနပ်မဆုံး တပြုံးပြုံး ဖြစ်နေသည်။

သူသည်လည်း ကလေးငယ်ကလေးအား မသတ်တော့ဘဲ ကလေးကို ပွေ့ချီကာ သူ၏ မြင်းကြီးပေါ်သို့ တက်ပြီး သူ့ နေအိမ်သို့ အမြန်ဒုန်းစိုင်းကာ သွားတော့သည်။

❖

www.burmeseclassic.com

www.burmeseclassic.com



( ငါး )

## တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး

နောက်တစ်နေ့နံနက်တွင် ဦးဖြူထွေးတို့အိမ်၌ ကျွက်ကျွက် ညံကာသွားတော့သည်။

ဒေါ်နုနုမှာ အိပ်ရာမှ နိုးလျှင်နိုးချင်း သူ၏သားငယ်ကလေး ပုခက်ရှိရာသို့ သားကလေး နိုး,မနိုး သိလို၍ သွားကြည့်ခဲ့သည်။

သားငယ်မှာ ပုခက်ထဲတွင် မရှိသည်ကို မြင်ရလျှင် ပထမ သော် ဒေါ်နုနုစိတ်ထဲတွင် သူတို့အိမ်တွင် အိမ်ဖော်အဖြစ် ခေါ် ထားသော ကလေးမ မိရွှေများ သူ့ကလေးကို လာခေါ်သွား သလောဟု၍ ထင်မိခဲ့သည်။

"ဟယ်...ဒီကောင်မလေးဟာ ငါတို့အခန်းထဲကို အခုလို လာခေါ်လေ့ရှိတာ မဟုတ်ပါဘူး။ ဒီကနေ့မနက်မှ ဘာစိတ်ကူး များပေါက်ပြီး ကလေးကို လာခေါ်ပါလိမ့်။ ကေန္တ ကလေး ကများ အိပ်ရာက နိုးပြီး ငိုနေလို့လား"



ဒေါ်နုနုတွေးရင်း အိပ်ခန်းတွင်းမှနေ၍ နောက်ဖေးဘက်သို့ ထွက်သွားသည်။

ဦးဖြူထွေးမှာတော့ အိပ်ရာမှ မနိုးသေးပေ။

အိပ်၍ကောင်းဆဲပင် ရှိနေသေးသည်။

"ဟဲ့...မိရွှေ၊ သားကို ညည်းခေါ်သွားသလားဟင်"

ဒေါ်နုနုက အိမ်နောက်ဖေးဘက်တွင် သူတို့အတွက် လက်ဖက် ရည်ဖျော်ရန် ရေနွေးအိုးတည်နေသော မိရွှေအား မေးသည်။

မိရွှေ အံ့ဩသောမျက်နှာဖြင့် လှမ်းကြည့်ရင်း ခေါင်းကို ခါယမ်းကာ ပြန်ပြောသည်။

"ဟင့်အင်း...မမ၊ မိရွှေ မခေါ်ပါဘူး၊ ဘယ်တုန်းက အခုလို ခေါ်ခဲ့ဖူးလို့လဲ။ အခု ကလေးက ဘာဖြစ်လို့လဲ မမ"

"ဘာဖြစ်ရမှာလဲ၊ သားကလေး ပုခက်ထဲမှာ မရှိလို့ပေါ့။ ဒီလိုဆိုရင် သားကလေး ဘယ်သူများ လာခေါ်သွားပါလိမ့်။ ဒုက္ခပါပဲ"

ဒေါ်နုနု ညည်းညူရင်း အိပ်ခန်းထဲတွင် အိပ်မောကျနေသော ဦးဖြူထွေးထံသို့ ရင်ခုန်သံများနှင့်အတူ ပြေးသွားကာ နှိုးသည်။

"ကိုထွေး...ကိုထွေး...ထစမ်းပါဦးရှင်"

"ဟေ...ဟေ...ဟင်...ဘာ...ဘာဖြစ်လို့လဲ"

ဦးဖြူထွေး အိပ်ချင်မူးတူးနှင့် ထရင်း ပြန်မေးသည်။

"ကျွန်...ကျွန်မတို့သားလေး ပုခက်ထဲမှာ သိပ်ထားတာ အခု မရှိတော့ဘူးရှင့်"

"ဟေ..."

ဦးဖြူထွေး နှုတ်ဖျားမှ အလွန်ထိတ်လန့်သော အာမေဋိတ်

www.burmeseclassic.com

www.burmeseclassic.com



သံကြီး ပေါ်လာသည်။

"မင်း...မင်းဟာ သေချာရဲ့လား"

"မသေချာရအောင် ကျွန်မတို့သားလေးကို ဘယ်သူက ခေါ်သွားမှာလဲ၊ မိရွှေကို မေးကြည့်တော့လည်း သူ မခေါ်ပါ ဘူးတဲ့"

"ဟာ...ဒါဆို ဒုက္ခပဲ၊ ဘယ်သူများ...ခေါ်..."

ဦးဖြူထွေး စကားကို ဆုံးအောင် မပြောနိုင်တော့ဘဲ ကွ ခနဲ မျက်စိမျက်နှာပျက်သွားသည်။

သူ၏ရင်ပြင်တစ်ခုလုံးမှာလည်း ဂျက်အင်ဂျင်စက်လို တ ဟည်းနေတော့သည်။

ဒေါ်နုနုမှာ ခင်ပွန်းသည်၏ မျက်နှာကို လှမ်းကြည့်ရင် အားမလိုအားမရသံဖြင့် မေးနေသည်။

"ကိုထွေး...ဘယ်သူများ သားကလေးကို ခေါ်သွားတယ် ထင်သလဲဟင်၊ ပြောစမ်းပါရှင်၊ ဒါက ဘာဖြစ်သွားရတာလဲ"

"ဟာကွာ...မင့်ပြောလို့ မဖြစ်ပါဘူး"

"အလို...ဘာကြောင့် မပြောချင်ရတာလဲ။ ကျွန်မသား ကလေးအတွက် ဘယ်လောက်စိတ်သောကရောက်နေတယ်ဆိုတာ ရှင် အသိပဲမဟုတ်လားလို့"

ဒေါ်နုနု ပြောရင်း ငိုသံပါလာသည်။

"အိမ်း...အဲဒါကြောင့်ကို မပြောချင်တာပေါ့။ မင့်စိတ် သိပ်ပြီး ထိခိုက်သွားမှာ စိုးလို့ပါကွာ"

"မထူးပါဘူးရှင်၊ ရှင်မပြောလည်း သားအတွက် စိတ်ထိခို မှာပဲမို့ ပြောမှာသာပြောပါ၊ ကျွန်မမှာတော့ အသည်းတွေ ကွဲ



ပါပြီရှင်"

စကားအဆုံးတွင် ဒေါ်နုနု ငိုနေတော့သည်။

"ကိုင်း...နုနု စိတ်ကိုသာ ခိုင်ခိုင်ထားပေတော့၊ ငါပြောပါ တော့မယ်"

ဦးဖြူထွေး စိတ်မချမ်းမြေ့သံကြီးဖြင့် စကားကို ပျိုးနေ သည်။

ဒေါ်နုနုမှာတော့ ငိုနေဆဲပင်။

"ငါ့အထင်ပြောရရင် ငါတို့သားကလေးကို ခိုးယူသွားတဲ့ သူဟာ တခြားသူတော့ မဖြစ်နိုင်ဘူး။ ဟိုအကောင် ဓားပြခေါင်း ဆောင် ဖျူရှဆိုတဲ့ အကောင်ပဲ ဖြစ်ရမယ်"

"ဟင်...ဖျူရှလား"

ဒေါ်နုနု ငိုသံပါကလေးဖြင့် ပြန်မေးသည်။

ဦးဖြူထွေး ခေါင်းကို ပြန်ညိတ်ပြသည်။

"သူ...သူ...သူက ဘာသဘောနဲ့ သားကလေးကို ခိုးရ တာလဲ။ သားကလေးမှာ ဘာအပြစ်ရှိလို့လဲ"

"အပြစ်မရှိပေမယ့် ဒီကောင်က ငါ့ကို ပြန်လက်စားချေတဲ့ အနေနဲ့လုပ်တာ ဖြစ်မှာပေါ့ကွာ...တောက်"

ဦးဖြူထွေး ပြောရင်း ခံပြင်းသံဖြင့် တက်တစ်ချက်ကို ခေါက် နေသည်။

"လက်စားချေတဲ့သဘောဆိုတော့ သူက သားကလေးကို သတ်ပစ်မှာလားဟင်"

"ဂဃနဏတော့ မပြောနိုင်ဘူး၊ ငါက သူ့သားကို အသေ သတ်ပစ်ခဲ့မိတော့ ဒီကောင်ကလည်း လူယုတ်မာ၊ လူဆိုးပီပီ

www.burmeseclassic.com

www.burmeseclassic.com



သတ်ပစ်ချင်လည်း သတ်ပစ်နိုင်တာပဲ"

"အံမယ်လေးတော်"

ဒေါ်နုနု စိတ်နှလုံး ထိခိုက်လွန်းလှ၍ အထက်ပါအတိုင်း ရေရွတ်ရင်း မတ်တတ်မှနေ၍ ပုံလျက်သား လဲကျသွားသည်။

"အို...အို...မနု...မနု"

ဦးဖြူထွေး စိုးရိမ်တကြီးဖြင့် ခေါ်ရင်း လဲကျသွားသော ဇနီးသည်အား ပွေ့ပွေ့တော့သည်။

ဒေါ်နုနုမှာ သားအတွက် စိတ်ထိခိုက်သွား၍ သတိလစ်နေ သည်။

"ဟော့...ဟော့...ဟော့ကောင်တွေ လာခဲ့ကြစမ်း ဒီကို၊ မိရွှေ ...မိရွှေ ဒီကို မြန်မြန်လာခဲ့စမ်း"

ဦးဖြူထွေး၏ အလောတကြီး ခေါ်သံကြောင့် မိရွှေနှင့်တကွ သူ၏တပည့်ကျော်နှစ်ဦးပါ အပြေးအလွှား ရောက်လာခဲ့ကြသည်။

"ဆရာ...ဆရာ...မမ ဘာဖြစ်သွားလို့လဲဟင်"

တပည့်တစ်ဦးဖြစ်သူ မြတ်ကျော်က စိုးရိမ်သံဖြင့် မေးနေ သည်။

"သူ သတိလစ်ပြီး လဲကျသွားလို့၊ ကဲ...သွားစမ်းကွာ၊ ဒေါက်တာမြသန်းကို အမြန်သွားခေါ်ချေစမ်း"

"ဟုတ်ကဲ့ဆရာ"

မြတ်ကျော် ပြန်ပြောပြီး အိမ်တွင်းမှ အမြန်ထွက်သွားသည်။

မရွှေကတော့ သူတတ်သမျှ မှတ်သမျှပညာဖြင့် ဒေါ်နုနု၏ ရင်ဘတ်ကို နှိပ်နယ်ရင်း သတိရအောင် လုပ်ပေးနေသည်။

ကျန်တပည့်တစ်ဦးဖြစ်သော သာချိုမှာသာ ဘာလုပ်၍



ဘာကိုင်ရမည်မှန်း မသိ၍ သူတို့ကို ရပ်ကာ ငေးကြည့်နေသည်။

"ဟော့ကောင်...သာချို၊ စခန်းကိုသွားပြီး ဒုရဲအုပ်သိန်းဇော်ကို ခေါ်ခဲ့စမ်းကွာ"

ဦးဖြူထွေးက ဒေါ်နုနုကို ရင်ခွင်ထဲတွင် ပွေ့ထားရာမှ သာချိုကို လှမ်းပြောသည်။

"ဟုတ်ကဲ့ဆရာ"

သာချို ပြောပြီး အိမ်တွင်းမှ အမြန်ထွက်သွားသည်။

ဦးဖြူထွေးလည်း ဇနီးသည်အား နှိပ်နယ်ကာ ပေးနေသော မိရွှေအား လှမ်းပြောသည်။

"မိရွှေ နင့်မမကို အခန်းထဲ ရွှေ့ရအောင် နင်က ခြေဘက် က,မ၊ ငါက ခေါင်းက မ,မယ်"

"ဟုတ်ကဲ့ အစ်ကို"

မရွှေပြောရင်း ဒေါ်နုနု၏ ခြေရင်းဘက်သို့ သွား၍နေသည်။

နောက်တော့ သူနှင့် ဦးဖြူထွေးတို့မှာ ဒေါ်နုနုအား အိပ်ခန်း တွင်းမှ နှစ်ဦးသား မ,ယူလာသည်။

ဒေါ်နုနုမှာ သတိမရသေးပေ။

နောက် မြတ်ကျော် ခေါ်လာခဲ့သော ဆရာဝန်မြသန်း ရောက်လာပြီး ကုသပေးတော့မှ ဒေါ်နုနု သတိပြန်ရလာတော့ သည်။

"မနု...မင်း...မင်း...သတိရလာပြီနော်၊ ငါပြောသားပဲ စိတ်ကို ခိုင်ခိုင်ထားပါလို့"

ဦးဖြူထွေး ကြင်နာသံကလေးဖြင့် ဇနီးသည်အား ပြောနေ သည်။

www.burmeseclassic.com

www.burmeseclassic.com



"သြော်...ကိုထွေးရယ်၊ သားကလေးသတင်း ကြားရတော့ ဘယ်မှာ စိတ်ကို ခိုင်ခိုင်ထားနိုင်ပါ့မလဲ။ ရှင်ပြောသလိုသာဆိုရင် သားကလေးကို ဒီတစ်သက်မှာ ပြန်တွေ့ရတော့မှာ မဟုတ်တော့ ပါဘူးရှင်"

စကားအဆုံးတွင် ဒေါ်နုနု ငိုရှိုက်နေပြန်သည်။

"အိုကွာ...ဒီလောက်လည်း မဟုတ်သေးပါဘူး၊ ငါတို့ ပြည်သူ့ရဲတပ်ဖွဲ့တွေ တောနင်းပြီးရှာရင် တွေ့ရမယ့်ဟာ၊ ပြီးတော့ ငါတို့သားကလေးမှာ အမှတ်အသားလည်း ရှိနေတဲ့ဟာ၊ ရှာရင် တွေ့မှာပေါ့ကွာ"

ဦးဖြူထွေးက ဇနီးသည် စိတ်သက်သာရအောင် အားပေး စကား ပြောနေသည်။

အားသာပေးနေရသည် တကယ်တော့လည်း သူ့သား ကလေးကို ပြန်တွေ့ဖို့ဆိုသည်မှာ အလွန်ခက်ခဲလှသည်ကို သူ ကောင်းကောင်းကြီး သဘောပေါက်ထားသည်။

"ကျွန်မတော့ မထင်ပါဘူး ကိုထွေးရယ်၊ သားကလေး အဖြစ်ကို တွေးမိတိုင်း ယူကျုံးမရ ဖြစ်နေတာပါပဲ။ သူ့ခမျာ နို့ဖြတ်ရသေးတာ မဟုတ်လို့ နို့ဆာနေရှာရင် ဘယ်လိုလုပ်မလဲ၊ ဒီအကြောင်းတွေ တွေးမိတိုင်း ကျွန်မရင်ထဲမှာ မချိဘူး ကိုထွေးရဲ့ ...မချိဘူး"

ဒေါ်နုနုမှာ ပြောရင်းမှ သားအတွက် စိတ်ထိခိုက်လွန်းရှာ၍ သတိလစ်သွားပြန်သည်။

ဤအကြိမ်တွင်တော့ အနီးတွင် ဒေါက်တာမြသန်း ရှိနေ၍ စောစောကလောက် စိတ်မပူရတော့ပေ။



ဒေါက်တာမြသန်းက ဒေါ်နုနုအား သတိလည်လာအောင် ...ပေးပြီးနောက် လူနာ၏ စိတ်နှလုံး ငြိမ်သွားစေရန် အိပ်ဆေး ...စ်လုံးကို ထိုးပေးသည်။

သာချို့ သွားခေါ်ခဲ့သော ဒုရဲအုပ်သိန်းဇော်လည်း ရောက် ...၍ ဦးဖြူထွေးအား အကျိုးအကြောင်း မေးကြည့်နေသည်။

ဦးဖြူထွေးက ဖြစ်သမျှများကို သိန်းဇော် နားလည်အောင် ...င်းလင်းပြောပြသည်။

"ဒါဆို အစ်ကိုကြီး ဘာဆက်လုပ်မလဲ၊ ဗျွှတို့ စခန်းကို တောနင်းရှာမလား"

သိန်းဇော်က ဦးဖြူထွေး စကားအဆုံးတွင် ပြန်မေးသည်။

"အေးလေ...ဒါပဲရှိတော့တာပေါ့။ မင်းတို့အနေနဲ့ရော ဒီကောင်ရဲ့သတင်းကို မရကြဘူးလား"

"ကောင်းကောင်းတော့ မရသေးဘူး အစ်ကိုကြီး၊ ဒီဗျွှ ဆိုတဲ့ကောင်က တစ်နေရာတည်းမှာ မြဲမြဲစွဲစွဲမနေတော့ ခက်တယ်"

"ဘာပဲဖြစ်ဖြစ်ကွာ၊ ဒီကောင်ဟာ အရှေ့ဘက်က တော ခန်းမှာ အခုလောလောဆယ်မှာတော့ ရှိနေမှာ သေချာတယ်။ ဒီတော့ ငါတို့ အမြန်သွားကြရအောင်လား"

"ဟုတ်ကဲ့အစ်ကိုကြီး၊ ကျွန်တော် အခုပဲ သွားပြီး စီစဉ်လိုက် ပါ့မယ်၊ အစ်ကိုကြီးပါ လိုက်မှာလား"

"နို့...ဒီက မမနုအတွက်ကရော"

"သူ့အတွက် ဆရာမြသန်း တစ်ယောက်လုံး ရှိနေပါတယ် ကွာ။ အရေးကြီးတာက ဟိုအကောင် ခေါ်သွားခဲ့တဲ့ ငါ့သားလေး ကို အချိန်မီ ပြန်တွေ့ဖို့ပဲကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကျွန်တော်တို့ စခန်းကို သွားကြမယ်လေ"

သိန်းဇော်စကားအဆုံးတွင် ဦးဖြူထွေးလည်း ခေါင်းကို ညိတ်ပြပြီး ဒေါက်တာမြသန်းအား လှမ်းပြောသည်။

"ကိုင်းဆရာရေ...ကျွန်တော့်မိန်းမကိုသာ ဆရာ ဂရုစိုက်ပြီး ကုပေးပေတော့။ ကျွန်တော်တော့ ဓားပြကောင်နောက်ကို လိုက်ရဦးမယ်"

"စိတ်ချပါ ကိုဖြူထွေး၊ ကျွန်တော် အစွမ်းကုန် ဂရုစိုက်ပြီး ကုပေးပါ့မယ်၊ ခင်ဗျားမိန်းမအတွက် နောက်ဆံမတင်းဘဲနဲ့သာ သွားပါဗျာ"

ဒေါက်တာမြသန်းက ပြန်ပြောသည်။

"ကျေးဇူးတင်ပါတယ် ဆရာ၊ ကျွန်တော် သွားတော့မယ်နော်"

ဦးဖြူထွေးက ဒေါက်တာမြသန်းအား နှုတ်ဆက်ပြီးနောက် သိန်းဇော်နှင့်အတူ လိုက်သွားခဲ့သည်။

ဦးဖြူထွေးအနေဖြင့် ဓားပြခေါင်းဆောင် ဗျူဟာအား နေ့မအား ညမအား အပြင်းရှာဖွေခဲ့လင့်ကစား ဗျူဟာကိုရော သူ့သားကလေးကိုပါ သတင်းအစအနပင် မရခဲ့ပေ။

တစ်ပတ်ကျော်ခန့် ရှာဖွေခဲ့ကြပြီးနောက် ဦးဖြူထွေးမှာ ဗျူဟာအား ရှာဖွေခြင်းကို နိဂုံးချုပ်ခဲ့ရသည်။

သူ၏ဇနီးသည်မှာလည်း သားကလေးအတွက် စိတ်အလွန် ထိခိုက်ပြီး အိပ်ရာထဲတွင် လဲနေတော့သည်။

နောက်ဆုံးတွင် ဦးဖြူထွေးမှာ ဒေါက်တာမြသန်း၏ အကြံ ပေးချက်အရ ဇနီးသည် ဒေါ်နုနုအား ရန်ကုန်ဆေးရုံကြီးသို့တင်



ာ ပြန်လည်ကျန်းမာလာအောင် ကုသပေးခဲ့ရသည်။

ဒေါ်နုနုမှာ နှစ်နှစ်ကျော်ကျော် သုံးနှစ်နီးပါးခန့်ကြာ ပြန် ည်၍ ကျန်းမာလာခဲ့သည်။

သူတို့၏သားကလေး သတင်းအစအနကိုမူ လုံး၀ မရ ာ့ပေ။

သူတို့စိတ်ထဲတွင် ယုံကြည်ထားသည်ကတော့ သူတို့၏ ားကလေးမှာ အသက်မသေဘဲ လောကကြီးတွင် ရှိနေဦးမည် သော အချက်ပင်။

နောက်တစ်နှစ်ခန့်အကြာတွင် ပန်းကြာဖြူကို မွေးဖွားခဲ့ ည်။

ထိုအချိန်တွင် ဓားပြခေါင်းဆောင် ဗျူဟာကတော့ သူတို့သား လေးအား သားအဖြစ်မွေးစားကာ သူတတ်မြောက်ထားသော နတ်ပစ်အတတ်၊ မြင်းစီးအတတ်၊ ဓားခုတ်အတတ်တို့ကို စ်ဖက်ကမ်းမြောက်အောင် သင်ပေးနေသည်။

ဦးဖြူထွေး၏ သားကလေးအမည်ကိုလည်း 'ရာဇာ'ဟူ၍ က ပေးထားသည်။

ရာဇာမှ ဗျူဟာအား သူ့အဖေအရင်းဟူ၍ပင် မှတ်ထင်နေ ည်။

ဗျူဟာက ရာဇာအား သူ၏မွေးစားသားဟူ၍ တပည့်များအား ပြောရန် တင်းကျပ်စွာ တားမြစ်ခဲ့သည်။

ယင်းသို့နှင့်ပင် နှစ်ပေါင်းနှစ်ဆယ်ခန့် ကြာညောင်းလာခဲ့ ည်။

ထိုအချိန်တွင် ဦးဖြူထွေးမှာ အလုပ်မှ အငြိမ်းစားယူခဲ့ပြီး

www.burmeseclassic.com

www.burmeseclassic.com



နောက် လားရှိုးမြို့၏ ခရိုင်တစ်ခုဖြစ်သော ရွာတစ်ရွာတွင် သူ၏တပည့်များနှင့် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်နေသည်။

သူ၏ စိုက်ပျိုးရေးလုပ်ငန်းမှာ အကျိုးဖြစ်ထွန်းလှ၍ ဦးဖြူထွေးအဖို့ ဝင်ငွေအလွန်ကောင်းနေသည်။

ဝင်ငွေအလွန်ကောင်းလွန်းသဖြင့် သူ၏အိမ်ကိုလည်း တကယ့်မြို့ကြီးများတွင် မြင်တွေ့ရသော နှစ်ထပ်တိုက်ကြီး တစ်လုံးလို သူနေထိုင်သော ရွာတွင် ဆောက်လုပ်ထားခဲ့သည်။

ထိုတိုက်မှာပင် သူတို့မိသားစု နေထိုင်ခဲ့ကြသည်။

ပန်းကြာဖြူမှာ ကျောင်းပိတ်ရက်များတွင် မိဘများရှိရာသို့ ပြန်၍ ထိုရွာမှာပင် အနေများသည်။

အားလပ်ချိန်များတွင် သူ၏ဖခင်ကြီးနှင့်အတူ သူ့ဖခင် မွေးထားသော မြင်းများနှင့် အနီးအနားရွာများသို့ သွားရောက် လည်ပတ်တတ်ကြသည်။

ထို့ပြင် မန္တလေးနှင့် ရန်ကုန်မြို့တွင်ရှိ ပန်းကြာဖြူ၏ သူငယ်ချင်းများ အလည်ရောက်လာလျှင်လည်း ပန်းကြာဖြူတို့က သူ၏မြင်းများဖြင့် ရွာအနီးအနားသို့ လိုက်ပါပို့ဆောင်ပေးကြ သည်။

ပန်းကြာဖြူ၏အစ်ကို ရာဇာမှာတော့ "တံငါနားနီး တံငါ မုဆိုးနားနီး မုဆိုး" ဟူသော စကားအတိုင်း သူ၏မွေးစားဖခင်ကြီး နှင့်အတူ ဓားပြကြီးအဖြစ်ဖြင့် လုယက်တိုက်ခိုက်ကာ နေတော့ သည်။

နှစ်ပေါင်းနှစ်ဆယ်ခန့် ကြာညောင်းခဲ့သော်လည်း ဦးဖြူထွေး နှင့် ဒေါ်နုနုတို့မှာ သူတို့၏ သားကလေးကို တစ်နေ့တွေ့နိုး



တစ်နေ့တွေ့နိုးနှင့် မျှော်ကိုးကာ နေကြဆဲပင်။

အကယ်၍သာ သူတို့၏သားကလေး ရာဇာမှာ ဓားပြလူဆိုး ကြီးတစ်ဦး ဖြစ်နေသည်ကို သူတို့သိကြရလျှင်တော့ မိဘနှစ်ပါး မှာ အသည်းကွဲကြရပြီးသားပင်။

❖

www.burmeseclassic.com

www.burmeseclassic.com



( ခြောက် )

## အန္တရာယ်ပြုရန် လာကြသူများ

ပြာသိုမှာ သူအလွန်ချစ်ရသော မိခင်ကြီးလည်းဆုံး၊ သူ၏ အဖေအရင်းလို လေးစားခဲ့ရသော ဦးစောမြတ်ထွန်းမှာလည်း ဆုံးခဲ့ပြီမို့ သူ့အဖို့ ဘဝတစ်ခုလုံး အမှောင်ကြီးကျသလို ဖြစ်နေ သည်။

သူ့တွင် အားကိုးစရာ မရှိတော့သလို ခင်တွယ်စရာလည်း မရှိတော့ပေ။

သူ၏ အစ်မနှစ်ဦးတော့ ရှိကြပါသေးသည်။

ရှိပင် ရှိသော်လည်း သူတို့တစ်တွေမှာ အိမ်ထောင်အသီးသီး ကျနေသည့်အပြင် ရပ်ဝေးတွင်မို့ ထိုအစ်မနှစ်ဦးကိုလည်း သူ မေ့ပစ်ထားသည်။



သူ့ဘဝရှေ့ရေးအတွက် မည်သည့်အလုပ်ကို လုပ်ရမည် ကိုလည်း တွေးမရ ဖြစ်နေသည်။

ရန်ကုန်မြို့တွင် ဆက်၍နေမည်လော၊ သို့မဟုတ် နယ်သို့ သွားကာနေမည်လော။

သူ အမျိုးမျိုးတွေးနေသည်။

တွေးပင်တွေးသော်လည်း အဖြေက ပေါ်မလာခဲ့ပေ။

သည်အထဲ တစ်ခါက လူယုတ်မာလက်မှ သူ ကယ်တင် ပေးခဲ့သော ပန်းကြာဖြူကိုလည်း သတိရမိသေးသည်။

သတိရမိ၍ သွားတွေ့ဖို့ကိုတော့ သူ မကြိုးစားပေ။

ပန်းကြာဖြူနှင့်တွေ့လျှင် သူ့အမေအကြောင်းကို မေးလိမ့် မည်။

သူက အမေမရှိကြောင်းပြောလျှင် သူ မည်သူနှင့် ယခု နေထိုင်သနည်းနှင့် သူ၏အလုပ်အကိုင် အကြောင်းများကိုပါ ဆက်မေးတော့မည်။

သူက အမှန်အတိုင်းပြောလျှင် သူ့ကို ပန်းကြာဖြူ ကျေးဇူး သိတတ်သူပီပီ အကူအညီပေးမည်ကား မလွဲပေ။

သူကလည်း မိန်းကလေးတစ်ဦးက ပေးသော အကူအညီ ကို ယူလိုသည့် လူစားမဟုတ်၍ ယူမည်မဟုတ်။

သူမယူလျှင် တစ်ဖက်က စိတ်မကောင်းဖြစ်လိမ့်မည်။

သည်တော့ ပန်းကြာဖြူထံသို့ သွား၍ မတွေ့ခြင်းက သူ့ အတွက် အကောင်းဆုံးပင်။

သို့သော် မည်သို့ကြောင့်မှန်း မသိ။

သူ၏စိတ်ထဲတွင် ပန်းကြာဖြူ၏မျက်နှာကလေးကို မြင်ကာ

www.burmeseclassic.com

www.burmeseclassic.com



မကြာခဏ သတိရနေသည်။

ယင်းသို့ သတိရနေခြင်း၏ အကြောင်းရင်းဇာစ်မြစ်ကို
အမျိုးမျိုး တွေးကြည့်သော်လည်း အဖြေကတော့ ပေါ်မလာ

ပြာသို၏မိခင်ကြီး ရက်လည်သွားပြီး နှစ်ရက်ခန့်အကြာ
တစ်ညတွင်တော့ ပြာသိုမှာ ရင်ဖိုစရာများနှင့် တိုးရတော့သည်

မည်သို့နည်း...

ထိုည ညဉ့်ဆယ့်တစ်နာရီကျော်အချိန်တွင် ပြာသို၏
ရပ်ကွက်သို့ အပြာရောင် ဂျစ်ကားကလေးတစ်စီး ထိုးဆိုက်လာ
သည်။

ထိုအချိန်တွင် ရပ်ကွက်တစ်ခုလုံး အိပ်မောကျနေချိန်
ခွေးများ ဟောင်သံနှင့် အူသံမှတစ်ပါး လူအသွားအလာ ပြတ်
သည်။

ဂျစ်ကားပေါ်မှ လူလေးဦးမှာ ကားရပ်ပြီးနောက် ဆင်း
ကြသည်။

နှစ်ဦးက ရှမ်းဘောင်းဘီရှည်များ ဝတ်ထားကြပြီး နှစ်
ကတော့ လုံချည်များနှင့် ဖြစ်ကြသည်။

ကိုယ်ပေါ်တွင်တော့ သူတို့လေးဦးစလုံး ကုတ်အင်္ကျီမျာ
ဝတ်ထားကြသည်။

သူတို့ဆင်းအပြီးတွင် ကားမောင်းသူတစ်ဦးသာ ကား
တွင် ကျန်နေရစ်သည်။

"ဟော့ကောင်တွေ ကိစ္စပြီးရင် မြန်မြန်ပြန်လာနော်"

ဂျစ်ကားမောင်းသူက ကျန်လေးဦးအား လှမ်းပြောသည်

"စိတ်ချပါဆရာ အလွန်ကြာမှ ဆယ့်ငါးမိနစ်ပေါ့"



အရပ်ရှည်ရှည်နှင့်လူက ပြန်ပြောသည်။

"အေး...ငါခိုင်းတဲ့အလုပ်လည်း မီးသေအောင် လုပ်ခဲ့ကြကွ၊
ဘ်ဝန်းကျင်က လူတွေလည်း မသိကြစေနဲ့"

ဂျစ်ကားမောင်းသူက ထပ်မံ၍ မှာကြားနေပြန်သည်။

"စိတ်ချစမ်းပါ ဆရာရယ်၊ ကျွန်တော်တို့က ဒီအလုပ်မျိုး
ုပ်နေကျပဲဟာ၊ စိုးရိမ်စရာ မလိုပါဘူး...ဟဲဟဲ"

"အေးပါ...ငါက လိုလိုမည်မည် မှာနေရတာပါ။ တပည့်
တွေအကြောင်းကိုတော့ ရာနှုန်းပြည့် ယုံကြည်ပြီးသားပါကွာ...
ားဟားဟား"

ဂျစ်ကားပေါ်မှ လူက ပြောပြီး ရယ်နေသည်။

သူ့တပည့်များလည်း သူ့ကားအနီးမှ ထွက်သွားခဲ့ကြသည်။

သူကတော့ ဂျာကင်အင်္ကျီအိတ်တွင်းမှ စီးကရက်ဘူးကို
ခွဲယူသည်။

စီးကရက်ဘူးမှာ ယခုအခါတွင် မာလ်ဘိုရိုနှင့် ငါးသုံးလုံးတို့
က် ဈေးပိုပေးရသော ဂျွန်ပလေးယားအလိပ်နှစ်ဆယ်ဝင်ဘူး
က် ဖြစ်သည်။

ဂျစ်ကားပေါ်မှ လူသည် ဟန်ပါပါဖြင့် ဂျွန်ပလေးယားဘူးကို
ဘ်ကာ တစ်လိပ်ကို နှိုက်ယူသည်။

"ဟ...စီးကရက်တောင် ကုန်နေပါပကောလား...တောက်"

သူ၏ဘူးထဲတွင် စီးကရက်မှာ တစ်လိပ်တည်းရှိသည်ကို
တွေ့ရလျှင် အထက်ပါအတိုင်းပြောကာ တက်တစ်ချက် ခေါက်
သည်။

နောက် ဂျွန်ပလေးယားဘူးခွံကို သူ၏ဂျစ်ကားဘေးဘက်သို့

www.burmeseclassic.com

www.burmeseclassic.com



ပစ်ချပြီး သူကိုင်နေကျ ဇစ်ပိုခတ်မီးခြစ်ကလေးဖြင့် ခြစ်က
စီးကရက်ကို မီးညှိကာ ဖွာရှိုက်ရင်း သူ့လူများအလာကို စော
နေသည်။

သူတို့တစ်တွေမှာ အခြားသူများထံသို့ လာကြသည်တော့
မဟုတ်ပေ။

ပြာသိုထံသို့ လာနေကြခြင်းပင်။

လာကြသည်ကလည်း ကောင်းသောလာခြင်း မဟုတ်။

ပြာသိုအား လုပ်ကြံရန် လာကြခြင်းသာ။

စေခိုင်းသူက ဘိုဘို။

ဘိုဘိုမှာ ချစ်စွာသော စာဖတ်သူများ သိရှိကြပြီးသည်
အတိုင်း ပြာသို၏အပေါ်တွင် အခဲမကျေ ဖြစ်နေသည်။

ယင်းသို့ အခဲမကျေဖြစ်နေ၍လည်း သူငွေသားပိပိ လူမိုက်
များကို ငှား၍ ယခုလိုလာခဲ့ခြင်းပင်။

ဂျစ်ကားမောင်းသူမှာလည်း ဘိုဘိုပင်။

ပြာသိုကတော့ ထိုအကြောင်းကို မသိသေးဘဲ အိပ်မော
နေသည်။

လူမိုက်လေးဦးမှာ ဘိုဘိုက ညွှန်ပြထားခဲ့၍ ပြာသို၏အိမ်
သိနေကြသည်။

ပြာသိုကိုတော့ မမြင်ဖူးကြသေးပေ။

မမြင်ဖူးကြသော်လည်း အိမ်တွင် ပြာသိုတစ်ဦးတည်းသာ
ရှိကြောင်း သိနေကြ၍ လူမှားစရာအကြောင်းကတော့ မရှိ။

သူတို့သည် ပြာသို၏ အိမ်အနီးသို့ရောက်လျှင် အိမ်၏အနေ
အနေကို ပထမ လေ့လာနေကြသည်။



အိမ်ကလည်း တဲကလေးတစ်လုံးသာ ဖြစ်နေ၍ ခက်ခက်ခဲခဲ
လုပ်၍ အတွင်းသို့ ဝင်နေစရာ မလိုပေ။

သို့ဖြစ်၍ သူတို့မှာ ဝါးထရံဖြင့် ပြုလုပ်ထားသော တံခါးကို
လက်ထဲတွင် အသင့်ကိုင်ဆောင်ထားသော ဓားမြှောင်ဖြင့် တစ်ဦး
က ထိုးကော်ကာ ဖွင့်နေသည်။

ပြာသိုမှာ အအိပ်ဆတ်သူမို့ သူ၏ဝါးထရံ တံခါးအား
တကျွီကျွီဖြင့် ဖွင့်နေသံကို ကြားရလျှင် ဖျတ်ခနဲ လန့်နိုးလာ
သည်။

နိုးပင် နိုးနေသော်လည်း သူက အသံကို မပြုသေးပေ။

သူ၏တံခါးအား ကြောင်တိုး၍ မြည်သံလော၊ ခွေးတိုး၍
မြည်သံလောဟူ၍ အကဲခတ်နေသည်။

နောက် ဝါးထရံဖြင့် ပြုလုပ်ထားသော တံခါးကြီးအား
အပေါ်သို့ မ,တင်နေသံကို ကြားလျှင်တော့ ကြောင်လည်းမဟုတ်၊
ခွေးလည်းမဟုတ်ဘဲ လူသာဖြစ်ရမည်ကို ပြာသို သဘောပေါက်
သွားတော့သည်။

ယင်းသို့ သဘောပေါက်သွားသည်နှင့် တစ်ပြိုင်နက် ပြာသို
မှာ အိပ်ရာမှ အသာထကာ သူ၏ခေါင်းရင်းတွင် ချိတ်ဆွဲထား
သော ငှက်ကြီးတောင်ဓားကို အသာဆွဲဖြုတ်သည်။

ပြီးတော့ ဓားကို ဓားအိမ်မှ မထုတ်သေးဘဲ သူ၏ညာလက်
ဖြင့် စွဲမြဲစွာ ကိုင်ထားရင်း အခြေအနေကို စောင့်ကြည့်နေတော့
သည်။

သူ၏ ဝါးထရံတံခါးကြီး ပွင့်သွားပြီးနောက် ပထမ လူနှစ်
ယောက် ဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက မည်သို့မှ မပြုသေးပေ။

သူ၏အခန်းကလည်း မီးထွန်းထားခြင်း မရှိသေး၍ မှော
နေသည်။

ကျန်လူနှစ်ဦးကတော့ အပြင်ဘက်တွင် စောင့်နေကြသည်။

ပြာသိမှာ သူ၏အိမ်ခန်းသို့ ဝင်လာကြသော လူနှစ်ဦးအာ
မြင်နေသော်လည်း မည်သို့မျှ မပြုသေးဘဲ သူတို့ ဘာလုပ်ကြ
မည်ကို အသာစောင့်၍ ကြည့်နေသည်။

ဝင်လာကြသူနှစ်ဦးမှာ ပြာသိ၏ အိပ်ရာသို့ သွားခဲ့ကြသည်

အိပ်ရာထဲတွင် ပြာသိ မရှိသည်ကို မြင်ရလျှင် တစ်ဦးက
အံ့အားသင့်သံဖြင့် တစ်ဦးကို လေသံဖြင့် လှမ်းပြောနေသည်

"ဟာ...ဟိုအကောင် မရှိပါလားကွ"

"ဟေ... သဟာဖြင့် ဒီအကောင် ဘယ်ရောက်သွားသလဲ
...တောက်"

တစ်ဦးက မချင့်မရဲသံဖြင့် ပြန်ပြောသည်။

"ကျုပ် ဘယ်မှ မရောက်ပါဘူးဗျာ၊ ခင်ဗျားတို့ကို ကြိုဆို
ပါတယ်...ဟဲဟဲ"

ပြာသိက သူတို့နောက်တွင် ရပ်ရင်း လှမ်းပြောသည်။

ပြာသိ၏ပြောသံကြောင့် လူဆိုးနှစ်ဦးမှာ ဟင်းခနဲ အာ
ဒိတ်သံတွေ ထွက်ပေါ်သွားကြသည်။

သူတို့ အာမေဋိတ်သံတွေ ပေးနေကြခိုက်မှာပင် ပြာသိ
လေ၏လျင်မြန်ခြင်းဖြင့် သူတို့နှစ်ဦးအား ငှက်ကြီးတောင်
အိမ်ဖြင့် ဝင်ရိုက်တော့သည်။

သူ့အနေဖြင့် ငှက်ကြီးတောင်ဓားကို ထုတ်၍ ခုတ်လျှ



လောက်အောင် ရန်မပြုလို၍ ယခုလို ပြုမူလိုက်ခြင်းပင်။

လူဆိုးနှစ်ဦးမှာ လုံး၀ မျှော်လင့်မထားသော ပြာသိ၏
တိုက်ခိုက်မှုကြောင့် ခုခံရန် အချိန်မရတော့ဘဲ ပြာသိ၏ ငှက်ကြီး
တောင် ဓားအိမ်ဖြင့် ရိုက်နက်ခြင်းကို ခံခဲ့ရ၍ "အီး...အား"ဖြင့်
အော်ကြရင်း နဖူးမှ သွေးများ ရဲခနဲကျဆင်းလာကြသည်။

ပြာသိက သူတို့နှစ်ဦးအား ခြေဖြင့် တစ်ယောက်ပြီးတစ်
ယောက် ဆောင့်ကန်ပစ်လိုက်ရာ လူဆိုးနှစ်ဦးမှာ သူတို့ဝင်လာ
ခဲ့ကြစဉ် တံခါးပေါက်မှ နာကျင်သံဖြင့် အော်ဟစ်ရင်း အောက်
သို့ ကျွမ်းထိုးမှောက်ခုံ လဲကျကုန်ကြသည်။

အပြင်တွင် စောင့်နေကြသော လူဆိုးနှစ်ဦးမှာလည်း သူတို့
လူများ အိမ်ပေါ်မှနေ၍ အမှိုက်ပုံးများမှ အမှိုက်များ သွန်ပစ်
လိုက်သလို အောက်ဘက်သို့ ကျလာသည်ကို တွေ့ရလျှင် သူတို့
လည်း ပထမတွင် ကြက်သေ သေနေကြသည်။

ပြီးမှ ပြာသိအား ပြန်လည်၍ ခုခံရန် ပြင်ကြသည်။

သို့သော် သူတို့နှစ်ဦးလည်း နောက်ကျကုန်ကြပြီဖြစ်သည်။

ပြာသိက အိမ်ပေါ်မှ ခုန်ဆင်းကာ သူတို့နှစ်ဦးကိုပါ သူ
တတ်မြောက်ထားသော သိုင်းအတတ်ဖြင့် တိုက်ခိုက်ပြန်ရာ သူတို့
တစ်တွေလည်း ဒဏ်ရာ ဒဏ်ချက်တွေရကာ ပြာသိအား ပြန်
လည်၍ မခုခံနိုင်ကြတော့ဘဲ ဘိုဘို၏ ဂျစ်ကားရှိရာသို့ ပြေးခဲ့ကြ
ရသည်။

ကျန်နှစ်ဦးမှာလည်း သတ္တိကောင်းစွာဖြင့် နောက်မှ ပြေးသွား
ကြပြန်သည်။

သူတို့၏ အသံတွေကြောင့် အိပ်မောကျကာ နေကြသော

www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်မှာလည်း လန့်နိုးကုန်ခဲ့ကြတော့သည်။

ပြာသိုနှင့် နှစ်အိမ်ကျော်တွင် နေထိုင်သော ရပ်ကွက်လူကြီး ဦးကျော်သိန်းမှာလည်း နိုးလာပြီး သူ၏အိမ်ရှေ့တွင် ချိတ်ဆွဲထားသော သံချောင်းကို တအားတီးကာ ရပ်ကွက်လူထုအား အချက်ပေးနေသည်။

ထိုသံချောင်းတီးသံကြောင့် ရပ်ကွက်မှလူများမှာ ရပ်ကွက်ကောင်စီလူကြီး ဦးကျော်သိန်းအိမ်သို့ တုတ်ဓားဆွဲကာ ရောက်ရှိလာခဲ့ကြသည်။

သူတို့တစ်တွေ ရပ်ကွက်ကောင်စီဝင်လူကြီး ဦးကျော်သိန်းထံသို့ ရောက်နေချိန်တွင် ဘိုဘိုကတော့ အခြေမလှ ဖြစ်လာသော သူ၏လူများနှင့်အတူ ရပ်ထားသော သူ၏ဂျစ်ကားကို နှိုးကာ ထိုရပ်ကွက်မှ အမြန်လစ်ပြေးသွားခဲ့တော့သည်။

"ဘာဖြစ်တာလဲ ဦးလေး"

ရပ်ကွက်တွင်းမှ လူငယ်တစ်ဦးက ရပ်ကွက်ကောင်စီလူကြီး ဦးကျော်သိန်းအား လှမ်းမေးသည်။

"ငါဖြစ်တာ မဟုတ်ဘူးကွ၊ ဟိုအကောင် ပြာသို့အိမ်ဘက်က ဆော်ကြ နက်ကြသံကြားလို့ ငါလည်း လန့်နိုးပြီး အခုလို အချက်ပေးသံချောင်း ခေါက်လိုက်တာပဲ"

ရပ်ကွက်ကောင်စီဝင်လူကြီး ဦးကျော်သိန်း ပြန်ပြောနေခိုက်မှာပင် ပြာသိုလည်း လက်ထဲတွင် ငှက်ကြီးတောင်ဓားအိမ်ကြီးကို ကိုင်ရင်း ရောက်လာသည်။

"ဟဲ့ကောင်...ပြာသို ဘယ်လိုဖြစ်တာလဲ၊ ပြောစမ်း"

ဦးကျော်သိန်းက ပြာသိုအား မြင်လျှင် လှမ်းမေးသည်။



"မပြောတတ်ပါဘူး ဦးလေးရာ၊ ကျွန်တော် အိပ်ပျော်နေ…း စောစောကလူတွေ ရောက်လာပြီး ကျွန်တော့်အိမ်တံခါးကို …ခဲ့ကြတယ်။ ကျွန်တော်လည်း လန့်နိုးလာပြီး သူတို့ကို အကဲ…်နေတုန်း သူတို့က ရန်မူကြတာနဲ့ ကျွန်တော်လည်း ပြန်နှက်…က်တာပဲ၊ အခုတော့ သူတို့အားလုံး ပြေးကုန်ကြပါပြီလေ...…ဟဲ့"

ပြာသို ရှင်းလင်းပြောပြနေသည်။

ရပ်ကွက်ကောင်စီဝင် ဦးကျော်သိန်း အပါအဝင် ရပ်ကွက်…င်းရှိ လူများမှာ ပြာသို ပြောပြနေသည်ကို နားထောင်နေကြ…သည်။

"အိမ်း...ထွက်ပြေးတယ်ဆိုပြီး ပေါ့ပေါ့ဆဆ လုပ်မနေနဲ့၊ …ာက်တစ်ချီလာပြီး ရန်ရှာနေကြဦးမယ်ကွ၊ ဒီတော့ ပြောစမ်း၊ …ဒီကောင်တွေကို မင်း သိသလား"

"ဒီကောင်တွေကိုတော့ ကျွန်တော် မသိဘူး၊ ဒါပေမယ့် …ိုင်းတဲ့သူကိုတော့ သိပါတယ်"

"ဟေ...ဒါဖြင့် မင်းကို လူငှားပြီး အရိုက်ခိုင်းတာပေါ့"

"ဒီအတိုင်း ဖြစ်မယ်ထင်တာပဲ ဦးလေး"

"သည်လိုဆို မင်းကို လူငှားပြီး အရိုက်ခိုင်းတဲ့ကောင်က …ယ်သူလဲ"

"ဘိုဘိုဆိုတဲ့သူပဲ"

"ဟေ...မင်းဟာက သေချာရဲ့လားကွ"

"သိပ်သေချာတာပေါ့၊ ဟောဒီမယ် သူသောက်တဲ့ စီးကရက် …ူးခွံလေ"

www.burmeseclassic.com

www.burmeseclassic.com



ပြာသိုက ဂျစ်ကားအနီးမှ ကောက်ယူလာခဲ့သော ဂျွန်ပလေ ယား စီးကရက်ဘူးခွံကို ကိုင်၍ ဦးကျော်သိန်းအား ပြနေသည်။

ပြာသိုမှာ ထွက်ပြေးသွားသော လူဆိုးများ၏ နောက်သို့ လိုက်သွားရာမှ ဘိုဘိုလွှင့်ပစ်ထားခဲ့သော စီးကရက်ဘူးခွံကို တွေ့ရ၍ ကောက်ယူလာခြင်းပင်။

"ဟ...ကောင်လေးရ၊ ဒီစီးကရက်ဘူးခွံ တွေ့တာနဲ့ပဲ ဘိုဘို ဖြစ်ရောလား။ တခြားလူတွေ သောက်ပြီး လွှင့်ပစ်တာရော မဖြစ်နိုင်ဘူးလားကွ"

ရပ်ကွက်ကောင်စီလူကြီး ဦးကျော်သိန်းက ပြာသို၏ စကားကို လက်မခံချင်ဟန်ဖြင့် ပြန်မေးနေသည်။

"မဖြစ်နိုင်ပါဘူး ဦးလေးရာ၊ ကျွန်တော်တို့ ရပ်ကွက်မှာ ဒီဂျွန်ပလေးယားမျိုး မပြောနဲ့၊ ငါးသုံးလုံးတို့၊ မာလ်ဘိုရိုတို့လို နိုင်ငံခြားဖြစ် အကောင်းစား စီးကရက်တောင် သောက်တဲ့သူက မရှိပါဘူး။ ဆေးပေါ့လိပ်နဲ့ ဒူးယားစီးကရက်တို့လောက်သာ သောက်ကြတဲ့ဟာ။ ပြီးတော့ ဒီဂျွန်ပလေးယားစီးကရက်ဟာ ဟိုတုန်းက ငါးသုံးလုံးလောက် ဈေးမပေးရပေမယ့် အခု သူက အရောက်နည်းနေလို့ ဈေးက သိပ်ကောင်းနေတယ်။ ဒီအလိပ် နှစ်ဆယ်ဝင် စီးကရက်တစ်ဘူးဟာ ငါးဆယ့်ငါးကျပ်လောက်ကို ဈေးရှိနေတယ်။ ငါးသုံးလုံးတို့၊ မာလ်ဘိုရိုတို့က လေးဆယ် ကျော်ပဲ ရှိပါတယ်။ ဒီတော့ ဒီလောက်တန်ဖိုးများတဲ့ စီးကရက် မျိုးကို သောက်နိုင်တာ ငွေကြေးချမ်းသာတဲ့သူသာ ဖြစ်ရမယ် မဟုတ်လား။ ဒါကတစ်ကြောင်း၊ နောက်တစ်ကြောင်းက ဒီဘိုဘို ဆိုတဲ့လူဟာ တခြားစီးကရက်ကို သောက်လေ့မရှိဘူး။ ဂျွန်ပလေး





ကိုသာ သောက်လေ့ရှိတဲ့သူမို့ ကျွန်တော်က ဘိုဘိုပဲ ဖြစ်ရ ယ်လို့ အတပ်ပြောနေတာပါ"

ပြာသိုက စုံထောက်ကြီး ဦးစံရှား လေသံမျိုးဖြင့် ရှင်းပြ နေသည်။

ထိုအခါကျမှ ရပ်ကွက်ကောင်စီဝင် လူကြီး ဦးကျော်သိန်းမှာ သဘောပေါက်ကာ ပြာသို၏စကားကို လက်ခံလိုက်တော့သည်။

"အိမ်း...မင်း ရှင်းပြလိုက်တော့လည်း အဟုတ်သားပဲ၊ ါဖြင့် ဘယ်လိုလုပ်မလဲ၊ မင့်ကို လာပြီး စော်ကားတဲ့အတွက် အမှုဖွင့်မလား"

"နေပါစေတော့ ဦးလေးရယ်၊ မဖွင့်တော့ပါဘူး၊ သူ့ဆီကို ကျွန်တော် သွားတွေ့လိုက်ပါမယ်"

"ဟေ..."

ပြာသို၏စကားကြောင့် ရပ်ကွက်ကောင်စီလူကြီး ဦးကျော် သိန်း အံ့ဩသွားသည်။

"နေပါဦး...မင်းက သွားတွေ့ပြီး ဘာလုပ်မလို့လဲ၊ ဟို ကရော မင့်ကို အတွေ့ခံမှာလားကွ၊ ဒီတော့ သွားတွေ့မနေ ါနဲ့ကွာ၊ ဒီကိစ္စက ရာဇဝတ်မှုနဲ့ မကင်းတာမို့ ငါတို့အနေနဲ့ အမှုဖွင့်လိုက်ရင် ပြီးတာပဲဟာ"

"ဟာဗျာ...ဦးလေးကလည်း အမှုဖွင့်ရအောင် သက်သေ အခိုင်အလုံမှ မပြနိုင်တဲ့ဟာ၊ သူတို့ထဲက တစ်ယောက်ကို ဖမ်းမိ လိုက်ရင် ဟုတ်သေးတယ်၊ အခု တစ်ယောက်မှလည်း မမိခဲ့ဘူး။ ပြီးတော့ ဘိုဘိုပါပဲလို့ ပြောနိုင်ရအောင် မျက်မြင်သက်သေလည်း ရှိတဲ့ဟာ။ ဘယ်လိုလုပ်ပြီး အမှုဖွင့်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း...မင်းပြောတာလည်း ဟုတ်သားပဲ၊ အေးလေ... ဘာပဲဖြစ်ဖြစ် ဘိုဘိုကိုတော့ သွားတွေ့မနေပါနဲ့၊ မင့်အတွက် အန္တရာယ်ရှိပါတယ်ကွာ"

ရပ်ကွက်ကောင်စီလူကြီး ဦးကျော်သိန်းက ပြာသိုအား သတိပေးနေသည်။

"ကျွန်တော် သွားတွေ့မှာက သူ့ကို ရန်မူဖို့ မဟုတ်ပါဘူးလေ၊ နောက်နောင် ဒီဟာမျိုး မပြုဖို့ ပြောမလို့ပါ။ စိတ်မပူပါနဲ့ ဦးလေးရာ၊ ကျွန်တော့်အတက်ကို ကျွန်တော်နိုင်ပါတယ်...ဟဲဟဲ"

ပြာသို ပြောပြီး ရပ်ကွက်ကောင်စီလူကြီး ဦးကျော်သိန်းတို့ အနီးမှ ပြန်ထွက်လာခဲ့သည်။

သူထွက်သွားပြီးနောက် ကျန်လူများလည်း အသီးသီး မိမိတို့အိမ်သို့ ပြန်သွားခဲ့ကြသည်။

❖

( ခုနစ် )

# ပြာသိုနှင့်ဘိုဘို

နောက်တစ်နေ့ နံနက်ပိုင်းတွင် ပြာသိုမှာ ဘိုဘိုရှိရာ ဦးဖိုး...လမ်းသို့ တစ်ယောက်တည်း ထွက်လာခဲ့သည်။

ဘိုဘိုမှာ ညက ပြာသိုအား မကောင်းကြံခဲ့ရ၍ အိပ်ရာထ...က်ကျနေသည်။

ပြာသို မလာမီကလေးတင်ကမှ သူသည် အိပ်ရာမှ နိုးကာ...ဖော်ကြီး ဦးငွေဖျော်ပေးသော လက်ဖက်ရည်ကို သောက်...ချိန် ဖြစ်သည်။

ပြာသိုသည် မည်သူ့ကိုမှ ဂရုမစိုက်ဟန်ဖြင့် ခြံတွင်းသို့ ...ရဲရဲပင် ဝင်လာခဲ့သည်။

ဝင်လာခဲ့ရာမှ ညက သူ့အား လာ၍ လုပ်ကြံကြသော ...များ ရှိနေ,မနေကိုလည်း သတိထား၍ ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သူကိုမှ မတွေ့ရလျှင် ပြာသိုလည်း စိတ်အေးသွား သည်။

အိမ်ရှေ့ တိုက်တံခါး ပိတ်ထားသည်ကို မြင်ရ၍ ပြာသိုမှာ နောက်ဖေးခန်းမှ လှည့်၍ဝင်ရန် အကြံဖြင့် နောက်ဖေးဘက်သို့ လျှောက်သွားသည်။

နောက်ဖေးခန်းတွင် အိမ်ဖော်ကြီး ဦးငွေကို တွေ့ရသည်။

"ဦးလေး ဘိုဘိုတစ်ယောက် နိုးပြီလားခင်ဗျာ"

ပြာသို၏ အမေးကြောင့် ဦးငွေ၏စိတ်ထဲတွင် ဘိုဘို၏ သူငယ်ချင်းမှတ်ကာ ထွေထွေထူးထူး မေးမနေတော့ဘဲ ပြန် ပြောသည်။

"အေးကွဲ့၊ ဘိုဘို ထမင်းစားခန်းထဲမှာ လက်ဖက်ရည် သောက်နေတယ်၊ သွားလေ"

"ဟုတ်ကဲ့...ကျေးဇူးပဲ ဦးလေး"

ပြာသို ပြန်ပြောရင်း ဘိုဘိုရှိရာသို့ ထွက်သွားခဲ့သည်။

"အဟမ်း..."

ပြာသို၏ ချောင်းဟန့်သံကြောင့် လက်ဖက်ရည်နှင့် မုန့်ကို ခေါင်းငုံ့၍ စားသောက်နေသော ဘိုဘိုက ဖျတ်ခနဲ မော့ကြည့် သည်။

ပြာသိုကို တွေ့ရလျှင် တစ္ဆေသရဲမြင်ရသူအလား တုန်လှုပ် ချောက်ချားသွားတော့သည်။

ပြီးမှ ဣန္ဒြေကို ပြန်ဆယ်ရင်း လှမ်းမေးသည်။

"ဟော့ကောင်၊ မင်း...မင်း...ဘာသဘောနဲ့ ငါ့အိမ်ထဲကို ဝင်လာရတာလဲ၊ မင့်ကို ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲနိုင်တယ်



ဆိုတာ သိရဲ့လား"

"အလို ခင်ဗျားက ဥပဒေတွေ ဘာတွေ နားလည်သားပဲ ...ဟဲ ဟဲ ဟဲ"

ပြာသိုက မခိုးမခန့်ကလေး ပြုံးဖြဲရင်း ပြန်ပြောသည်။

"နားလည်တယ်ကွ၊ နားလည်တယ်၊ ငါဟာ မင်းထက် သည်း ပိုက်ဆံချမ်းသာတယ်၊ အဆင့်အတန်းလည်း မြင့်တယ်၊ ညာလည်း ပိုတတ်တယ်။ ဒီတော့ နားမလည်ဘဲ နေပါ့ မလား...ဟွင်း"

ဘိုဘို မျက်နှာထားတင်းတင်းဖြင့် ပြန်ပြောနေသည်။

"ဪ...ဪ...နားလည်သတဲ့လား၊ ဒါနဲ့များတောင် ညတုန်းက ကျွန်တော့်ကို လူငှားရိုက်ခိုင်းတာကရော တရား ဥပဒေနဲ့ လွတ်ကင်းသလားဗျာ...ဟဲ ဟဲ"

"ဘာကွ၊ ဘယ်သူက ရိုက်ခိုင်းလို့လဲ ပြောစမ်း"

ဘိုဘိုက လက်ဆုပ်လက်ကိုင် မိထားပါလျက် မုန်လာဥ လုပ်နေသည်။

"ဘယ်သူရှိရမှာလဲ၊ အခု ကျုပ်ရှေ့မှာ ရှိနေတဲ့ သူဌေးသား ကလေး ဘိုဘိုပေါ့...ဟဲ ဟဲ ခင်ဗျား ငြင်းချင်သေးသလားဗျ"

"ငြင်းရမယ်ကွ၊ ငါမှ မဟုတ်တာ၊ မင်း က ဘာသဘောနဲ့ အခုလို လာပြီး ယိုးစွပ်နေရတာလဲ။ ...ပုတ်ချင်လို့လားကွ... ဟင်"

"ဟား ဟား ဟား...တော်တော်လည်း ရယ်စရာကောင်းတဲ့ လူဗျာ၊ ကျုပ်ဟာ ဆင်းရဲပေမယ့် ခင်ဗျားတို့ သူဌေးသားတွေလို ငွေကို မဖက်မော့ပါဘူးလေ၊ ဒီမယ် ဟောဒါ ဘယ်သူ့စီးကရက်

www.burmeseclassic.com

www.burmeseclassic.com



ဘူးခွံလဲ၊ ပြောစမ်းပါဦး...ဟဲ ဟဲ"

ပြာသိုပြောရင်း ယမန်နေ့ညက ဘိုဘို လွှင့်ပစ်ထားခဲ့သော ဂျွန်ပလေးယား စီးကရက် ဘူးခွံကလေးကို ဘိုဘိုထိုင်နေသော စားပွဲခုံပေါ်သို့ ပစ်ချကာ ပြသည်။

စီးကရက် ဘူးခွံကို မြင်ရလျှင် ဘိုဘို ကွက်ခနဲ မျက် ပျက်သွားသည်။

"ကိုင်း...ငြင်းချင်သေးသလားဗျ၊ အဟဲ"

ပြာသိုက ဘိုဘို စားသောက်နေသော ပေါင်မုန့်ထောပ သုတ်များထဲမှ တစ်ချပ်ကို လှမ်းဆွဲကာ ခပ်တည်တည် စားနေသည်။

ဘိုဘိုက သူ၏ အပြုအမူကို မျက်လွှာပင့်ကာ တစ်ချ လှမ်းကြည့်ရင်း ပြန်ပြောသည်။

"ဟေ့ကောင်...ဒီစီးကရက်ဘူးခွံ တွေ့တာနဲ့ ငါလို့ မင်း ဘယ်လိုပြောနိုင်တာလဲ။ စီးကရက်ဆိုတာ ငါတစ်ယောက်တည် ဒီနိုင်ငံမှာ သောက်နေတာ မဟုတ်ဘူးကွ၊ သိလား"

"အာ...သိပ်ကိုသိတာပေါ့၊ ဒါပေမယ့် ဒီဂျွန်ပလေးယာ စီးကရက်မျိုးကိုတော့ ခင်ဗျား တစ်ယောက်တည်းသာ သောက် တာလေ"

"ဟေ...ငါတစ်ယောက်တည်းပဲ မြန်မာပြည်မှာ ဂျွန်ပလေ ယား သောက်တယ်တဲ့လား၊ ဟားဟားဟား၊ အတော်လည် ရယ်စရာကောင်းတဲ့ ကောင်ကွ...ဟွန်း"

"ခင်ဗျားကို မြန်မာပြည်မှာ တစ်ယောက်တည်း ဂျွန်ပလေ ယား သောက်တယ်လို့ ကျုပ်က ပြောနေလို့လား။ ဟော





ီးကရက်ဘူးခွံဟာ ကျုပ်တို့အရပ်မှာ ဘယ်သူမှ သောက်ကြ တာ မဟုတ်လို့ ခင်ဗျားသောက်တဲ့ စီးကရက်ဘူးခွံလို့ ပြောနေ တာဗျ"

"ဟွန်း...ငါသောက်တဲ့ စီးကရက်ဘူးခွံ ဆိုပေမယ့် မင်းတို့ အရပ်ကို ငါက ဘာကိစ္စရှိလို့ သွားရမှာလဲ၊ ဒီစီးကရက်ဘူးခွံ ဟာ လူတစ်ယောက်ယောက်က လမ်းမှာ တွေ့ခဲ့ရလို့ ကောက်ယူ လာတာရော မဖြစ်နိုင်ဘူးလား"

"ဒီမယ် ကိုယ့်လူ၊ ဘာမှ ဆင်ခြေတွေ၊ မြင်းခြေတွေ လုပ်မနေနဲ့၊ ဒီစီးကရက်ဟာ ခင်ဗျားဘူးခွံ မဟုတ်ဘူးပဲထား၊ ကျုပ်ကို ညတုန်းက လူမိုက်တွေ ငှားပြီး အရိုက်ခိုင်းတာကတော့ ခင်ဗျားမှ ခင်ဗျားအစစ်၊ ရေမရောဘူးဗျ...သိလား"

"ဟေ့ကောင်...ငါ့ကို မဟုတ်တာတွေ ပြောပြီး စွပ်စွဲမနေ နဲ့ကွ"

ဘိုဘို ဟန်လုပ်ကာ ဒေါလုံး မောလုံးဖြင့် ပြန်ပြောနေ သည်။

"စွပ်စွဲနေတာ မဟုတ်ဘူး၊ အတိအလင်းကို ပြောနေတာ ဗျ...သိလား"

"ဘာအတိအလင်း ပြောနေတာလဲ၊ ဟေ့ကောင် ငါ့ကို လာပြီး ဒေါသဖြစ်အောင် လုပ်မနေနဲ့၊ အခု ငါ့အခန်းထဲက ထွက်သွားစမ်း...နို့မို့ ငါလုပ်မိလိမ့်မယ်"

ဘိုဘို ဒေါသတကြီးဖြင့် ထိုင်နေရာမှ ထရပ်ရင်း ပြာသို အား နှင်နေသည်။

ပြာသို မခိုးမခန့်ပြုံးကလေးဖြင့် ကြည့်ရင်း ဆက်ပြောနေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ခင်ဗျား နှင်နေစရာ မလိုပါဘူးလေ၊ ကျုပ်ကလည်း ခင်ဗျားရဲ့ အပြစ်တွေကို အလျော်ယူပြီးရင် ပြန်မှာပါပဲ၊ ဒီတော့ အလျော်ကလေးမှော့ ယူသွားပါရစေဦးနော်...ဟဲ ဟဲ"

"ဘာအလျော်လဲ၊ မင့်ကို တစ်ပြားမှ မပေးနိုင်ဘူး သိလား။ မျှော်မနေနဲ့"

"အို...အို...နိုး...နိုး...ကျွန်တော်ပြောတဲ့ အလျော်ဆိုတာ ငွေကြေးကို ပြောနေတာ မဟုတ်ဘူးလေ၊ ခင်ဗျားတို့ ပိုက်ဆံဝါလားတွေကလည်း တဆိတ်ရှိ ငွေစကားတွေကိုပဲ ပြောနေတာ ကိုးဗျ...ဟား ဟား ဟား"

"ဒါဖြင့် ဘာအလျော်လဲ၊ ပြောစမ်း"

"အလျော်ဆိုတာက ယောဒီဟာပါပဲဗျာ...ကဲ...ရော့"

ပြာသို ပြောပြောဆိုဆိုနှင့် ဘိုဘို၏ မျက်နှာဆီသို့ သူ၏ ညာဝိုက်လက်သီးတစ်လုံးကို ပစ်သွင်းလိုက်သည်။

'ခွပ်'ဟူသော မြည်သံနှင့်အတူ ဘိုဘိုမှာ နောက်ဘက်ရှိ ကုလားထိုင်ပေါ်သို့ ဖင်ထိုင်လဲကျသွားရာမှ လူရော ကုလားထိုင်ပါ ကြမ်းပြင်ပေါ်သို့ နောက်တစ်ဆင့် ထပ်မံ၍ လဲကျသွားသည်။

ဘိုဘိုမှာ လဲကျနေရာမှ အမြန် ပြန်ထသည်။

သူ၏ နှုတ်ခမ်းမှာလည်း ပြာသို၏ လက်သီးဒဏ်ကြောင့် ဟက်တက်ကွဲကာ သွေးများ ဒလဟော စီးကျလာနေသည်။

"ဟင်...ဟင်...မင်း...မင်း ငါ့ကို ဘာမတရား လာအနိုင်ကျင့်တာလဲဟင်..."

အသားနာသွား၍ ဘိုဘို ဒေါပွကာ ပြာသိုကို ဆဲဆိုနေသည်။

"အနိုင်ကျင့်တာ မဟုတ်ဘူးလေ၊ ခင်ဗျားက မိန်းမလို ...းမရ လူမိုက်တွေ ငှားပြီး ကျုပ်ကို ရိုက်ခိုင်းလို့ အပြစ်ပေး...တာ။ ခင်ဗျား သတ္တိရှိရင် ကျုပ်ကို ပြန်တီးပါလား၊ ဘာလို့ ...မများလို ဆဲနေတာလဲ၊ ကဲ... လာဗျာ၊ အပျင်းပြေ ...ာက်ဆင်ပလေးကြရအောင်...ဟဲ ဟဲ"

ပြာသို ပြောရင်း မိုဟာမက်အလီ၏ ဟန်မျိုးဖြင့် ဘိုဘို...း လက်ဝှေ့ရေး ပြနေသည်။

ဘိုဘိုမှာ ပြာသိုနှင့် ယှဉ်လျှင် သူ့ပဲနာမည်ကို သိနေ၍ ...မလုပ်ရဲပေ။

"ဟေ့ကောင် မင်းနော် ငါ့ကို လာစော်ကားမနေနဲ့၊ ထောင် ...သွားမယ် သိလား"

"ဟား ဟား ဟား ခင်ဗျားကများ တစ်ပြန်စီး ပြောနေရ ...သေးသလား။ ကျုပ် ထောင်ကျရင် ခင်ဗျားရော မကျဘဲ ...မလား"

"တော်ကွာ၊ မင်း အခန်းထဲကသာ ထွက်သွား၊ နို့မို့ ...လူတွေကို အော်ခေါ်ပြီး ဆွဲထုတ်ရလိမ့်မယ်"

"ဒါဖြင့်ရင်လည်း ခေါ်လိုက်လေ၊ ခင်ဗျားနဲ့ ဘောက်ဆင် ...လေးရတော့လည်း ခင်ဗျားတပည့်တွေနဲ့ ပလေးရသေးတာ ...ပဲ။ ခေါ်စမ်းဗျာ၊ အချိန်ဆွဲမနေနဲ့"

ပြာသို၏စကားကြောင့် ဘိုဘိုမှာ သူ၏လူများကို အသံ...ကျယ်ကျယ်ဖြင့် ခေါ်နေသည်။

"ဟေ့...ဖိုးတင်နဲ့ ဦးငွေ၊ ဒီကို လာကြစမ်းဗျာ"

ဘိုဘို၏ခေါ်သံကြောင့် ပထမဆုံး ရောက်လာသူမှာ ဦးငွေ။

www.burmeseclassic.com

www.burmeseclassic.com



ပြာသိုကတော့ အခန်းတွင်းသို့ အူကြောင်ကြောင်ဖြင့် ရောက်လာသော ဦးငွေအား ပြုံးကြည့်နေသည်။

ဦးငွေမှာလည်း နှုတ်ခမ်းတွေ သွေးအလူးလူးဖြစ်နေသော ဘိုဘိုအား တစ်လှည့်၊ ပြာသိုအား တစ်လှည့်ကြည့်ကာ အံ့ဩမဆုံး ဖြစ်နေသည်။

ဦးငွေရောက်ပြီး ဖိုးတင်ဆိုသူ ပြာသို့အရွယ် လူငယ်တစ်ဦးလည်း အပြေးကလေး ရောက်လာသည်။

သူကတော့ မည်သည်ကိုမှ အကဲခတ်ခြင်းမရှိဘဲ ရောက်သည်နှင့် တစ်ပြိုင်နက် ဆရာဖြစ်သူကို လှမ်းမေးသည်။

"ဆရာ ဘာခိုင်းမလို့လဲခင်ဗျာ၊ ကျွန်တော် ဝမ်းနုတ်ဆေးစားထားလို့ အိမ်သာတက်ချင်သေးတယ် ဆရာ"

ဘိုဘိုမှာ ဖိုးတင်၏စကားကြောင့် ဒေါပွသွားတော့သည်။

"တယ်...မင်း အိမ်သာတက်ချင်တာကို ဦးစားပေး သလား၊ သွား...ဟောဒီကောင်ကို ဆွဲထုတ်သွားစမ်း၊ ဒီကော ငါ့ကို လာစော်ကားနေတယ်။ ဦးငွေရော လုပ်လေဗျာ၊ ဘာ နေတာလဲ"

ဘိုဘိုမှာ ဖိုးတင်ကို ပြောနေရာမှ ဦးငွေကိုပါ ဒေါသတကြီး အော်ပြောသည်။

"ကျုပ်...ကျုပ် ဘာလုပ်ရမှာလဲ ဆရာလေး"

ဦးငွေ အူကြောင်ကြောင်အသံဖြင့် ပြန်မေးနေသည်။

"တယ်...ပြောလိုက်ရ မကောင်းဘဲနေရှော့မယ်၊ ခင်ဗျာ သမီးရဲ့လင်၊ ဟောဟိုက ခင်ဗျား သမက်ကို ဆွဲထုတ် ပြောနေတာ၊ သိပြီလား"



ဘိုဘို ဒေါသထွက်ထွက်နှင့် ဦးငွေအား အော်ပြောသည်။

"ဟာ...ဆရာလေးကလည်း သူဟာ ကျုပ်သမက် မဟုတ် ဘူးလေ၊ ကျုပ်သမက်က ဖျာပုံမှာပါ၊ နာမည်က ခင်မောင် ထွတ်တဲ့၊ သူ မဟုတ်ဘူးလေ"

ဦးငွေ၏စကားများကြောင့် ဘိုဘိုမှာ ဒေါသကို မချုပ်နိုင် တော့ဘဲ စားပွဲပေါ်တွင် ရှိနေသော ပန်းကန်ပြားဖြင့် ဦးငွေအား မ်းခနဲမြည်အောင် ပစ်ပေါက်သည်။

ဦးငွေက ခေါင်းကို အသာငုံ့ရှောင်လိုက်၍ မထိပေ။

တစ်ဖက်နံရံသို့သာ ပန်းကန်ပြားမှာ သွားထိပြီး အစိတ်စိတ် မွှာမွှာ ကွဲသွားတော့သည်။

သွားကြစမ်း၊ ခင်ဗျားတို့တစ်တွေ အလကားလူတွေ၊ ဘာမှ ားမကိုးရဘူး၊ အခု ထွက်သွားကြ"

ဘိုဘို၏စကားအတိုင်း ဖိုးတင်နှင့် ဦးငွေတို့မှာ အခန်းတွင်းမှ ပြေးထွက်သွားကြသည်။

ပြာသိုကတော့ တဟားဟားဖြင့် ရယ်နေတော့သည်။

"ဟေ့ကောင်...မင်းက ဘာလို့ရယ်နေရတာလဲ"

ဘိုဘို ဒေါသခိုးတွေလျှံကာနေသော မျက်လုံးကြီးဖြင့် လှမ်းကြည့်ကာ မေးသည်။

"သဘောကျလို့လေ"

"မင်း ဘာမှ သဘောကျနေစရာ မလိုဘူး၊ မင်းလည်း အခန်းထဲက သွားပေတော့"

"အဟဲ...ကျုပ်ကိုတော့ စောစောက ခင်ဗျား အခိုင်းအစေ တွေလို လွယ်လွယ်နဲ့ နှင်လို့မရဘူးလေ၊ ကျုပ်သွားချင်မှ သွား

www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့"

"သြော်...မင်းက ဒီလိုလား...ဟဲဟဲ၊ စောစောက ငါ သတိလစ်သွားလို့ ခံရတာပါ။ ဒီတစ်ခါတော့ မလစ်တော့ဘူး၊ ကိုင်းကွာ"

ဘိုဘို ပြောရင်း စားပွဲပေါ်တွင် ရှိနေသေးသော လက်ဖက်ရည် ပန်းကန်လုံးနှင့် ရုတ်တရက် ကောက်၍ ပြာသို၏ မျက်နှာကို ပေါက်လိုက်သည်။

အာရမည်နည်း။

ပြာသိုကလည်း အမြန်ပင် သူ့ဆီသို့လာနေသော လက်ဖက်ရည်ပန်းကန်လုံးကို ခေါင်းကလေးငုံ့၍ ရှောင်ပေးလိုက်သည်။

ထိုလက်ဖက်ရည် ပန်းကန်လုံးမှာလည်း စောစောက ပေါင်မုန့်ထောပတ်သုတ် ထည့်ထားသော ပန်းကန်ပြားအတိုင်း နံရံနှင့် မိတ်ဆက်ကာ နှစ်ခြမ်းကွဲသွားခဲ့သည်။

သို့သော် ပြာသိုမှာ လက်ဖက်ရည်ပန်းကန်လုံးကိုသာ ရှောင်နိုင်သည်။

ထိုလက်ဖက်ရည်ပန်းကန်လုံးထဲတွင် တစ်ဝက်ခန့် ကျန်နေသော လက်ဖက်ရည်များကိုတော့ မရှောင်နိုင်သဖြင့် သူ၏ ရှပ်အင်္ကျီအဖြူကလေးမှာ လက်ဖက်ရည်များ ပေကျံကုန်တော့သည်။

ပြာသိုလည်း သူ့အင်္ကျီ လက်ဖက်ရည်များ စွန်းထင်းကုန်၍ ဒေါသထွက်သွားတော့သည်။

"ဟင်...ခင်ဗျားက ကျုပ်ရဲ့ မရှိမဲ့ ရှိမဲ့ ရှပ်အင်္ကျီကို ပစ်ရအောင် လုပ်တယ်ပေါ့လေ။ ကိုင်း...ဒီလောက်တောင် ရှိလှတာ



ခင်ဗျားအင်္ကျီကိုလည်း သွေးစွန်းအောင် လုပ်မယ်"

ပြာသို ပြောရင်း ဘိုဘိုရှိရာသို့ ပြေးသွားသည်။

ဘိုဘိုမှာ ပြာသို ဒေါသထွက်သွားမှန်း သိရလျှင် နေရာတွင် မနေရဲတော့ဘဲ ကြောက်အားလန့်အားဖြင့် အော်ဟစ်ကာ အခန်းတွင်းမှနေ၍ အပေါ်ထပ်သို့ တက်ပြေးသွားတော့သည်။

လာကြပါဦးဗျို့၊ ကျုပ်ကို ပြာသိုဆိုတဲ့ လူမိုက်ကြီးက သတ်တော့မလို့ဗျ၊ ကယ်ကြပါဦး"

ဘိုဘို၏ အော်ဟစ်သံကြောင့် ပြာသိုမှာ ဆက်မလိုက်တော့ပေ။

တက်တစ်ချက်ကိုသာ ခေါက်ရင်း သူ့ရဲဘောကြောင်လှသော ဘိုဘိုအား ဒေါသရောင်သမ်းနေသော မျက်နှာဖြင့် လှမ်းကြည့်နေသည်။

"ထွီ...အလကားကောင်၊ ယောကျ်ားဖြစ်ပြီး သတ္တိဆိုလို့ တစ်စက်မှမရှိဘူး၊ မင်းလိုကောင်မျိုးကို ရိုက်နေရင် ခွေးတစ်ကောင် ရိုက်ရသလို ဖြစ်နေမှာပဲ။ အေး...နောက်တစ်ခါ ငါ့ကို ကြေးစားလူမိုက်တွေနဲ့ လွှတ်ပြီးတော့ အရိုက်မခိုင်းနဲ့၊ ဒီတစ်ခါ အရိုက်ခိုင်းရင်တော့ မင်း သေပြီသာ မှတ်ပေတော့ ဘိုဘို၊ ကြားလား"

ပြာသို ဒေါသသံဖြင့် ဘိုဘိုရှိရာသို့ လှမ်းကြည့်ကာ ကြိမ်းဝါးပြီး သူလည်း အိမ်ခန်းတွင်းမှ အပြင်သို့ ထွက်လာခဲ့သည်။

❖

www.burmeseclassic.com

www.burmeseclassic.com



( ရှစ် )

## မမျှော်လင့်ဘဲ တွေ့သူရယ်

ဘိုဘို၏ ခြံအပြင်သို့ ရောက်ပြီး လေးငါးလှမ်းမျှ လျှောက်ရသေးသည်။

သူ၏နောက်ဘက်မှ ကားတစ်စီး ဝူးခနဲထိုးရပ်လာသည်။ ပြာသို ဖျတ်ခနဲ လှည့်ကြည့်သည်။

"အစ်ကို"

ကားတွင်းမှ ပန်းကြာဖြူ၏ အသံကလေး ပေါ်လာသည်။ ပြာသိုလည်း ဝမ်းသာစိတ်တွေ ပြည့်လျှံသွားသည်။

"ဟင်...ပန်းကြာဖြူ"

ပြာသို ပြန်နှုတ်ဆက်ရင်း ကားတွင်းမှ လူများကို အကဲခတ်လိုက်သည်။

ပန်းကြာဖြူနှင့်အတူ အမျိုးသမီးလေး တစ်ဦးပဲ ပါသည်။



ထိုအမျိုးသမီးကလေးမှာ ပန်းကြာဖြူနှင့် သက်တူရွယ်တူပင် ဖြစ်ဦးမည်။

ကားကိုလည်း ထိုအမျိုးသမီးကလေးကပင် မောင်းသည်။ ကားကတော့ ဖင်မလီယာကားကလေးသာ ဖြစ်သည်။

"ဒါ...ဘယ်က ပြန်လာတာလဲ အစ်ကို"

ပန်းကြာဖြူ ဆက်၍ မေးနေသည်။

"ဘယ်က ပြန်လာရမှာလဲ၊ ဟိုအကောင် လူယုတ်မာဆီကပေါ့"

"ဟောတော့...သူနဲ့ အစ်ကို ပြန်ဆက်နေပြန်ပြီလားဟင်"

ပန်းကြာဖြူ အလိုမကျဟန်နှင့် မျက်နှာလေးအိုအိုဖြင့် မေးနေသည်။

"ဘယ်ကလာ ဆက်ရမှာလဲ၊ မနေ့ညတုန်းက ငါ့ကို ဒီကောင်က ကြေးစားလူမိုက်တွေနဲ့ လွှတ်ပြီး အရိုက်ခိုင်းလို့လေ"

"ဒါဆို အစ်ကို့မှာ ဒဏ်ရာများ..."

"စိုးရိမ်မနေစမ်းပါနဲ့ကွာ၊ ငါ့မှာ ဘာဒဏ်ရာမှ မရပါဘူး"

"ဒို့...အစ်ကို့စပို့ရှပ်အင်္ကျီမှာ ဒပေကျံနေတာတွေကရော၊ သွေးတွေ ခြောက်သွားလို့ ပေနေတာ မဟုတ်လား"

"အာ...အဲဒါလည်း မဟုတ်ပါဘူးလေ၊ ဒါတွေက စောစောတုန်းက ဟိုကောင် ဘိုဘိုက လက်ဖက်ရည်တွေ ရှိနေတဲ့ လက်ဖက်ရည်ပန်းကန်လုံးနဲ့ ပေါက်လိုက်လို့ ပေသွားတာပါ"

"ဒါဆို အစ်ကိုဟာ သူ့ကို ဘာလုပ်ခဲ့သလဲဟင်၊ သူ့တော်များ ခယ်နေသည်။ ဒီမ အသည်းတုန်လိုက်တာ အစ်ကိုရယ်"

ထိုအခါကျမှ ပြာသို၊ ဒီကောင်မျိုးသတ်ရင် ခွေးတစ်ကောင်

www.burmeseclassic.com

www.burmeseclassic.com



သတ်သလိုပဲ နေမှာပေါ့။ အလကားကောင်၊ သတ္တိကျော
နှမ်းတစ်စေ့လောက်တောင် မရှိဘူး။ ငါက သူ့ကို ထိုးမယ်လ
တော့ အော်ဟစ်ပြီး သူ့အပေါ်ထပ် ထွက်ပြေးတယ်လေ။ ဒ
ငါလည်း ဘာမှဆက်မလုပ်တော့ဘဲ အခုလို ပြန်ခဲ့တာပဲ"

ပြာသို ရှင်းပြနေသည်။

"ဒီ[illegible]ဆို အစ်ကို ကားပေါ်တက်လေ"

"ဟေ...ငါက ဘာကိစ္စ မင်းတို့ကားပေါ် တက်ရမှာလ
မင်းတို့ဘာသာ သွားကြပါလေ"

ပြာသို ငြင်းနေသည်။

"အို...အစ်ကိုကလည်း မဟုတ်တာပဲ၊ တက်သာ တ
စမ်းပါ၊ အစ်ကို့ကို ညီမ အခုနေတဲ့ အိမ်ကို ခေါ်သွားမလို့
ကဲ...လာပါ၊ ဒါပဲနော်...တက်ရင်တက် မတက်ရင်တော့ ညီ
ထိုင်ငိုပစ်လိုက်မှာ သိလား"

ပန်းကြာဖြူ ပြောရင်း ဖင်မလီယာကားတံခါးကို ဖွင့်
ဆင်းသည်။

တစ်ဖက်ရှိ အမျိုးသမီးကလေးကတော့ သူတို့ ပြောနေပုံ
နှားထောင်ရင်း ပြုံးနေသည်။

ပြာသိုမှာ ပန်းကြာဖြူ စကားများကြောင့် ဘက်၍ မငြင်
ရဲတော့ပေ။

"တယ်ခက်တာပဲ၊ မင်းက ဘာဖြစ်လို့ ငါ့ကို အိမ်ခေါ်ချ
ရတာလဲ၊ ငါဟာ ကလေကချေကောင်ပဲကွာ၊ ဒုက္ခ
ရှာတာပဲ"

ပြာသို ညည်းညူသံပေးရင်း ပန်းကြာဖြူ ဘေးမှ



ထိုင်ခုံတွင် အသာဝင်ထိုင်သည်။

"ဒုက္ခရှာတာတော့ ဘယ်ဟုတ်မလဲ၊ ကိုယ့်ကျေးဇူးရှင်မို့
ပြုစုချင်လို့ခေါ်တဲ့ဟာ၊ ပြီးတော့ ညီမတို့က လူတန်းစား မခွဲခြား
တတ်ပါဘူးလေ၊ လူချင်းအတူတူပဲ မဟုတ်လားလို့"

ပန်းကြာဖြူက သာလီကာမကလေးအလား သွက်သွက်
လက်လက်ဖြင့် ပြာသို၏ စကားများကို ချေပနေသည်။

"ဟော့မိဖြူ...ကိုယ် ကားကို ဘယ်မောင်းရမှာလဲ၊ ရှေ့လား၊
နောက်လား...ပြောစမ်း...ခိခိ"

ပန်းကြာဖြူ၏ သူငယ်ချင်းက ကားစက်ကို ပြန်နှိုးရင်း
မေးနေသည်။

"အိုကွာ လှသူဇာကလည်း အိမ်ကိုပဲ 'ဘက်ခ်'ဆုတ်ပြီး
မောင်းကွာ၊ အိမ်မှာက ယူ့မိဘတွေ မရှိဘူး မဟုတ်လား"

"အိုကေ...မင့်သဘောအတိုင်းပါပဲကွာ"

လှသူဇာက ပြန်ပြောရင်း ကားကို ဘိုဘိုတို့ခြံဝသို့ နောက်
ဆုတ်သည်။

ပြီးတော့မှ သူ၏အိမ်ဘက်သို့ ပြန်လည်မောင်းထွက်သွား
သည်။

ပန်းကြာဖြူ က ပြာသိုအား သူ့သူငယ်ချင်း
နှင့် မိတ်ဆက်ပေးလေ သည်။

သူငယ်ချင်းနဲ့ မိတ်ဆက်ပေး

ပန်းကြာဖြူမှာ ပြာသို၏ အဖြစ်ကို ညီမနေနေတဲ့ အိမ်က
သော ...ပဲ"
ယ်နေသည်။

ထိုအခါကျမှ ပြာသိုမှာ ကားပေါ်မှ ဆင်းလာ

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ညီမ. . . .မင်းဒိုမနေနဲ့၊ မင့်ကို ငါ ဘာမှမလုပ်ဘူး
သဘောရိုးနဲ့ လာကယ်နေတာ၊ စောစောကကိစ္စတွေ မေ့ပစ်
လိုက်"

ဘိုဘို၏အခန်းထဲသို့ ရောက်လာသော ဒုတိယကယ်တင်
ရှင်က ပန်းကြာဖြူကို လှမ်း၍ အားပေးနေသည်။

ထိုအားပေးမှုကို ပန်းကြာဖြူကတော့ ပွဲထဲမှ လူပြက်များ
ပြော...ချော်နှင့် ပြောသလို "ယုံရမှာလားအာကို"ဟူ၍သာ
ပြန်ပြောလိုက်ချင်သည်။

ဘိုဘိုမှာ ကြမ်းပြင်ပေါ်တွင် လဲကျနေရာမှ အားယူထရင်း
သူ့အား လာ၍ နှောင့်ယှက်သူကို ကြည့်မိသည်။

"ဟင်. .ပြာသို မင်း. . .မင်း ဘာလာလုပ်တာလဲဟင်"

ဘိုဘို၏အသံမှာ စားမာန်ခုပ်နေသော အသံမျိုး ဖြစ်နေ
သည်။

"ဘာလုပ်ရမှာလဲ၊ ခင်ဗျားကြီးလုပ်ပုံ လွန်မဆန်လို့ လာ
တာပဲ"

'ပြာသို'ဟူ၍ အခေါ်ခံလိုက်ရသူက ဒေါသသံဖြင့် ပြန်ပြော
နေသည်။

"ဘာလွန်မဆန်တာလဲ။ ဒါဟာ မင့်အလုပ်မဟုတ်ပါဘူးလေ၊
မင်းသာ ငါ့အခန်းထဲက အခုထွက်သွားစမ်းပါ"

"မသွားပါဘူး၊ လာကတည်းက ထွက်သွားဖို့ လာခဲ့တာမှ
မဟုတ်ဘဲ၊ ခင်ဗျားကို ဆုံးမဖို့ ပြန်လာခဲ့တဲ့ဟာ. . .ဟွန်း"

ပြာသိုက လက်နှစ်ဖက်ကို ခါးတွင်ထောက်ရင်း ပြန်ပြော
နေသည်။



"အို. . .မဟုတ်တာပဲ၊ ကိုယ့်ကျေးဇူးရှင်တစ်ယောက်ကို အိမ်
ခေါ်လာပြီး ဘာမှမကျွေးဘဲ ပြန်လွှတ်ရမှာလားလို့ မရဘူး၊
...းပြီးမှကို ပြန်ရမယ်"

ပန်းကြာဖြူက ဇွတ်ပင် ပြောနေသည်။

"အင်း. . .ငါ့ညီမက ဇွတ်ကျွေးနေတာကိုး၊ အိမ်က ငါ့ညီမ
...မ်မှ မဟုတ်ဘဲ၊ လှသူဇာရဲ့အိမ်မို့ သူက သဘောတူပါ့မလား
...ဟဲဟဲ"

ပြာသိုက လှသူဇာအား ကျီစယ်လိုသော သဘောဖြင့် ...
...ခြင်းပင်။

ဟာ. . .စိတ်ချအစ်ကိုရေ၊ လှသူဇာကလည်း ကျွေး...
...က ပန်းကြာဖြူနဲ့က သူငယ်ချင်းသာဆိုတယ်၊ ...
...စ်နေကြသူတွေပါ"

လှသူဇာပြောရင်း မောင်းလာသော က...
...ပါတိုကိုအောက်တွင် အသာရပ်သည်။

ကားရပ်အပြီးတွင် ကားပေါ်မှ လှသူဇာရော ပန်းကြာဖြူ
...ါ ကားတံခါး ဖွင့်၍ ဆင်းခဲ့ကြသည်။

ပြာသိုကတော့ မဆင်းသေးဘဲ ကားပေါ်မှာသာ ကျန်ရစ်
...နေသည်။

"ဟေး. . .အစ်ကို ဆင်းလေ၊ ဒါက ဘာလုပ်နေတာလဲလို့
...ခဲ့"

ပန်းကြာဖြူမှာ ပြာသို၏ အပြစ်ကို ကြည့်ကာ ပြောပြီး
...ယ်နေသည်။

ထိုအခါကျမှ ပြာသိုမှာ ကားပေါ်မှ ဆင်းလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းကြာဖြူက ပြာသိုအား ဧည့်ခန်းဘက်သို့ ခေါ်သွား...သည်။

လှသူဇာမှာမူ နောက်ဖေးခန်းသို့ ဝင်သွားပြီး အိမ်ဖော်မ... အား ပြာသိုကို နံနက်စာကျွေးမွေးရန် ကျောက်မြောင်းဘက်တွ... ရှိ တရုတ်စားသောက်ဆိုင် တစ်ဆိုင်မှ ဟင်းလျာများကို သွား... ဝယ်ရန် ဆရာစံငွေစက္ကူတစ်ရွက်ကို ထုတ်ပေးပြီး ခိုင်းနေသည်...

သူတို့အိမ်တွင် လူကြီးများ မရှိကြ၍ နံနက်စာကို အိမ်တွ... ချက်မခိုင်းတော့ဘဲ သူငယ်ချင်းနှစ်ယောက် ဆိုင်တွင် စားကြ... စီစဉ်ထားခဲ့ကြသည်။

ယခုမူ ပြာသိုနှင့် လမ်းတွင် မမျှော်လင့်ဘဲ တွေ့ခဲ့ကြ... အိမ်တွင် နံနက်စာ ကျွေးဖို့ရန်မှာ ဆိုင်မှ ဟင်းလျာများဝယ်... ဖြစ်တော့မည်မို့ ဝယ်ခိုင်းနေခြင်းပင်။

ကဲ...အစ်ကို အိမ်ကတော့ မြင်တဲ့အတိုင်းပဲ၊ လူကြီးတွေ... မရှိကြဘူး။ ညီမတို့ လူငယ်တွေချည်းပဲမို့ အစ်ကို့အနေ... လွတ်လွတ်လပ်လပ် နေနိုင်ပါတယ် နော်”

ပန်းကြာဖြူက ပြာသိုအား ဧည့်ခန်းတွင်းရှိ ဆက်တီ... ပေါ်တွင် ထိုင်ခိုင်းအပြီး၌ ပြောနေခြင်းပင်။

“အင်း...”

ပြာသိုကတော့ ‘အင်း’တစ်လုံးသာ ပြန်ပြောသည်။

“ဪ...အစ်ကို အင်္ကျီချွတ်လိုက်စမ်းပါ”

“ဟင်...”

ပန်းကြာဖြူ၏ စကားကြောင့် ပြာသို အံ့သြသွားသည်။

“အစ်ကိုကလည်း အစ်ကို့ကိုယ်ပေါ်က ရှပ်အင်္ကျီ ချွတ်လို...



...းပါ ဆိုမှပဲ”

ပန်းကြာဖြူ စိတ်မရှည်သံဖြင့် နောက်တစ်ကြိမ် ထပ်ပြောနေသည်။

“နေစမ်းပါဦး၊ အင်္ကျီချွတ်ခိုင်းတာက ဘာလုပ်မလို့လဲ၊ ...ကိုများ မောင်စကြဝဠာ မှတ်ပြီး ကာယအလှ ပြခိုင်းမလို့ ...အား ညီမရ...ဟား ဟား ဟား”

ပြာသို ပြောပြီး ရယ်နေသည်။

“အာ...အစ်ကိုကလည်း နောက်ပြီ၊ ဒါကြောင့်မဟုတ်ပါဘူး၊ ...စ်ကို့ရှပ်အင်္ကျီပေါ်မှာ ပေနေတဲ့ လက်ဖက်ရည်ကွက်တွေကို ...ပျောက်သွားအောင် ညီမ လုပ်ပေးမလို့ပါလေ”

“နေပါစေကွာ၊ ဒုက္ခမရှာပါနဲ့”

“ဘယ့်နှယ် ဒုက္ခမရှာပါနဲ့လဲ၊ ညီမမှာ အစွန်းအထင်းပျောက် ...တဲ့ ဆေးရှိလို့ ပြောနေတာ၊ ကဲပါ...ချွတ်စမ်းပါ”

ပန်းကြာဖြူက အတင်းပင် အင်္ကျီကို ချွတ်ခိုင်းနေ၍ ...ပြာသိုမှာ ဆက်၍ ငြင်းမနေတော့ဘဲ ခါးမှ ရှပ်အင်္ကျီကို ချွတ်နေရ ...တော့သည်။

ပြာသိုမှာ နွမ်းပါးသူမို့ ရှပ်အင်္ကျီအောက်တွင် စွပ်ကျယ်ကို ...ဝတ်မထားနိုင်ပေ။

ယခုခေတ် စွပ်ကျယ်ဈေးကလည်း သေးလှသည်မဟုတ်ပေ။ မြန်မာဖြစ်ပင် လက်ပြတ်ဆိုလျှင် တစ်ဆယ့်လေးကျပ်မှ ...နှစ်ဆယ့်ငါးကျပ်အထိ ရှိသည်။

နိုင်ငံခြားဖြစ်ဆိုလျှင်တော့ သုံးဆယ်အထိ ရှိနေသည်။

သည်တော့ ပြာသိုလို လူမျိုးအဖို့ စွပ်ကျယ်ကို အတွင်းတွင်

www.burmeseclassic.com

www.burmeseclassic.com



ခံ၍ ဝတ်ချင်သော်လည်း မဝတ်နိုင်ရှာပေ။

ယင်းသို့ မဝတ်နိုင်၍လည်း ပြာသိုက ကိုယ်ပေါ်မှ ရှပ်အင်္ကျီ ချွတ်၍အပြီးတွင် ကိုယ်တုံးလုံးကလေး ဖြစ်သွားတော့သည်။

"ဟောတော့…ဒါက ဘယ်လိုဖြစ်ကြတာလဲ"

ပြာသို အင်္ကျီချွတ်အပြီးတွင် လှသူဇာ ရောက်လာ၍ လှမ်း မေးနေခြင်းပင်။

ပန်းကြာဖြူမှာမူ အတွင်းတွင် စွပ်ကျယ်မရှိဘဲ ကိုယ်တုံးလုံး ကလေးနှင့် ဖြစ်နေသော ပြာသို၏ အဖြစ်ကို ကြည့်ပြီး ရယ်နေ သည်။

"ဖြစ်ဆို ဟောဒီက မင်းရဲ့သူငယ်ချင်းက ရှပ်အင်္ကျီပေါ်က အစွန်းအထင်းတွေ လုပ်ပေးချင်လို့ ချွတ်ဖို့ အတင်းပူဆာတာနဲ့ ချွတ်ပေးလိုက်တာပါပဲကွာ…အဟဲ"

လှသူဇာမှာလည်း ပြာသို၏ စကားကို နားထောင်ရင်း ပြုံးနေမိသည်။

ပြီးတော့ ပန်းကြာဖြူဘက်သို့ လှမ်းပြောသည်။

"မင်းကလည်းကွာ၊ အစ်ကို့ကို ရှပ်အင်္ကျီ အတင်းချွတ်ခိုင်း ပြီး အစ်ကိုက ချွတ်ပေးတော့လည်း ရယ်နေတာကိုးကွ"

"ရယ်ဆို အစ်ကို အတွင်းခံစွပ်ကျယ်မှ မရှိဘဲကိုး၊ ဘာလို့ မဝတ်တာလဲ၊ အမေရိကန် ရုပ်ရှင်မင်းသားတွေကို အားကျလို့ လားဟင်…ပြောစမ်း…ခိခိ"

"မဟုတ်ပါဘူးကွာ၊ ငါလည်း စွပ်ကျယ်ကို ဝတ်ချင်တာ ပေါ့၊ ဒါပေမယ့် စွပ်ကျယ်ဈေးတွေက ခေါင်ခိုက်နေလို့ မဝတ်နိုင် တာပါ"



ပြာသို ရှင်းပြနေခိုက် ပန်းကြာဖြူမှာ ပြာသို၏ လက်မောင်း အထက်နားတွင် ရှိနေသော မွေးရာပါ မည်းမည်းအမှတ်ကြီးကို သွားမြင်သည်။

"ဟင်…အစ်ကို့လက်မောင်းမှာ အမှတ်ကြီးနဲ့ပါလား"

ပန်းကြာဖြူ အံ့သြသံကလေးဖြင့် ပြောနေသည်။

"ဒါ ဘာဖြစ်သလဲ ညီမရ၊ မွေးရာပါ အမှတ်ပဲဟာ"

ပြာသိုကတော့ ခပ်ပေါ့ပေါ့ပင် ပြန်ပြောနေသည်။

"ဟာ…ဒါဆို ဟန်ကျတာပဲ"

"ဟေ…"

ပန်းကြာဖြူ၏စကားကို ပြာသို နားမလည်နိုင်အောင် ဖြစ် သွားသည်။

သူ့လိုပင် လှသူဇာကလည်း နားမလည် ဖြစ်နေသည်။

"ဘာလဲ…ပန်းကြာဖြူရ၊ ဘာတွေ ဟန်ကျနေတာလဲ၊ ကိုယ်တောင် နားမရှင်းဘူး"

"အေး…ကိုယ်ရှင်းပြပါမယ်၊ ကိုယ့်အစ်ကိုကြီးဟာ တစ်ခါ လည်သား မရှိတရှိအရွယ်မှာ ဓားပြခေါင်းဆောင် ဗျူဟက ခိုးယူသွားခဲ့တယ် ဆိုတာကိုတော့ ဟိုတုန်းက ကိုယ်ပြောပြထားလို့ မင်း သိပြီးပြီ မဟုတ်လား"

"အေးလေ…အဲဒါတွေကိုတော့ ကိုယ်သိထားတာ ကြာပြီပဲ၊ မင့်အမေလည်း သူ့သားအတွက် အခုထက်ထိ စိတ်ထိခိုက် နေတုန်း ဆိုတာကိုလည်း ကိုယ် သိသားပဲ။ အဲဒါနဲ့ ဒီက အစ်ကိုရဲ့ လက်မောင်းက အမှတ်နဲ့ ဘာဆိုင်လို့လဲကွ"

"ဆိုင်ကြောင်းပြောပြမယ်လေ…ဒါပေမယ့် အစ်ကိုကတော့

www.burmeseclassic.com

www.burmeseclassic.com



ဟိုလွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်က အဖြစ်ကို ပြောပြမှ နားလည်မှာမို့ ကိုယ်ပြောပြရလိမ့်မယ်”

“အေးလေ...ဒါကို ကိုယ်သဘောပေါက်ပါတယ်၊ ဒီတော့ ပြောပြပေတော့”

လှသူဇာက အပြောခိုင်းလျှင် ပန်းကြာဖြူက သူ၏အစ်ကို အကြောင်းကို ပြာသို နားလည်အောင် ရှင်းလင်းပြောပြနေတော့သည်။

ပြာသိုမှာ ပန်းကြာဖြူ ပြောပြနေသည်ကို ပါးစပ်အဟောင်းသားဖြင့် နားထောင်နေသည်။

“ဒါဆိုရင် ငါ့ညီမရဲ့ အစ်ကိုကြီးဟာ မသေသေးဘူးပေါ့နော်”

“ညီမအထင် ပြောရရင်တော့ ဒီလောက် နှစ်ကြာနေမှတော့ သေပြီထင်တာပဲ အစ်ကိုရဲ့။ ဒါပေမယ့် ဖေဖေနဲ့ မေမေတို့ကတော့ သူတို့သားကြီး မသေသေးဘူး၊ တစ်နေ့ကျရင် ပြန်တွေ့ရမယ်လို့ချည်း ပြောနေကြတာပဲ”

ပြာသို၏အမေးကို ပန်းကြာဖြူက ပြန်လည် ပြောပြနေသည်။

“ဟာ...နှစ်တွေ ဒီလောက်ကြာနေမှတော့ ပြန်တွေ့လို့ရော သူတို့သားမှန်း သိပါဦးမလား၊ မဖြစ်နိုင်တာချည်းပဲ”

“အဲဒါက အစ်ကို့ဘက်က အမြင်ကိုး၊ ဖေဖေနဲ့ မေမေတို့ကတော့ ဒီလိုမမြင်ကြဘူး”

“သူတို့က ဘယ်လိုမြင်နေကြလို့လဲ”

“သူတို့ မြင်နေကြတာက သူတို့သားကြီးရဲ့ လက်မောင်း



ပေါ်မှာ အခုခေတ် ပြားငါးဆယ်စေ့လောက်ရှိတဲ့ မွေးရာပါ အမည်းမှတ်ကြီးတစ်ခု ရှိသတဲ့။ အစ်ကို့လက်မောင်းပေါ်က အမည်းမှတ်ကြီးမျိုးပေါ့”

“ဟောဗျ...ဒါဆိုရင် ညီမတို့ မိဘတွေက အစ်ကို့ လက်မောင်းပေါ်က အမည်းမှတ်ကို တွေ့ရရင် သူတို့သားလို့များ ထင်နေကြမှာလား၊ မဖြစ်နိုင်တာချည်းပဲ...ဟား ဟား ဟား”

ပြာသို ပြောပြီး ရယ်နေသည်။

“ဟုတ်ပါတယ်၊ အစ်ကိုက ရန်ကုန်ကပဲ၊ ဒါပေမယ့် အစ်ကို့ကို မွေးတုန်းက ဘယ်မှာမွေးခဲ့တာလဲဟင်”

ပန်းကြာဖြူ၏ အမေးကြောင့် ပြာသိုမှာ ဘာကိုဆို၍ ဘာကို ပြောရမှန်းမသိ ဖြစ်သွားတော့သည်။

အမှန်တော့ သူ မည်သည့်နေရာမှာ မွေးသည်ကို သူ မသိပေ။

သူ သတိရသည်က မွေးစားမိဘများက အမှိုက်ပုံမှ ကောက်ယူကာ မွေးစားခဲ့သည့်အကြောင်းလောက်ကိုသာ သူ သိထားခဲ့သည်။

သည့်ထက်ပို၍ သူ မသိခဲ့ပေ။

“ကိုင်း...ပြောစမ်းပါဦး အစ်ကိုရဲ့၊ အစ်ကို့ဇာတိ အစစ်အမှန်က ဘယ်မြို့ကဆိုတာ”

ပန်းကြာဖြူ သိလိုဟန်ဖြင့် ထပ်မေးနေသည်။

သို့ဖြစ်၍ ပြာသိုမှာ သူ့အကြောင်းကို ပြန်လည်၍ ပြောပြနေရတော့သည်။

“ဟင်...အစ်ကို့အဖြစ်ကလည်း ဆိုးလိုက်တာနော်၊ ဒီလို

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် အခုကိုဟာ ညီမတို့ ပျောက်ဆုံးသွားခဲ့တဲ့ အစ်ကိုကြီးများ ဖြစ်နေရော့သလား"

ပန်းကြာဖြူ ပြာသို၏ စကားအဆုံးတွင် မေးနေသည်။

"ဟာ... မဖြစ်နိုင်တာဘဲ ပန်းကြာဖြူရယ်၊ လားရှိုးနဲ့ ရန်ကုန် ဒီလောက်ဝေးကြီးပါ၊ အစ်ကိုအမေက သူမမွေးချင်လို့ စွန့်ပစ်ခဲ့တဲ့ဟာ။ ကတဲ့ဗျာ လားရှိုးကနေပြီး ရန်ကုန်ထိအောင် အပင်ပန်းခံပြီး ဟုတ်ပါ့မလား၊ လားရှိုးမှာပဲ စွန့်ပစ်ခဲ့မှာပေါ့ကွာ"

ပြာသိုက ရှင်းလင်းပြောပြနေသည်။

ပြောနေရာမှလည်း သူ၏မိခင်အား စိတ်နာနေသည်။

အကယ်၍သာ သူ၏ မွေးစားဖခင်ကြီးက သူ့အား အမှိုက်ပုံမှ ကောက်မယူဘဲ ဆက်၍ စွန့်ပစ်ထားလျှင် သူသည်လည်း အနိစ္စသဘောနှင့် ငယ်ငယ်ကတည်းက ကိစ္စချောပြီးသားပင်။

အကယ်၍ သူ့မိခင်သည် သူ့အား မမွေးလိုလျှင် သူ ပဋိသန္ဓေ တည်စကတည်းက ဖျက်လိုက်လျှင် ဖြစ်နိုင်သားနှင့် သူ့ကို လူဖြစ်အောင် ဒုက္ခခံ၍ မွေးပြီးကာမှ အမှိုက်ပုံထဲ စွန့်ပစ်ခဲ့သည်ကတော့ ရက်စက်လွန်းအားကြီးနေသည်။

သူ တွေးနေခိုက် ပန်းကြာဖြူအသံ ပေါ်လာသည်။

"အဲဒါက ထားပါတော့လေ၊ အစ်ကို ပြောသလိုဆို ညီမရဲ့ အစ်ကိုကြီးတော့ အစ်ကိုဟာ မဖြစ်နိုင်ပါဘူး၊ ဒါပေမယ့် အစ်ကိုကို အကူအညီတစ်ခုတော့ တောင်းချင်တယ်"

"ဟင်...ဘယ်လိုအကူအညီလဲ ပြောလေ၊ အစ်ကို ပေးနိုင်ရင် ပေးမှာပေါ့"

"ပေးနိုင်ပါတယ်လေ တခြားမဟုတ်ပါဘူး၊ အစ်ကိုဟာ



ငယ်ငယ်ကတည်းက ပျောက်သွားတဲ့ အစ်ကိုကြီးရဲ့ အယောင်ဆောင်ဖို့ပဲ"

"ဟာ...ပန်းကြာဖြူကလည်း မဖြစ်နိုင်တာချည်းပဲ...ဟား ဟား ဟား"

ပြာသို ပြောပြီး ရယ်နေသည်။

ပန်းကြာဖြူကတော့ မရယ်ပေ။

တည်ငြိမ်သော မျက်နှာဖြင့် ပြာသိုကို ကြည့်နေသည်။

လှသူဇာ ဝင်မေးသည်။

"နေပါဦး ပန်းကြာဖြူရဲ့ မင်းက ဘာသဘောနဲ့ ဒီက အစ်ကိုကို ပျောက်ဆုံးသွားခဲ့တဲ့ မင့်အစ်ကိုယောင် ဆောင်ခိုင်းတာလဲ"

"ဆောင်ခိုင်းဆို ကိုယ့်အစ်ကိုကြီးကို တစ်နေ့တွေ့နိုး၊ တစ်နေ့တွေ့နိုးနဲ့ မျှော်ကိုးနေကြတဲ့ ကိုယ့်မိဘတွေရဲ့ဆန္ဒကို ဖြည့်ချင်လို့ပါကွာ"

"ဟင်...ဘယ်လိုလုပ်ပြီး ဆန္ဒဖြည့်ချင်တာလဲ၊ ကိုယ်တော့ စကားကို မလည်ဘူးကွာ"

လှသူဇာ ဦးနှောက်ခြောက်သံကလေးဖြင့် ပန်းကြာဖြူကို ပြန်ပြောနေသည်။

"အေးပါ...ကိုယ်ရှင်းပြလိုက်ရင် မင်းရော အစ်ကိုပြာသိုရော သဘောပေါက်သွားကြမှာပါကွာ"

ပန်းကြာဖြူ ပြန်ပြောနေသည်။

"ကောင်းပြီ၊ ဒါဆိုရင်လည်း ရှင်းပေတော့"

လှသူဇာ ပြောအပြီးတွင် ပန်းကြာဖြူက သူမ၏ အကြံအစည်

www.burmeseclassic.com

www.burmeseclassic.com



ကို အောက်ပါအတိုင်း ပြောပြနေတော့သည်။

"ဒီလိုပါ လှသူဇာနဲ့ အစ်ကိုတို့ရယ်၊ ညီမ စိတ်ကူးထားတာက အစ်ကို့ကို ဖေဖေနဲ့ မေမေတို့ဆီ ညီမပြန်ရင် ခေါ်သွားမယ်။ ဒီလို ဘာဖြစ်လို့ ခေါ်ရသလဲဆိုတော့ ဖေဖေနဲ့ မေမေတို့ဟာ အစ်ကို့ရဲ့ မွေးနေ့ရောက်တိုင်း အိမ်မှာ မွေးနေ့ပွဲကို ကျင်းပကြလေ့ ရှိကြပါတယ်။ အဲ...နောက်လာမယ့် တနင်္ဂနွေနေ့ဟာဆိုရင် ညီမကိုကိုရဲ့ အသက်နှစ်ဆယ့်လေးနှစ်မြောက် မွေးနေ့ပဲ။ မေမေဟာ ကိုကို့ရဲ့မွေးနေ့ကို ကျင်းပပြီးတိုင်း ကိုကို့ကို သတိရပြီး ငိုရာက အမြဲတမ်းလိုလို အိပ်ရာထဲမှာ တစ်လလောက်တော့ လဲတော့တာပဲ။ ညီမအနေနဲ့လည်း မေမေ့အဖြစ်ကို ကြည့်ပြီး စိတ်ဆင်းရဲနေရတာပါပဲ။ ဒီတော့..."

"ခဏ...ခဏလောက် နေပါဦး ညီမ၊ အစ်ကို တစ်ခုလောက် ဖြတ်မေးချင်ပါတယ်"

ပန်းကြာဖြူ ရှင်းပြနေခိုက်တွင် ပြာသိုက ကြားမှဖြတ်ကာ ပြောသည်။

"ဘာလဲအစ်ကို၊ ဘာများမေးချင်လို့လဲ၊ မေးလေ"

"ဒီလိုပါ၊ ငါ့ညီမ အခုပြောချင်တာက ငါ့ညီမရဲ့ အစ်ကိုကြီး မွေးနေ့ကျင်းပမယ့်နေ့မှာ အစ်ကို့ကို ခေါ်သွားပြီး အစ်ကိုဟာဖြင့် မေမေတို့ ငယ်ငယ်ကလေးကတည်းက ပျောက်သွားခဲ့တဲ့ အစ်ကိုကြီးအစစ်ပါလို့ ပြောပြီး ငါ့ညီမ မေမေ စိတ်ချမ်းသာအောင် လုပ်ပေးဖို့ မဟုတ်လား"

"ဟာ...သိပ်ဟုတ်တာပေါ့။ နို့...အစ်ကိုကရော ညီမ ပြောသလို မကူညီနိုင်ဘူးလား"



"အဘက်ဘက်က အဆင်ပြေမယ်ဆိုရင်တော့ ဒီလိုကူညီရတာ အစ်ကို့မှာ ဝန်မလေးပါဘူးလေ၊ ဒါပေမယ့် ရေရှည်ကျတော့ ခက်တယ်။ ပြီးတော့ ညီမ မေမေက ယုံကြည်ဦး၊ ညီမ ဖေဖေက ရဲအရာရှိထွက် တစ်ဦးမို့ လွယ်လွယ်နဲ့ ယုံကြည်ပါ့မလား"

"အို... အစ်ကိုကလည်း ပူတတ်လိုက်တာ၊ ဖေဖေက မယုံကြည်လို့ ဖြစ်မလား။ သူလည်းပဲ မေမေ့လိုပဲ ညီမအစ်ကိုကို ငယ်ငယ်ကလေးကတည်းက ကွဲသွားခဲ့တာပဲ။ သူတို့ သိထားကြတာက ညီမအစ်ကိုရဲ့ ညာဘက်လက်မောင်းမှာ မည်းမည်း အမှတ်တစ်ခု ရှိတယ်ဆိုတာကိုပဲ သိထားတာပါ။ အခု သူတို့ သိထားကြတဲ့ အမှတ်အသားဟာ အစ်ကို့မှာ ရှိနေပြီပဲဟာ။ ဖေဖေဟာ မယုံဘဲနေမှာ မဟုတ်ပါဘူးလေ၊ ယုံမှာပါ"

ပန်းကြာဖြူကတော့ ရဲရဲကြီးပင် ပြောနေသည်။

ပြာသိုမှာတော့ ပန်းကြာဖြူဖခင်ကြီး မယုံမကြည် ဖြစ်မှာကိုပဲ ပူပန်နေသည်။

"တစ်ခုတော့ရှိတယ် အစ်ကို"

ပန်းကြာဖြူ၏အသံ ပေါ်လာပြန်သည်။

"ပြောစမ်း ဘာတစ်ခုလဲ၊ မင့်အဖေကြီးက လူလိမ်လူညာဆိုပြီး လိုက်ရိုက်လို့ ပြေးရမယ့်တစ်ခုလား...ဟား ဟား ဟား"

ပြာသို ပြောပြီး ရယ်နေသည်။

လှသူဇာကလည်း ရယ်နေသည်။

"ဒီလိုပါ၊ ဖေဖေက မေးတဲ့အခါ အစ်ကိုက ရန်ကုန်ဇာတိလို့ မပြောဖို့ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟော...ဒါဖြင့် အစ်ကိုက ဘယ်ဇာတ်လို့ ပြောရမှာလဲ"

"လားရှိုးနားက မြို့တစ်မြို့ဖြစ်ဖြစ်၊ ရွာတစ်ရွာရွာဖြစ်ဖြစ် ပြောပြလိုက်ပေါ့။ ဒါမှလည်း ယုတ္တိရှိမှာပေါ့။ ရန်ကုန်ဇာတိ ဆိုရင်တော့ ဖေဖေက ရဲလူထွက်တစ်ဦးမို့ အစ်ကို့ကို သူတို့သား ဖြစ်နိုင်မှာ မဟုတ်ဘူးလို့ တွေးပြီးသားပဲ"

"ကောင်းပြီလေ... ဒီတော့ အခုကတည်းက အတိုင် အဖောက်ညီအောင် ဘယ်ရွာဇာတိလို့ ပြောရမလဲ၊ မင်းကပဲ အကြံပေးစမ်းပါဦး"

"အဲ...ဘယ်လိုပြောရင် ကောင်းမလဲဆိုတော့...နေဦး (ပန်းကြာဖြူ ပြောရင်း ခေတ္တတွေးနေသည်) ဟုတ်ပြီ...သတိရပြီ လားရှိုးနားက နမ်းရိုးဇာတိလို့ ပြောလိုက်ပေါ့။ ဒီနမ်းရိုးဆိုတာ လားရှိုးနဲ့ဆိုရင် သိပ်မဝေးဘူးလေ...ဟုတ်ပြီလား"

ပန်းကြာဖြူ၏ စကားကို ပြာသိုက ခေါင်းညိတ်၍ပြသည်။

"နောက် ဖေဖေက ညီမနဲ့ အစ်ကိုတို့ ဘယ်လိုဘယ်ပုံ တွေ့ကြတာလဲလို့မေးရင် ကိုဘိုဘိုရဲ့လက်မှ ကယ်တင်ရာက သိတယ်လို့ ပြောပေါ့"

ပန်းကြာဖြူက ဆက်၍ ပြောနေသည်။

"နေပါဦး...ဘိုဘိုရဲ့လက်မှ ကယ်တင်လို့ တွေ့ကြတယ် ပြောတာကတော့ အမှန်လည်းဖြစ်နေလို့ ယုတ္တိရှိပါတယ်လေ၊ အဲ...ဇာစ်ခုခက်နေတာက အစ်ကိုဟာ ဘယ်လိုကြောင့် ညီမရဲ့ အစ်ကိုကြီးမှန်း သိသွားရတာလဲ ဆိုတာကျတော့ရော"

ပြာသိုက ပြန်မေးနေသည်။

"အစ်ကို့ရဲ့လက်မောင်းက အမှတ်ကြောင့်လို့ပြောပေါ့"



"အဲဒီလို လွယ်လွယ်ကလေး ပြေလို့ဖြစ်မလား၊ ဒီလို အမှတ်မျိုးဟာ တချို့လူတွေမှာလည်း ရှိနေတဲ့ဟာ"

"တချို့လူတွေမှာ ရှိပေမယ့် အစ်ကို့ရဲ့အမှတ်နဲ့ မတူပါဘူး။ အစ်ကိုကတော့ ညီမရဲ့အစ်ကိုကြီး ရှိတဲ့နေရာမှာက ထူးထူး ခြားခြား တိုက်တိုက်ဆိုင်ဆိုင် သာတူနေတာပဲဟာ"

"ညီမအနေနဲ့ အခုလို တူနေတယ်ဆိုတာ ဘယ်လိုကြောင့် အတပ်ပြောနိုင်တာလဲ၊ ညီမအစ်ကိုကြီးဟာ ညီမ မမွေးခင် ပျောက်သွားတယ်ဆို"

"မှန်တယ်လေ၊ ကိုကို ပျောက်သွားပေမယ့် သူငယ်ငယ် တုန်းက ရိုက်ထားတဲ့ ဓာတ်ပုံတွေက အိမ်မှာ အများကြီးပဲဟာ၊ အထူးသဖြင့် ကိုကိုဟာ ကလေးငယ်ကလေးအရွယ်မို့ ရိုက်ထား တဲ့ပုံတွေဟာ ကိုယ်တုံးလုံးပုံတွေက များနေတယ်။ ပုံတိုင်းမှာ လည်း ကိုကို့ရဲ့မွေးရာပါ အမှတ်ကြီးက ထင်းနေတယ်လေ။ ဓာတ်ပုံတွေကို ညီမက ငယ်ငယ်ကလေးကတည်းက ခဏခဏ ကြည့်ထားရတဲ့သူမို့ မျက်စိထဲမှာ စွဲနေတာပါ။ ဒါကြောင့် အစ်ကို့ လက်မောင်းက အမှတ်ကို တွေ့ရတော့ ချက်ချင်းပဲ ညီမအစ်ကိုရဲ့ အမှတ်နဲ့ ချွတ်စွပ်တူနေတာကို သိလိုက်ရတာပါပဲ"

ပန်းကြာဖြူ၏ စကားများကို နားထောင်ရင်း ပြာသို ခေါင်းစားခန်း ဖွင့်နေသည်။

သူ့အနေဖြင့် ပန်းကြာဖြူ တောင်းခံနေသော အကူအညီကို ပေးသင့်၊ မပေးသင့် ဆိုသောအချက်ကို ဖြစ်သည်။

ပေးပြန်လျှင်လည်း သူက လူလိမ်လူညာတစ်ဦးလိုသွားနေ ရမည်၊ မပေးဘူး ဆိုပြန်လျှင်လည်း သူ့မှာ ပန်းကြာဖြူနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်ဆုံစည်းဖို့ မလွယ်တော့ပေ။

သူ့အဖို့ အလုပ်ကလည်း မရှိ၊ ခင်တွယ်စရာလည်း မရှိ ဖြစ်နေသော ဘဝဆိုးကြီးတွင် ဆက်နေရမည်မို့ နောင် ဘာတွေ ဖြစ်၍ ဘာတွေ ပျက်ကုန်မည် မသိ။

သူကလည်း ဘာကြောင့်မှန်းမသိ၊ ပန်းကြာဖြူကို ခင်တွယ် စိတ်တွေ ဝင်နေသည်။

သည်တော့ ရန်ကုန်မြို့တွင် နေထိုင်ခြင်းထက် ပန်းကြာဖြူ ခေါ်ရာသို့ လိုက်သွားခြင်းက ပိုမို၍ ကောင်းလိမ့်မည်လော။

ပြာသို အမျိုးမျိုး တွေးနေသည်။

"အစ်ကို..."

"ဟင်..."

ပြာသို အတွေးကိုဖြတ်ကာ အသံပြန်ပြုသည်။

ညီမပြောသလို လုပ်ပေးမလားဟင်၊ အခု အစ်ကို့မှာက လည်း ခင်တွယ်စရာ မိခင်ကြီးမှ မရှိတော့တာပဲ။ ဒီတော့ ညီမရဲ့ မိဘတွေအတွက် ဖြေသိမ့်စရာကလေးတစ်ခုရအောင် လိုက်ခဲ့စေချင်ပါတယ်။ ညီမတို့ ကျောင်းကလည်း စာမေးပွဲ ပြီးလို့ ပိတ်လိုက်ပြီလေ။ အစ်ကိုကသာ သဘောတူရင် ညီမ လားရှိုးကိုပြန်ရင် တစ်ခါတည်း ခေါ်သွားချင်တယ်။ လိုက်ခဲ့မယ် မဟုတ်လား အစ်ကို"

"အင်း...လိုက်တာကတော့ ဟုတ်ပါပြီ၊ ဟိုကျ အစ်ကိုက သူတို့သားအစစ် မဟုတ်ဘဲ အယောင်ဆောင်ဆိုတော့ အခက် အခဲတွေ ရှိနိုင်တယ် ညီမရဲ့"

"အို...အစ်ကို့အနားမှာ ညီမတစ်ယောက်လုံး ရှိနေမှတော့



ခုစရာ မလိုပါဘူးလေ၊ ဒီတော့ လိုက်သာ လိုက်ခဲ့ပါ အစ်ကို ရယ်၊ ညီမအပေါ်မှာ အစ်ကို့ရဲ့ ကျေးဇူးတွေကလည်း ရှိနေတော့ ညီမအနေနဲ့ ကျေးဇူးဆပ်ရာလည်း ရောက်အောင်ပေါ့"

"ဟာ...အဲဒါမျိုးနဲ့ ခေါ်ရင်တော့ အစ်ကို မလိုက်ချင်ဘူး"

"ဟင်...ဘာကြောင့်"

"အစ်ကိုက ကျေးဇူးတင်ခံလိုစိတ်နဲ့ ညီမကို လူယုတ်မာ ကိုဘိုရဲ့လက်က ကယ်တင်ခဲ့တာမှ မဟုတ်ဘဲ၊ နှမသားချင်း ကြင်နာတဲ့စိတ်နဲ့ ကယ်တင်ပေးခဲ့တဲ့ဟာ။ ဒါကြောင့် ညီမရဲ့ ကျေးဇူးကို အတင်မခံချင်ဘူး"

"ကောင်းပါပြီတဲ့ရှင်၊ ကျေးဇူးအတင်မခံချင်လည်း ရပါ တယ်။ ဒါပေမယ့် ညီမနဲ့ မလိုဘဲတော့ မနေပါနဲ့နော်"

ပန်းကြာဖြူက ပြာသိုအား ပြောနေခိုက် လှသူဇာက တစ်စုံတစ်ခုကို သတိရဟန်ဖြင့် ဝင်မေးသည်။

"ဒီမယ် ပန်းကြာဖြူ ကိုယ်တစ်ခုပြောချင်တယ်ကွာ"

"ပြောလေ၊ အခု သွားကြမယ့်ကိစ္စပေါ့၊ တကယ်လို့ ဟိုကျ တော့ မင်းတို့ကို မင်းရဲ့မေမေဖေဖေက အစ်ကို့ကို လက်မောင်းမှာ အမည်းအမှတ်ပါတာနဲ့ သူတို့ရဲ့သားပဲလို့ ဘယ်လိုကြောင့် အတပ်ပြောနိုင်သလဲဆိုရင် မင်းတို့ ဘယ်လိုဖြေမလဲ"

လှသူဇာ၏ အမေးကို ပန်းကြာဖြူမှာ ချက်ချင်းမဖြေနိုင် သေးပေ။

ခေတ္တမျှ စဉ်းစားနေသည်။

ပြာသိုနှင့် လှသူဇာတို့ကတော့ ပန်းကြာဖြူနှုတ်မှ ပြန်လည် ထွက်ပေါ်လာမည့် စကားများကို နားစွင့်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ ပန်းကြာဖြူထံမှ စကားသံ ပေါ်လာခဲ့သည်။

"အင်း...ဖေဖေတို့က မင်းမေးသလို မေးရင်တော့ ကိုယ် ဒီလိုဖြေမယ်လို့ စိတ်ကူးထားတယ်ကွာ၊ ဘယ်လိုဖြေမလဲဆိုတော့ အစ်ကိုကို တွေ့စကတော့ ကိုယ်တို့ရဲ့ ပျောက်ဆုံးနေတဲ့ အစ်ကိုလို့ မထင်မိဘူး၊ နောက် အစ်ကိုရဲ့ လက်မောင်းက အမည်းမှတ်ကြီးရယ်...ပြီးတော့ အစ်ကိုရဲ့ မျိုးရိုးဇာတိရယ် မေးကြည့်တော့ အစ်ကိုပြာသိုဟာ ကိုယ့်ရဲ့ ပျောက်ဆုံးနေတဲ့ အစ်ကိုပဲ ဖြစ်ရမယ်ဆိုတာ မြေကြီးလက်ခတ်မလွဲ သေချာသွားလို့ အခုလို ခေါ်လာခဲ့တာလို့ ပြောမယ်ကွာ"

"အေးလေ...အဲဒီ မျိုးရိုးဇာတိ မေးကြည့်မှ သိရတယ်ဆိုတာ ဘယ်လိုမေးလို့ သိရမှာလဲ။ ဒါကိုလည်း ပြောဦးလေကွာ"

"ဒါလည်း 'နိုး ပရောဘလမ်'ပါကွာ၊ ကိုယ်ငယ်ငယ်ကတည်းက ကိုယ့်မိဘတွေက ကိုယ့်အစ်ကိုကို ဓားပြခေါင်းဆောင် ဗျူဟ ခိုးသွားတယ်ဆိုတာ သိနေရလို့ သူတို့က မေးရင် ဟောဒီ အစ်ကိုရဲ့ မိဘတွေနေတဲ့ နမ်းရိုးကို တစ်နေ့နံနက် အစောကြီးအချိန်မှာ မြင်းကြီးတစ်ကောင်ကို စီးထားတဲ့ လူကြီးတစ်ဦးက သူ့လက်ထဲက အထုပ်ကလေး တစ်ထုပ်ကို အစ်ကို့မွေးစားမိဘတွေအိမ်ရှေ့ ချသွားပြီး မြင်းကို ဒုန်းစိုင်းစီးသွားခဲ့တယ်။ ဒါနဲ့ အစ်ကို့မွေးစားမိဘများဟာ မသင်္ကာလို့ အထုပ်ကို ဖြည်ကြည့်တဲ့အခါ ကလေးငယ်ကလေး ဖြစ်နေတာ တွေ့ရလို့ ကလေးမရှိတဲ့ သူတို့အဖို့ သိကြားမင်းက လာပြီး ပေးတာပဲလို့ သဘောထားပြီး မွေးစားလိုက်ခဲ့တာလို့ ပြောမယ်ကွာ"

"ဟုတ်ပြီ...မင်း အခုပြောတဲ့ အဖြေကလေးကတော့



...င်မတန်မှ ကောင်းပြီး မင့်မိဘတွေအနေနဲ့ မယုံစရာကို မရှိ...ဘူး။ နောက် ဘာဖြစ်လို့ ရန်ကုန် ရောက်နေသလဲ ဆိုရင် ...ကွာ"

လှသူဇာက ဆက်၍ 'ကွက်ရှင်' ထုတ်နေပြန်သည်။

"ဒါလည်း လွယ်ပါတယ်။ အစ်ကိုကို မွေးစားပြီး တစ်နှစ် ...က် အကြာမှာ သူ့မွေးစားမိဘများက ရန်ကုန်မြို့ကို ပြောင်း...လို့ အစ်ကိုလည်း ရန်ကုန်မြို့မှာ ကြီးခဲ့ရတာလို့ ဖြေမှာပေါ့။ ...င်း...မင်း ဘာများ 'ကွက်ရှင်'ထုတ်ချင်သေးသလဲ"

"မထုတ်တော့ပါဘူးကွာ၊ မင်းပေးတဲ့ ဆင်ခြေတွေက ...ပ်ကို ပိုင်ပါတယ်"

လှသူဇာ၏ စကားအဆုံးတွင် ပြာသိုက လှမ်းပြောသည်။

"မင်းတို့နှစ်ယောက် စကားပြောနေတာ အရေးမကြီးဘူး၊ ...ကိုလည်း ကြည့်ကြပါဦး၊ အခုထက်ထိ ကိုယ်တုံးလုံးကလေး ... ထိုင်နေရလို့ ချမ်းလှပြီ၊ ဒီတော့ ငါ့ရုပ်အင်္ကျီက လက်ဖက်ရည် ... ပေနေတဲ့ အကွက်တွေကို လုပ်ပေးရင်လည်း မြန်မြန်လုပ်...ကြစမ်းပါကွာ"

ပြာသို၏စကားကို ကြားရမှ ပန်းကြာဖြူမှာလည်း သူ့လက်...င် ကိုင်ထားလျက်ပင် ရှိသေးသော ရုပ်အင်္ကျီကို သတိရကာ ...ယ်နေတော့သည်။

"အယ်...ဟုတ်သားပဲ၊ အစ်ကို့ရုပ်အင်္ကျီကို ကိုင်ပြီး ညီမတို့ ...ကားကောင်းနေကြတာကိုး၊ ဆောရီးနော် အစ်ကို၊ ညီမလေး ...ခုပဲ သွားလုပ်ပေးပါ့မယ်"

ပန်းကြာဖြူ ပြောရင်း ထိုင်နေရာမှ ထရပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့...ပန်းကြာဖြူ ညည်းက ဒီရှပ်အင်္ကျီကြီးကို လျှော်
ရင် အစ်ကိုဟာ အခုလိုပဲ အင်္ကျီတုံးလုံးနဲ့ နေရဦးမှာပေါ့
ဒီတော့ ဒီအစ်ကို ဝတ်ဖို့ အင်္ကျီတစ်ခုခုတော့ ပေးထားမှပေါ့"

လှသူဇာကလည်း ဝင်ပြောသည်။

"အေး...ဟုတ်သားပဲ၊ ဒီတော့ ဘာကိုပေးမလဲ၊ ဒီအိမ်
က ယောကျ်ားဆိုလို့ မင့်အဖေ အန်ကယ်ဦးသောင်းရွှေ
ရှိတဲ့ဟာ"

ပန်းကြာဖြူ ပြန်ပြောသည်။

"အင်း...ဒါဆိုရင် ဒီအစ်ကို့အတွက် ဖေဖေ့ရဲ့ ရှပ်အင်္ကျီ
ပေးထားမှထင်တယ်"

ထိုစကားကြားရလျှင် ပြာသိုက အရွှန်းဝင်ဖောက်သည်။

"ဟာ...မင့်အဖေရဲ့ ရှပ်အင်္ကျီကြီးတော့ မဝတ်ပါရစေ
ကိုယ်နဲ့လည်း တော်မယ်မထင်ပါဘူး။ ဒီတော့ မင်းတို့ဝတ်
အထဲက ဘရာဇီယာ တစ်ထည်လောက်သာ ပေးထားလိုက်
ကွာ"

ပြာသို၏စကားကြောင့် ပန်းကြာဖြူနှင့် လှသူဇာတို့
အူလိုက် သည်းလိုက် ရယ်နေကြသည်။

"ခိခိခိ...တို့အစ်ကိုက ဟာသတွေ ဘာတွေလည်း အ
တတ်သားကွ"

ပန်းကြာဖြူ ပြောပြီး ရယ်နေသည်။

"အေးကွ...တို့အစ်ကိုက မဆိုးဘူး၊ သူ့ဟာသက ကြိုတ
တွေးထားတာ မဟုတ်ဘဲ လက်တန်း 'အင်(မ်)ပရွှန်း(မ်)တု
ပြောလိုက်တဲ့ ဟာသမို့ ပြောင်မြောက်တယ်ကွ...ခိ ခိ ခိ"



လှသူဇာကလည်း ပန်းကြာဖြူနည်းတူ ပြောရယ်နေသည်။

"ကိုင်းပါ...မင်းတို့က ငါ့ကို ချီးမွမ်းနေကြမယ့်အစား
...စ်ခုခုတော့ ပေးကြလေ"

ပြာသို ဆက်ပြောနေပြန်သည်။

"ဘာလဲ...စောစောက အစ်ကိုပြောသလို ညီမတို့ ဘရာ
...သာ ယူပေးရမှာလားဟင်...ခိ ခိ"

ပန်းကြာဖြူ ပြုံးစစမျက်နှာဖြင့် မေးနေသည်။

"အေးလေ...အစ်ကို ဝတ်လို့ တော်ရင်တော့ ယူပေးပါ...
...ဟဲ"

"တော်စမ်းပါ၊ ညီမတို့ကိုယ်လုံးနဲ့ အစ်ကိုနဲ့ တခြားစီပဲဟာ"

"ကဲပါကွာ၊ ကိုယ့်ဖေဖေရဲ့ စွပ်ကျယ်တစ်ထည် ယူပေးလိုက်
...မယ်၊ ဟုတ်လား အစ်ကို၊ ခဏဝတ်ထားနော်"

လှသူဇာ ဝင်ပြောလျှင် ပြာသို ခေါင်းညိတ်ပြသည်။

လှသူဇာလည်း ပြာသို့အတွက် အိမ်ပေါ်ထပ်တွင်ရှိ သူ့ဖခင်
...တ်သော စွပ်ကျယ်ကို ယူရန် အခန်းတွင်းမှ ထွက်သွားသည်။

ပန်းကြာဖြူလည်း လက်ဖက်ရည်များ စွန်းထင်းနေသော
...ပြာသို၏ ရှပ်အင်္ကျီကို လျှော်ဖွပ်ရန်အတွက် ရေချိုးခန်းသို့ ထွက်
...သွားသည်။

ပြာသိုသာလျှင် ဧည့်ခန်းထဲတွင် တစ်ယောက်တည်း ကျန်
...နေသည်။

ထိုနေ့က ပြာသိုမှာ ပန်းကြာဖြူတို့နှင့်အတူ နံနက်စာကို
...လှသူဇာတို့အိမ်တွင် စားသောက်ခဲ့ရသည်။

အပြန်တွင်လည်း ပန်းကြာဖြူနှင့် လှသူဇာတို့က ပြာသိုအား

www.burmeseclassic.com

www.burmeseclassic.com



အိမ်အရောက် ဖင်မလိယာကားကလေးဖြင့် လိုက်ပို့ပေးသည်

ပန်းကြာဖြူ လားရှိုးသို့ ပြန်လျှင်လည်း မပျက်မကွက် လိုက်ခဲ့ရန် ပြာသို့ထံမှ ကတိကို တောင်းခဲ့သည်။

ပြာသိုကလည်း ရှောရှောရှူရှူပင် ကတိပေးခဲ့သည်။

❖

BURMESE CLASSIC .com

( ကိုး )

## ဘက်လားအစ်ကိုကြီးလော

ပန်းကြာဖြူမှာ လားရှိုးသို့ မပြန်မီ မိဘများထံသို့ ပြာသိုနှင့် တော်သက်၍ စာတစ်စောင် ကြို၍ ထည့်ထားခဲ့သည်။

သူရေးပို့လိုက်သော စာမှာ အောက်ပါအတိုင်း ဖြစ်သည်။

**ကျေးဇူးရှင် ဖေဖေနဲ့မေမေတို့ရှင့်...**

ချစ်သမီး ပန်းကြာဖြူ သတိရ ရှိသေစွာနဲ့ စာရေး လိုက်ပါတယ်။ သမီးရဲ့ အခုစာကို ဖတ်ရလျှင်တော့ ဖေဖေ ရော၊ မေမေရော ထခုန်မတတ် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြ လိမ့်မယ်လို့ သမီး ထင်မိပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ဖေဖေနဲ့ မေမေတို့ နှစ်ပေါင်း နှစ်ဆယ်ကျော် တစ်နေ့တွေ့နိုး၊ တစ်နေ့တွေ့နိုးနဲ့ မျှော်ကိုး ပြီး စောင့်စားနေခဲ့ကြတဲ့ သမီးရဲ့အစ်ကိုကြီး၊ ဖေဖေနဲ့

www.burmeseclassic.com

www.burmeseclassic.com



မေမေတို့ရဲ့သားကို ရန်ကုန်မှာ မမျှော်လင့်ဘဲ တွေ့ခဲ့ကြ လို့ပဲ။ ဘယ်နည်း ဘယ်ပုံ တွေ့တယ်ဆိုတာကိုတော့ သမီး ပြန်လာမှ အသေးစိတ်ကို ပြောပြမယ်။ အခု ဖေဖေနဲ့ မေမေတို့ သိအောင် ပြောထားချင်တာကတော့ အစ်ကို့မှာ ပျောက်ဆုံးသွားခဲ့တဲ့ မေမေတို့ သားကြီးအတိုင်း ညာဘက် လက်မောင်းပေါ်မှာ ပြားငါးဆယ်စေ့ခန့်ရှိတဲ့ အမည်းမှတ် ကြီးတစ်ခု ပီပြင်စွာ ရှိနေတယ် ဆိုတာပါပဲ။ ပြီးတော့ အစ်ကိုဟာ သူ့မိဘအရင်းအချာ မရှိဘူး။ သူ တစ်ခါလည်း သား မရှိတရှိမှာ မြင်းကြီးကို စီးထားတဲ့ လူကြီးတစ် ယောက်က သူ့ကို မွေးစားမယ့် မိဘများအိမ်ရှေ့မှာ ပစ်ချ ပြီး ထားခဲ့တာတဲ့။ အဲဒီလို ပစ်ချထားခဲ့တဲ့ နေရာကလည်း သမီးတို့ လားရှိုးနားက နမ့်ရိုးမှာ လာချသွားတာတဲ့။ နောက်တော့ သူ့ကို မွေးစားကြတဲ့ မိဘများဟာ ရန်ကုန် မြို့ကို ပြောင်းလာခဲ့ကြတယ်ဆိုပဲ။ ဒီလောက်ဆိုရင်တော့ သမီး တွေ့ထားတဲ့သူဟာ သမီးရဲ့အစ်ကိုကြီး ဖြစ်ရမယ် ဆိုတာ ရာခိုင်နှုန်း ကိုးဆယ် သေချာနေပါပြီနော်။ ပြီးတော့ သူဟာ သမီးရဲ့ ကျေးဇူးရှင်လည်း ဖြစ်နေတယ်။ အဲဒီတော့ သမီးရဲ့ ကျောင်းတော်ကြီးကလည်း ပိတ်လိုက်ပြီမို့ သမီး ပြောတဲ့ အစ်ကို့ကိုပါ ဖေဖေနဲ့ မေမေတို့ဆီကို ခေါ်လာခဲ့ မယ်လေ။ ဒီကျတော့ ဖေဖေနဲ့ မေမေတို့ ကြိုက်သလို စစ်ကြည့်ပေါ့။ သမီးကတော့ သွေးက ပြောနေလို့လား မသိဘူး၊ အဲဒီအစ်ကို့ကို မြင်ရတဲ့နေ့က စပြီး ကိုယ့်အစ်ကို အရင်းတစ်ဦးလို ခင်မင်နေတာ။



သမီး ရေးချင်တာကတော့ ဒါပါပဲ။ သမီးလည်း ကျန်းကျန်းမာမာ ရှိပါတယ်။

စာမေးပွဲကြီးကိုလည်း ကောင်းကောင်း ဖြေနိုင်ခဲ့ပါ တယ်။

ဒီစာနဲ့အတူ ဖေဖေနဲ့ မေမေတို့ကို ကန်တော့လိုက် ပါတယ်ရှင်။

ချစ်သမီးလေး...

**ပန်းကြာဖြူ**

"ဟယ်...သ...သ...သမီးလေး ပြောတဲ့အတိုင်းဆိုရင် ကျွန်...ကျွန်မတို့သားကလေးကို ပြန်တွေ့ရတော့မယ် ထင်ပါ တယ်နော်။ ဟုတ်လား ကိုထွေး"

ပန်းကြာဖြူ၏ စာကို ဖတ်အပြီး၌ ဒေါ်နုနုက အထက်ပါ အတိုင်း ဦးဖြူထွေးကို ဝမ်းသာအားရဖြင့် မေးနေခြင်းပင်။

သူ့မှာ ဝမ်းသာလွန်းသည့်စိတ်ကြောင့် စကားကိုပင် ချောမွေ့ အောင် မပြောနိုင်ဘဲ ထစ်ငေါ့ ထစ်ငေါ့ ဖြစ်နေလိုက်သေးသည်။

တကယ်ဆိုတော့လည်း ဒေါ်နုနု ဝမ်းသာမည်ဆိုလျှင် ဝမ်းသာစရာပင် မဟုတ်လော။

တစ်နှစ်သား မရှိတရှိအရွယ်ခန့်မှစ၍ လူဆိုးကြီး ဖုန်ဩ လက်ချက်ဖြင့် ပျောက်ဆုံးခဲ့ရသော သူတို့သားကလေးအား ပြန် တွေ့ရမည်ဆို၍ပင်။

ဒေါ်နုနု ဝမ်းသာနေသလောက် စဉ်းစားခန်းဖွင့်နေသူက တော့ ဦးဖြူထွေးပင်။

www.burmeseclassic.com

www.burmeseclassic.com



ဦးဖြူထွေးမှာ ရဲအရာရှိကြီး လုပ်လာခဲ့သူပီပီ ဒေါ်နုနုလိုတော့ အရမ်းဝမ်းမသာပေ။

ဖြစ်နိုင်, မဖြစ်နိုင်ကို တွေးကြည့်နေသည်။

"ဘယ်လိုလဲ ကိုထွေးရဲ့၊ မေးနေတာကို ပြောစမ်းပါဦးလေ"

ဒေါ်နုနုမှာ ဦးဖြူထွေးအဖြစ်ကို အားမလိုအားမရဖြစ်က ထပ်ပြောနေသည်။

"ဟော...ငါက ဘာကိုဖြေရမှာလဲ"

"ဟောတော့...အခု သမီးကလေး စာထဲမှာ ပါတာလေ သားကလေးကို ပြန်တွေ့ရပြီလို့ ရေးထားတယ် မဟုတ်လား"

"အိမ်း...ငါကလည်း အဲဒါကိုပဲ တွေးနေတာကွ"

"အလို...ဘာကြောင့်"

"တို့သားကလေးအစစ် ဖြစ်နိုင်, မဖြစ်နိုင် ဆိုတာကိုပေါ့ကွ"

"အိုတော်...သမီးကလေးကိုယ်တိုင်က စစ်ဆေးပြီးလို့ အစ်ကိုပါလို့ ပြောနေမှတော့ တော်က မဖြစ်နိုင်ဘူးလို့ ဆိုချင်နေ သလားလို့၊ တော်တို့ရဲလူထွက်တွေဟာ ဒီအတိုင်းပါပဲ။ လူတစ် တစ်ယောက်ကို မသင်္ကာတဲ့ မျက်စိနဲ့ပဲ ကြည့်နေကြတာပဲ"

ဒေါ်နုနု မကျေနပ်သံဖြင့် ဦးဖြူထွေးကို ပြောနေသည်။

"တယ်...ဒီမိန်းမနှယ် ဘာတွေလျှောက်ပြောနေရတာ လို့။ ငါ့စကားထဲမှာ မဖြစ်နိုင်ဘူးလို့ဆိုတာ ပါနေလို့လားကွ"

ဦးဖြူထွေးမှာလည်း စိတ်တိုချင်နေသည်။

"မပါပေမယ့် ဖြစ်နိုင်, မဖြစ်နိုင် ဆိုကတည်းက ရှင်ဟာ မယုံကြည်တဲ့ဘက်ကို ယိမ်းနေပြီ မဟုတ်လား"

ယိမ်းတယ်ရယ်လို့တော့ မဟုတ်ပါဘူးလေ၊ ဆုံးဖြတ်



ခက်နေလို့ပါ။ မင်းစဉ်းစားကြည့်လေ၊ သမီးကလေးဟာ သူ့ အစ်ကိုကို မြင်ဖူးခဲ့တာမှ မဟုတ်ဘဲ။ ဓာတ်ပုံထဲက ပုံတွေရယ်၊ ငါတို့ ပြောပြလို့ သိရတဲ့ အဖြစ်အပျက်တွေရယ်ပဲ သိတာ မဟုတ်လား။ ဒီတော့ အခု သူခေါ်လာမယ့် သူငယ်ဟာ ငါတို့ သား အစစ်ပါလို့ ဘယ်လိုလုပ် ပြောနိုင်မှာလဲကွ"

"အို...သူ့စာထဲကအတိုင်းဆိုရင် စစ်ကို စစ်ရမယ်တော်၊ သာဘက်လက်မောင်းမှာ အမည်းစက်ကြီးပါတယ် ဆိုကတည်းက ကျုပ်တို့သားလေးပဲ ဖြစ်ရမယ်။ ဖြီးဘော့ အမည်းစက်ချင်း ကလည်း အတူတူပဲ၊ ပြားငါးဆယ်စေ့အရွယ်ဝဲ့။ ဒီလောက် တောင် တိုက်ဆိုင်နေမှတော့ မလွဲနိုင်ပါဘူးတော်။ သမီးက သားကို မမြင်လိုက်ရပေမယ့် တော်တို့၊ ကျုပ်တို့ကရော တစ်နှစ် သား မရှိတရှိအရွယ်ကသာ မြင်ခဲ့ရတဲ့ဟာ။ ဒီတော့ အတူတူနဲ့ နုနုမို့ သမီးလေးဘက်က ကျုပ် ထောက်ခံတယ်တော်"

"အင်းလေ...မင်းက သိပ်ကို ယုံကြည်နေမှတော့ ငါက လည်း ခွတ်ပြောမနေတော့ပါဘူး။ မင့်သမီး ခေါ်လာခဲ့တဲ့ သူငယ် ရောက်လာရင်သာ သေသေချာချာ မေးမြန်းကြည့်ရမှာပဲ"

ဦးဖြူထွေး ပြောရင်း လက်ထဲတွင် ကိုင်ထားသော ပန်းကြာ ဖြူ၏ စာကို စားပွဲပေါ်တွင် ပစ်တင်ပြီး ဒေါ်နုနုအနီးမှ တခြားသို့ ထွက်သွားသည်။

ပန်းကြာဖြူထံမှ စာရောက်ပြီး နှစ်ရက်ခန့် အကြာတွင် တော့ သူတို့ထံသို့ ပြာသိုမှာ ပန်းကြာဖြူနှင့်အတူ ရောက်လာ တော့သည်။

ဦးဖြူထွေးတို့မှာ လားရှိုးမြို့ပေါ်တွင် မဟုတ်ဘဲ နယ်ဘက်

www.burmeseclassic.com

www.burmeseclassic.com



တွင် နေထိုင်ကြသူများမို့ လားရှိုးဘူတာမှ နေ၍ ကားငှားပြီး လာခဲ့ကြရသည်။

သူတို့ရောက်ချိန်တွင် ဦးဖြူထွေးမှာ အိမ်တွင်မရှိပေ။ အခြားရွာဘက်သို့ ကိစ္စတစ်ခုဖြင့် သွားနေသည်။

ဒေါ်နုနုသာ အိမ်တွင် ရှိနေသည်။

ပန်းကြာဖြူတို့ကား အိမ်ရှေ့သို့ ဆိုက်သည်နှင့် ဒေါ်နု... ဝမ်းသာအားရဖြင့် ပြေးကြိုသည်။

"ဟော...သမီးတို့ ရောက်လာကြပြီနော်၊ သားရော သမီး... သား...သား..."

ဒေါ်နုနုမှာ သားငတ်နေသူပီပီ နှစ်ပေါင်းနှစ်ဆယ်ကျော်... ပျောက်ဆုံးနေခဲ့သော သူ၏သားကို တွေ့လိုဇောဖြင့် သမီးအား... အငမ်းမရ မေးမြန်းနေသည်။

မေးပင် မေးနေသော်လည်း ဒေါ်နုနုမှာ ဂျစ်ကားနောက်... တွင် ထိုင်နေသော ပြာသိုအား မမြင်၍မဟုတ်၊ မြင်နေသည်...

မြင်ပါလျက်နှင့် အခုလိုမေးနေခြင်းမှာ ဂျစ်ကားပေါ်တွ... ပြာသို တစ်ဦးတည်းမဟုတ်ဘဲ ပြာသိုနှင့် သက်တူရွယ်တူ အခြ... လူရွယ်နှစ်ဦးလည်း ပါနေ၍ပင်။

အမှန်တော့ ထိုလူရွယ်နှစ်ဦးမှာ တစ်ဦးက ဂျစ်ကားမောင်... သူဖြစ်ပြီး ပြာသိုနှင့် ဂျစ်ကားနောက်ခုံတွင် အတူထိုင်နေ... ကတော့ စပယ်ယာတစ်ဦး ဖြစ်သည်။

သို့ဖြစ်၍ ဒေါ်နုနုက ပန်းကြာဖြူအား မေးနေရခြင်းပင်...

ပန်းကြာဖြူက မိခင်ဘက်သို့ ကြည်လင်သော အပြုံးကလေ... ပေးကာ ပြာသို၏ လက်မောင်းကို ကိုင်ရင်း ပြန်ပြောသည်...



"ဟောဒီမှာလေ၊ မေမေ့သားကြီးဆိုတာ"

ပြာသိုမှာတော့ သူ့ကိုယ်သူ မလုံသူမို့ ဒေါ်နုနု၏ မျက်နှာ... ကို မကြည့်ရဲဖြစ်နေသည်။

အမှန်တော့လည်း သူက လာ၍ လိမ်ညာနေသောလူတစ်ဦး... ဟုတ်လော။

ဒေါ်နုနုမှာ ပြာသိုကို မြင်ရလျှင် မည်သို့မျှ ပြောမနေဘဲ... အနီးသို့ ပြေးလာကာ ပြာသို၏ ကိုယ်ကိုဖက်ရင်း "သား...သား ...သားဟာ မေမေ့သား အစစ်ပါနော်"ဟူ၍ ပြောကာ ငိုနေတော့... သည်။

ပြာသိုမှာလည်း ဒေါ်နုနု၏ အပြုအမူကြောင့် ငိုချင်သွား... သည်။

ဒေါ်နုနု၏ သားအဖြစ်နှင့် သူ့အဖြစ်ကလည်း တူနေသည်... မဟုတ်လော။

သူ့ကို မိခင် အရင်းခေါက်ခေါက်ကြီးက ရက်သားအရွယ်... ကွင် ရက်ရက်စက်စက် စွန့်ပစ်ခဲ့ခြင်းကို ခံခဲ့ရ၍ အဖေ မည်သူ... အမေမည်ဝါ ဆိုသည်ကို ယခုအရွယ်အထိ မသိရသေးသူ။

တစ်ဖန် ဒေါ်နုနု၏ သားကျတော့ ကားပြက ခိုးသွားခဲ့၍... မိခင်ရင်း၊ ဖခင်ရင်း ရှိနေပါလျက်နှင့် မိဘများကို မသိရသော... သူ။

သည်တော့ သူ့အဖြစ်နှင့် ပန်းကြာဖြူ၏ အစ်ကိုအဖြစ်... တို့မှာ ရင်နင့်စရာတွေချည်း ဖြစ်နေကြတော့သည်။

ပြာသိုမှာ ထိုအကြောင်းများကို တွေးရင်း မျက်စိမလု... မျက်နှာမလုဖြစ်ကာ ဟီးခနဲ သက်ပြင်း ရှည်ကြီးကို ချလိုက်မိ

www.burmeseclassic.com

www.burmeseclassic.com



သည်။

သူ၏ မျက်နှာအမူအရာနှင့် သက်ပြင်းချသံကြောင့် ဒေါ်နုနုမှာ ပို၍ စိတ်ထိခိုက်သွားခဲ့ရသည်။

"သားရယ်...မေမေတို့နဲ့ ပြန်တွေ့နေမှတော့ စိတ်မကောင်းဖြစ်မနေပါနဲ့တော့ကွယ်၊ ကဲ...လာလာ အိမ်ထဲကို၊ ဟဲ့...အောင်ပုနဲ့ ဖိုးထွားတို့ ဒီကို လာခဲ့ကြစမ်း"

ဒေါ်နုနုက ပြာသိုအား ပြောပြီးနောက် သူတို့အိမ်တွင်ခိုင်းစေရန် ခေါ်ထားသောသူနှစ်ဦးကို လှမ်းအော်ခေါ်သည်။

"ဟုတ်ကဲ့ခင်ဗျ၊ လာပါပြီ ဒေါ်ဒေါ်"

ပြိုင်တူအသံပေးရင်း အိမ်နောက်ဖေးဘက်မှ အပြေးထွက်လာကြသည်။

ပြာသိုက ဂျစ်ကားပေါ်မှနေ၍ သူတို့နှစ်ဦးကို လှမ်းကြည့်သည်။

တစ်ဦးမှာ မြန်မာလူမျိုးထဲတွင် ရှာမှ ရှားလှအောင် အရပ်ရှည်လွန်းလှသူ တစ်ဦးဖြစ်ပြီး တစ်ဦးကတော့ 'ပစ်ဂ်မီ' လူပုကလေးများလားဟူ၍ပင် ထင်မှတ်မှား ရလောက်အောင် ပုလှသူတစ်ဦးပင်။

ပြာသိုမှာ အတွဲအဖက်မညီလှသော သူတို့နှစ်ဦးကို ကြည့်ပြီးရယ်ချင်လာသည်။

ပန်းကြာဖြူက ပြာသို၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်၍သူ၏ အတွင်းစိတ်ကို သိသွားဟန်ဖြင့် လှမ်းပြောသည်။

"ဘာလဲ...အစ်ကို သူတို့နှစ်ဦးကို တွေ့ရလို့ ရယ်ချင်နေတယ်မှတ်တယ်၊ အဟီ...အဲဒါ မြင်ရုံရှိသေးလို့၊ သူတို့နာမည်



တွေကို သိရရင် ပိုပြီးတောင် ရယ်မိဦးမယ်...ခိ ခိ"

"ဟင်...ဘယ်လိုကြောင့်လဲ ညီမရဲ့"

ပြာသို သိလိုဟန်ဖြင့် ပြန်မေးသည်။

သူ မေးနေခိုက် အောင်ပုနှင့် ဖိုးထွား အနီးသို့ ရောက်လာသည်။

ပန်းကြာဖြူက အရပ်ခြောက်ပေကျော်အောင် ရှည်နေသောသူ့ကို လက်ညှိုးထိုးပြပြီး ပြောသည်။

"ဟောဒီ အရှည်ကြီးနာမည်က အောင်ပုတဲ့၊ ဟောဒီကအပုကလေးနာမည်ကတော့ ဖိုးထွားလို့ မှည့်ထားလို့ပဲ အစ်ကိုရဲ့...ခိ ခိ ခိ"

ပန်းကြာဖြူ ပြောပြီး ရယ်နေသလို ပြာသိုသာမဟုတ်ဘဲ ဂျစ်ကားပေါ်ရှိ ကားသမားနှစ်ဦးကပါ သဘောကျကာ ရယ်နေကြတော့သည်။

အောင်ပုနှင့် ဖိုးထွားတို့မှာ ပန်းကြာဖြူ ပြောပြနေသည်ကို ရှက်နေဟန်ဖြင့် ခေါင်းငုံ့ထားကြသည်။

"ကဲ...အောင်ပုနဲ့ ဖိုးထွား၊ နင့်အစ်ကိုနဲ့ အစ်မ ပစ္စည်းတွေကို ကားပေါ်က သယ်ပြီး အိမ်ထဲကို ယူလာကြပေတော့၊ ဒါထက်သမီး ကားခရော ပေးပြီးပြီလား"

"ပြီးပါပြီ မေမေ၊ ဖေဖေရော ဘယ်သွားနေလဲ"

"သမီးဖေဖေ တစ်ဖက်ရွာကို ကိစ္စရှိလို့ သွားနေတယ်လေ ညနေကျ ပြန်လာပါလိမ့်မယ်ကွယ်၊ လာသား...အိမ်ထဲကို သွားကြစို့"

ဒေါ်နုနုက ပန်းကြာဖြူကို ပြောပြီးနောက် သူ၏ဘေးတွင်

www.burmeseclassic.com

www.burmeseclassic.com



လာရပ်နေသော ပြာသို၏ လက်ကို ဆွဲကာ အိမ်တွင်းသို့ ခေါ်သွားသည်။

ပန်းကြာဖြူကတော့ သူ၏မိခင်အဖြစ်ကို ကြည့်ပြီး ရယ်ချင်နေသည်။

အိမ်ထဲသို့ ရောက်လျှင်ရောက်ချင်း ဒေါ်နုနုက ပြာသိုအား မေးတော့သည်။

"သားရဲ့နာမည်ကို ဘယ်လိုပေးထားသလဲ၊ သားရဲ့ လက်မောင်းမှာ အမှတ်ပါတာကိုရော မေမေ မကြည့်ရဘူးလား"

"ကြည့်ရပါတယ် မေမေ၊ သားနာမည်က ပြာသိုတဲ့"

ပြာသို ပြောရင်း သူ၏ကိုယ်ပေါ်မှ ဂျာကင်ကို ချွတ်နေသည်။

ဂျာကင် ချွတ်ပြီးနောက် ရှပ်အင်္ကျီကိုပါ ဆက်ချွတ်နေသည်။

ပန်းကြာဖြူလည်း သူတို့အနီးသို့ ရောက်လာသည်။

"ဟောတော့…မေမေကတော့ လုပ်ပြီ၊ အစ်ကိုဖြင့် အနားတောင် မယူရသေးဘူး၊ လက်မောင်းက အမှတ်ကို ကြည့်ချင်နေပြီလားလို့…ခိ ခိ"

"ကြည့်ချင်တာပေါ့၊ အဲ…အဲ…နေပါဦး၊ ညည်းရောက်လာတာနဲ့ ငါမေးမယ့်စကားတောင် မမေးရသေးဘူး"

"ဘာကို မေးမလို့လဲ မေမေရဲ့၊ သမီးကို မေးမှာလား"

"မဟုတ်ပါဘူး၊ ညည်းကို ဘာမေးစရာရှိလို့လဲ၊ ဟောဒီကသားကိုပါ"

ဒေါ်နုနုစကားကြောင့် ပြာသိုမှာ ရှပ်အင်္ကျီချွတ်နေရာမှ ပြန်မေးသည်။

"မေးပါ မေမေ ဘာကို မေးချင်လို့လဲ"

"သားရဲ့နာမည်ကလေ ပြာသိုလို့ ပေးထားလို့ပေါ့။ ဘယ်လိုကြောင့် ဒီနာမည်ကို ပေးထားရတာလဲ"

"ပေးထားဆို သားမိဘတွေက သားကို ရတုန်းက ပြာသိုလထဲမှာ ရခဲ့လို့ပါပဲ မေမေရယ်။ သားရဲ့နေ့ကိုလည်း သူတို့က မသိတော့ နာမည်ပေးဖို့ ခက်နေကြတာပေါ့။ ဒီတင် သားကို ရခဲ့တဲ့ လကို အစွဲပြုပြီး ပြာသိုလို့ ပေးလိုက်တာပဲ"

"ဟယ်…ဒါဆို သိပ်ကို သေချာသွားပြီ၊ သေချာသွားပြီ၊ သားဟာ မေမေ့သားမှ မေမေ့သားအစစ်၊ ရေမရောတော့ဘူး… ဟီး ဟီး ဟီး"

ဒေါ်နုနု လက်ခုပ်လက်ဝါးတီးကာ ရယ်ပြီး ပြောနေသည်။

"ဘယ်လိုကြောင့် အခုလို မေမေက အတပ်ပြောနိုင်ရတာလဲ ဟင်"

ပန်းကြာဖြူ ပြုးစစမျက်နှာဖြင့် ပြန်မေးသည်။

"ဘယ်လိုကြောင့်ရမှာလဲ ဟောဒီသားကလေး ပျောက်ဆုံးသွားတဲ့လက ပြာသိုလဆုတ် ဆယ့်နှစ်ရက်မို့ပေါ့။ ဒီတော့ သူ့ကို ခိုးသွားတဲ့ လူယုတ်မာဟာ နောက်တစ်နေ့ ပြာသိုလဆုတ် ဆယ့်သုံးရက်နေ့မှာ သားကို နမ်းရိုးမှာ သွားပြီး ပစ်ခဲ့တာဖြစ်ရမယ်။ အင်း…မေမေတို့မှာတော့ သားကို ဒီတစ်သက် ပြန်မတွေ့ရတော့ဘူးလို့ ထင်နေကြတယ်ကွဲ့။ ဘုရားမ,လို့ အခုလို ပြန်တွေ့ကြရတာပဲ"

ပြာသိုနှင့် ပန်းကြာဖြူတို့ကတော့ ပြုး၍ နားထောင်နေနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ…မေမေ၊ ကျွန်တော့်လက်မောင်းပေါ်က အမည်းမှတ်ကြီးကို ကြည့်ပေတော့"

ပြာသိုက အင်္ကျီချွတ်၍အပြီးတွင် ဒေါ်နုနုကို ပြနေသည်။

"အဲတော့…ပျောက်သွားခဲ့တဲ့ ငါ့သားလေးရဲ့ လက်မောင်းက အမှတ်အတိုင်းပါပဲလား။ ကွက်တိပဲဟော့…နေရာရော အရွယ်အစားရော။ အင်း…ဝမ်းသာလိုက်တာ သားလေးရယ် သားဟာ မေမေ့သားအစစ်ပါပဲ။ အရေးထဲမှာ မင့်အဖေကလည်း တခြားကို သွားနေရသေးတယ်။ ဒီနေ့ကျမှ သူ့ကိစ္စက ပေါ်လာတော့တယ်။ မေမေကတော့ သူ့ကို သားလေးဟာ အစစ်အမှန်ဆိုတာ ပြချင်လှပြီကွဲ့"

ဒေါ်နုနုမှာ ပြာသိုအား သူ့သားအစစ် မှတ်ကာ လက်မောင်းကလေးကို ယုယစွာ ကိုင်တွယ်ရင်း ပြောနေသည်။

ပြာသိုမှာတော့ ကိုယ့်ဝမ်းနာ ကိုယ်သာသိ ဟူသော စကားလို ဒေါ်နုနု၏ သားအစစ် မဟုတ်၍ မျက်နှာပူနေရှာသည်။

ကျေနပ်နေသူကတော့ ပန်းကြာဖြူသာ ဖြစ်သည်။

သူ့အနေဖြင့် မိဘများအား တစ်ပတ်ရိုက်လိုက်ခြင်း ဖြစ်သော်လည်း သူ၏ စေတနာအစစ်အမှန်မှာ မိဘများကို ဒုက္ခပေးလို၍ မဟုတ်ပေ။

သားအတွက် ပြန်လာနိုးနှင့် နှစ်ရှည်လများ စိတ်ဝေဒနာခံစားနေရသော မိခင်နှင့် ဖခင်အတွက် ယခုလို ပြုလုပ်ပေးခြင်းမှ အပြစ်မရှိဟူ၍ ခိုင်မြဲစွာ ယူဆထားသည်။

အထူးသဖြင့် သူ့မိခင်ကြီးမှာ သားအတွက် ပြုလုပ်သော မွေးနေ့ရောက်တိုင်း သားကို ပူဆွေးသောကရောက်ကာ အိပ်ရာ



ထဲသို့ အမြဲလဲနေခဲ့ရှာသည်။

ယခုနှစ်တွင်လည်း သူ့မိဘများမှာ သူတို့သား၏ နှစ်ဆယ့်…းနှစ်မြောက် မွေးနေ့ကို လာမည့် တနင်္ဂနွေနေ့တွင် ပြုလုပ်…တော့မည်။

ဤအကြိမ်ပြုလုပ်လျှင်လည်း မိခင်ကြီးမှာ မွေးနေ့အပြီး၌ အိပ်ရာထဲတွင် လဲပေဦးမည်။

ယင်းသို့သောအကြောင်းတို့ကြောင့် သူက ပြာသိုအား သူ၏…စ်ကိုယောင်ဆောင်ခိုင်းကာ ပြုလုပ်စေခဲ့ခြင်းသာ ဖြစ်သည်။

နောက်တစ်မျိုးကလည်း ရှိသေးသည်။

ဒါကတော့ ပန်းကြာဖြူမှာ ပြာသို၏ အကျင့်သိ…ကို…းစားကြည့်ညိုမိရာမှ မသိမသာ ခင်တွယ်မှုကလေးမှ နေ၍…မေတ္တာစိတ်များပါ ဝင်လာနေ၍ ယခုလို ခေါ်လာခဲ့ခြင်းလည်း ဖြစ်သည်။

သည်လိုသာ ခေါ်မလာလျှင် ပြာသိုမှာ တစ်ကောင်ကြွက်…တစ်မျက်နှာသမားမို့ သူထင်ရာ သူစိုင်း၍ ပျောက်သွားနေလျှင်…၍တစ်သက်တွင် ပြာသိုနှင့်တွေ့ရန် လမ်းမမြင်ရ၍ပင်။

သည်တော့ "ရှဉ့်လည်း ပျောက်သာ၊ ပျားလည်း စွဲသာ"…သော စကားအတိုင်း သူ့အတွက်လည်း ပြာသိုနှင့် အတူနေရ၊…မိဘများအတွက်လည်း သားအစားရကာ နှစ်ဦး နှစ်ဝအတွက်…န်ကျနေပြီ မဟုတ်လော။

ဒေါ်နုနုမှာတော့ ပြာသိုအား သူ့သား အစစ်အမှန်…ယူဆထားသူမို့ ကျေနပ်မဆုံး တပြုံးပြုံး ဖြစ်နေသည်။

"အင်း…ဒီတစ်ခါ သားရဲ့ မွေးနေ့ ကျင်းပရင်တော့ အလျှင်

www.burmeseclassic.com

www.burmeseclassic.com



တုန်းကလို သားမျက်ကွယ်မှာ မကျင်းပရတော့ဘူး၊ သားကိုယ်တိုင် မွေးနေ့ကို ကျင်းပရတော့မယ်။ ဟိုတုန်းကများဆိုရင် သားမွေးနေ့ရောက်လို့ မွေးနေ့ပွဲ ကျင်းပခဲ့တဲ့အခါတိုင်း မေမေဟာ သားကို သတိရတဲ့စိတ်နဲ့ စိတ်ထောင်း ကိုယ်ကြေ ဖြစ်ပြီး အိပ်ရာထဲမှာ အမြဲလဲခဲ့ရတယ်။ ဒီတစ်ခါတော့ မလဲရတော့ပါဘူးလေ။ သားနဲ့အတူ သားရဲ့ မွေးနေ့ပွဲကြီးကို ပျော်ပျော်ရွှင်ရွှင်ကြီး ကျင်းပရတော့မယ်။ ဒါတွေကို တွေးမိတိုင်း မေမေတော့ သိပ်ကို ပျော်နေတာပဲ သားရဲ့"

ဒေါ်နုနု တပြုံးပြုံးနှင့် ပြောနေသလောက် တနုံ့နုံ့ဖြစ်နေသူကတော့ ပြာသိုပင်။

"အင်း...တကယ်လို့များ ငါဟာ အယောင်ဆောင်သား မဟုတ်ဘဲ ဒီက အဒေါ်ကြီးရဲ့ သားအရင်းများ ဖြစ်လိုက်ရင် ဘယ်လောက်ကောင်းမလဲနော်"

ပြာသို စိတ်တွင်းမှ တွေးနေသည်။

တွေးနေရာမှ ပန်းကြာဖြူကို သတိရကာ ဒေါ်နုနု၏ သားအစစ် မဖြစ်ချင်တော့ပေ။

အကြောင်းမှာ ဒေါ်နုနု၏ သားအစစ်ဖြစ်လျှင် ပန်းကြာဖြူသည် သူ၏ ညီမအရင်းခေါက်ခေါက် ဖြစ်ပေလိမ့်မည်။

ညီမအရင်းဖြစ်နေလျှင် မည်သို့လုပ်၍ သူ့အနေဖြင့် ပန်းကြာဖြူ၏ မေတ္တာကို ရတော့မည်နည်း။

သည်တော့ ဒေါ်နုနု၏ သားမဖြစ်ခြင်းမှာ သူ့အတွက် ဟန်ကျနေသေးသည် မဟုတ်လော။ သူ တွေးနေခိုက်မှာပင် အိမ်ရှေ့သို့ ဂျစ်ကားတစ်စီး ရောက်လာပြန်သည်။



ထိုကားကတော့ ဦးဖြူထွေးပိုင် ဂျစ်ကားပင်။

"ဟော...သားရဲ့ဖေဖေ ပြန်လာပြီ၊ ကဲ...လာသား၊ သွားတွေ့လိုက်ကြရအောင်လား၊ သားကိုသာ တွေ့လိုက်ရရင် သိပ်ကို ဝမ်းသာသွားမှာကွဲ့"

ဒေါ်နုနု ပြောပြောဆိုဆိုနှင့် ပြာသို၏လက်ကို ဆွဲ၍ ခေါ်နေသည်။

ပြာသိုမှာ ရင်တထိတ်ထိတ်ဖြင့် ဒေါ်နုနု ခေါ်ရာသို့ လိုက်ခဲ့ရသည်။

ပန်းကြာဖြူမှာလည်း သတိနှင့်အတူ အိမ်ရှေ့သို့ လိုက်ခဲ့သည်။

"ကိုထွေး...ဒီမှာ ကြည့်စမ်းပါဦး၊ ဘယ်သူလဲဆိုတာ"

ဦးဖြူထွေး ကားပေါ်မှ ဆင်းလာပြီး သူတို့အနီးသို့ အရောက်တွင် ဒေါ်နုနုက လှမ်းပြောနေခြင်းပင်။

ဦးဖြူထွေးမှာ ဒေါ်နုနု၏ စကားကြောင့် ပြာသို၏ မျက်နှာကို လှမ်းကြည့်သည်။

ပြာသိုမှာ လိပ်ပြာမလုံသူမို့ ဦးဖြူထွေး၏ မျက်နှာကို ပြန်မကြည့်ရဲဘဲ ခေါင်းကို ငုံ့၍ထားသည်။

ပန်းကြာဖြူလည်း ဝင်ပြောသည်။

"ဖေဖေ...သမီးပြောတဲ့ ကိုကိုဆိုတာလေ၊ ဒီမှာ ကြည့်ပါဦး၊ ကိုကို့လက်မောင်းပေါ်က အမှတ်ကြီး၊ မေမေကတော့ ကိုကို့ကို စစ်ပြီးနေပြီလေ"

ပန်းကြာဖြူ စကားအဆုံး၌ ဒေါ်နုနုက ထောက်ခံသံဖြင့် ပြောနေသည်။

www.burmeseclassic.com

"ဟုတ်တယ်တော့၊ သားကလေးကို ကျုပ် အကုန်မေးကြည့်ပြီးပြီ၊ သူပျောက်သွားတဲ့ရက်ရော၊ သူ့ကို ထားပစ်ခဲ့တဲ့နေရာရော ဟောဒီ လက်မောင်းပေါ်က အမှတ်ရော အားလုံး တစ်သ[illegible] မတိမ်း တူနေတာပဲတော့။ ကျုပ်တော့ သားကို ပြန်တွေ့ရ[illegible] ဘယ်လိုဝမ်းသာမိမှန်းကို မသိပါဘူးတော်"

ဒေါ်နုနု၏ စကားအဆုံးတွင် ဦးဖြူထွေးက ပြာသို၏ လက်မောင်းပေါ်သို့ လှမ်းကြည့်သည်။

ပြာသိုမှာ စောစောပိုင်းက ဒေါ်နုနု ကြည့်ချင်သည်ဆို[illegible] သူ့ရှမ်းအင်္ကျီကို ချွတ်ထားခဲ့ပြီး အတွင်းတွင် စွပ်ကျယ်လက်ပြ[illegible] ကလေးဖြင့်သာ ရှိနေ၍ ညာဘက်လက်မောင်းပေါ်မှ အမှတ်[illegible] အသားမှာ ထင်းထင်းကြီး မြင်နေရသည်။

ဦးဖြူထွေးက ပြာသို၏ ညာဘက်လက်မောင်းတွင်ရှိ မည်း မည်းအမှတ်ကြီးကို လှမ်းကြည့်နေသည်။

ပန်းကြာဖြူက ဦးဖြူထွေး မမြင်အောင် ပြာသို၏ ပေါင်ကို လက်ဖြင့် ဆိတ်၍ သတိပေးလိုက်သည်။

သို့ဖြစ်၍ ပြာသိုက ဦးဖြူထွေးအား သူ၏ ညာဘက်လက်မောင်းပေါ်မှ အမှတ်ကို မြင်သာအောင် လှည့်၍ပြသည်။

လက်မောင်းပေါ်မှ အမှတ်မှာ ပျောက်ဆုံးသွားခဲ့သော သူတို့သားကလေး၏ လက်မောင်းပေါ်မှ အမှတ်နှင့် ချွတ်စွပ် တူနေ၍ ဦးဖြူထွေးစိတ်ထဲတွင် အနည်းငယ် ကျေနပ်မှုတော့ ရှိသွားသည်။

"အင်း...ပျောက်သွားခဲ့တဲ့ ငါတို့သားကလေးနဲ့ မင့်လက်မောင်းက အမည်းမှတ်ကတော့ နေရာရော၊ အရွယ်အစားရော [illegible]ကိုက်ပဲဟေ့"



ဦးဖြူထွေး အနည်းငယ် ကျေနပ်သွားသံဖြင့် ပြန်ပြောနေသည်။

"ဒါဆို ကိုထွေးလည်း ကျွန်မလို သူ့ကို သားကလေးဖြစ်တယ်ဆိုတာ ယုံကြည်သွားပြီပေါ့နော်၊ ဟုတ်လား"

ဒေါ်နုနု ဝမ်းသာသံကလေးဖြင့် ပြန်မေးနေသည်။

"ဟဲ့...ဒါလောက်လေးနဲ့တော့ ဘယ်မှာ ယုံနိုင်ဦးမှာလဲကွ၊ သူ့ကို မေးစရာတွေ အများကြီး ရှိနေသေးတယ်လေ"

"ကောင်းပြီလေ...ရှင်မေးချင်ရင် အိမ်ထဲကျတော့ အားရအောင် မေးပေါ့ရှင်၊ ကဲ...လာ၊ အထဲကို သွားကြမယ်"

ဒေါ်နုနု၏ စကားအတိုင်း ဦးဖြူထွေးမှာ အိမ်ထဲသို့ ဝင်ခဲ့သည်။

ပြာသိုကမူ လိုက်မဝင်သေးဘဲ သူ၏ ဘယ်ဘက်ဘေးတွင် ယှဉ်တွဲကာ ရပ်နေသော ပန်းကြာဖြူဘက်သို့ လှည့်ကာ "ဘယ်လိုလဲ"ဟူသော အဓိပ္ပာယ်မျိုးဖြင့် မေးငေါ့ပြသည်။

"ပူမနေပါနဲ့၊ ဖေဖေလည်း ယုံမှာပါ အစ်ကိုရယ်၊ လာ...သွားမယ်"

ပန်းကြာဖြူ လေသံကလေးဖြင့် ပြောရင်း ပြာသိုအား အိမ်ထဲသို့ ဆွဲခေါ်ခဲ့သည်။

အိမ်ထဲရောက်လျှင် သူတို့နှစ်ဦးက ဟစ်ဖက်တွင် အတူထိုင်၍ ကျန်လူကြီးများက မျက်နှာချင်းဆိုင် ကုလားထိုင်များတွင် ထိုင်နေကြသည်။

ပြာသိုတို့ ထိုင်အပြီး၌ ဦးဖြူထွေးက ရဲလူထွက်တစ်ဦးပီပီ

www.burmeseclassic.com

www.burmeseclassic.com



စစ်ဆေးတော့သည်။

"ပြောစမ်းပါဦး၊ မင်းက ဘယ်လိုက ဘယ်လို ဒီက သမီး တွေ့ခဲ့တယ်ဆိုတာ"

ထိုအမေးကို ပြာသို ပြန်မဖြေမီ ပန်းကြာဖြူက ဝင် သည်။

"အို...ဖေဖေကလည်း သမီးစာထဲမှာ ရေးခဲ့ပြီးပြီ မဟုတ် လား'လို့"

"မှန်တယ်လေ၊ ဒါပေမယ့် သူ့နှုတ်က ထွက်တဲ့စကား ကို ဖေဖေ ထပ်ကြားချင်သေးလို့ မေးနေတာပါ။ ကဲ...သာ ပြောပြစမ်းကွာ"

ဦးဖြူထွေးက ပြောခိုင်းနေ၍ ပြာသိုမှာ ပန်းကြာဖြူ ဒေါ်နုနုဘက်သို့ တစ်ချက်စီ လှမ်းကြည့်ပြီးနောက် သူ၏ ဖြစ် များကို ပြောပြနေသည်။

ယင်းသို့ပြောရာတွင် သူ့အား ရန်ကုန်မြို့ ဆင်ခြေဖုံးတွင် အမှိုက်ပုံအတွင်းမှ သူ၏မွေးစားဖခင်က ကောက်ယူ၍ မွေးစား ကို ပယ်၍ ပန်းကြာဖြူ၏ စာထဲတွင် ပါသည့်အတိုင်း ဓား ခေါင်းဆောင် ဗညားက မြင်းကြီးကို စီး၍ နမ်းရိုးတွင် လာရောက် ပစ်ခဲ့ပုံမှ စ၍ ပြောသည်။

ထိုတစ်ခုသာလျှင် ပြာသို ပြောပြသည့်အထဲတွင် မှသာ ပါပြီး ကျန်အဖြစ်တွေကတော့ အမှန်တွေချည်း ပြောပြနေသည်။

ဦးဖြူထွေးမှာမူ ခေါင်းတညိတ်ညိတ်လုပ်ကာ နားထောင် နေရသည်။

"အင်း...မင်းပြောတာ အမှန်အတိုင်းဆိုရင်တော့ ငါတို့သာ



ဆိုတာ ဖြစ်နိုင်တယ်။ ဒါထက် မင့်အသက်ကရော ဘယ်နှစ်နှစ် ရှိနေပြီလဲ၊ နေ့ကရော ဘာနေ့သားလဲ"

"နေ့တော့ ဘယ်နေ့သားဆိုတာ ကျွန်တော် မပြောနိုင်ဘူး ဦးလေး၊ ဒါ..."

သူပြောနေခိုက် ပန်းကြာဖြူက သူ၏ခါးကို လက်ဖြင့် ဆိုးလိုက်၍ ပြာသို စကားစပြတ်သွားသည်။

ပြီးမှ စကားကို ပြန်ပြင်ကာ ဆက်ပြောရသည်။

"အဟဲ...ကျွန်...ကျွန်တော် ဘယ်နေ့သား ဆိုတာကိုတော့ ပြောနိုင်ဘူး ဖေဖေ၊ ရက်ကတော့ ပြာသိုလဆုတ်ဆိုတာ သိရပါ တယ်။ အသက်ကတော့ အခုလတဲမှာ နှစ်ဆယ့်လေးနှစ် ပြည့်နေ ပါပြီ ခင်ဗျာ"

ပြာသို၏ စကားအဆုံးတွင် ဒေါ်နုနု ထောက်ခံချက်ကို င် ပေးသည်။

"ကဲ...ကျွန်မ ပြောခဲ့တယ် မဟုတ်လား။ အသက်ရော၊ က်ရော တူနေပါတယ်လို့၊ ရှင် ကျေနပ်ပြီလားဟင်"

"အေးပါ...ဒီလောက် တူနေမှတော့ ကျေနပ်ရတာပေါ့၊ ဒါထက် မင့်နာမည်က..."

"ပြာသိုပါဦး...အဲ...ဖေဖေ"

"ပြာသိုဆိုတော့ မင့်နာမည်ကြီးက ကြာသပတေးသား ဖြစ်နေတယ်။ အမှန်တော့ မင့်ကို စနေနေ့မှာ မွေးတာကွ တ်ထားနော်"

"ဟုတ်ကဲ့..."

"ဒီတော့ ပြာသိုအစား မင်းနဲ့ နေ့နံသင့်တဲ့ အမည်ကို

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းမှ ဖြစ်လိမ့်မယ်"

ဦးဖြူထွေး ပြောနေခိုက် ပန်းကြာဖြူက ကန့်ကွက်သံဖြ ဝင်ပြောသည်။

"အို...ဖေဖေကလည်း ဒီအသက် ဒီအရွယ်ကြီး ရောက်မှ တော့ နာမည်ကို ပြောင်းမနေပါနဲ့တော့၊ အားလုံး နှုတ်ကျိုး ပြီပဲဟာ"

ပန်းကြာဖြူ၏စကားကို မိခင်ကြီးကလည်း ထောက် သည်။

"ဟုတ်သားပဲတော်၊ သူ့ဟာသူ နေ့သင့်ချင်သင့် မသင့်ချ နေ၊ သူ့မွေးစားမိဘတွေက ပေးထားခဲ့တဲ့ ပြာသိုဆိုတဲ့ အမည် ထားလိုက်ပါတော့၊ ဒီနာမည်လည်း မဆိုးပါဘူးရှင်"

သမီးနှင့် ဇနီးတို့က ဗွီတိုအာဏာသုံး၍ ကန့်ကွက်နေ သဖြင့် ဦးဖြူထွေးမှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးတွင် အများ မဲကို မရဘဲ ရှုံးနိမ့်သွားသော အဆိုရှင်လို သူ့မှာလည်း ရှုံး သွားခဲ့သဖြင့် သူ၏အဆိုကို ရုပ်သိမ်းလိုက်ရတော့သည်။

"အေးလေ...မင်းတို့က ဒီနာမည်ပဲ ကြိုက်တယ်ဆိုရင်လည်း ငါ ပြောင်းမနေတော့ပါဘူးကွာ"

ဦးဖြူထွေး ပြောရင်း ထိုင်နေရာမှ ထသည်။

ပြာသိုမှာလည်း ယခုမှပင် ရင်တွင်းမှ အပူလုံးကြီး ကျသွား တော့သည်။

"ကိုင်း...သားရေ၊ မင်းလည်း ခရီးပန်းလာတာမို့ အနား ယူနေလိုက်ဦးကွယ်၊ မေမေကတော့ သားတို့ စားဖို့အတွက် သွားစီမံလိုက်ဦးမယ်။ ဒီကနေ့ မနက်စာဟာ ငါ့သားကလေ



စ်ဆယ့်လေးနှစ်လုံးလုံး ပျောက်သွားခဲ့ပြီးတဲ့နောက် မေမေတို့နဲ့ ထမဆုံးအကြိမ် မျက်နှာစုံညီ စားကြရမယ့် နံနက်စာပါပဲကွယ်"

ဒေါ်နုနု ပြောပြီး ရယ်နေသည်။

ပြာသိုနှင့် ပန်းကြာဖြူတို့ကလည်း တစ်ဦးမျက်နှာ တစ်ဦး ကြည့်ကာ ပြုံးနေကြသည်။

ယင်းသို့ပြုံးနေရင်းမှ ပြာသို၏ စိတ်ထဲမှ ဤသို့ ပြောနေမိ သည်။

ဩော်...ငါတော့ ဘင်္ဂလားအစ်ကိုကြီးဘဝနဲ့ ဒီအိမ်မှာ ကပ်ပြီး စခန်းသွားနေရမှာပါကလား"

www.burmeseclassic.com

www.burmeseclassic.com



( တစ်ဆယ်

## အခဲမကျေဖြစ်နေရ

ဒေါ်နုနုမှာ ပြာသိုရောက်လာခြင်းကို သူ၏သားကြီး ရော
လာသည်အထင်ဖြင့် မွေးနေ့မင်္ဂလာပွဲကို ကျင်းပရာတွင် ယ
ယခင်နှစ်များက ကျင်းပခဲ့ခြင်းနှင့် မတူဘဲ ခမ်းခမ်းနား
ကျင်းပခဲ့သည်။

ယခင်က မွေးနေ့ပွဲ ကျင်းပရာတွင် သူတို့နေထိုင်ရာ န
လူများလောက်ကိုသာ ဖိတ်၍ ကျင်းပခဲ့ကြသည်။

ယခုမူ လားရှိုးမြို့ပေါ်ရှိ သူတို့၏ မိတ်ဆွေများကိုပါ ဖိတ်
ကြီးကျယ်ခမ်းနားစွာ ကျင်းပခဲ့ရာ သူတို့ပြုလုပ်ခဲ့သမျှ မွေး
ပွဲတွင် အကြီးအကျယ်ဆုံးနှင့် ငွေကုန်ကြေးကျ အများဆုံး မွေး
မင်္ဂလာပွဲကြီး ဖြစ်ခဲ့သည်။



မွေးနေ့ပွဲကို လာရောက်ခဲ့ကြသော လူအများမှာလည်း
ပြာသိုအား စိတ်ဝင်စားစွာဖြင့် ဝိုင်းကြည့်နေကြပြီး သူ့အကြောင်း
ကိုလည်း ဝိုင်းဝန်းမေးမြန်းနေကြသဖြင့် ပြာသိုမှာ မကြာခဏ
ပြကြားနေခဲ့ရသည်။

ဒေါ်နုနုကတော့ ပျော်မဆုံး တပြုံးပြုံး ဖြစ်နေသည်။

ဦးဖြူထွေး အနေနှင့်တော့ ပြာသိုအား သူ၏ သားအရင်း
ဖြစ်ရမည်ဟူ၍ ယူဆထားခြင်း မရှိသော်လည်း သူ့ဇနီးသည်
စိတ်ချမ်းသာမှု ရနေသည်ကို တွေ့ရ၍ သူ့စိတ်ထဲတွင်လည်း
ကျေနပ်မှုကလေးတော့ ဖြစ်နေသည်။

သူတို့ ကျေနပ်နေကြသလောက် ထိုသတင်းကို ကြား၍
ကျေမနပ် ဖြစ်နေသည်ကတော့ လူဆိုးခေါင်းဆောင် ဇုဿပင်။

ဇုဿမှာ ချစ်စွာသော စာဖတ်သူများ သိရှိခဲ့ကြပြီး ဖြစ်သည့်
အတိုင်း ဦးဖြူထွေး၏ သားကလေးကို ခိုးယူခဲ့ပြီးနောက် သူ့လို
လူဆိုးခေါင်းဆောင် ဖြစ်အောင် လုပ်ပေးခဲ့သည်။

ခေါ်ခဲ့စဉ်က ဦးဖြူထွေးတို့ မိသားစု စိတ်သောကရောက်
ပြီး သူတို့သားကလေး၏ ဘဝကိုလည်း ပျက်စီးစေရန် အကြံ
ဖြင့် ယင်းသို့ လုပ်ဆောင်ခဲ့ခြင်းပင်။

သို့သော် အချိန်တွေကြာ ကြာညောင်းလာခဲ့သော အခါတွင်
ဿမှာ သူခိုးယူလာခဲ့သော သားအပေါ်တွင် တဖြည်းဖြည်း
သံယောဇဉ် တွယ်လာတော့သည်။

ကြာတော့ သူခိုးယူလာခဲ့သောသူအား သူ၏သားအရင်း
မှာ ချစ်ခင်နေတော့သည်။

ရာဇာမှာလည်း လူဆိုးခေါင်းဆောင် ဇုဿအား သူ့ဖခင်

www.burmeseclassic.com

www.burmeseclassic.com



အရင်းဟူ၍ ထင်မှတ်ကာ ဖခင်စေခိုင်းသမျှ တစ်သဝေမတိမ်း ပြုလုပ်ပေးခဲ့သည်။

သူတို့အနေဖြင့် တပ်မတော်နှင့် ရဲမှုများ၏ တိုက်ခိုက်ခြင်းကို မကြာခဏ ခံနေရ၍ ယခင်ကလောက် ခရီးသွားလူထု နှင့် ကုန်သည်များအား တိုက်ခိုက်လုယက်နိုင်မှု မရှိလှတော့ပေ။

သူတို့၏ စခန်းကိုလည်း အလွန်ဝေးလံလှသော နေရာတွင် ပြုလုပ်ထားခဲ့ကြရသည်။

သို့ရာတွင် ဦးဖြူထွေးတို့ မိသားစုအကြောင်းကို သိရအောင် တစ်လလျှင် အနည်းဆုံး တစ်ကြိမ်ကျ သူ၏ လူယုံတော်များဆီ သတင်းများကိုတော့ ကြားသိနေရသည်။

သတင်းထူးလျှင် ထူးသလို ဗျူဟထံသို့ အစီရင်ခံရသည်။

ဦးဖြူထွေးနှင့် ဇနီးဖြစ်သူ ဒေါ်နုနုတို့ သားအတွက် ပူဆွေးသောက ရောက်နေကြကြောင်း သိရတိုင်း ဗျူဟမှာ ကျေနပ်မဆုံး ဖြစ်နေမိသည်။

“ဟား ဟား ဟား...ဖြူထွေး...ဖြူထွေး၊ ဗျူဟအကြောင်း သိပြီလားကွ...ဟဲ ဟဲ၊ ငါကတော့ မင့်လို လူတစ်ယောက်ကို ရက်ရက်စက်စက် မသတ်ပါဘူးကွာ၊ တစိမ့်စိမ့်ညှဉ်းပြီးမှ သတ်ချင်တာကွ၊ အခုဆိုရင် မင်းတို့ လင်မယားဟာ ငါ့စနက်ကြောင့် ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်းဖြစ်ပြီး သုတိသာယာ မင်္ဂလာဆိုတာ မင်းတို့အတွက် နတ္ထိဖြစ်နေရပြီ မဟုတ်လား။ ဒါတွေဟာ ငါ့ပညာခန်းတွေလေကွာ၊ နောက်ပြီး မင်းတို့ရဲ့ ချစ်လှစွာသော သားကလေးဟာ ဆိုရင်လည်း ငါ့လက်ထဲမှာ လူဆိုးဘဝကို ရောက်နေရှာတယ်။ ဒီကောင်လေးဘဝဟာ



ထဲနစ်နေတဲ့သူလို ပြန်ကောင်းဖို့ မရှိတော့ဘူး။ လူ့လောကကြီးရဲ့ အသိုက်အဝန်း အပြင်ဘက်ကို ရောက်နေရပြီလေ။ ကောင်ရမယ့် ဆုလာဘ်ကတော့ တရားဥပဒေက ပေးမယ့် သခြင်းဆိုတဲ့ ဆုလာဘ်ပဲကွ။ ဒီအကြောင်းတွေကိုများ မင်းတို့ လင်မယား သိရရင် အသည်းကို ကွဲကြေမတတ် ခံစားနေကြရမှာ နော်။ မင်းတို့ အဲဒီလို ခံစားနေမယ်ဆိုရင် ငါကလည်း မင်းတို့ကို လက်စားချေရကျိုး နပ်တယ်လို့ ယူဆပြီး ကျေနပ်မဆုံး ပြုံးပြုံးနဲ့ ဖြစ်နေမှာကွ သိလား...ဟား ဟား ဟား”

ဤသည်တို့မှာ ယခင် ယခင် အခါတုန်းက ဦးဖြူထွေးတို့ လင်မယားအကြောင်း ကြားသိခဲ့ရတိုင်း ဗျူဟ၏ ပီတိသံများ ဖြစ်ပေသည်။

ဟော...အခုတော့ သူ့မှာ ပါးစပ်ကြီး ဟောင်းလောင်းဖြစ် သွားရအောင် အံ့သြကာ သွားရတော့သည်။

မည်သို့ကြောင့်နည်း...။

သူလွှတ်ထားခဲ့သော အထောက်တော်များမှတစ်ဆင့် ဦးဖြူထွေးတို့ထံတွင် နှစ်ပေါင်းနှစ်ဆယ်ကျော်ခန့် ပျောက်ဆုံးသွားသော သူ၏သား ပြန်ရောက်လာ၍ မွေး..နေ့အောင်ပွဲကြီးကို ဝမ်းမြောက်ဝမ်းသာနှင့် ခြိမ့်ခြိမ့်သဲသဲ ကျင်းပဆင်နွှဲနေကြကြောင်း သိလိုက်ရ၍ပင်။

“မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး၊ ဒါ လုံးဝကို မဖြစ်နိုင်ဘူး...ဘာက်”

ဗျူဟ လက်သီးလက်မောင်းတန်းကာ ဒေါသကြီးဖြင့် ရွှတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက် သတင်းလာ လာပို့သူအား ဒေါသရောင်သမ်းနေသော မျက်လုံးကြီးများဖြင့် လှမ်းကြည့်ကာ မေးပြန်သည်။

"မင်းတို့ရခဲ့တဲ့သတင်းဟာ သေချာရဲ့လားကွ...ဟေ"

"ဟာဗျာ...ဆရာကြီးကလည်း မသေချာဘဲနဲ့ ဆရာကြီးကို ကျွန်တော်တို့က ပြောရဲပါ့မလား။ အင်မတန်ကို သေချာပါတယ် ဆရာ"

"သေချာတယ်ဆိုရင် မင်းကိုယ်တိုင် မျက်စိနဲ့ တပ်အပ် တွေ့ခဲ့တာပေါ့"

"မှန်ပါတယ် ဆရာကြီး၊ သူတို့ မွေးနေ့ ကျင်းပတဲ့နေ့က ကျွန်တော်ကိုယ်တိုင် ဦးလေးသာချိုနဲ့အတူ ရောက်သွားခဲ့တာပါ"

သတင်းလာပို့သူက ရဲရဲဝံ့ဝံ့ပင် မှန်ကန်ကြောင်းကို ပြောပြ နေသည်။

"ဒီလိုဆိုရင် မင်းဦးလေးသာချိုကို ပြောပြလိုက်၊ အခုလာ နေတဲ့ကောင်ဟာ သူတို့သားအစစ် မဟုတ်ဘူးလို့၊ လူလိမ်လူညာ ဆိုတာကို ပြောခိုင်းကွာ"

"အာ...ဒါတော့ မလွယ်ဘူးထင်တယ် ဆရာကြီး"

"ဟေ...ဘာကိစ္စ မလွယ်ရတာလဲကွ၊ ပြောစမ်း"

"ဒီလိုပါလေ၊ အခုရောက်လာခဲ့တဲ့သူ...အဲ...အဲ...သူ့ နာမည်က နေပါဦး၊ တပို့တွဲ...ဟာ...မဟုတ်ဘူး၊ ပြာသိုတဲ့ အဲဒီ ပြာသိုကို သူတို့မိသားစုအားလုံးက လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ဆယ်ကျော်က ပျောက်ဆုံးသွားခဲ့တဲ့ သူတို့သားလို့ ထင်နေ ကြတာ ခင်ဗျ"

"ဟ...ထင်နေရော ဘာဖြစ်သလဲ၊ သာချိုဟာ သူတို့ဆီမှာ



နှစ်ပေါင်းများစွာ နေလာခဲ့တဲ့ ကောင်ပဲမဟုတ်လား။ ပြီးတော့ သူတို့သားကို ခိုးခဲ့တုန်းကလည်း သာချိုရဲ့ အကူအညီတွေကြောင့် ခိုးယူလာနိုင်ခဲ့တာဟာ၊ သာချို ရှင်းပြရင် သူတို့ ယုံကြည်ကြ မှာပေါ့"

"ဆရာကြီး ပြောသလိုဆိုရင် ပိုပြီးတောင် မလွယ်ဦးမယ်"

"လာပြန်ပြီ၊ ဒီမလွယ်တာကြီးကို၊ ကိုင်း...ကိုင်း...ပြောစမ်း ပါဦး၊ ဘယ်လိုကြောင့် မင်းက မလွယ်နေရတာလဲ"

"အကြောင်းကတော့ ဆရာကြီးပြောသလို ဦးလေးသာချိုက မဟုတ်ကြောင်း ရှင်းပြခဲ့လို့ရှိရင် အခု သူတို့သား ဘယ်ရောက်နေ တယ်ဆိုတာကိုပါ ပြောပြမှ ဖြစ်တော့မယ်။ ဒီလိုပြောရင် သူတို့ သားဟာ ဆရာကြီးဆီမှာ ရောက်နေတယ်ဆိုတာ သူတို့ သိသွား ကြမယ်"

"သိပစေလေကွာ၊ ဒါမှ သူတို့မှာ သူတို့သားအဖြစ်ကို သိပြီး ယူကျုံးမရ ဖြစ်ကုန်ကြမှာပေါ့ကွ"

"ယူကျုံးမရဖြစ်တာထက် ဆရာကြီးဆီကို တောနင်းပြီး ရှာရင်ရော"

"ဟား ဟား ဟား...တောနင်းပြီး ရှာရအောင် မင့်ဖြူထွေး ဟာ ရဲဘက်မှာ မဟုတ်တော့ဘဲကွ၊ သူက ရဲလုထွက် ဖြစ်နေ ပြီပဲဟာ"

"ဒါပေမယ့် သူဟာ ပြည်သူ့စစ်အဖွဲ့မှာ ခေါင်းဆောင် တစ်ဦး ဆိုတာကိုလည်း ဆရာကြီး သတိထားဦးလေ။ ဒီတော့ သူ့အနေနဲ့ ဆရာကြီးကို မတွေ့တွေ့အောင် လိုက်ရှာနိုင်တာပေါ့။ ပြီးတော့ ဆရာကြီးတို့အဖွဲ့ကို သက်ဆိုင်ရာကလည်း အသေရရ

www.burmeseclassic.com

www.burmeseclassic.com



အရှင်ရှုရ အလိုရှိနေကြတာ မဟုတ်လား"

"ဟော့ကောင်...တိတ်လိုက်စမ်း...မင့်စကားကို"

တစ်ဖက်လူ ပြောနေခိုက် ဗျူဟာမှာ အနာပေါ် တုတ်ကျသလို ဖြစ်ကာ ဒေါသတကြီးဖြင့် လှမ်းမာန်သည်။

တစ်ဖက်လူမှာတော့ ခြသေ့်၏ ဟိန်းဟောက်သံကို ခံလိုက်ရသော ချေသူငယ်ကလေးလို တစ်ကိုယ်လုံး တုန်လှုပ်ချောက်ချား သွားရှာသည်။

ဗျူဟာက ဒေါသအရှိန်မပြေသေးသော မျက်နှာဖြင့် လှမ်းကြည့်ပြီး ပြောသည်။

"နောက် ငါ့ရှေ့မှာ အဲဒီလို ကျက်သရေမရှိတဲ့ စကားတွေကို လာမပြောနဲ့ သိလား။ ပြောရင် မင်း အသေပဲ"

"ဟုတ်...ဟုတ်ကဲ့ခင်ဗျ၊ ကျွန်...ကျွန်တော် စကားပြော မှားသွားလို့ပါ"

တစ်ဖက်လူက တုန်လှုပ်ချောက်ချားသံဖြင့် ပြန်၍ တောင်းပန်နေသည်။

"ကောင်းပြီ၊ ဒီတော့ မင်း ဘာဆက်လုပ်ရမယ် ဆိုတာကို ငါ ပြောပြမယ်၊ နားထောင်"

"ဟုတ်ကဲ့၊ ပြောပါ ဆရာကြီးခင်ဗျာ"

တစ်ဖက်လူက အလွန်ကြောက်ရွံ့နေသော အသွင်ဖြင့် ပြန်ပြောသည်။

ဗျူဟာမှာ သူ့အား အလွန်ကြောက်ရွံ့နေသည်ကို တွေ့ရလျှင် ကျေနပ်ကာ သူ၏ မျက်နှာကြီးမှာ ပြုံးလာတော့သည်။

သူ့ကိုမြင်လျှင် အလွန်ရှိသေမှုလည်း သူက သဘောကျ



...သည်။

သူကပြောလျှင် ဆင်ကြီးကို ယုန်သူငယ်ဖြစ်အောင် ပြောစေ ...ကမူ သူ့တပည့်များက ဆင်ခြေပြန်မပေးဘဲ ဆင်ကြီးကို မြင် ...ပေါလျှက်နှင့် ယုန်အစစ်ပါဟူ၍ တညီတညွတ်တည်း ခေါင်း ...ညိတ်ပြကြမှ သူနှစ်သက်သည်။

ဗျူဟာမှာ သူ့အဖွဲ့တွင် သူက ဆရာကြီးမို့ နေရာတကာ ...သူသာလျှင် တတ်သည်၊ သူသာလျှင် တော်သည်ဟူ၍ အထင် ...ရောက်ကာ ဘဝင်ကလည်း မြင့်နေသည်။

သူ့ကိုယ်သူ တောတွင်းရှင်ဘုရင်တစ်ပါး ဟူ၍လည်း ထင် ...နေသူ။

သို့ဖြစ်၍ သူ မည်သည့်နေရာသို့သွားသွား၊ သူ့နောက်က ...တပည့်တပန်းတွေ အားလုံး လိုက်ကြရသည်။

သူစိတ်မထင်လျှင် မထင်သလို သူ့တပည့်များအား ဒုက္ခ ...ပေးတတ်သည်။

ယင်းသို့ကြောင့် သူ့တပည့်များက သူ့အား မည်သူမျှ ...အန်မတုရဲဘဲ သူ့ကို အချိန်ပြည့် မြှောက်ပင့်နေကြရသည်။

သူကလည်း သည်လိုမြှောက်ပင့်ပြောမှ ကြိုက်သည်။

ဗျူဟာ၏အမှားလုပ်ရပ်တွေကြောင့် သူ့တပည့်အချို့မှာ အစိုးရ ...ထံသို့ လက်နက်ချကာ အလင်းဝင်ကြသလို အချို့မှာလည်း သူ့ကို စွန့်၍ တခြားသို့ ရှောင်ထွက်သွားကြသည်။

သူကိုယ်တိုင်ပင်လျှင် သူ၏ အမှားလုပ်ရပ်တွေကြောင့် ...တပြေးတည်း ပြေးနေရသူ ဖြစ်သည်။

သူမွေးစားထားသော သားကလေးကြောင့်သာ သူ့မှာ

www.burmeseclassic.com

www.burmeseclassic.com



ယခုလို လူဆိုးခေါင်းဆောင်အဖြစ် ဆက်လက် တည်တံ့နေခြင်းပင်။

ရာဇာမှာ ဗျူဟအား ဖခင်အရင်းဟူ၍ ထင်နေသူမို့ ဖခင်အား ထိလျှင် လုံး၀ မခံပေ။

သူကလည်း ဗျူဟ၏ မွေးစားသားပီပီ စွမ်းသည်။

ဓားခုတ်ပြိုင်ရမလား၊ သေနတ်ပစ်ပြိုင်ရမလား၊ မြင်းစီးပြိုင်ရမလား။

ကြိုက်တဲ့ဘက်မှ စမ်း၊ ရာဇာက အံ့မခန်း အစွမ်းပြနိုင်သည်။

သို့ဖြစ်၍ ဗျူဟမှာ ရာဇာကို အားကိုးရထား၍ သူ၏အဖွဲ့တွင် ဆက်လက် မင်းမူနေနိုင်ခြင်း ဖြစ်သည်။

"ကျွန်တော့်ကို ဆရာကြီး ဘာပြောချင်လို့လဲ ခင်ဗျာ။ ပြောပါ"

သတင်းလာပို့သူက ကျိုးနွံသော အသံဖြင့် ဗျူဟကို မေးနေသည်။

"အိမ်း...ငါ စောစောက ပြောသလိုပဲ မင်းဦးလေးသာချိုကို ရှင်းပြနိုင်းပါ၊ ရှင်းပြတဲ့နေရာမှာ ငါ့အကြောင်းကိုတော့ မပါစေနဲ့ပေါ့ကွာ"

ဗျူဟ၏စကားကြောင့် သတင်းလာပေးသူမှာ ဦးနှောက်ခြောက်ပြန်သည်။

အကြောင်းမှာ ယခု ဗျူဟပြောသော စကားများမှာ 'လယ်သမားဘ၀ကို သဘောပေါက်အောင် ရှင်းပြပါ၊ ဒါပေမယ့် စပါးအကြောင်း မပါစေနဲ့'ဟူသော စကားလို ဖြစ်နေသည်။



လယ်သမားအကြောင်း ပြောလျှင် စပါးပင်သည် အဓိက နေရာမှ ပါမှ ပြီးပြည့်စုံမည် ဖြစ်သလို...

ဦးဖြူထွေးတို့၏ သားကလေးအကြောင်း ပြောလျှင်လည်း ဗျူဟအကြောင်း ပါမှ ပြီးပြည့်စုံမည် မဟုတ်လော။

"ဆ...ဆ... ဆရာကြီးအကြောင်း မပါဘဲ သူတို့သား အကြောင်း ပြောလို့ ဖြစ်ပါ့မလား ခင်ဗျာ"

သတင်းလာပို့သူက မဝံ့မရဲဖြင့် ဗျူဟအား ပြန်မေးနေသည်။

"ဖြစ်အောင်ပြောပြပေါ့ကွ၊ နေပါဦး၊ ဘယ်လိုကြောင့် မင်းတို့မှာ အခက်အခဲတွေ ဖြစ်နေရတာလဲ။ ငါ့ကို သေသေချာချာ ရှင်းပြစမ်း"

ဗျူဟက ရှင်းခွင့်ပေးနေ၍ သတင်းလာပို့သူကလည်း အားတက်ကာ ဤသို့ ပြန်လည်၍ ပြောပြနေတော့သည်။

"ကျွန်တော်တို့မှာ ဖြစ်နေတဲ့ အခက်အခဲက ဒီလိုပါ ဆရာကြီး၊ အခုရောက်လာတဲ့ ကိုပြာသို ဆိုတဲ့လူဟာ သူတို့ ငယ်ငယ်က ပျောက်သွားခဲ့တဲ့ သားလိုပဲ လက်မောင်းမှာ မွေးရာပါ အမှတ်ကြီးတစ်ခုက ရှိနေတယ်။ ရှိတဲ့နေရာကလည်း သူတို့သားမှာ ရှိတဲ့အတိုင်းပဲတဲ့။ နောက် သူတို့သား ပျောက်သွားတဲ့ လမှာပဲ ဒီကိုပြာသိုကို တခြားမိဘနှစ်ဦးက မွေးစားခဲ့ကြတာတဲ့။ သူ့ကို နမ်းရိုးမှာ မြင်းကြီးကို စီးထားခဲ့တဲ့ လူတစ်ယောက် လာပြီး အိမ်တစ်အိမ်မှာ ပစ်သွားခဲ့တာတဲ့။ ဒီတော့ ဘ... ဦးဖြူထွေးရော ကြီးကြီးဒေါ်နန့်တို့ကပါ သူတို့သားလို့ တထစ်ချ ထင်နေကြတာပေါ့။ ဒီအထင်ကို ဖျောက်ဖျက်ပစ်ချင်ရင် ဆရာကြီးအကြောင်းကို ပြောမှ ဖြစ်မှာမို့ပါ။ နို့မို့...မလွယ်ပါ

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျာ"

သတင်းလာပို့သော လူရွယ် ပြောနေသော စကားမှာ အကြောင်းအကျိုးသင့်နေ၍ ဗျူဟာမှာ အခက်တွေ့နေရတော့သည်။

သူ့အကြောင်းကို ပြောရန် ခွင့်ပြုလိုက်လျှင် တစ်ဖက် ဦးဖြူထွေး သိကာ သူ့နေရာသို့ မရမက လိုက်ရှာတော့မည်။

ရှာသည်က အရေးမကြီး၊ သူ၏သားအရင်းလို ချစ်ခင်နေ သော ရာဇာက သူ့အား မွေးစားဖခင် ဟူ၍ သိသွားမည်ကို သူ မလိုလားပေ။

သည်လိုသိသွားလျှင် သူ့သားက သူ့အပေါ် စိတ်ထား ပြောင်းလဲသွားနိုင်သည်။

သူကလည်း ရာဇာအား သားအရင်းလို ချစ်ခင်နေသူမို့ သူ့အပေါ်တွင် စိတ်ပြောင်းသွားခြင်းကို လုံးဝ မလိုလားပေ။

"ကောင်းပြီ၊ သူ့အကြောင်းမပါဘဲ ပြာသိုအား သူတို့သား အစစ်မဟုတ်ကြောင်း ပြောခိုင်းလျှင်လည်း ပြည့်စုံမည်မဟုတ်ပေ။ အထက်တွင် ဖော်ပြခဲ့သလို လယ်သမားအကြောင်း ပြောပြီး စပါးအကြောင်း ချန်ထားသလို ဖြစ်နေမည် မဟုတ်လော။

"ဆရာကြီးကို တစ်ခု ကျွန်တော် မေးပါရစေလား ခင်ဗျာ"

"မေးလေ. .ဘာကို မေးချင်လို့လဲ"

"ဟုတ်ကဲ့၊ ကျွန်တော် မေးချင်တာက ဆရာကြီးအနေနဲ့ ခြောက်ဆရာကြီးဆီမှာ ရှိနေတဲ့ ကိုရာဇာကို ဆရာကြီးရဲ့ မွေးစား ဘားဆိုတာ မသိစေချင်ဘူး မဟုတ်လား ခင်ဗျာ"

"ဟ...မေးနေစရာ လိုသေးသလားကွ၊ ရာဇာကို ငါဟာ အာသားအရွယ်ကတည်းက အခု အသက်အရွယ်အထိ မွေးလာခဲ့



ရတာမို့ ငါ့သားအရင်းနဲ့ ဘာမှ မထူးခြားဘူး။ မင်းက ဘာ သဘောနဲ့ အခုလို မေးနေတာလဲ။ နောက်တစ်ခါ ရာဇာကို ငါ့မွေးစားသားလို့ ပြောရင် မင့်ဦးနှောက်တွေကို ဟောဒီက ငါ့သေနတ်နဲ့ ဖွာဆန်ကြဲအောင် ပစ်ထည့်ရလိမ့်မယ်နော်...ဟွန်း"

"ချမ်းသာပေးပါ ဆရာကြီးရယ်၊ ကျွန်တော် ဒီစကားကို မပြောမဖြစ်လို့ ထည့်ပြောနေရတာပါ။ ကိုရာဇာအပေါ်မှာ ဆရာကြီး ဘယ်လောက်ချစ်တယ်ဆိုတာ ကျွန်တော် ကောင်း ကောင်းကြီး သိပါတယ်လေ"

"အိမ်း...သိလျက်သားနဲ့ ဘာလို့ မင်းက ပြောနေရတာလဲ"

"ကျွန်တော် ပြောခဲ့သလိုပေါ့၊ မပြောမဖြစ်လို့ ပြောနေရ တာပါ။ ဘာဖြစ်လို့လဲဆိုတော့ ကိုရာဇာတစ်ယောက်လုံး ဆရာ ကြီးလက်ထဲမှာ ရှိနေပြီပဲ၊ ဘာဖြစ်လို့ ကိုပြာသိုကို သူတို့သား မဟုတ်ဘူးဆိုတာ ဘဘကြီးဖြူထွေးတို့ကို အသိပေးနေမှာလဲ၊ မပေးနဲ့ပေါ့ဗျာ၊ သူတို့ဟာသူတို့ နေပေစေပေါ့"

"တော်..."

သတင်းလာပို့သူ ပြောနေခိုက် ဗျူဟာထံမှ အထက်ပါအတိုင်း 'တော်'ဟူသော အသံမှာ ကျားဟိန်းသလို ကျယ်လောင်စွာ ပေါ်ထွက်လာသည်။

သူ၏မျက်နှာကြီးမှာလည်း အလွန်ပင် ဒေါသထွက်နေတော့ သည်။

သတင်းလာပို့သူမှာတော့ ဗျူဟာ၏ မျက်နှာကြောင့် ဝမ်းသာ ဆေး မစားရဘဲနှင့် ဝမ်းတွေ ဒလဟော ထွက်ကျချင်သလို ဖြစ်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်...ကျွန်တော်...စ...စ...စကားပြောမှားသွားရင်
လွှတ်ပါ ခင်ဗျာ"

ကျားသနားမှ နွားချမ်းသာမည့်ဘ၀မို့ သတင်းလာပို့သော
လူရွယ်ကလေးမှာ ထိတ်ထိတ်လန့်လန့်ဖြင့် တောင်းပန်နေ
သည်။

"ကောင်းပြီ၊ မင်းမသိလို့ ဒီစကားမျိုး ပြောတာလို့ ငါယူ
တဲ့အတွက် မင့်ကို ငါ ဘာမှ အပြစ်မပေးပါဘူးလေ၊ အိမ်း
ဒါပေမယ့် မင်း သဘောပေါက်အောင်တော့ ငါ ရှင်းပြဦးမယ်"

"ဟုတ်ကဲ့၊ ဆရာကြီးရှင်းပြရင် အလွန်ကောင်းမှာပါ"

သတင်းလာပို့သူက လက်အုပ်ကလေးကို ချီပြရင်း ပြန်ဖြေ
သည်။

ဇျူဟလည်း သူ့ကို အလွန်ကြောက်ရွံ့ ရိုသေမှန်း သိ
အားရကျေနပ်နေသည်။

"ဒီလိုကွ၊ ရာဇာကို ငါဟာ ဖြူထွေးတို့လက်က ခိုးယူ
တာဟာ ပထမတော့ ငါ့သားအရင်းကို သင်းက သတ်ပစ်ခဲ့
လက်စားချေတဲ့အနေနဲ့ သူတို့ရဲ့သားကိုလည်း သတ်ပစ်ဖို့ ခိုးလာ
ခဲ့တာပဲ။ အဲ...ဒါပေမယ့် လမ်းကျတော့ ဒီကလေးဟာ ငါ့ပါး
ကိုင်လိုက်, ရယ်လိုက်, မောလိုက် လုပ်နေတာနဲ့ ငါလည်း
ကလေးကို မသတ်ရက်တော့ဘဲ သူ့ကို ဘာလုပ်ရရင် ကောင်း
မလဲလို့ စဉ်းစားနေတုန်း ဖြုန်းခနဲဆို ငါ့ခေါင်းထဲ အကြံတစ်
ဝင်လာတယ်။ ဒီအကြံက ဘာလဲဆိုရင် သူတို့သားကို သတ်မပစ်
တော့ဘဲ သေဆုံးသွားခဲ့တဲ့ ငါ့သားအစားမွေးမယ်၊ နောက်
ကြီးလာတဲ့အခါ သူ့ကို ငါ့လို လူဆိုးဖြစ်အောင်လုပ်ပြီး တရား





ဘကျော်သားကြီး ဖြူထွေးရဲ့ သားအရင်းခေါက်ခေါက်
လူဆိုးကြီး ဖြစ်နေတယ်ဆိုတာ သူတို့သိအောင် လုပ်မယ်၊
သာ သိရရင် ဖြူထွေးရော သူ့မိန်းမပါ မဟာအရှက်တော်
း သူတို့လည်း စိတ်ထိခိုက်ကြမယ်။ ဒါက ပထမအချက်၊
က်အချက်ကတော့ သူတို့သားကို ငါက ခိုးယူသွားတဲ့အတွက်
ို့လင်မယားဟာ စိတ်၏ဆင်းရဲခြင်း၊ ကိုယ်၏ဆင်းရဲခြင်း
ကို နှစ်ရှည်လများ ခံစားစေချင်တဲ့ သဘောပဲကွ။ ဒီသဘော
င်းပဲ ဖြူထွေးရော သူ့မိန်းမပါ သူတို့သားလေးအတွက်
ဉ်နှင့်အမျှ စိတ်ဆင်းရဲနေကြရတယ် မဟုတ်လား။ ဒါကို
ား‌သိရတိုင်း ငါ့မှာ ကျေနပ်မဆုံး တပြုံးပြုံး ဖြစ်နေခဲ့တာကွ။
ော့ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဆိုတာမျိုးလို သူတို့သား
ည်း ငါ့ဆီမှာရောက်ပြီး ငါ့ကို ဖခင်လို့ချစ်နေ၊ ငါ့အဖို့
းလည်း အစားရ၊ သူတို့မှာတော့ သားအတွက် ဒုက္ခရောက်
ကြတာမို့ ငါဟာ သိပ်ကို ပီတိဖြစ်နေခဲ့တာ။ ဟော...အခု
ော့ ဖြာသိုဆိုတဲ့ကောင်က ရောက်လာတော့ ငါ့ပီတိတွေဟာ
က်ကုန်ခဲ့တာပေါ့ကွ"

"ဘာကြောင့်လဲ ဆရာကြီး"

"ဟကောင်ရ...မေးနေစရာ လိုသေးလို့လား။ အခုရောက်
ခဲ့တဲ့ကောင်ကို သူတို့ရဲ့ ပျောက်ဆုံးသွားတဲ့ သားလို့ ထင်နေ
ော့ သူတို့တစ်တွေဟာ ဟိုတုန်းကလို စိတ်ဆင်းရဲခြင်း ဖြစ်နေ
ဦးမှာလား မင်းပဲဖြေစမ်း"

"ဘယ်ဖြစ်တော့မှာလဲ ဆရာကြီး"

"အဲဒီလိုမဖြစ်တော့ ငါ့မှာ ကျေနပ်နိုင်ပါ့မလားကွ။ ငါ

www.burmeseclassic.com

www.burmeseclassic.com



အစက စီစဉ်ထားတာက ဒီလင်မယားနှစ်ယောက် မသေမချင်း သူတို့သားအတွက် စိတ်ဆင်းရဲမှုတွေနဲ့ကြုံပြီး ပျော်ရွှင်မှုမှန်သမျှ တွေ ကင်းဝေးစေဖို့ပဲ။ အခု ပြာသိုဆိုတဲ့ကောင်က ဝင်ရှုပ်နေတော့ ငါဖြစ်စေချင်သလို သူတို့ မဖြစ်တော့ဘူး မဟုတ်လားကွ"

"မှန်ပါတယ် ဆရာကြီး"

"အဲဒါကြောင့် မင့်ဦးလေး သာချိုကို ငါက ပြာသိုဟာ သူတို့သား မဟုတ်တဲ့အကြောင်းကို ရှင်းပြစေချင်နေတာပေါ့ကွ ရှင်းပြီလား"

"ဟုတ်ကဲ့၊ ရှင်းပါပြီ ဆရာကြီး"

"ရှင်းတယ်ဆိုရင် မင့်ဦးလေး သာချိုကို သွားပြောချေ ပြာသိုဟာ သူတို့သား မဟုတ်ဘူးဆိုတာကို၊ အဲ...ပြီးတော့ ငါ ခုနင်က ပြောသလိုပဲ ငါ့ဆီမှာ ရောက်နေတဲ့ ရာဇာအကြောင်း ကိုတော့ မပါစေနဲ့၊ ငါ့အကြောင်းကိုတော့ နည်းနည်းပါးပါး ပါချင်ပါပေစေပေါ့ကွာ၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့၊ ကျွန်တော် သဘောပေါက်ပါပြီ ဆရာကြီး"

"သဘောပေါက်ရင် မင်းပြန်ပေတော့၊ တော်ကြာ ငါ့သား ရာဇာ ရောက်လာလို့ တွေ့ရင် ဘာကိစ္စလာတာလဲ၊ ဘာလဲနဲ့ လျှာရှည်ပြီး မေးနေရင် မင်းမပြောတတ်တာနဲ့ အကုန်ပေါက်ကုန်ဦး မယ် သိလား"

"ဟုတ်ကဲ့၊ ကျွန်တော် နားလည်ပါတယ် ဆရာကြီး၊ ဒါဆို ကျွန်တော် သွားတော့မယ်နော်"

"အေး...သွားတော့၊ မင့်ဦးလေးသာချိုကို ငါပြောတာတွေ အကုန်ပြော၊ ငါ့သားရာဇာအကြောင်းတော့ ယောင်လို့မှ မဟ



ိက်နဲ့လို့၊ ဟုတ်ပြီလား"

"စိတ်ချပါ ဆရာကြီး၊ ကျွန်တော် သေသေချာချာ ပြောပြ ိက်ပါ့မယ်"

သတင်းလာပို့သူက ပြန်ပြောပြီး ဇူဋ္ဌအား ဦးချကာ ပြန်ရန် င်သည်။

"ဟာ...ဟော့ကောင်ကြီး တင်တိုး"

နောက်ဘက်မှ ရုတ်တရက် လှမ်းခေါ်သံကြောင့် ဇူဋ္ဌရော တင်းလာပို့သူ တင်တိုးမှာ ထိတ်လန့်တကြား အသံလာရာသို့ မ်းကြည့်မိကြသည်။

အမေရိကန်ရုပ်ရှင်ကားထဲတွင် မြင်ရတတ်သော 'မက်စီ င်' တောပုန်းဓားပြ ဝတ်စုံမျိုးကို ဝတ်ထားသော ရာဇာအား င်တွေ့လိုက်ကြရသည်။

သူတို့နှင့် ရာဇာ ရောက်ရှိနေသော နေရာမှာ ကိုက်တစ်ရာ တော့ ဝေးသည်။

"အဲဗျ၊ သားရောက်လာပြီ၊ ဒုက္ခပဲ၊ ဟော့...မင်းကို သားက ကိစ္စနဲ့ လာတာလဲလို့ မေးရင် အလည်သက်သက်လာတာ ပြောနော်။ စောစောကအကြောင်းတွေ တစ်ခွန်းတစ်ပါဒမှ လိုက်နဲ့၊ ကြားလား"

ဇူဋ္ဌ စိတ်မချသံဖြင့် တင်တိုးကို မှာနေသည်။

"စိတ်အေးအေးထားပါ ဆရာကြီး၊ ကျွန်တော် လုံးဝ မဟ ဘူး"

တင်တိုး ပြောနေခိုက် ရာဇာမှာ သူ၏ မယော်ဂနီရောင် င်းကြီးပေါ်မှ ဆင်းကာ သူတို့ထံသို့ ခပ်မတ်မတ်ကလေး

www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာသည်။

ရာဇာမှာ အရပ်အမောင်းကလည်း အလွန်ကောင်းသည်။

တောထဲတွင် နေရသူမို့လား မသိ၊ ကိုယ်လုံးကိုယ်ထည်ကလည်း အလွန်ပင် ကြံ့ခိုင်တောင့်တင်းလှသည်။

သူ မြင်းပေါ်မှ ဆင်းနေခိုက် သူ၏တပည့်တစ်ဦး လာ၍ မြင်းကြိုးကို ကိုင်ပေးရသည်။

မြင်းပေါ်မှ သူ ဆင်းအပြီးတွင် မြင်းကို လာကိုင်ပေးသူက တခြားနေရာသို့ ဆွဲယူသွားသည်။

ဗျူဟရော တင်တိုးပါ ရာဇာ လာနေရာသို့ ပြိုင်တူလှမ်းကြည့်နေကြသည်။

ရာဇာသည် ပခုံးတွင် လွယ်ထားသော ရိုင်ဖယ်သေနတ်ကြီးကို ဆွဲချွတ်ယူရင်း သူတို့ဆီသို့ လာနေသည်။

ဗျူဟမှာ သူ့မွေးစားသား ရာဇာအား ချစ်မြတ်နိုးစွာ လှမ်းကြည့်ပြီး ပြုံးနေသည်။

"ဟေ့ကောင်ကြီး... မင်းပျောက်နေတာ ကြာလှပြီရော။ ဟိုလတုန်းကတောင် လာမလားလို့ ငါ မျှော်နေမိသေးတယ်... ဟဲဟဲ"

ရာဇာက သူ့အား ပြုံး၍ကြည့်နေသော တင်တိုး၏ ပခုံးကို ညာလက်ဖြင့် လှမ်းပုတ်ရင်း ပြောနေသည်။

"ကျွန်တော် လာမလို့ပဲ ကိုရာဇာ၊ ဒါပေမယ့် အလုပ်တွေက သိပ်များနေလို့ မလာဖြစ်တာဗျ"

တင်တိုးက ပြန်ပြောသည်။

တင်တိုးမှာ ရာဇာနှင့်ဆိုလျှင် သူကပင် အသက်တစ်နှစ်



ပိုကြီးသေးသည်။

သို့သော် ရာဇာမှာ ဗျူဟပြီးလျှင် ဤစခန်းတွင် ဒုတိယအကြီးဆုံးခေါင်းဆောင် ဖြစ်နေ၍ သူ့ထက် ငယ်သော်လည်း သူက လေးလေးစားစား ပြောနေရသည်။

"ဒါဖြင့် အခု လာတာကရော အေးအေးဆေးဆေးပဲ မဟုတ်လား"

ရာဇာက မေးနေပြန်သည်။

"မအေးဆေးဘူးဗျာ၊ ကျွန်တော် အခုပဲ ပြန်ရလိမ့်မယ်"

"ဟာကွာ၊ မင်းကလည်း ရောက်လာရင် ဘယ်တော့မှ ကြာကြာမနေဘူး၊ ချက်ချင်း ပြန်လစ်ပြေးတာချည့်ပဲ၊ ဘာလဲကွ၊ မင်းက တို့စခန်းမှာ နေရတာ စိတ်မချလို့လား...ဟား ဟား ဟား"

"မဟုတ်ပါဘူး ကိုရာဇာရယ်၊ ကျွန်တော့်မှာက အလုပ်တွေ သိပ်များနေလို့ပါ။ အခု ဒီကို လာတာတောင် ဦးလေးသာချိုက ဟောဒီက ဆရာကြီး မှာလိုက်တဲ့ ဆေးဝါးတွေကို အပို့ခိုင်းလိုက်လို့ ရောက်လာခဲ့တာပါဗျာ"

တင်တိုး မုသာဝါဒတွေ သုံး၍ ပြောနေရသည်။

"အေးလေကွာ၊ ရောက်လက်စနဲ့ မပြန်ပါနဲ့ဦး၊ ငါနဲ့အတူ မနက်ဖြန်ကျရင် တောပစ်လိုက်ခဲ့ကွာ၊ မင်းကို ချေသားဟင်း ကောင်းကောင်း ချက်ကျွေးချင်လို့ပါ...အဟဲ"

"မဖြစ်လို့ပါ ကိုရာဇာရယ်၊ နို့မို့ တစ်လလောက်တောင် ခင်ဗျားနဲ့ နေချင်သေးတယ်"

တင်တိုး ပြောနေခိုက် ဗျူဟကလည်း ဝင်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သားရဲ့၊ ဒီကောင့်မှာက အလုပ်က အင်မတန်များနေတာမို့ သူပြန်ပါစေကွာ၊ ဒါထက် ငါ့သား သွားတာကလည်း မြန်လှချည်လား။ အဖေ ထင်နေတာက မနက်ဖြန်ကျမှ သားပြန်လာမယ် ထင်နေတာကွ၊ ပစ္စည်းရော ပါရဲ့လား"

ဖျူဿ၏အမေးကို ရာဇာ ချက်ချင်း ပြန်မဖြေသေးပေ။

သူ၏မျက်နှာကြီးကို မဲ့ပြထားသေးသည်။

ပြီးမှ စိတ်ပျက်သံကြီးဖြင့် ပြန်ပြောနေသည်။

"ပါမလာဘူး အဖေရာ၊ ကျွန်တော် သွားမယ့်လမ်းမှာ သောင်းကျန်းနှစ်ဖွဲ့ ဘာပြဿနာဖြစ်ကြတယ် မသိပါဘူး တစ်ဖက်နဲ့တစ်ဖက် အပြတ်တီးနေကြလို့ သားတို့လည်း လမ်းခုလတ်ကနေ ပြန်လှည့်လာခဲ့ရတယ်ဗျာ"

ရာဇာ၏စကားကို ကြားရလျှင် ဖျူဿ အံ့သြဟန်ဖြင့် ပြန်မေးသည်။

"ဟေ...ဘယ်အဖွဲ့တွေလဲကွ၊ တောက်ထွန်းနဲ့ သောကြာတို့အဖွဲ့လား"

"တောက်ထွန်းတို့ အဖွဲ့တော့ ဟုတ်ဟန်မတူဘူး၊ သောကြာနဲ့ တခြားအဖွဲ့ထင်တာပဲ။ တောက်ထွန်းတို့အဖွဲ့ဟာ ဒီတောစခန်းက ရွှေ့သွားတာ နှစ်ပတ်လောက်ပဲ ရှိနေပြီပဲ၊ ပြီးတော့ သောကြာနဲ့ ဆိုတာကလည်း ငယ်သူငယ်ချင်းတွေမို့ သူတို့ချင်း ပြဿနာ မရှိနိုင်ပါဘူးလေ"

"အိမ်း... သူတို့ချင်း ပြဿနာ မရှိကြပေမယ့် အခု သောင်းကျန်း အချင်းချင်း ပြဿနာရှိနေကြတော့ ငါတို့အတွက် နစ်နာနေတာပေါ့"



"အဖေကလည်းဗျာ၊ မနစ်နာနိုင်ပါဘူး၊ နောက် တစ်ရက်နှစ်ရက်လောက်ကျတော့ သားသွားပေးပါ့မယ်လေ။ သူတို့လည်း သားတို့အလာကို စောင့်နေကြမှာပါဗျာ"

"စောင့်ရင်တော့ ကောင်းတာပေါ့ကွာ၊ မစောင့်ဘဲ ငါတို့ဆက် ဈေးပိုပေးတဲ့ဘက်ကို ရောင်းလိုက်ရင် ဘယ်လိုလုပ်မလဲ"

"ဟား ဟား ဟား...အဲဒီလိုသာ လုပ်မယ်ဆိုရင်တော့ သူတို့အတွက် ဆုလာဘ်ကတော့ ဟောဒါပဲပေါ့ဗျာ။ အဖေ့သားဟာ အဖေ့အတိုင်းပဲ၊ သစ္စာဖောက်တွေ ရှင်းလင်းတဲ့ နေရာမှာ လက်သံပြောင်ပါတယ်လေ...အဟီး"

ရာဇာက ပြောရင်း သူ၏ခါးကြားမှ ခြောက်လုံးပြူးသေနတ်ကို လက်ဖြင့် ပုတ်ပြသည်။

ဖျူဿမှာတော့ သူ၏ခြေရာကို တစ်သဝေမတိမ်း လိုက်နင်းသော သူ့သားကို ကြည့်၍ ကျေနပ်အားရမဆုံး ဖြစ်နေသည်။

"ဟား ဟား ဟား...ဒါမှ အဖေ့သားကွ၊ ဒါကြောင့်လည်း အဖေဟာ သားကို ညာလက်ရုံးလို အားကိုးနေတာပေါ့ သားရယ်၊ ကိုင်း...သား ခင်းလည်း ခရီးပန်းလာလို့ သွားပြီး အနားယူလိုက်ဦး"

ဖျူဿမှာတော့ တင်တိုးအနီးတွင် မနေစေလို၍ ဥပါယ်တံမျဉ်ဖြင့် နှင်လွှတ်နေသည်။

"ဟုတ်ကဲ့အဖေ၊ ကျုပ်လည်း ဆာလာလို့ သွားစားလိုက်ဦးမယ်ဗျာ။ ဟော့...တင်တိုး...မင်းရော စားလို့သောက်လို့ ပြီးပြီလားကွ"

"ပြီးပါပြီ ကိုရာဇာ၊ ကျွန်တော်လည်း သွားတော့မယ်နော်၊

www.burmeseclassic.com

www.burmeseclassic.com



နောက်မှ တွေ့ကြတာပေါ့ဗျာ”

တင်တိုး နှုတ်ဆက်ရင်း ထိုင်နေရာမှ ထသည်။

“အေးကွာ...ငါကတော့ မင်းကို မပြန်စေချင်သေးပါ
မင့်မှာက မပြန်မဖြစ်တဲ့ ကိစ္စကြီး ရှိနေတော့လည်း ပြန်ပေါ့
နောက်တစ်ခါလာရင်တော့ တစ်ပတ်လောက်နေကွာ၊ ဟုတ်

“ဟုတ်ကဲ့...ကျွန်တော် ကြိုးစားပါ့မယ်ဗျာ”

တင်တိုး ပြန်ပြောပြီးနောက် ဗျူဟကိုပါ နှုတ်ဆက်၍
အနီးမှ ထွက်သွားသည်။

“ဟေ့...တင်တိုး၊ ငါမှာတာတွေကို မမေ့နဲ့နော်”

ဗျူဟ နောက်မှနေ၍ တင်တိုးကို ထပ်သတိပေးနေသ

“စိတ်ချနေပါ ဆရာကြီးခင်ဗျား”

တင်တိုး ခပ်ကျယ်ကျယ်ကလေး ပြန်၍ အော်ပြော
ထွက်သွားသည်။

❖



( တစ်ဆယ့်တစ် )

---

# သူတို့နှစ်ဦး

ပြာသိမှာ ဦးဖြူထွေး၏ အိမ်သို့ ရောက်နေသည်မှာ ယခု
ဆိုလျှင် တစ်လခန့် ရှိခဲ့ပြီဖြစ်သည်။

ရောက်စ တစ်ပတ်ခန့်တွင်တော့ ပြာသိမှာ မည်သည့်အလုပ်
ကိုမှ မလုပ်ရဘဲ ပန်းကြာဖြူနှင့်အတူ မြင်းများကို စီး၍ ရွာ
နီးချုပ်စပ်သို့ လျှောက်လည်နေခဲ့သည်။

ပန်းကြာဖြူကို သူ့ဖခင်က ငါးနှစ်သမီးအရွယ်မှစ၍ မြင်း
စီးသင်ပေးထားခဲ့၍ ကျွမ်းကျင်စွာ စီးနိုင်သလို ပြာသိကလည်း
ခေသူ မဟုတ်ပေ။

ပန်းကြာဖြူလိုပင် မြင်းစီးကျွမ်းကျင်လှသည်။

“အစ်ကိုကို ဘယ်သူက မြင်းစီးသင်ပေးတာလဲဟင်၊ ညီမက
အစ်ကို မြင်းမစီးတတ်ဘူး အောက်မေ့နေတာ”

ပြာသိနှင့် ပထမဆုံးအကြိမ် မြင်းစီး ထွက်သွားခဲ့စဉ်က
ပန်းကြာဖြူ အံ့ဩသံဖြင့် မေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြာသိုက ပြုံးပြရင်း ပြန်ပြောသည်။

"အစ်ကို ဆယ်နှစ်သားကတည်းက ကတ်ခဲ့ပါတယ်။ နောက် ရှမ်းပြည်နယ်ဘက်ကို ရောက်တုန်းကလည်း မြင်းစီးလေ့ကျင့်ခဲ့လို့ အခုလို ကျွမ်းကျွမ်းကျင်ကျင် စီးနိုင်နေတာပါကွာ။ ညီမကိုတော့ မြင်းစီးတတ်အောင် ညီမရဲ့ဖေဖေက သင်ပေးထားတာနဲ့တူတယ်"

"အစစ်ပေါ့၊ ဖေဖေက ညီမ ငါးနှစ်သမီးကတည်းက သင် ပေးထားတယ်လေ"

ပန်းကြာဖြူကလည်း ပြန်ပြောပြနေသည်။

ပြာသိုအနေနှင့် အလုပ်မရှိဘဲ တစ်နေကုန်တစ်နေခန်း မြင်း စီး၍ လျှောက်လည်နေရသည်ကို ကြာတော့ ပျင်းလာသည်။

သို့ဖြစ်၍ ပန်းကြာဖြူအား ဤသို့ ပြောနေသည်။

"ပန်းကြာဖြူ အစ်ကို အခုလို အလကားနေရတာ ပျင်း တယ်ကွာ၊ ဒီတော့ ပန်းကြာဖြူရဲ့ ဖေဖေကို ပြောပေးစမ်းပါလား"

"ဘာကို ပြောပေးရမှာလဲ အစ်ကိုရဲ့"

"တခြားမဟုတ်ပါဘူးကွာ... အစ်ကို့ကို ယာခင်းထဲမှာ ဖြစ်ဖြစ်၊ မြင်းကျောင်းတဲ့အလုပ်ပဲဖြစ်ဖြစ် လုပ်ကိုင်ခွင့်ပြုပါလို့"

"အို...အစ်ကိုကလည်း ဒီအလုပ်တွေဟာ ပင်ပန်းပါတယ်၊ မလုပ်ချင်စမ်းပါနဲ့"

"ဟာ...ဘယ်လောက်ပဲ ပင်ပင်ပန်းပန်း လုပ်ပါရစေ ပန်းကြာဖြူရယ်၊ အစ်ကိုက အလုပ်မရှိရင် မနေတတ်ဘူး"

ပြာသိုက အတင်းပင် ပြောနိုင်းနေသည်။

"ဘာလဲ...အစ်ကိုက ညီမနဲ့ အခုလို ရှာနီးချုပ်စပ် လျှောက် လည်နေရတာ သဘောမကျလို့လားဟင်၊ ညီမကတော့ အစ်ကိုနဲ့



အခုလို လျှောက်လည်နေရတာ သိပ်ကို ပျော်မဆုံး ဖြစ်နေတာ။ အခုတော့ အစ်ကိုက ညီမပျော်နေသလောက် အစ်ကိုက မပျော်လို့ ဖေဖေ့ဆီမှာ အလုပ်လုပ်ဖို့ ကြံနေတာလားဟင်"

ပန်းကြာဖြူ သဘောမကျသံဖြင့် ပြာသိုအား ရန်တွေ့နေ တော့သည်။

ပြာသိုက ပြုံး၍ သူ့ကို ကြည့်နေသည်။

"ညီမရယ်၊ အစ်ကို အခုလို ဒီရွာကို ရောက်ခဲ့တာဟာ ညီမကို ချစ်နေလို့သာ လာခဲ့တာပေါ့၊ အဟုတ်ပါပဲ၊ အစ်ကိုလေ ညီမကို ဘယ်လိုချစ်မိမှန်း မသိဘူး"

ပြာသို၏ စကားမှာ အဓိပ္ပာယ်နှစ်မျိုးပါနေ၍ ပန်းကြာဖြူ၏ မျက်နှာကလေး ရှက်သွေးတွေ ဖြာဆင်း၍ သွားတော့သည်။

ပြာသိုကိုယ်တိုင်လည်း မျက်နှာပူနေမိသည်။

သူ့အနေဖြင့် ဤစကားမျိုးပြောရန် မကြံရွယ်ခဲ့ပေ။

သူပြောလိုသော စကားမှာ 'ညီမနဲ့ နေရတာ မပျော်လို့ မဟုတ်ပါဘူး၊ အစ်ကိုက အလုပ်မလုပ်ရရင် ပျင်းတတ်လို့ပါ။ ငါညီမကို မခင်ဘဲ နေပါ့မလားကွာ၊ ခင်မင်လို့သာ အခုလို လိုက်လာတာပေါ့။ အစ်ကို့အပေါ်မှာ အထင်မလွဲပါနဲ့'ဟူ၍ ပြောလိုခြင်း ဖြစ်သည်။

ယခုမူ သူက စကားကို လိပ်ပတ်လည်အောင် မပြော တတ်၍ သူပြောလိုသည်ကတစ်မျိုး၊ သူ့ပါးစပ်မှ ထွက်ပေါ်လာ သော စကားများက တစ်မျိုးဖြစ်ကာ ပန်းကြာဖြူ၏ မေတ္တာကို တောင်းခံနေသလို ဖြစ်နေတော့သည်။

တစ်မျိုးတော့လည်း အကောင်းသား။

www.burmeseclassic.com

www.burmeseclassic.com



ပန်းကြာဖြူ၏ မေတ္တာကို သူ့အနေနှင့် အပြုေ
အမည်းလော ဆိုသည်ကို သဲသဲကွဲကွဲ သိရမည် မဟုတ်ေ

ပန်းကြာဖြူမှာ ပြာသို၏ စကားအဆုံးတွင် သူစီးနေေ
မြင်းကို ကြိမ်ဖြင့်တို့ကာ အခြားတစ်နေရာသို့ စီးပြေးသွားသ

"ဟေး...ပန်းကြာဖြူ...ညီမ နေဦးလေ၊ ဒါက ဘယ်လ
သွားရတာလဲ"

ပြာသိုမှာ ပန်းကြာဖြူ စိတ်ဆိုးသွားပြီအထင်နှင့် နော
လှမ်းခေါ်နေသည်။

ပန်းကြာဖြူက လှည့်မကြည့်ဘဲ မြင်းကို စီးသွား
သူသည်လည်း နောက်မှနေ၍ မြင်းကို ဒုန်းစိုင်းကာ လိုက်
သည်။

ပန်းကြာဖြူမှာ မြင်းကို ဒုန်းစီး၍ လာခဲ့ရာမှ လှပေ
ရေတံခွန်အနီးသို့ ရောက်လျှင် စီးလာသော မြင်းကို ရပ်သ

ပြီးတော့ မြင်းပေါ်မှ ဆင်းကာ ရေတံခွန်ဘက်ဆ
ကျောက်ဆောင်များကို တစ်ခုပြီးတစ်ခု ကျော်လွှားကာ သွား
သည်။

ပြာသိုလည်း ပန်းကြာဖြူအား မြင်းပေါ်မှနေ၍ လှမ်းကြ
နေသည်။

ပန်းကြာဖြူအား ကြည့်နေရာမှ သူသည်လည်း မြင်းပေ
ဆင်းကာ ပန်းကြာဖြူ သွားရာဘက်သို့ နောက်မှ အပြေးလိ
ကာ သွားနေသည်။

"ပန်းကြာဖြူ"

ပြာသို နောက်ဘက်မှ နေ၍ အသံကျယ်ကျယ်ဖြင့် လှ



တ်ခေါ်သည်။

ပန်းကြာဖြူ ခပ်ပြုံးပြုံးကလေး လုပ်ကာ ပြာသိုကို လှမ်း
ည့်သည်။

"ဒါက ဘယ်သွားမလို့လဲ၊ သိပ်အတင့်မရဲနဲ့၊ ဟိုဘက်မှာ
ကျောက်ကမ်းပါးကြီး ရှိတယ်မဟုတ်လား။ ခြေချော်ကျရင်
က်သာဘူးနော်"

ပြာသို နောက်ဘက်မှ လှမ်းအော်ကာ သတိပေးနေသည်။

ပန်းကြာဖြူမှာမူ ပူပင်ပုံမပေါ်ပေ။

သူ့ဘက်သို့ လှည့်၍ ကပြနေလိုက်သေးသည်။

ကပြပြီးနောက် ရေတွေ ဒလဟော စီးဆင်းလာနေသော
ောင်းပေါ်ရှိ ကျောက်ဆောင်ကြီးများပေါ်သို့ သမင် ဒရယ်မ
လေးပမာ တစ်ခုပြီးတစ်ခု ခုန်ပေါက်ကာ ကျော်လွှားနေ
တော့သည်။

ပြာသိုမှာတော့ ပန်းကြာဖြူ၏ အပြုအမူကြောင့် ရင်ထိတ်
နေမိသည်။

"ဟေး... ညီမလေး ပန်းကြာဖြူ၊ အစ်ကိုပြောနေတာ
ရဘူးလား"

ပြာသို လှမ်းအော်၍ ပြောနေပြန်သည်။

ဤအကြိမ်တွင်တော့ ပန်းကြာဖြူမှာ အတော်ဝေးဝေးသို့
ရောက်နေ၍ သူပြောသံကို ကြားဟန်မတူပေ။

"ခက်တော့တာပဲ၊ ကျောက်ဆောင်တွေပေါ်မှာ ခုန်ပေါက်ပြီး
သွားနေတယ်၊ မတော် ခြေချော်လက်ချော်ဖြစ်ပြီး လိမ့်ကျရင်
ါလည်း လိုက်ကယ်နိုင်မှာ မဟုတ်ဘူး။ စီးထားတာကလည်း

www.burmeseclassic.com

www.burmeseclassic.com



လေဒီရှူးဖိနပ်ကြီး၊ ဒါမျိုးဟာ အင်မတန် ခြေချော်တတ်တာပဲ"

ပြာသို စိတ်တဲမှ ပွပင်သံဖြင့် ရေရွတ်နေသည်။

သူလည်း နေရာတွင် ရပ်၍ မနေနိုင်တော့ပေ။

ပန်းကြာဖြူ၏ နောက်သို့ လိုက်ရလေတော့သည်။

လိုက်သာလိုက်ရသည်၊ ပြာသိုမှာ ထိုကျောက်ဆောင်ပေါ်သို့ ကျွမ်းကျွမ်းကျင်ကျင်ဖြင့် သွားတတ်သူ မဟုတ်ပေ။

ထိုရေတံခွန်သို့ ရောက်ဖူးသည်မှာ ယခုပါနှင့်မှ နှစ်ကြိမ်သာ ရှိသေးသည်။

သို့သော် ပန်းကြာဖြူက အတင့်ရဲရဲဖြင့် တစ်ဖက်သို့ သွားနေ၍ သူ့မှာလည်း မနေသာဘဲ ယခုလို လိုက်နေရခြင်းပင်။

ပြာသိုမှာ ခြေချော်မကျစေရန် ခက်ခက်ခဲခဲနှင့်ပင် နောက်မှ လိုက်ရသည်။

သူလိုက်လာသည်ကို မြင်ရလျှင် ပန်းကြာဖြူမှာ ကျောက်ဆောင်ပေါ်တွင် ရပ်လျက် သူ့ကို စောင့်နေသည်။

"ဟေး... လူကြီး၊ မလာတတ်ရင် လိုက်မလာနဲ့နော၊ ကျောက်ဆောင်တွေက ရေညှိတက်နေလို့ ချောနေတာဗျ သိလား၊ သူများက သွားနေကျ လာနေကျမို့ ဘာမှမဖြစ်နိုင်ဘူး။ ဖားတုလို့ ခုရမခုန်နဲ့ ဆရာကြီး၊ တော်ကြာ လိမ့်ကျနေရင် အိုင်ပျက်ရုံမကဘူး၊ လူပါ ရေစီးထဲပါပြီး အသက်ပျောက်နေလိမ့်မယ်။ ဒီက စိုးရိမ်လို့ ပြောတာနော...ခိ ခိ ခိ"

ပန်းကြာဖြူ လှမ်းနောက်နေသည်။

ပြာသိုမှာ သူ့အား လှမ်းနောက်နေသော ပန်းကြာဖြူကြောင့် စိတ်တိုသွားသည်။



"အံမာ... သူကများ လူကို ပြန်နောက်နေရသေးတယ်။ ငါက ခြေချော်မကျနိုင်ပါဘူး။ မင်းသာ မျောက်တစ်ကောင်လို ခုန်ပျံနေလို့ ခြေချော်ကျမှာစိုးရတာ သိလား၊ ဒါပဲနော်၊ ငါပြောတာကို နားထောင်ရင် ထောင်၊ မထောင်ရင်တော့ ဒီနယ်မှာ ငါမနေတော့ဘူး၊ ရန်ကုန်ကို ပြန်ရလိမ့်မယ် သိလား"

ပြာသို၏ ရာဇသံကြောင့် ပန်းကြာဖြူ တွန့်ခနဲ ဖြစ်သွားသည်။

"ဟာကွာ...အစ်ကိုကလည်း၊ တဆိတ်ရှိ ရန်ကုန်ပြန်မယ် ပြန်မယ်နဲ့ချည့်၊ သူများကို ခြောက်နေတာပဲ။ ဟွင်း...ဒီလောက် သောင်း ပြန်ချင်နေ့ရင်လည်း ကြွ...ကြွ၊ မြန်မြန်ကလေးကြွ၊ ညီမ အစ်ကို့ကို မုန်းလိုက်မယ် သိလား...ဟွင်း"

ပန်းကြာဖြူမျက်နှာကြီး စူပုပ်ပုပ်လုပ်ရင်း ပြန်ပြောသည်။

ပြာသိုမှာ ပန်းကြာဖြူ စိတ်ကောက်သွားမှန်း သိရ၍ ဟားဟားဟား အော်ရယ်နေသည်။

သူရယ်နေခိုက် ပန်းကြာဖြူ ဒေါပွပြီး သူရပ်နေသော ကျောက်ဆောင်ဆီသို့ ပြန်ပြေးလာသည်။

ပြာသိုမှာ သူ့ထံသို့ ကျောက်ဆောင်များအား နင်းပျံကျော်သွားကာ လာနေသော ပန်းကြာဖြူကို မြင်ရလျှင် စိုးရိမ်စိတ်ဖြင့် လှမ်းကြည့်မိပြန်သည်။

"ဟာ...ဒုက္ခပါပဲ၊ ဒီဟာမလေးတော့ ခြေချော်ကျပါလိမ့်မယ်၊ တယ်လည်းကဲပါလား၊ ဟိုက်...ကျသွားပြီ"

ပြာသို စိုးရိမ်စိတ်ဖြင့် ရေရွတ်နေခိုက် ပန်းကြာဖြူမှာ သူရပ်နေသော ကျောက်ဆောင်နှင့် တစ်ကိုက်အကွာသို့ အရောက်တွင်

www.burmeseclassic.com

www.burmeseclassic.com



ခြေချော်ကာ ကျသွားတော့သည်။

ပြာသို ထိတ်ထိတ်ပျာပျာဖြစ်ကာ ပန်းကြာဖြူ ခြေချော်ရာ ကျောက်ဆောင်ဆီသို့ ကမူးရှူးထိုး ပြေးသွားသည်။

ပန်းကြာဖြူ ခြေချော်ကျသော နေရာသို့ အရောက်တွင် ပန်းကြာဖြူအား လှမ်းကြည့်သည်။

ပန်းကြာဖြူ၏ အရိပ်အယောင်ကို မမြင်ရလျှင် သူ၏ရင်ထဲတွင် ထိတ်ခနဲဖြစ်ကာ စိုးရိမ်သွားတော့သည်။

"ပန်းကြာဖြူ...ပန်းကြာဖြူ...ညီမလေး"

ပြာသို ရင်တုန်သံကြီးဖြင့် လှမ်းအော်ခေါ်ရင်း ပန်းကြာဖြူ ကျသွားသော နေရာသို့ ငုံ့ကြည့်ကာ ရှာနေသည်။

သူရှာနေခိုက် သူ့ကိုယ်ကြီးကို နောက်မှနေ၍ တစ်စုံတစ်ဦးက ဝုန်းခနဲ တွန်းချလိုက်တော့သည်။

"အား...အမယ်လေး"

ပြာသို ယောင်ယမ်းကာအော်ရင်း ရေများ အင်အားကောင်းကောင်းနှင့် စီးဆင်းကာနေသော ချောင်းတွင်းသို့ လိမ့်ကျသွားသည်။

ပြာသိုမှာ သတိအလွန်ကောင်းလှသူမို့ ကျလျှင်ကျချင်း အနီးရှိ နွယ်ပင်ကြီးတစ်ပင်မှ နွယ်ကြိုးကို ဖျတ်လတ်စွာ လှမ်းဆွဲထားသည်။

သူလှမ်းဆွဲထားခိုက် သူ၏နောက်ဘက် ကျောက်ဆောင်ပေါ်မှနေ၍ ဟားတိုက်ကာ ရယ်နေသော အသံကို ကြားလိုက်ရသည်။

ပြာသို ရယ်သံကြားရာသို့ လှမ်းကြည့်မိသည်။



ပန်းကြာဖြူ ဖြစ်နေသည်ကို မြင်ရသည်။

သူထင်ခဲ့သလို ပန်းကြာဖြူမှာ ရေစီးထဲ မျောပါမသွားဘဲ ကျောက်ဆောင်ပေါ်သို့ ရောက်နေသည်ကို တွေ့ရ၍ ဝမ်းသာ...းမိသည်။

"ဟင်...ပန်းကြာဖြူ ဘယ်လိုလုပ်လိုက်တာလဲဟင်"

ပြာသို ရေစီးထဲတွင် နွယ်ပင်ကြိုးကြီးကို ကိုင်ထားရာမှ ...မ်းပြောသည်။

သူ၏တစ်ကိုယ်လုံးမှာလည်း ရေများဖြင့် စိုရွှဲနေသည်။

သူသာမဟုတ်သေး၊ ပန်းကြာဖြူ၏ တစ်ကိုယ်လုံးမှာလည်း ...များဖြင့် စိုစိုရွှဲနေသည်ကို တွေ့ရသည်။

ရေများစိုရွှဲနေ၍ ပန်းကြာဖြူ ဝတ်ဆင်ထားသော အင်္ကျီမှာ ...သားတွင် ကပ်ကာနေသဖြင့် သူ၏ အချိုးအဆစ် ကျနလှသော ...ကိုယ်လေးမှာ လက်ရာမြောက် ပန်းပုဆရာတစ်ဦး ထုလုပ် ...ားသည့်နှယ် အလွန်ကြည့်၍ကောင်းနေတော့သည်။

ပန်းကြာဖြူမှာ ကိုယ်ကလေးကို ငုံ့ထားပြီး လက်ခုပ် ...က်ဝါးတီးကာ နောက်ပြောင်နေသည်။

"ဟေး...ဟေးလူကြီးတစ်ယောက် ရှက်ပါတယ်ဟော့၊ ကယို ...ယို...ခိ ခိ၊ သူများက ရေထဲလိမ့်ကျချင်ယောင် ဆောင်တာကို ...က တကယ်မှတ်နေတယ်...အဟိ"

ပန်းကြာဖြူ လက်ညှိုးကလေးထိုးကာ ပြာသိုအား နောက် ...ပြောင်နေသည်။

"ဒါတော့ ငါ ဘယ်သိပါ့မလဲ၊ မင်း တကယ်ပဲ ရေထဲ မျောပါသွားတယ်မှတ်လို့ စိုးရိမ်ပြီး လိုက်ကြည့်ရတာပေါ့။ ဒါကို

www.burmeseclassic.com

www.burmeseclassic.com



မင်းက နောက်ကနေ ငါ့ကို ရေထဲတွန်းချရသလား အရှူးမ
မတော် ချောင်းရေထဲပါပြီး မာလကာ သွားရင် ဘယ်လိုလု
မလဲဟင်"

ပြာသိုက ရေထဲမှနေ၍ ပြန်ပြောသည်။

"တော်စမ်းပါ...အဖြစ်က သည်းမနေစမ်းပါနဲ့၊ ဒီချောင်
ရေက အစ်ကိုပြောသလောက်လည်း ရေစီးမသန်ပါဘူးလေ
တိမ်တိမ်လေးပါ။ ဒါကြောင့် ညီမက အစ်ကို့ကို အခုလို ရေထဲ
တွန်းချတာပေါ့။ ရေစီးသိပ်သန်နေရင် ဘယ်တွန်းပါ့မလဲ။ ကဲ
တက်ခဲ့စမ်းပါ၊ နွယ်ကြိုးကြီးဆွဲထားတာလည်း လွှတ်လိုက်
တော့၊ ရေထဲ မျောပါမသွားနိုင်ပါဘူး၊ ဒီလောက်ပဲကြောက်တတ်
သလား...ခိ ခိ"

ပန်းကြာဖြူက ပြာသိုအား ကျောက်ဆောင်ထက်မှ နေ၍
လှမ်းပြောနေသည်။

"ကြောက်တတ်လို့ မဟုတ်ဘူးလေ၊ ဒီက ပြန်တက်
မလွယ် ဖြစ်နေလို့ပါ။ ဒီတော့ ငါ့ညီမက လာပြီးကူပါဦး"

ပြာသိုပြောရင်း သူ၏လက်တစ်ဖက်မှာလည်း ပန်းကြာဖြူ
ရှိရာသို့ တန်းထားသည်။

"အစ်ကိုကလည်း အဖြစ်သည်းလိုက်တာ၊ ညီမ လှမ်းဆွဲနေ
ရဦးမှာလားလို့၊ ကိုယ့်ဘာသာ ဖြည်းဖြည်းချင်း တက်ရင်လည်း
ရတဲ့ဟာ"

"ဟာ...မရလို့ပေါ့၊ ရမှဖြင့် လေကုန်ခံပြီးတောင် ညီမကို
လှမ်းဆွဲခိုင်းမနေပါဘူး။ ဘာလဲ မကူညီချင်ဘူးလား၊ ဒါဆိုလည်း
ရပါတယ်လေ"



"ဟောကြည့်...သူ့စိတ်ကောက်သွားပြန်ပြီ၊ ဒီက မကူညီချင်
ဘူး ပြောနေလို့လား၊ ကဲပါ...ဒီလောက်တောင် ဖြစ်နေရင်လည်း
ညီမ လှမ်းဆွဲပါ့မယ်၊ မြဲမြဲကိုင်ထားနော်"

ပန်းကြာဖြူ ပြောရင်း သူ၏ကိုယ်ကလေးကို ငုံ့ကာ ပြာသို
ရှိရာ နေရာသို့ လှပကျစ်လျစ်လှသော လက်ကလေးကို လှမ်းပေး
သည်။

ပြာသိုမှာ လက်တစ်ဖက်က နွယ်ကြိုးကို ကိုင်ထားပြီး
ကျန်လက်တစ်ဖက်ဖြင့် ပန်းကြာဖြူ၏ လက်ကို လှမ်းဆွဲသည်။

"ဟုတ်ပြီ၊ ညီမလက်ကို ဆွဲပြီး အစ်ကို တက်ခဲ့ပေတော့"

ပန်းကြာဖြူ လှမ်းပြောရင်း ပြာသို၏ လက်ကို ဆွဲကာ
ကျောက်ဆောင်ပေါ်သို့ တက်မည်ပြုသည်။

ပြာသိုက သူဖမ်းဆုပ်ထားသော ပန်းကြာဖြူ၏ လက်ကို
အအားဆောင့်၍ ဆွဲချလိုက်ရာ ပန်းကြာဖြူမှာ 'အို...အမေ့'
ဟူသော အသံနှင့်အတူ ကျောက်ဆောင်ပေါ်မှနေ၍ ပြာသိုရှိရာ
ချောင်းတွင်းသို့ လိမ့်ကျသွားသည်။

ပြာသိုက အောက်မှနေ၍ ပန်းကြာဖြူ၏ ကိုယ်ကလေးကို
အအားလှမ်းဖက်ကာ ပွေ့ထားသည်။

ပန်းကြာဖြူမှာ ပြာသို၏ ရင်ခွင်တွင်းသို့ ရောက်သွားတော့
သည်။

"အို...ကြည့်ပါလားလို့၊ ဒါ ဘာလုပ်တာလဲ၊ အစ်ကို
မကောင်းဘူးကွာ"

ပန်းကြာဖြူ မူနွဲ့သံကလေးဖြင့် ပြောနေသည်။

"ကောင်းပါတယ်လေ၊ ကောင်းလို့ မွေးတာပေါ့၊ မကောင်း

www.burmeseclassic.com

www.burmeseclassic.com



ရင် မွှေးပါမလား ညီမရယ်...ဟဲ ဟဲ"

"ဟင့်အင်းကွာ...မောင်နှမချင်း ဒီလိုလုပ်တာတော့ ဘယ်ကောင်းမလဲ၊ ဖေဖေနဲ့မေမေ သိသွားရင်ရော ဘာပြောကြမလဲ...ဟွင်း"

"အိုကွာ...ကိုယ်တို့က မောင်နှမဆိုပေမယ့် တကယ့် မောင်နှမတွေမှ မဟုတ်ဘဲ၊ ဘင်္ဂလားမောင်နှမတွေပဲကွာ၊ ဒီတော့ ဘာအပြစ်မှ မရှိပါဘူးလေ...နော်"

ပြာသို ပြောရင်း နောက်တစ်ကြိမ် ပန်းကြာဖြူ၏ ပါးကလေး တစ်ဖက်ကို ငုံ၍ မွှေးနေပြန်သည်။

"ကြည့်...သူများကို နမ်းနေပြန်ပြီ၊ ဘယ်သူက အစ်ကို့ကို ချစ်တယ်လို့ ပြောသေးလို့လဲ"

"မပြောလည်း သိပါတယ်ကွာ...အစ်ကို့အပေါ်မှာ ညီမက ဘယ်လိုသဘောထားတယ်၊ ဟုတ်တယ် မဟုတ်လား၊ ပြောစမ်း၊ ကောင်မလေး...ဟဲ ဟဲ"

ပြာသိုက ပန်းကြာဖြူ၏ မေးဖျားကလေးကို မော့ယူရင်း မေးနေသည်။

"အံမာ...ဟုတ်လိမ့်မယ် အားကြီး၊ ဒီက သူ့ကို အစ်ကိုအရင်းလိုပဲ ချစ်နေခဲ့တဲ့ဟာ၊ ဒါကြောင့်သာ ဖေဖေတို့ဆီကို အစ်ကိုတစ်ယောက်အနေနဲ့ ခေါ်လာတာပေါ့၊ နို့မို့ ခေါ်ပါ့မလား"

"အဲဗျ...ဒါဆိုရင် ပန်းကြာဖြူ အစ်ကို့ကို မချစ်ဘူးပေါ့"

ပြာသို စိတ်ပျက်သံဖြင့် မေးနေသည်။

"ဘယ်သူက မချစ်ဘူး ပြောနေလို့လဲ"

"ဟော...နို့...ခုနင်က အစ်ကိုလိုပဲချစ်တယ်ဆို"



"ဟုတ်တယ်လေ...အစ်ကိုလိုလည်း ချစ်တာပဲ မဟုတ်လားလို့"

"ဘာလဲ၊ အစ်ကိုက ညီမဆီကို လိုက်လာခဲ့တာဟာ ညီမလေးလို ချစ်လို့မဟုတ်ဘဲ မရိုးတဲ့အချစ်မျိုးနဲ့ ချစ်လို့ လိုက်လာခဲ့တာပေါ့လေ"

"ဒီလိုလည်း မ...မ...အာ...ခက်လိုက်တာနော်၊ ခုနင်က ညီမပြောတာ တစ်ဝက်စီတော့ မှန်နေတယ်"

"ဘယ်လိုတစ်ဝက်စီ မှန်နေတာလဲ၊ ရှင်းရှင်းပြောပါ"

"ညီမပြောသလိုပေါ့၊ ဒီနယ်ကို လိုက်လာတာဟာ ညီမကို တကယ့်ညီမလေးလို ချစ်တာလည်း ပါသလို...ဟို...ဟို...ကိုယ့်ချစ်သူတစ်ယောက်လို ချစ်တာမျိုးလည်း ပါတာပေါ့"

"ဟင့်အင်းကွာ၊ ကိုယ့်ချစ်သူလို ဆိုတာမျိုးကြီးကို ဖားဖယ်ထားလိုက်စမ်းပါ၊ ညီမလေးလို ချစ်တာမျိုးပဲ အစ်ကို့စိတ်မှာ ထားပေါ့"

ပန်းကြာဖြူ၏ စကားများကြောင့် ပြာသို ဦးနှောက်ခြောက်သွားတော့သည်။

"နေပါဦး၊ ပန်းကြာဖြူက ဘာသဘောနဲ့ အခုလို ပြောနေတာလဲ၊ အစ်ကို့အပေါ်မှာ မေတ္တာပြန်မထားနိုင်လို့လား။ အင်းလေ...မထားနိုင်တာလည်း အပြစ်တော့ မဆိုသာပါဘူး။ အစ်ကိုဟာ ပညာကလည်း သိပ်မတတ်၊ ငွေကြေးကလည်း မရှိ၊ လောကအလယ်မှာ တစ်ကောင်ကြွက်၊ တစ်မျက်နှာမို့ ညီမတို့လို ငွေကြေးချမ်းသာပြီး ပညာတတ်တစ်ယောက်က ဘယ်မှာ ပြန်ပြီး ချစ်နိုင်ပါ့မလဲ"

www.burmeseclassic.com

www.burmeseclassic.com



ပြာသို ပြောရင်း မျက်နှာလေး ညှိုးကျသွားသည်။

"ဟော...လုပ်ပြီ၊ ဒီက သူ့ကို မျက်နှာမရှိလို့ မချစ်တာမှ မဟုတ်တာ၊ ဒီလိုတော့ မပြောနဲ့၊ ကြာဖြူ ထိုင်ငိုပစ်မှာ သိလား"

ပန်းကြာဖြူမှာလည်း ပြာသို၏ စကားများကြောင့် စိတ် မကောင်း ဖြစ်သွားသည်။

"ဒါဆို ဘာလို့ မချစ်နိုင်တာလဲ ပြောပါဦး"

"မချစ်နိုင်တာက ဒီကပြောခဲ့ပြီးပြီရော၊ အစ်ကို့ကို ပျောက် ဆုံးသွားခဲ့တဲ့ ညီမအစ်ကိုအတွက် အစားရလို့ အစ်ကိုလိုပဲ ချစ်နေ မိတာကိုး။ ဒီ့ထက်တော့ ပိုမလာသေးဘူး။ ဒါကို အစ်ကိုက အဆင့်အတန်းမတူလို့ မချစ်တာဘဲလို့ ယူဆတာတော့ ဘယ် ကောင်းမလဲ။ ညီမက အဆင့်အတန်း ခွဲခြားတတ်ပါဘူး။ လူလူချင်းပဲဟာ"

"ညီမပြောသလိုဆိုရင် အစ်ကိုဟာ ညီမတို့ဆီမှာ ဘဝလား အစ်ကိုကြီးဘဝနဲ့ တစ်သက်လုံးပဲ နေသွားရမှာလားကွ...ဒိုး"

ပြာသိုပြောရင်း စိတ်ရှုပ်နေဟန်ဖြင့် သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်နေသည်။

"အင်းလေ...တစ်သက်လုံး နေသွားရရော ဘာပြုလဲ၊ ညီမတောင် နေနိုင်သေးတဲ့ဟာ၊ အစ်ကိုက ယောကျ်ားပဲ ပိုပြီး နေနိုင်ရမှာပေါ့...ခိ ခိ"

"အာ...တယ်ခက်ပါကလား၊ ဒီကောင်ကလည်း ယောကျ်ား မို့လို့ အခုလို ပြောနေရတာပေါ့။ မိန်းမဆိုရင် ညီမပြောသလို တစ်သက်လုံးနေသွားလို့ ရတာပေါ့။ အခုတော့ ဒီက ယောကျ်ား ဆိုတော့"



"ယောကျ်ားဆိုတော့ ဘာဖြစ်လဲ၊ ပြောစမ်း"

ပန်းကြာဖြူ ပြုံးစိစိဖြင့် ဆက်မေးနေသည်။

"ဟာကွာ...ဒီစကားမျိုးကို မင်းနားလည်အောင် ငါက ဘယ်လိုလုပ် ရှင်းပြတတ်ပါ့မလဲ။ ဒီမယ် ဖိုနဲ့မဆိုတာ အတူထား ရင် မီးပွင့်တတ်တယ်တဲ့"

"မပွင့်အောင်နေရင်လည်း ရပါတယ် ဆရာကြီးရယ်၊ စိတ် ဟာ အဓိကပါ"

"အေး...ငါကလည်း အဲဒီစိတ်အကြောင်း ပြောနေရတာ ပေါ့၊ ညီမက လှတယ်၊ ချောတယ်၊ တပ်မက်စရာတွေလည်း ကောင်းတယ်။ ဒီက အကောင်ကလည်း အာသဝေါကုန်ခန်းနေ တဲ့ ရဟန္တာ မဟုတ်ဘူး။ ညီမရဲ့ ရူပကာကလေးကို မြင်တွေ့ နေရရင် စိတ်တွေဟာ လှုပ်ရှားလာတော့တာပဲ။ နေကြတာက သည်း တစ်အိမ်တည်းဆိုတော့ ဘယ်လိုလုပ်ပြီး ညီမအပေါ်မှာ မချစ်ဘဲ နေနိုင်ပါ့မလားလို့။ ကိုယ့်ဘက်ကလည်း ဝင်ပြီး စဉ်းစား ကြည့်စမ်းပါဦး"

"တော်ပြီ၊ ဘာမှ စဉ်းစားမနေတော့ဘူး။ ပန်းကြာဖြူ ခေါင်းနောက်တယ်၊ 'သဲယားဖိုး' ထို့ကြောင့် ကြာဖြူတို့ အိမ်ပြန် ကြစို့...လာ"

ပန်းကြာဖြူ ပြောရင်း ပြာသို၏လက်ကို ဆွဲကာ ကျောက် ဆောင်ပေါ်သို့ တက်နေသည်။

ထိုအခါတွင်တော့ ပြာသိုလည်း မငြင်းနိုင်တော့ဘဲ ပန်း ကြာဖြူနှင့်အတူ ကျောက်ဆောင်ပေါ်သို့ တက်လိုက်ရတော့ခဲ့ ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ရင်ထဲတွင်တော့ စောစောပိုင်းက ပန်းကြာဖြူ၏ ကိုး
ကလေးနှင့် ထိတွေ့လိုက်ရသော ဖဿကြောင့် တုန်လှု
ချောက်ချားကာ နေတော့သည်။

ထိုနောက်တော့ နှစ်ဦးသား မြင်းများကို မနှေးမမြန်စီး
အိမ်ဆီသို့ ပြန်လာခဲ့ကြသည်။

အိမ်ဝတွင် သူတို့အား မျှော်နေသော ပန်းကြာဖြူ၏ မိခ
ဒေါ်နုနုကို တွေ့ရသည်။

"ဟဲ့...ဒါ ဘယ်က ပြန်လာကြတာလဲ။ ဟောဟော
နှစ်ယောက်စလုံး ရေတွေလည်း ရွှဲနေကြပါကလား။ ဘာဖြ
လာကြတာလဲဟင်...ပြောကြစမ်း"

ဒေါ်နုနုက စိုးရိမ်သံဖြင့် မေးနေသည်။

ပြာသိမှာ ဒေါ်နုနု၏ အမေးကြောင့် မည်သို့ ပြန်ဖြေရမည
မသိဘဲ ကြောင်အမ်းအမ်းဖြင့် ငေးကြည့်နေမိသည်။

ပန်းကြာဖြူကသာ မိန်းမသားပီပီ ဖြတ်ထိုးဉာဏ်သုံး
ပြန်ဖြေသည်။

"ဘာဖြစ်လာရမှာလဲ၊ ဟောဒီအစ်ကိုပေါ့၊ ရေတံခွန်ဘ
က ကျောက်ဆောင်တွေဆီ သွားကြည့်ချင်တယ်ဆိုလို့ သမီး
လိုက်ပို့ပေးတယ်လေ။ အဲဒီကျတော့ အစ်ကိုက ငြိမ်ငြိမ်မနေဘူ
ကျောက်ဆောင်တွေပေါ် လျှောက်ပြေးဆော့နေရာက ခြေချော်
လိမ့်ကျသွားတယ်လေ"

"ဟောတော့...ဘာဖြစ်လို့ အဲဒီမှာ သွားဆော့ရတာလဲ သာ
ရယ်၊ ရေစီးက အင်မတန်သန်တာကွဲ့၊ ပြီးတော့ ဘာဖြစ်သွာ
သလဲ"



ဒေါ်နုနုက ဖြတ်၍ ပြောနေသည်။

"ဘာဖြစ်ရမှာလဲ၊ အဲဒီလို အစ်ကို လိမ့်ကျသွားတော့ သမီး
က ဆင်းဆယ်ရတာပေါ့။ ဒီတင် သမီးရော အစ်ကိုပါ ရေတွေ
အခုလို စိုရွှဲကုန်တာပေါ့ မေမေရဲ့...ခိ ခိ"

ပြာသိမှာ မုသာဝါဒတွေနှင့် မိခင်ကို ပြောနေသော ပန်းကြာ
ဖြူ၏ စကားများကို နှုတ်ထောင်ရင်း ပြုံးနေမိသည်။

ဒေါ်နုနုမှာ ပန်းကြာဖြူ စကားအဆုံးတွင် ပြာသိအား
လှမ်းပြောသည်။

"ဟုတ်လားသား၊ သမီးပြောနေတာ၊ သားက ဒီဘက်တွေကို
အရောက်အပေါက်က နည်းသေးတော့ သမီးလို မကျွမ်းကျင်သေး
ဘူးလေ၊ ဒီတော့ နောက်ကို မသွားပါနဲ့ကွယ်၊ မေမေ သား
အတွက် စိုးရိမ်လို့ပါ"

"ဟား ဟား ဟား...မေမေကလည်းဗျာ၊ ညီမလေးပြောတာ
ကို တကယ်မှတ်ပြီး ယုံနေတာကိုး...ဟဲ ဟဲ"

ပြာသို၏ စကားများကြောင့် ဒေါ်နုနု အံ့သြသွားတော့သည်။

"ဟင်...သမီးပြောတာ မဟုတ်ဘူးလား၊ ဒါဖြင့် ဘယ်လို
ကြောင့်လဲ၊ မေမေ့ကို မှန်မှန်ပြောစမ်း"

ခုနင်က သူပြောတာကို ပြောင်းပြန်အဖြစ် ပြန်ကောက်ပေါ့၊
ဆော့တာက သူပါ၊ နောက် ကျောက်ဆောင်ပေါ်က လိမ့်ကျတာ
လည်း သူပဲ။ သားက သူ့ကို ဆင်းဆယ်လို့ အခုလို စိုရွှဲကုန်တာပဲ
...အဟဲ"

"ဟေ...ဒါ...ဒါဆို သမီးက ဘာလို့လိမ်ပြောရတာလဲ၊
ပြောစမ်း"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နုနု သဘောမကျဟန်ဖြင့် ပန်းကြာဖြူကို လှမ်းမေး သည်။

ပန်းကြာဖြူကတော့ စိတ်ကောက်သွားဟန်ဖြင့် ပြာသိအား မျက်စောင်းကြီး ထိုးကြည့်နေသည်။

ပြာသိမှာမူ သူ့ဝင်ပြောလိုက်၍ ပန်းကြာဖြူ ဒေါပွမှန်း သိရလျှင် တခစ်ခစ်ရယ်ရင်း ဆက်ပြောနေသည်။

“လိမ်ပြောတာကတော့ ဒီအကြောင်းမှန်တွေကို မေမေတို့ သိရင် သူ့ကို ဆူမှာစိုးလို့တဲ့ခင်ဗျ။ ဒီဟာမကလေးဟာ ရုပ်ချော သလောက် ဉာဏ်များတယ်နော်”

ပြာသိ၏ စကားအဆုံးတွင် ပန်းကြာဖြူမှာ ဒေါပွလာပြီး နောက် သူ၏မြင်းကို ပြာသိ၏အနီးသို့ စီးသွားသည်။

အနီးသို့ရောက်လျှင် ပြာသိအား နှုတ်ခမ်းစူကာ ကြည့်ပြီး ရန်တွေ့တော့သည်။

“ကြည့်စမ်း၊ ကြည့်စမ်း၊ မေ့မေ့ကို အစ်ကိုက ကုန်းချော တယ်ပေါ့လေ။ သူများက ဘယ်မှာ လိမ့်ကျလို့လဲ၊ သူသာ လိမ့်ကျတဲ့ဟာ...ဟွင်း၊ အစ်ကို မကောင်းဘူး။ သူများကို ချောက် တွန်းတယ်။ အစ်ကိုနဲ့ မခေါ်တော့ဘူး”

ပန်းကြာဖြူ ပြောရင်း မြင်းကို မြင်းဇောင်းဘက်သို့ အပြင်း စီးသွားသည်။

ပြီးတော့ မြင်းဇောင်းအနီးတွင် မြင်းကိုရပ်ကာ ဆင်းသည်။

ပြာသိနှင့် ဒေါ်နုနုတို့မှာ ပန်းကြာဖြူ စိတ်ကောက်သွား သည်ကို ကြည့်၍ ရယ်မဆုံး ဖြစ်နေကြတော့သည်။

❖



( တစ်ဆယ့်နှစ် )

## အသားထဲက လောက်ထွက်နေသူ

သာချိုမှာ ဦးဖြူထွေး၏ ခြံပေါက်လူယုံတော်တစ်ဦး ဖြစ် …သော်လည်း သစ္စာရှိသူကား မဟုတ်ပေ။

အမြီးကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းစား ဆိုသည့် …ထဲကပင်။

သူသည် ငွေကြေးကိုလည်း အလွန်မက်မောလှသူ ဖြစ် …သည်။

ထို့ပြင် လောင်းကစားကလည်း ဖက်နေ၍ သူ့မှာ ရသော …င်ငွေနှင့် မလုံလောက် ဖြစ်နေသည်။

သည်တော့ ငွေအပိုရအောင် ရှာရသည်။

ရှာသည်ကလည်း ရိုးရိုးသားသားဖြင့် ရရှိသော ငွေကို …ရှာပေ။

www.burmeseclassic.com

www.burmeseclassic.com



အကြံအဖန်များနှင့်သာ ရှာလေ့ရှိသည်။

လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်၊ သာချို အသက်နှစ်ဆ
အရွယ်ခန့်က မှောင်ခိုကုန်သည်တစ်ဦးအား သာချိုက ဦးဖြူ
အမည်ကို သုံး၍ ငွေညှစ်ခဲ့ဖူးသည်။

ထိုအကြောင်းကို ဦးဖြူထွေး သိလျှင် ဒေါသအမျက် ခြော
ခြောင်းထွက်လေတော့သည်။

ဦးဖြူထွေးမှာ လာဘ်ပေးလာဘ်ယူ ကိစ္စကို အလွန်မုန်
တစ်ဦးဖြစ်သည်။

သူ၏ ရဲအမှုထမ်းသက်တမ်းတစ်လျှောက်တွင် မည်သ
အခါကမှ လာဘ်ယူခဲ့ဖူးသူ မဟုတ်။

ယခုတော့ သူ၏အမည်ကို အလွဲသုံးကာ လာဘ်ယူခဲ့သေ
သာချိုကြောင့် သူ့နာမည်မှာ ထိခိုက်ရမလို ဖြစ်နေသည်။

ထိုကိစ္စမျိုးကိုတော့ ဦးဖြူထွေး လုံးဝ သည်းမခံနိုင်ပေ
သို့ဖြစ်၍ ဦးဖြူထွေးမှာ သာချိုအား ခေါ်စစ်သည်။

သာချိုမှာလည်း အမှန်အတိုင်း ထုတ်ဖော်၍ ပြောခဲ့ရသည်

နောက်ဆုံးတွင်တော့ သာချိုအား ဦးဖြူထွေးက အိမ်
နှင်ထုတ်ပစ်ခဲ့သည်။

သုံးလေးနှစ်ခန့် သာချိုမှာ ဦးဖြူထွေးတို့နှင့် ဝေးခဲ့ရသည်

သူ့အဖို့ စာရေးဝတ်ရေး အခက်အခဲမျိုးစုံကိုလည်း တွေ့
ရတော့သည်။

ထိုသတင်းကို ဒေါ်နုနု ကြားရလျှင် သာချိုအား သနာ
သွားပြီး ဦးဖြူထွေးအား သာချိုကို ပြန်ခေါ်ရန် ပူဆာခဲ့သည်

"တစ်ကြိမ်တစ်ခါ မှားခဲ့တာပဲ ကိုထွေးရယ်၊ သာချိုလေးက



န်ခေါ်လိုက်ပါ၊ ခမျာ စားရမဲ့ သောက်ရမဲ့ ဖြစ်နေရှာပါတယ်"

ဦးဖြူထွေးကိုယ်တိုင်မှာလည်း သာချိုအပေါ်တွင် သံယောဇဉ်
နေသူမို့ ဇနီးသည်၏ ဆန္ဒအတိုင်း ပြန်ခေါ်ခဲ့သည်။

သာချိုအားလည်း နောက်နောင် လာဘ်ပေးလာဘ်ယူကိစ္စမျိုး
င်မလုပ်ရန် သတိပေးထားခဲ့သည်။

သာချိုမှာ ဦးဖြူထွေး၏အိမ်သို့ ပြန်အရောက်တွင် လာဘ်
ကိစ္စများတွင် မပါဝင်တော့ပေ။

သို့သော် ဉာဉ်ဆိုးရှိသူတစ်ဦးပီပီ ဦးဖြူထွေးက တာဝန်ပေး
ာထားသော စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းမှ ရသော
ငွေများကိုတော့ စာရင်းလိမ်တွေ ပြုလုပ်လို ပြုလုပ်၊ ကြက်များ၊
ားများကို ခိုးရောင်းလို ရောင်းဖြင့် လုပ်ကိုင်နေခဲ့သည်။

ဦးဖြူထွေးမှာ အလုပ်တာဝန်တွေ များပြားလှသူမို့ သာချို
ာင်ပြသော စာရင်းများကို သေသေချာချာ စစ်မကြည့်အားပေ။

သူ့ခြံမှထွက်သော ပစ္စည်းများကလည်း အမြတ်အစွန်းက
အလွန်များပြားနေ၍ မစစ်ဘဲနေခြင်းပင်။

သာချိုကတော့ ဦးဖြူထွေး၏ မွေးမြူရေးနှင့် စိုက်ပျိုးရေး
ုပ်ငန်းမှ ရရှိသော ငွေများကို စာရင်းလိမ်များဖြင့် ခိုးမြဲ ခိုးနေ
သည်။

သူ့အဖို့ တစ်လ တစ်လ ခိုးယူခဲ့သော ငွေများမှာ မနည်းလှ
သော်လည်း သူက လောင်းကစားသမား ဖြစ်နေ၍ အိတ်ပေါက်
င့် ဖားကောက်သလို အဖတ်မတင်ခဲ့ပေ။

တစ်နေ့တွင် ဗျူဟတို့အဖွဲ့နှင့် သာချိုမှာ ဆက်မိတော့သည်။

ဗျူဟက ဦးဖြူထွေးတို့ မိသားစုသတင်းမှန်သမျှ သူ့အား

www.burmeseclassic.com

www.burmeseclassic.com



ပေးရမည်၊ ယင်းသို့ပေးလျှင် သူ့အတွက် တစ်လလျှင် တစ်ထောင် ပေးနေမည်။

သတင်းမှန်မဟုတ်ဘဲ သတင်းများ ပေးခဲ့လျှင်သော်လည်းကောင်း၊ သတင်းမပေးဘဲ နေခဲ့လျှင်သော်လည်းကောင်း သာချို အား သူတို့အဖွဲ့က လာ၍သတ်ပစ်မည် ဟူ၍လည်း ခြိမ်းခြောက်ထားခဲ့သည်။

သာချိုမှာ ဦးဖြူထွေးအပေါ်တွင် အာဃာတထားနေသူမို့ ဗျူဟတို့အဖွဲ့မှ တစ်ပြားတစ်ချပ်မှ မပေးလျှင်လည်း သူကတော့ သတင်းပို့ပေးမည့်သူ ဖြစ်သည်။

ယခုမူ ငွေပါရဦးမည်မို့ သာချိုအဖို့ အတိုင်းထက်အလွန် ဟန်ကျနေတော့သည်။

ယင်းသို့ကြောင့် သာချိုမှာ ယနေ့တိုင် ဗျူဟနှင့် အဆက်အသွယ်လုပ်ကာ သတင်းများ ပေးပို့နေခြင်းပင်။

ဦးဖြူထွေးမှာမူ ရဲဘက်တွင် လုပ်နေစဉ်ကလည်း သူ့မှာ နေ့မအား ညမအား အလုပ်ရှုပ်နေသူမို့ အိမ်တွင် ကပ်ရသည်ဟူ၍ မရှိ။

ယော...အခု ရဲအမှုထမ်းဘဝမှ နုတ်ထွက်ခဲ့သောအခါတွင်လည်း သက်ဆိုင်ရာမှ သူ့အား ပြည်သူ့စစ်အဖွဲ့ခေါင်းဆောင်အဖြစ်ဖြင့် တာဝန်ပေးထားသည်ကတစ်ကြောင်း၊ သူ၏ မွေးမြူရေးခြံမှာလည်း ယခင်ကထက် ပိုမိုကြီးပွားလာသည်ကတစ်ကြောင်းမို့ အိမ်တွင် ကပ်ရသည်ဟူ၍ မရှိ ဖြစ်ခဲ့ရပြန်သည်။

အိမ်တွင်ရှိနေကြသော ဇနီးနှင့် သမီးတို့မှာလည်း သာချိုအား ယုံကြည်နေသူများ ဖြစ်နေကြ၍ သင်္ကာမကင်း မဖြစ်



ကြပေ။

ထို့ပြင် ဇနီးသည် ဒေါ်နုနုမှာ အလွန်ရိုးသားပြီး အေးဆေးစွာ နေတတ်သလို သမီးဖြစ်သူ ပန်းကြာဖြူကလည်း ကျောင်းသူတစ်ဦးမို့ တစ်နေ့ တစ်နေ့ ကျောင်းနှင့်သာ အချိန်ကုန်နေသူ ဖြစ်သည်။

သာချိုမှာတော့ သူ၏အလုပ်ရှင် မိသားစုတစ်တွေမှာ ကိုယ့်ကိစ္စနှင့်ကိုယ် အလုပ်များနေကြသဖြင့် သူ့အဖို့တော့ လုပ်ချင်ရာကို လွတ်လပ်စွာ လုပ်နိုင်သလို ဖြစ်နေတော့သည်။

သို့သော် ယခုအခါတွင် ပြာသိုမှာ ဦးဖြူထွေးတို့ခြံသို့ ရောက်လာခဲ့ရသဖြင့် သာချိုမှာ ယခင်လို ပေါ့တီပေါ့ဆ မပြုနိုင်တော့ပေ။

သူ အထူးသတိထားရမည့် ရန်သူတစ်ဦး ရောက်လာပြီဟူ၍ ယူဆထားသည်။

သူ့အနေဖြင့် ပြာသို ရောက်လာခြင်းကိုလည်း လုံးဝ သဘောမကျပေ။

အကြောင်းမှာ ပြာသိုမှာ ဦးဖြူထွေး၏ မွေးမြူရေးခြံသို့ ကြာခဏ ရောက်လာတတ်ပြီး စိတ်ဝင်စားစွာဖြင့် သူတို့လုပ်ငန်းကို လေ့လာနေသောကြောင့်ပင်။

ပြာသို မရောက်မီကဆိုလျှင် ကိုလုပ်ငန်းတစ်ခုလုံးကို သာချိုတစ်ဦးတည်း ဦးစီးကာ ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်၍ ဖြစ်နေသည်။

မည်သူကမှလည်း သူ့အား စစ်စစ်ဆေးဆေး မပြုလုပ်ကြပေ။

www.burmeseclassic.com

www.burmeseclassic.com



ပြာသိုမှာမူ ထိုသို့မဟုတ်ပေ။

ခြံထဲသို့ မကြာခဏ ရောက်လာပြီး သူ့အား စုံစမ်းမေးမြန်းတတ်သည်။

ပြာသို မေးမြန်းခြင်းမှာ ချစ်စွာသော စာဖတ်သူတို့ သိရှိကြပြီးဖြစ်သည့်အတိုင်း အလုပ်မရှိလျှင် မနေတတ်သူပီပီ သူလည်း ဝင်၍ လုပ်ကိုင်လို၍ မေးမြန်းနေခြင်းသာ ဖြစ်သည်။

သာချိုကို မသက်သာ၍ လာရောက် မေးမြန်းနေခြင်းကား မဟုတ်ပေ။

သာချိုမှာမူ အိုးမလုံ အုံပွင့်နေသူမို့ ပြာသို ရိုးရိုးသားသားနှင့် လာရောက်၍ မေးနေသည်ကိုပင် သူ့ကို မသက်သာ၍ လာရောက်ကာ မေးမြန်းနေသည် ဟူ၍ပင် အထင်မှားနေတော့သည်။

ပြာသိုကိုလည်း တစ်နေ့တခြား ကြည့်မရအောင် မုန်းနေမိသည်။

ဦးဖြူထွေးအိမ်တွင် ပြာသို မနေနိုင်ဘဲ အမြန်ဆုံး ပြေးစေရန် ချောက်တွန်းရန်အကွက်ကို သူ အမြဲတမ်း ရှာကြံနေသည်။

သူ့အနေဖြင့် ပြာသိုမှာ ဦးဖြူထွေးတို့၏ ပျောက်ဆုံးသွားသော သားအရင်း မဟုတ်ဘဲ သားအတု ဖြစ်သည်ကို ရောက်လာကတည်းက သူ သိပြီးဖြစ်သည်။

သိပင် သိသော်လည်း သူ့မှာ အမှန်ကို ထုတ်ဖော်ပြောရန် ခက်နေသည်။

ဖွင့်ပြောလိုက်လျှင် သူလည်း အပြစ်ကင်းတော့မည် မဟုတ်ပေ။

"ပုတ်သင်ဥ တူးရာတွင် ညောင်မြစ်ပေါ်" ဆိုသော စကား



ကဲ့သို့ ပြာသို့အကြောင်း ဖွင့်ပြောလျှင် ဦးဖြူထွေး၏သား ညီသည့်အရပ်တွင် ရောက်နေသည်ကိုပါ သူ ဖွင့်ပြောရလိမ့်မည်။

သည်လိုပြောလိုက်လျှင် ရဲဝန်ထမ်းတစ်ဦး ဖြစ်ခဲ့ဖူးသူ ဦးဖြူထွေးက မင်း ဒီအကြောင်းတွေကို ဘယ်လိုသိသလဲ၊ အစတုန်းက ဘာလို့ ငါ့ကို ဖွင့်မပြောဘဲ အခုမှ ဖွင့်ပြောနေရတာလဲ" ဟူ၍ မေးပေတော့မည်။

ထိုအမေးကို သူ ပြေလည်အောင် မဖြေကြားနိုင်လျှင် သူတို့သား ပျောက်ဆုံးခဲ့သော ကိစ္စတွင် သူလည်း ပါခဲ့သည်ကို ဦးဖြူထွေးတို့ သိသွားပေတော့မည်။

သိသွားပါက သူ့မှာ သက်သာတော့မည် မဟုတ်ဘဲ သူ မဟုတ်တာတွေ လုပ်ထားခဲ့သော ကိစ္စများပါ ပေါ်ကုန်ပြီး ထောင်နန်းစံရကိန်း ဖြစ်ဖို့များသည်။

သို့ဖြစ်၍ သာချိုမှာ ဖွင့်မပြောဘဲ ရေငုံကာ နေခြင်းပင်။

ရေငုံနေသော်လည်း စိတ်တွင်းမှတော့ အကြံကြီးကြံနေသူ ဖြစ်သည်။

သူ၏ ပထမအကြံမှာ တူဖြစ်သူ တင်တိုးအား ဗျူဂွထံသို့ လွှတ်၍ ဦးဖြူထွေး၏ သားအတု ပြာသို ရောက်နေကြောင်းကို သတင်းပို့ခိုင်းသည်။

ဒုတိယအကြံကတော့ ဗျူဂွတို့အကြောင်း မပါဘဲနဲ့ ပြာသိုမှာ သူတို့သားအစစ် မဟုတ်ကြောင်း သက်သေပြနိုင်ရန် ဖြစ်သည်။

ကိုင်း...ချစ်စွာသော စာဖတ်သူများခင်ဗျား...

လူယုတ်မာ သာချိုက ပြာသိုအား ဦးဖြူထွေးတို့ သားအရင်း

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ကြောင်းကို မည်သို့ သက်သေပြနိုင်ရန် ကြံခဲ့သနည်း

အခြားနည်းတော့ မဟုတ်ပေ။

ပြာသိုနှင့် ပန်းကြာဖြူတို့ တတွဲတွဲနေကြသည့် အခါတိုင်း သူ၏တူဖြစ်သူ တင်တိုးအား နောက်မှ တိတ်တဆိတ် လိုက် ဓာတ်ပုံရိုက်ခိုင်းထားခြင်းပင်။

တင်တိုးမှာ ဓာတ်ပုံရိုက် အလွန်တော်သလို သူကိုင်ဆောင် ထားသော ကင်မရာကလည်း အကောင်းစားပင်။

သူကိုင်ဆောင်ထားသော ကင်မရာမှာ ဂျပန်ပြည်လုပ် 'အဆာဟိ ပဲင်းတက်(ခ်)'ကင်မရာ ဖြစ်သည်။

ပြီးတော့ ကင်မရာအား အဝေးမှ မြင်ကွင်းများ ကြည်ကြည် လင်လင် ရိုက်ကူးနိုင်စေရန် အလွန်အားကောင်းလှသော မှ ဘီလူး ကင်မရာလဲင့်စ်ကို တပ်ဆင်ထားသည်။

သည်လိုတပ်ဆင်ထား၍လည်း ပြာသိုနှင့် ပန်းကြာဖြူတို့ လုံးဝ မမြင်နိုင်သည့် နေရာမှနေ၍ အလိုရှိသမျှသော ပုံများကို ရိုက်ကူးနိုင်ခဲ့ခြင်းပင်။

ယခင်အချိန်ကဆိုလျှင် တင်တိုး ရိုက်ယူခဲ့သော ပုံများမှာ ပန်းကြာဖြူနှင့် ပြာသိုတို့ ရိုးရိုးယှဉ်တွဲနေကြသော ပုံများသာ ဖြစ်နေ၍ သာချိုအတွက် ပြာသိုကို ချောက်တွန်းရန် အခွင့်မ ဖြစ်နေတော့သည်။

ဟော...ယမန်နေ့များကတော့ ပြာသိုနှင့် ပန်းကြာဖြူတို့ ရေတံခွန်အနီးရှိ ချောင်းထဲတွင် တစ်ဦးကိုတစ်ဦး ပွေ့ဖက်၍ နမ်းရှုပ်နေသော ပုံများစွာကို ရရှိခဲ့သည်။

ထိုပုံများ ရလိုက်သည့်အတွက် သာချိုမှာ ထခုန်မတတ်



ဝမ်းမြောက်ဝမ်းသာ ဖြစ်ရတော့သည်။

“ဟုတ်ပြီဟေ့...ဟန်ကျလိုက်တာ ငါ့တူရယ်၊ ဒီတစ်ခါမှ ငါ့အကြံ အောင်မြင်တော့မှာကွ...ဟား ဟား ဟား”

သာချို ဝမ်းသာမဆုံး ဖြစ်နေသည်။

နောက်သုံးရက်ခန့် အကြာတွင် အကြံသမား သာချိုသည် သေသပ်စွာ ထုပ်ထားသော စက္ကူထုပ်ကြီးတစ်ထုပ်ကို ကိုင်ကာ ဦးဖြူထွေးထံ လာပေးသည်။

“ဟ...သာချို ဘာထုပ်ကြီးလဲဟ”

ဦးဖြူထွေးမှာ စိုက်ပျိုးရေးခြံတွင်းတွင် အလုပ်သမားများ နှင့် အလုပ်လုပ်နေခိုက် သာချို ရောက်လာသဖြင့် လှမ်းမေး ခြင်းပင်။

“ကျွန်တော်လည်း မသိဘူး ဆရာကြီး၊ ခုနင်တုန်းက လူ တစ်ယောက် မြင်းစီးပြီး ရောက်လာလို့ ကျွန်တော်က မေးကြည့် တော့ သူက အဲဒီအထုပ်ကို လှမ်းပေးရင်း ဆရာဦးဖြူထွေးကို ပေးလိုက်ပါ ဆိုတာပဲ ပြောသွားတယ်”

သာချို မဟုတ်မဟတ်များကို လုပ်ဇာတ်ပြု၍ ပြောပြနေ သည်။

“ဟေ...နို့...မင်းကရော သူ့ကို မမေးလိုက်ဘူးလားကွ၊ ဘာထုပ်ကြီးလဲလို့”

ဦးဖြူထွေး ပြန်မေးသည်။

“မေးပြီလား ဆရာကြီးရယ်၊ သူက ဘာပြန်ပြောသလဲ ဆိုတော့ 'ကျုပ်ကိုမမေးနဲ့၊ အဲဒီအထုပ်ကို ဖြေကြည့်ရင် သိရ မယ်'လောက်ပဲ ပြောပြီး မြင်းကို ဒုန်းစိုင်းစီး ထွက်သွားခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ကျွန်တော်လည်း ဆရာကြီးဆီ ယူလာခဲ့တာပါပဲ"

ဦးဖြူထွေးမှာ သာချို ပြောနေသော စကားများကို နား ထောင်ရင်း အထုပ်ကို လှမ်းကြည့်နေသည်။

"ဟော...သဟာလိုဆို မင့်အထုပ်က ရိုးမှ ရိုးရဲ့လားကွာ အထဲမှာ တိုင်းဗုံးများ ပါနေသလား...ဟဲ ဟဲ"

"အာ...ဆရာကြီးကလည်း မဟုတ်တာဗျာ၊ တိုင်းဗုံးပါရင် နည်းနည်းတော့ လေးရမှာပေါ့။ အခုဟာက လေးမှ မလေးဘဲ ပေါ့ပေါ့ကလေးပဲဟာ"

"ကိုင်း...ဒါဖြင့် မင်းပဲဖွင့်စမ်းပါကွာ၊ အထဲမှာ ဘာတွေ ပါတယ်ဆိုတာ သိရအောင်"

ဦးဖြူထွေး ဖွင့်ခိုင်းနေ၍ သာချိုလည်း ဟန်တစ်လုံး မ တစ်လုံးနှင့် သူ့လက်ထဲမှ အထုပ်ကို ဖွင့်နေသည်။

ဦးဖြူထွေးနှင့် အနီးတွင် ရပ်နေကြသော အလုပ်သမားအချို့ မှာ သာချိုဖွင့်နေသော အထုပ်ကို စိတ်ဝင်စားစွာဖြင့် ဝိုင်းကြည့် နေကြသည်။

အထုပ်များပြေသွားလျှင် အတွင်း၌ စက္ကူစာအိတ်ကြီးတစ်ခု ထွက်လာသည်။

"ဟ...အဲဒါကလည်း စက္ကူအိတ်ကြီးပါလား၊ ဘယ်သူက များ လာနှောက်သွားတာလဲကွ...ဟွန်း"

ဦးဖြူထွေး မတွေးတတ်သဖြင့် ပြောနေသည်။

"နောက်တာတော့ ဟုတ်မယ်မထင်ပါဘူး ဆရာကြီးရယ် တစ်ခုခုတော့ တစ်ခုခုပါပဲ"

သာချို ပြောရင်း စက္ကူစာအိတ်ကြီးကို ဒွာပစ်လိုက်ရာ



အတွင်းမှ ဓာတ်ပုံကြီးများ ပေါ်လာသည်။

ဓာတ်ပုံများမှာ သေးသေးကွေးကွေး မဟုတ်ပေ။

ဆယ်လက်မအရွယ် ရောင်စုံဓာတ်ပုံများ ဖြစ်သည်။

စုစုပေါင်း ငါးခုတိတိ ရှိသည်။

"အလို... ဓာတ်ပုံတွေပါကလား၊ ဘယ်ကပုံတွေများလဲ၊ မှန်းစမ်း"

ဦးဖြူထွေး အံ့ဩသံဖြင့်ပြောရင်း သာချို့လက်တွင်းမှ ဓာတ်ပုံများကို ဆွဲယူ၍ ကြည့်မိသည်။

"ဟယ်...ဒါ...ဒါ...ဘယ်...ဘယ်လိုဖြစ်ကြတာလဲဟင်... တောက်"

ဦးဖြူထွေး အလွန်ဒေါသဖြစ်သွားတော့သည်။

အနီးတွင် အခြားအလုပ်သမားများလည်း ရှိနေ၍ ဒေါသ အပြင် ရှက်စိတ်တွေကလည်း ပေါ်လာသည်။

သူမြင်လိုက်ရသော ဓာတ်ပုံများမှာ ပြာသိုနှင့် ပန်းကြာဖြူ တို့ တစ်ဦးကိုတစ်ဦး ပွေ့ဖက်ထားသောပုံများ၊ ပြာသိုက ပန်း ကြာဖြူ၏ ပါးကလေးတစ်ဖက်ကို နမ်းနေသောပုံများ စသည် တို့ ဖြစ်ကြသည်။

ဓာတ်ပုံ၏ကျောဘက်တွင်လည်း အောက်ပါအတိုင်း စာများ ရေးသားထားသည်ကို ဦးဖြူထွေး ဖတ်လိုက်ရသည်။

"ဘင်္ဂလားမောင်နှမတွေ အချစ်ကြီး ချစ်နေလိုက်ကြပုံကို ဦးဖြူထွေးကို ကြည့်ဖို့ ဒီလို ပေးပို့လိုက်တာပါဗျာ... ဟဲဟဲ ဟဲ"

ပုံ၏ အောက်ထောင့်တွင် စောစာရှင်တစ်ဦး မှ၍ ရေး

www.burmeseclassic.com

www.burmeseclassic.com


ထားသည်။

အမည်နှင့် နေရပ်တော့ မပါပေ။

ပါနိုင်ပါမည်လော၊ ပေးပို့သူက ချစ်စွာသော စာဖတ်သူများ သိထားကြသည့်အတိုင်း လူယုတ်မာ သာချို ဖြစ်နေ၍ပင်။

ဦးဖြူထွေးမှာတော့ သမီးဖြစ်သူနှင့် ပြာသိုတို့ပုံကို ကြည့်၍ ရင်ထဲတွင် တလိပ်လိပ်တက်လာအောင် ဒေါပွမဆုံး ဖြစ်နေသည်။

"ပေးစမ်း...ဒီပုံတွေကို၊ ငါ အခုပဲ အိမ်ကို ယူသွားပြီး သင်းတို့ကို မေးရမယ်။ တောက်...ခွေးမသားကလေး၊ သက်သက်မဲ့ ငါတို့ကို လာလိမ့်တာကွ၊ ဟို...ခွေးမလေးလည်း အလိုတူ အလိုပါပဲ၊ သိမယ်...သိမယ်"

ဦးဖြူထွေး ဒေါသသံဖြင့် ပြောရင်း ဓာတ်ပုံများကို ယူကာ မနီးမဝေးတွင် ရှိနေသော သူ၏မြင်းဆီသို့ ထွက်သွားသည်။

ဦးဖြူထွေး၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးခြံမှာ သူတို့အိမ်နှင့် ဆိုလျှင် ငါးဖာလုံခန့် ဝေး၍ အလာအသွား လုပ်လိုလျှင် ယခုလို မြင်းနှင့်သာ သွားလာတတ်ကြသည်။

သာချိုမှာတော့ သူဆင်လိုက်သောအကွက် ပိုင်ပိုင်ကြီးမိနေပြီမို့ စိတ်ထဲတွင် ကျေနပ်မဆုံး တပြုံးပြုံးဖြစ်နေသည်။

ပြာသိုနှင့် ပန်းကြာဖြူတို့မှာတော့ အိမ်ရှေ့ဝရန်တာတွင် အေးအေးဆေးဆေးထိုင်ကာ စကားစမြည် ပြောနေကြသည်။

ကဆုန်စိုင်း၍ လာနေသော မြင်းခွာသံကြောင့် ပြာသိုရော ပန်းကြာဖြူပါ ပြိုင်တူ လှမ်းကြည့်ကြသည်။

"ဟော...ဖေဖေ ပြန်လာပြီ အစ်ကို၊ မြင်းကို ကဆုန်ချလာပုံ ထောက်တော့ ကိစ္စတစ်ခုခု အရေးကြီးလာပြန်ပြီနဲ့တူတယ်"

ပန်းကြာဖြူက အနီးရှိ ပြာသိုအား လှမ်းပြောနေသည်။

ပြာသိုကတော့ မည်သို့မျှ ပြန်မပြောဘဲ ဦးဖြူထွေး လာရာ ...သာ လှမ်းကြည့်နေသည်။

ဦးဖြူထွေးမှာ သူတို့နှစ်ဦး ရှိနေကြသော ဝရန်တာဆီသို့ ...င်းကို စီးလာပြီး ရပ်လိုက်သည်။

သူတို့နှစ်ဦးအားလည်း အလွန်ဒေါသထွက်နေသော မျက်နှာ ...င့် ကြည့်ရင်း လှမ်းပြောသည်။

ဟေ့နှစ်ယောက်...မင်းတို့ သိပ်တော်တာပေါ့လေ၊ ဟုတ် ...ား"

"ရှင်..."

"ဗျာ..."

ဦးဖြူထွေး၏ အသံကြောင့် ပြာသိုရော ပန်းကြာဖြူပါ ...ကြောင်ကြောင်ဖြစ်ကာ အထက်ပါအတိုင်း နှုတ်များတွေ ...သီးသီးမှ ပေါ်ထွက်သွားကြသည်။

"ဘာ...အခုမှ ဗျာတွေ...ရှင်တွေ လုပ်နေရတာလဲ၊ မင်းတို့ ...လိမ်ကျခဲ့တာတွေ အကုန်ပေါ်ပြီကွ၊ ပေါ်ကုန်ပြီ...သိလား"

"ဟာ...ဖေဖေကလည်း ဘာတွေ လာပြောနေရတာလဲ၊ ...မီးတို့က ဘာတွေများ ကလိန်ကျထားလို့လဲ၊ ဘယ်သူကများ ...ဖေ့ကို ချောက်တွန်းလိုက်တယ် မသိဘူး...ခိ ခိ"

ပန်းကြာဖြူ အပြုံးမပျက်ဘဲ ပြန်ပြောနေသည်။

"အံမာ...အခုထက်ထိ မုန်လာဥ လုပ်ချင်နေသေးတယ်... ...ရော...ဒီပုံတွေကို ကြည့်ကြစမ်း"

ဦးဖြူထွေး ဒေါသတကြီးဖြင့် ပြောရင်း လက်တွင်းမှ

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံများကို ပန်းကြာဖြူထံသို့ လှမ်းပေးသည်။

ပန်းကြာဖြူ ယူနေခိုက် အိမ်ထဲတွင် ရှိနေသော ဒေါ်နုနုမှာလည်း သူတို့ရှိရာသို့ အပြေးကလေး ရောက်လာသည်။

"ကိုထွေး...ဒါက ဘာဖြစ်နေရတာလဲတော့်"

ဒေါ်နုနုက လှမ်းမေးသည်။

"ငါ့ကို မေးမနေနဲ့၊ အခု မင့်သမီးလက်ထဲမှာ ရှိနေတဲ့ ဓာတ်ပုံကိုသာ ကြည့်၊ ချက်ချင်း အဖြေရလိမ့်မယ်ကွ...ဟွန်း"

ဦးဖြူထွေး စကားအဆုံးတွင် ဒေါ်နုနုမှာ ပန်းကြာဖြူနှင့် အတူ ဓာတ်ပုံများကို လှမ်းကြည့်မိသည်။

ပြာသိုကလည်း လှမ်း၍ ကြည့်မိသည်။

"ဟောတော့.."

"ဟင်..."

"ဟိုက်..."

ပထမ အာမေဋိတ်သံမှာ ဒေါ်နုနုထံမှဖြစ်ပြီး ဒုတိယကတော့ ပန်းကြာဖြူနှင့် နောက်ဆုံးအသံမှာ ပြာသို၏ထံမှ ဖြစ်သည်။

ဒေါ်နုနုမှာ ပြာသိုအား သူ၏ ပျောက်ဆုံးသွားခဲ့သော သားအရင်း မှတ်နေသူမို့ ထိုဓာတ်ပုံများ မြင်လိုက်ရလျှင် သူ့မျက်စိကို သူ မယုံကြည်နိုင်သလို ဖြစ်သွားခဲ့သည်။

ပြာသိုနှင့် ပန်းကြာဖြူတို့မှာတော့ ခိုးထုပ်ခိုးထည်နှင့် အမိခံလိုက်ရသူလို ဘာလုပ်၍ ဘာကိုင်ရမည် မသိဘဲ ကြက်သေသေ နေကြသည်။



ဦးဖြူထွေး ဒေါသသံဖြင့် လှမ်းပြောနေသည်။

ဒေါ်နုနုမှာမူ အံ့သြလွန်းနေ၍ မည်သို့ပြန်ပြောရမည်မသိ ဖြစ်နေသည်။

ပန်းကြာဖြူမှာတော့ ရှက်စိတ်တို့ကြောင့် မျက်ရည်ကလေး လည်လာသည်။

"ဒါ...ဒါ...ဒါက ဘယ်...ဘယ်လိုဖြစ်ကုန်ကြတာလဲဟင်"

ဒေါ်နုနုထံမှ ဝေခွဲမရသောအသံကြီး ပေါ်လာသည်။

"ဟ...ဘာဖြစ်ရမှာလဲ၊ ဓာတ်ပုံထဲမှာ ဖြစ်ပျက်တာတွေကို အထင်းသား အကွင်းသား ဖော်ပြနေပြီပဲဟာ...တောက်"

ဦးဖြူထွေး ဒေါသတကြီး ပြန်ပြောနေသည်။

"ဟုတ်ပါတယ်လေ...ကျုပ်ကလည်း အဲဒီလို ဖော်ပြနေလို့ တွေးမရ ဖြစ်နေတာပေါ့တော့်"

"မင်း တွေးမရရင် မင့်သမီး အလိမ္မာတုံးကလေးကို မေးကြည့်ပေါ့။ သူခင်းလာတဲ့ဓာတ် သူသိလိမ့်မယ်လေ၊ ဟွန်း ...အသားထဲက လောက်ထွက်ဆိုတာ အဲဒါပေါ့နုနုရ၊ တော်တော် လည်တဲ့ဟာမကလေး၊ စိတ်ရှိလက်ရှိ ရိုက်ပစ်ရရင် ပွဲချင်းပြီး သေတော့မယ်၊ တယ်လေ"

ဦးဖြူထွေး ဒေါသဖြစ်လာဟန်ဖြင့် ပြောနေရာမှ ပန်းကြာဖြူအား ရိုက်ရန် လက်ဖြင့်ရွယ်သည်။

"အမေ့..."

ပန်းကြာဖြူမှာ သူ့အား ရိုက်မည်စိုး၍ ...

www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ်၊ ဒေါ်သ ရှေ့မထားရမှာလဲကွ၊ မင့်သမီးလုပ်ပုံက ကောင်းရဲ့လား။ ပြောစမ်း...ခွေးမလေး၊ နင် ဘာသဘောနဲ့ အခုလို လူကြီးတွေကို လိမ်ရတာလဲ"

ဦးဖြူထွေး လှမ်းမေးရင်း မြင်းပေါ်မှ ဆင်းသည်။

ပြီးတော့ မြင်း၏ပေါင်ကို လက်ဝါးဖြင့် ဖြန်းခနဲ တစ်ချက် ရိုက်ပြီး လွှတ်လိုက်ရာ မြင်းကြီးမှာ သူ၏မြင်းဇောင်းဆီသို့ တည့်တည့်မတ်မတ် ထွက်သွားသည်။

ဦးဖြူထွေးကတော့ အိမ်ပေါ်သို့ တက်လာသည်။

ပန်းကြာဖြူမှာ ဦးဖြူထွေး အနီးသို့ ရောက်လာသည်ကို တွေ့ရလျှင် သူ့ကို မရိုက်နိုင်ရန် မိခင်ဖြစ်သူ ဒေါ်နုနုအနီးသို့ ကပ်၍ နေသည်။

"ပြောကြစမ်းပါဦး၊ နင်က ဘာသဘောနဲ့ မိဘတွေကို လိမ်ရတာလဲ။ ဟိုကောင်ကရော ဘာအတွက် ဒီကို လိုက်လာပြီး တို့ကို ခပ်တည်တည်နဲ့ လိမ်ရတာလဲ။ ဟိုတုန်းကတည်းက ငါကတော့ ငါ့သားအစစ်ဆိုတာ သိပ်မယုံကြည်ပါဘူး။ ဒါပေမယ့် မင်းရဲ့ နေပုံထိုင်ပုံကို သဘောကျတာကတစ်ကြောင်း၊ ဟောဒီက ငါ့မိန်းမမှာလည်း မင်း ရောက်လာကတည်းက မင့်ကို သူ့သား အရင်းမှတ်ပြီး စိတ်ချမ်းသာနေတာ မြင်ရလို့ ငါလည်း မင့်ကို သားလိုပဲ သဘောထားပြီး နေခဲ့တာကွ။ အခုတော့ မင်းက သားရေပေါ်အိပ် သားရေနားစား လုပ်နေတာကိုး။ ဒီတော့ ပြောစမ်း၊ မင်း...ဘယ်သူလဲ"

"ကျွန်တော် ပြာသိုပါ"

ပြာသို အူကြောင်ကြောင်သံဖြင့် ပြန်ပြောသည်။



"ဟ...အဲဒါတော့ ငါလည်း သိသားပေါ့၊ ငါမေးချင်တာက ...း ဘယ်ကကောင်လဲ၊ ဘာသဘောနဲ့ ငါတို့ကို လာလိမ်တာလဲ ...တာကိုပဲ"

"အဲဒီကိစ္စနဲ့ ပတ်သက်လို့ မေးချင်တယ်ဆိုရင် ဖေဖေ့ ...မီး...ဦးသမီး ပန်းကြာဖြူကို မေးပါ၊ ဒါက ပိုပြီး ရှင်းလိမ့် ...် "

ပြာသို၏ စကားအဆုံးတွင် ဦးဖြူထွေး မျက်နှာထား ...င်းတင်းဖြင့် ပန်းကြာဖြူဘက်သို့ လှည့်ကြည့်ပြီး မေးသည်။

"ကိုင်း...ပြောစမ်း၊ နင် ဘာသဘောနဲ့ ဒီကောင်ကို ခေါ်ပြီး ...ကို လာလိမ်ရတယ် ဆိုတာကို"

ဦးဖြူထွေး မေးသံအဆုံး၌ ပန်းကြာဖြူထံမှ ငိုသံပါကလေး ...် ပြန်ပြောသံ ပေါ်လာသည်။

"သ...သ...သမီးအနေနဲ့ ဖေဖေတို့ကို လာလိမ်တာဟာ ...က်မာတဲ့စိတ်ထားနဲ့ မဟုတ်ပါဘူး၊ စေတနာကောင်းနဲ့ လာ ...မ်တာပါ"

"ဟေ...လိမ်တာတောင်မှ စေတနာကောင်းဆိုတာ ရှိသေး ...လား၊ နင်ပြောသလိုသာဆိုရင် လူလိမ် လူကောက်တွေဟာ ...ား အလောင်းတွေလို့ ဆိုရမယ့်ကိန်း ပေါက်နေပါပကော"

"သမီးရှင်းပြတာကို နားထောင်ပါဦး ဖေဖေ၊ သမီး ရှင်းပြ ...သွားရင်တော့ ဖေဖေ နားရှင်းသွားမှာပါ"

"ကောင်းပြီ၊ ရှင်းစမ်း...နင်ရှင်းသလို ငါ့နားမရှင်းရင်တော့ ...ရော ဟိုအကောင်ရော နာပြီသာ မှတ်ထား"

"ဟုတ်ကဲ့၊ သမီးစကားဆုံးတော့ ဖေဖေကြိုက်သလို

www.burmeseclassic.com

www.burmeseclassic.com



အပြစ်ပေးပါ"

"ဟုတ်ပြီ၊ ဒါဆို ရှင်းပေတော့"

ဦးဖြူထွေးက ပြောလျှင် ပန်းကြာဖြူက အောက်ပါအတိုင်း ရှင်းပြနေသည်။

"ဖေဖေသိတဲ့အတိုင်းပဲ၊ မေမေဟာ ငယ်ငယ်ကတည်းက ပျောက်ဆုံးသွားခဲ့တဲ့ ကိုကို့အတွက် အမြဲတမ်း စိတ်ဆင်းရဲနေရတယ် မဟုတ်လား။ ဒါနဲ့ သမီးလည်း မေမေ စိတ်ချမ်းသာ အောင် ဘယ်လိုလုပ်ရမလဲလို့ အမြဲပဲ တွေးနေခဲ့မိတယ်။ နောက် ဟောဒီအစ်ကိုနဲ့ တွေ့ရတော့ သမီး အကြံတစ်ခု ပေါ်လာ တယ်။ ဘယ်လိုလဲဆိုတော့ ဒီအစ်ကိုမှာက ပျောက်ဆုံးသွားခဲ့တဲ့ ကိုကို့လိုပဲ မွေးရာပါ မည်းမည်းအမှတ်ကြီးဟာ နေရာရော အရွယ်အစားရော၊ ချွတ်စွပ်တူနေတာ တွေ့ရလို့ သူ့ကိုသာ ဖေဖေတို့ဆီ ခေါ်လာပြီး ပျောက်ဆုံးသွားတဲ့ ကိုကိုပါပဲလို့ ပြော ရရင် ဖေဖေရော မေမေပါ သံသယမရှိဘဲ ယုံမယ်ဆိုတာရယ် နောက် မေမေ့မှာလည်း သားကို ပြန်တွေ့ရရင် စိတ်ချမ်းသာ ရသွားမယ် ဆိုတာရယ်ကိုပါ တွေးမိလို့ ,အခုလို ခေါ်လာခဲ့ တာပါ ဖေဖေ။ တခြား ဖေဖေတို့အပေါ်မှာ မကောင်းကြံတဲ့စိတ် မျိုးနဲ့ သမီးတို့ လာလိမ်ကြတာ မဟုတ်ပါဘူး။ ဒီလိုလိမ်တာ ကို ဖေဖေက အပြစ်လို့ ယူဆရင် ဒီအပြစ်ကို သမီးတစ်ဦးတည်း က တာဝန်ယူပါတယ်။ ဟိုအစ်ကိုမှာ အပြစ်မရှိပါဘူး" သူ



ဒေါ်နုနုကတော့ သမီး၏ ပခုံးကို ပက်၍ ချော့နေသည်။

"တိတ်ပါသမီးရယ်၊ သမီးရဲ့စေတနာကို မေမေတို့ သိပါပြီ၊ သမီးတို့ကို အပြစ်မတင်ပါဘူးလေ"

"အံမာ မင့်သမီးပြောတာကို ယုံနေသလားကွ…ဟေ"

ဦးဖြူထွေး သဘောမကျသံဖြင့် ဇနီးသည်ကို လှမ်းပြော သည်။

"မယုံလို့ တော်က ဘာများပြောချင်လို့လဲ၊ ဆိုပါဦး"

"ပြောရလိမ့်မယ်၊ သူ ခုနင်က ပြောသလို ငါတို့ စိတ် ချမ်းသာမှု တစ်ခုတည်းအတွက် ဟိုကောင်ကို ခေါ်လာခဲ့တာ ဆိုရင် သူ့ကို အပြစ်မတင်မိတဲ့အပြင် ကျေးဇူးတောင် တင်ရဦး မယ်။ အခုတော့ ဒီလိုမှ မဟုတ်ဘဲ၊ သူ့ချစ်သူကို သူနဲ့အတူတူ နေရအောင်လည်း ပါတာမို့ သူ့အကျိုး ကိုယ့်အကျိုးဆိုပြီး နှစ်ခု ချွန်တွဲနေလို့ပဲကွ"

"အို…တော် ဘာပဲဖြစ်ဖြစ် သမီးကလေးကိုရော ဟောဟိုက သားကိုပါ ကျုပ်ကတော့ ခွင့်လွှတ်မှာပဲ။ သူဟာ ကျုပ်တို့သား အစစ် မဟုတ်တော့ပေမယ့် သူ့ကို ကျုပ်သားလိုပဲ သဘောထား တယ်"

ဒေါ်နုနု၏ စကားကြောင့် ဦးဖြူထွေး မျက်လုံးပြူးသွား တော့သည်။

"ဘာ…ဘာ…ဘာကွ၊ မင်းက ဟိုကောင်ကို သားလိုပဲ သဘောထားတယ် ဟုတ်လား"

"အင်းလေ…တော်က ဘာဖြစ်လို့ မေးနေတာလဲ"

"ဟ…မေးရမှာပေါ့၊ မင်းက သားလို သဘောထားပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



သူက မင့်ကို အမေလိုမှ သဘောမထားဘဲကွ"

"အဲတော့...သူက ကျုပ်ကို အမေလို သဘောမထား
ဘယ်လို သဘောထားနေလို့လဲ"

"ယောက္ခမလိုလေကွာ"

"ဟင်..."

"မဟင်နဲ့၊ ငါပြောတာ မှန်,မမှန် ဒီဓာတ်ပုံတွေကို ကြည့်
သိသာနိုင်တာပဲ။ ဒီတော့ သူ့ကို ဒီအိမ်မှာ ဆက်ထားရင် မင်း
သားအဖြစ်မဟုတ်ဘဲ သူ့ကို သမက်တော်နေရလိမ့်မယ်။ ငါ
တော့ မတော်နိုင်ဘူး၊ ဒီတော့ ပြတ်ပြတ်ပဲပြောမယ်"

ထိုနေရာသို့ အရောက်တွင် ဦးဖြူထွေးမှာ စကား
ရပ်ထားသည်။

စကားကို ရပ်ပြီးမှ အနီးတွင် သူတို့အား မျက်နှာငယ်
ကလေးဖြင့် ငေးကြည့်နေသော ပြာသိုအား လှမ်းပြောသည်။

"ဒီမှာဟေ့ မင့်ကို ငါ့အိမ်မှာ ဆက်ပြီး လက်ခံမထားနိုင်
တော့ဘူး၊ ဒီတော့ အခုအချိန်က စပြီး မင်း သွားပေတော့"

"အို...ကိုထွေးရယ်"

ဦးဖြူထွေးက ပြာသိုအား ခပ်ပြတ်ပြတ် နှင်ချနေမှုကြောင့်
ဒေါ်နုနု စိတ်ထိခိုက်သံဖြင့် ရေရွတ်မိသည်။

ပန်းကြာဖြူမှာလည်း ငိုနေတော့သည်။

ပြာသိုမှာမူ တစ်နေ့ကျလျှင် ယင်းသို့ အဖြစ်မျိုး မုချဖြစ်လာ
မည်ကို တွေးမိထားသူမို့ သူတို့လောက် စိတ်ထိခိုက်မှု မရှိလှချေ

"ကိုထွေးတွေ...ဘာတွေ လုပ်မနေနဲ့၊ ငါကတော့ 'ဘူး'
ဆိုရင် 'ဖရုံ'မသိဘူး။ ဒီတော့ ငါပြောသလို မင်း သွားတော့



ဒါပဲပြောချင်တယ်"

စကားဆုံးသွားလျှင် ဦးဖြူထွေးသည် သူတို့အနီးမှ ထွက်
သွားခဲ့သည်။

"မေမေ...ဖေဖေကတော့ အစ်ကို့ကို နှင်နေပြီ၊ မေမေ
မတားနိုင်ဘူးလားဟင်"

ပန်းကြာဖြူ ငိုရှိုက်သံဖြင့် မိခင်ကို ပြောနေသည်။

"အေးပါ သမီးရယ်၊ မေမေ နောက်တော့ ချော့ပြီး ပြော
ပါ့မယ်။ အခုတော့ သမီးဖေဖေ စိတ်ဆိုးနေတုန်းမို့ ပြောရတာ
မလွယ်ဘူး"

ဒေါ်နုနု ပြောအပြီးတွင် ပြာသို ဝင်ပြောသည်။

"ကိစ္စမရှိပါဘူး ဒေါ်ဒေါ်"

"အို...သားရယ်၊ ဘာဖြစ်လို့ ဒေါ်ဒေါ်လို့ ခေါ်လိုက်ရ
တာလဲ။ ခေါ်နေကျအတိုင်း မေမေလို့ပဲ ခေါ်ပါကွယ်၊ သားကို
မေမေက သားအရင်းလိုပဲ သဘောထားနေပါတယ်ကွယ်။ ဒီတော့
ဒေါ်ဒေါ်ဆိုတာကြီး မလုပ်လိုက်ပါနဲ့"

ဒေါ်နုနု သဘောမကျသံဖြင့် ပြာသိုကို လှမ်းပြောသည်။

"ဟုတ်ကဲ့၊ မေမေ့သဘောထားကို သား သိရလို့ ဝမ်းလည်း
သာမိပါတယ်။ ကျေးဇူးလည်း တင်ပါတယ် မေမေ။ ဒီတော့
သားပြောချင်တာက ဦး...အဲ...ဖေဖေ့ကို သွားပြောမနေပါနဲ့၊
သား ဒီအိမ်က အခုပဲ ဆင်းပါရစေလား"

"အို...မဟုတ်တာ"

ဒေါ်နုနု ခေါင်းကလေးတခါခါဖြင့် ပြန်ပြောနေသည်။

ပန်းကြာဖြူကလည်း ငိုသံပါကလေးဖြင့် ဝင်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုက ဘာဖြစ်လို့ ဆင်းချင်ရတာလဲ၊ ဖေဖေ့စကား တွေကြောင့် ညီမတို့ကို စိတ်နာသွားလို့လား"

"ဘယ်ကလာ ဟုတ်ရမှာလဲ၊ အစ်ကို့မှာ အကြံတစ်ခု ရှိနေ လို့ပါ။ ပြီးတော့ အစ်ကိုဟာ ရန်ကုန်ကို ပြန်သွားမှာလည်း မဟုတ်ပါဘူးလေ၊ လားရှိုးမြို့မှာ ခဏသွားနေမှာပါ"

"နေပါဦး၊ လားရှိုးမှာ နေရအောင် အစ်ကို့အသိအကျွမ်း ရှိလို့လား"

"မရှိပါဘူး၊ ဒါပေမယ့် တည်းခိုခန်း ဆိုတာကတော့ ရှိမှာ ပေါ့။ မရှိလည်း ဘုန်းကြီးကျောင်းမှာ အကျိုးအကြောင်း ပြောပြ ပြီး နေရင် ရပါတယ်။ အစ်ကို့အတွက် ပူမနေပါနဲ့"

ပြာသိုက ပန်းကြာဖြူ ကျေနပ်အောင် ပြောပြနေသည်။

"အစ်ကိုက ဘာအကြံရှိနေလို့လဲ"

"အခုတော့ မသိချင်နဲ့ဦး၊ နောက်ကျမှ ညီမတို့ကို ရှင်းပြ မယ်"

"ဒါဆိုရင် အစ်ကို့မှာ ငွေလိုမှာပေါ့နော်၊ မေမေ အစ်ကို့ကို ငွေပေးလိုက်မယ်နော်၊ ဟုတ်လား"

ပန်းကြာဖြူက မိခင်ထံတွင် ခွင့်တောင်းနေသည်။

"အေး...အေး..ပေးလိုက်လေ၊ နေဦး၊ မေမေ ပိုက်ဆံ သွားယူလိုက်ပါ့မယ်လေ၊ သား ခဏနေဦးနော်"

ဒေါ်နုနု ပြောရင်း သူတို့အနီးမှ ထွက်သွားသည်။

"အစ်ကို"

ပန်းကြာဖြူ ဝမ်းနည်းသံကလေးဖြင့် လှမ်းခေါ်သည်။

"ဟင်..."



"အစ်ကို လားရှိုးမှာပဲ နေမယ်ဆိုတာ တကယ်နော်၊ မတို့ကို ညာသွားမှာလား"

"မညာပါဘူးကွာ၊ အစ်ကို တကယ်ပဲ လားရှိုးမှာ ခဏနေမှာ ၊ စိတ်ချ"

"ဘာအတွက်နေမှာလဲ၊ ညီမကို ပြောပြပါလား"

"ကောင်းပြီ၊ သိချင်ရင် နားထောင်၊ တခြားကြောင့်တော့ ဟုတ်ဘူး၊ ဟောဒီ ဓာတ်ပုံကိစ္စအတွက်ပဲ"

ပြာသိုက ပြောနေသော်လည်း ပန်းကြာဖြူကတော့ သဘော ါက်ပုံ မပေါ်ပေ။

"ဓာတ်ပုံကိစ္စ ဟုတ်လား"

"မှန်တယ် ပန်းကြာဖြူ၊ ဒီဓာတ်ပုံတွေဟာ သဘောရိုးနဲ့ ိုက်တဲ့ပုံတော့ မဟုတ်ဘူး၊ အစ်ကို ဒီအိမ်မှာ ရှိနေတာကို လိုလားတဲ့သူက ပို့လိုက်တာ ဖြစ်မှာပဲ"

"ဟုတ်ပါရဲ့နော်၊ ဘယ်သူကများ ညီမတို့ကို နောက်က ချောင်းပြီး အခုလို ဓာတ်ပုံရိုက်ထားလိုက်တယ် မသိဘူး"

"ညီမက မသိပေမယ့် အစ်ကိုကတော့ သိပါတယ်လေ၊ ယ်သူ့လက်ချက်ဆိုတာ"

"ဟင်...ဟုတ်လား၊ ဒါဆို ပြောစမ်း၊ ဘယ်သူဖြစ်မလဲ၊ ာန္တ ဘိုဘိုများ ဒီကိုလိုက်လာပြီး ချောက်တွန်းတာလားဟင်"

"အယ်...မဆိုင်တာဘဲ၊ ဘိုဘိုက ဘာဆိုင်လို့ လိုက်လာ လဲ၊ ပြီးတော့ ညီမနဲ့ အစ်ကို ဒီလားရှိုးကို လာကြတာ ဘိုမှ မသိတာ။ သိဦးတော့ ဒီကောင်က ဒီနယ်ကို ရောက်နေ င် အစ်ကိုတို့က မသိဘဲနေပါ့မလားလို့။ ဒီကိစ္စမှာ ဘိုဘိုရဲ့

www.burmeseclassic.com

www.burmeseclassic.com



ပယောဂ မပါဘူး၊ ပါတာကတော့ အတွင်းလူပဲ ညီမရဲ့"

"ဒါဆို ဘယ်သူဖြစ်မလဲ၊ ပြောစမ်းပါ"

"နေဦးလေ၊ လက်ဆုပ်လက်ကိုင် မပြနိုင်ဘဲ အထင်
ဘယ်သူဖြစ်မယ်၊ ဘယ်ဝါဖြစ်မယ်လို့ ပြောနေတာက မကောင်း
ဘူး။ လက်ဆုပ်လက်ကိုင်ပြပြောမှ ကောင်းမှာပေါ့။ ဒီတော့
ငါ့ညီမ စိတ်ရှည်ရှည်ထားပြီး နေလိုက်ဦး"

ပြာသိုရဲ့စကားကို ပန်းကြာဖြူမှာ သဘောမကျလှသော်
လည်း မှန်ကန်နေ၍ အသာငြိမ်နေလိုက်သည်။

ဒေါ်နုနုလည်း လက်ထဲတွင် ငွေစက္ကူများ ကိုင်ရင်း သူ
ထံသို့ ပြန်ရောက်လာသည်။

"ရော့သား၊ လားရှိုးမှာနေရင် သုံးဖို့ ငွေငါးထောင်"

"ဟာဗျာ၊ မေမေကလည်း ဒီလောက်ငွေတွေ မလိုပါဘူး
လေ၊ ငါးရာလောက်ဆိုရင် လုံလောက်နေပါပြီ"

ပြာသိုက ခေါင်းကလေးတခါခါဖြင့် ပြောနေသည်။

"ဟဲ့...ငွေငါးရာလောက်နဲ့ ဖြစ်မလား၊ ယူသာသွားပါ သား
ရယ်၊ ဒီငွေလောက်တော့ မေမေတို့မှာ ဘာမှမဖြစ်လောက်ပါဘူး"

မဖြစ်လောက်ပေမယ့် သားမှ အဲဒီလောက်ငွေ မလိုတဲ့ဟာ
ငါးရာဆို တော်ပြီ မေမေရဲ့"

ပြာသို စကားအဆုံးတွင် ပန်းကြာဖြူ ကြားမှ ဝင်ပြောသည်
ငါးရာတော့ နည်းအားကြီးတယ်၊ ဒီတော့ တစ်ထောင်တော့
ယူသွား အစ်ကို"

"အေး...ဟုတ်တယ်၊ ဒီလောက်တော့ ယူသွားမှပေါ့သားရဲ့"

နောက်ဆုံးတွင်တော့ ပြာသိုမှာ အလျှော့ပေးလိုက်ရသည်



အမှန်ပြောရလျှင် သူ့အနေဖြင့် ဒေါ်နုနုတို့ ပေးနေသော
ငွေများကို တစ်ပြားတစ်ချပ်မှ မယူလိုပေ။

မယူမဖြစ်၍သာ ယူလိုက်ခြင်းပင်။

သူ့တွင် ပန်းကြာဖြူနှင့် လိုက်လာကတည်းက အိတ်ထဲတွင်
ငွေအသပြာမှာ မရေမရာနှင့် ငွေတစ်ရာသာ ရှိခဲ့သည်။

ထိုငွေတစ်ရာမှာလည်း လွန်ခဲ့သော တစ်လခန့်ကတည်းက
ကုန်ခဲ့ပြီ ဖြစ်သည်။

သည်တော့ ဒေါ်နုနုထံမှ ငွေမယူဘဲ လားရှိုးသို့ သွားရန်မှာ
မဖြစ်နိုင်ပေ။

သူ့မြို့ သူ့ဒေသလည်းမဟုတ်၊ အသိအကျွမ်းလည်း ရှိသူ
မဟုတ်၍ ငွေမရှိဘဲ လားရှိုးတွင် နေဖို့ခက်သည်။

သို့ဖြစ်၍ ပြာသိုမှာ ဒေါ်နုနု ပေးလိုက်သော ငွေများကို
ယူခဲ့ရခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



( တစ်ဆယ့်သုံး )

## တရားခံကို ဖော်ထုတ်ခြင်း

ပြာသိုမှာ ပညာအနေဖြင့် သိပ်မတတ်လှသော်လည်း တွေးခေါ်မြော်မြင်ရေးအပိုင်းကျတော့ အလွန်တော်သည်။

သူနှင့် ပန်းကြာဖြူတို့ စုံတွဲကို ခိုး၍ ရိုက်ကူးထားသော ဓာတ်ပုံများကို မြင်ရကတည်းက သူတို့ကို ချောက်တွန်းသူသည် အပြင်မှလူတော့ မဖြစ်နိုင်ကြောင်းကို ချက်ချင်း သူ သိသည်။

မသိဘဲ နေပါမည်လော။

သူ့အား လသားအရွယ်ကတည်းက ပျောက်ဆုံးသွားခဲ့သော ဦးဖြူထွေး၏သား မဟုတ်ဘဲ သားအတုဖြစ်ကြောင်းကို ဖော်ထုတ်နိုင်သူမှာ အတွင်းသိထဲကသာ ဖြစ်မည်။

ပြင်ပလူများကား မည်သို့ သိမည်နည်း။



ပြင်ပလူများ မသိနိုင်သလို ဦးဖြူထွေး၏ အလုပ်သမားများလည်း သိကြမည့်ပုံ မပေါ်ပေ။

သည်တော့ သူ မွေးစားသားအတု ဖြစ်နေသည်ကို သိရမည့်သူကား မည်သူနည်း။

ရှည်ရှည်ဝေးဝေး ဦးနှောက်အခြောက်ခံ၍ တွေးနေစရာ မလိုပေ။

ဦးဖြူထွေးအိမ်တွင် နှစ်ပေါင်းများစွာ နေထိုင်လာခဲ့သော အိမ်မွေးခြံပေါက်ထဲက လူပဲ ဖြစ်မည်။

ဤသူသည် မည်သူဖြစ်မည်နည်းဟူ၍ ဆန်းစစ်ကြည့်လျှင် အခြားသူ မဟုတ်ဘဲ သာချို ဖြစ်နေသည်ကို ပီပီပြင်ပြင်ကြီး မြင်နေရသည်။

ဦးဖြူထွေး၏ ယခုလက်ရှိ လူများထဲတွင် သာချို တစ်ဦးသာလျှင် နှစ်အကြာဆုံးနှင့် ဝါအရင့်ဆုံးလူဖြစ်ပြီး ကျန်လူတွေကတော့ သိပ်ကြာကြသေးသည် မဟုတ်ပေ။

ပြီးတော့ သာချိုမှာ သူ့အား သိပ်ကျေနပ်သူ မဟုတ်ကြောင်းကိုလည်း သူ သိသည်။

သူ ခြံထဲသို့ အလည်သွားသည့်အခါတိုင်း သူ့အား ရှုတင်းတင်းဖြင့် သာချို ကြည့်နေတတ်သည်။ သူက ဖော်ဖော်ရွေရွေဖြင့် သာချိုအား လိုက်စကားပြောခဲ့သည့်တိုင် သာချိုက သူ့အား ဟက်ဟက်ပက်ပက် ပြောချင်ပုံ မပေါ်ပေ။

နောက်တစ်ဦး ရှိသေးသည်။

ထိုသူမှာ သာချို၏ တူတော်သူ တင်တိုး ခေါ်သူပင်။

တင်တိုးမှာ သာချို၏ထံသို့ တစ်ပတ်လျှင် တစ်ကြိမ်,

www.burmeseclassic.com

www.burmeseclassic.com



နှစ်ကြိမ်ခန့် ရောက်လာတတ်သည်။

ရောက်လာတိုင်းလည်း နှစ်ယောက်သား တိုးတိုးတိတ်တိတ်နှင့် တစ်စုံတစ်ခုကို ကျိတ်၍ တိုင်ပင် ပြောဆိုနေကြသည်။

သူ့အနီးသို့ ရောက်သွားလျှင် သူတို့နှစ်ဦးစလုံး စကားစကို ဖြတ်ကာ တစ်ယောက် တစ်နေရာစီ ထသွားခဲ့ကြသည်ကို မြင်ရသည်။

တင်တိုးမှာ သူ့ဦးလေးထံသို့ လာလည်တိုင်း ပခုံးပေါ်တွင် ကချင်လွယ်အိတ်ကြီး တစ်အိတ်ကို အမြဲတမ်း လွယ်ထားလေ့ရှိသည်။

လွယ်အိတ်ထဲတွင် မည်သည့်အရာများ ပါသည်ကို မသိရသော်လည်း ပစ္စည်းများ အတော်များများ ပါသည်ကိုတော့ ပြာသို သတိပြုမိသည်။

ယခု သူနှင့် ပန်းကြာဖြူတို့အား ခိုးဝှက်၍ ဓာတ်ပုံရိုက်ခဲ့သော ကိစ္စတွင် တင်တိုး၏ပယောဂ မကင်းဟု ထင်မိသည်။

သာချိမှာ ဓာတ်ပုံရိုက်တတ်သူ မဟုတ်၍ သူနှင့် ပန်းကြာဖြူတို့အား ဓာတ်ပုံရိုက်ယူနိုင်မည် မဟုတ်ပေ။

ဓာတ်ပုံရိုက်နိုင်သူမှာ တင်တိုးဖြစ်လျှင်ဖြစ်၊ မဖြစ်လျှင်လည်း တင်တိုး၏ မိတ်ဆွေ ဓာတ်ပုံဆရာ တစ်ဦးဦးထံက ဖြစ်မည်။

တင်တိုး ဓာတ်ပုံရိုက်သည်ကိုတော့ ပြာသို မမြင်ဖူးသေးပေ။

သို့ဖြစ်၍ ပြာသိုမှာ လားရှိုးမြို့သို့ တက်၍ ထိုကိစ္စကို စုံစမ်းလိုခြင်းပင်။

စုံစမ်းလိုသော အချက်နှစ်ချက် ရှိသည်။

ပထမတစ်ချက်မှာ သူတို့ကို ရိုက်ကူးထားသော ဓာတ်ပုံမှာ



ားရှိုးမြို့ရှိ ဓာတ်ပုံဆိုင် တစ်ဆိုင်ဆိုင်မှ ဖြစ်ရမည်။

နှစ်အချက်မှာ တင်တိုးသည် လားရှိုးမြို့တွင် နေထိုင်သူဖြစ်ကြောင်း သိရ၍ပင်။

သည်တော့ ဓာတ်ပုံကိစ္စကို စုံစမ်းလိုလျှင် လားရှိုးမြို့ရှိ ဓာတ်ပုံဆိုင်များသို့ သွား၍ စုံစမ်းနိုင်သလို တင်တိုးအကြောင်းကိုလည်း တစေ့တစောင်း လေ့လာနိုင်သည်။

ထိုအကြောင်းအချက်များကြောင့် ပြာသိုမှာ လားရှိုးသို့ တက်လာခဲ့ခြင်းပင်။

ပြာသို လားရှိုးသို့ ရောက်ချိန်တွင် ညနေ လေးနာရီခန့်ပြီ ဖြစ်သည်။

လားရှိုးမြို့သို့ရောက်လျှင်ရောက်ချင်း ပြာသိုသည် ဈေးအနီးတွင်ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ သွားကာ လက်ဖက်ရည်တစ်ခွက်ကို မှာယူ၍ သောက်နေသည်။ လားရှိုးသည် မြို့နှင့်လိုက်အောင် အလွန်စည်ကား၍ သာယာလှသော မြို့ကလေးတစ်မြို့ ဖြစ်သည်ကိုလည်း ပြာသို ရှုမြင်ရသည်။

လားရှိုးမြို့သည် ရှမ်းပြည်နယ်မြောက်ပိုင်းတွင်တော့ အကြီးဆုံး ဖြစ်သည်။

ပင်လယ်ပြင်မှ အမြင့်ပေ ၂,၀၀၀ အထက်တွင် တည်ရှိသည်။

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အကြီးဆုံးမြို့ ဖြစ်နေ၍ ထိုမြို့တစ်ဆင့် အခြားမြို့များဖြစ်ကြသော သိန္နီ၊ ကွတ်ခိုင်၊ မူဆယ်၊ မံ့ခမ်း၊ ကွမ်းလုံ၊ မိုင်းရယ်၊ နမ္မတူ၊ တန့်ယန်း၊ ...ပေါနှင့်ကျောက်မဲ စသော မြို့များသို့ နေ့စဉ် အချိန်မှန် ...ရီးသည်တင်

www.burmeseclassic.com

www.burmeseclassic.com



ကားများ ပြေးဆွဲနေကြသည်။

ရာသီမရွေး အသုံးပြုနိုင်သော လေဆိပ်လည်း ရှိနေ
သွားမှု လာမှု လွယ်ကူလှသည်။

နေထိုင်ကြသော လူမျိုးများမှာလည်း စုံလင်လှသည်။

ရှမ်းလူမျိုးများအပြင် မြန်မာ၊ ပလောင်၊ ကချင်၊ လီ
ရှမ်းတရုတ်နှင့် ကုလား စသည်တို့လည်း နေထိုင်ကြသည်

ဗြိတိသျှလူမျိုးတို့၏ လက်ထက်ကမူ လားရှိုးမြို့သ
စစ်တပ် စခန်းမြို့ ဖြစ်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီအချိန်ကဆိုလျှင် လားရှိုးမြို့
ယခုလို မစည်ကားလှသေးပေ။

လူဦးရေကလည်း ၃,၅၀၀ ခန့်သာ ရှိခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်၍ တရုတ်-မြန်မာ လမ်းမကြီး
ဖွင့်လှစ်လိုက်သောအခါတွင်တော့ ထိုလမ်းမကြီး၌ တည်ရှိနေ
သော လားရှိုးမြို့မှာ နေ့ချင်း ညချင်း ဆိုသလို တစ်ဟုန်ထ
စည်ကားလာလေတော့သည်။

ဒုတိယကမ္ဘာစစ်အတွင်းက လားရှိုးမြို့မှာ ဗုံးဒဏ်ကို အပြ
အထန် ခံခဲ့ရ၍ တလင်းပြင်တမျှ ကျန်ရစ်ခဲ့သော်လည်
စစ်ပြီးကာလမှစ၍ မြို့ကို ပြန်လည်တည်ထောင်ခဲ့ကြသဖြ
ယခုအချိန်တွင်မူ အလွန်စည်ကားပြီး လှပသာယာသောမြို့ ဖြ
နေတော့သည်။

ပြာသိုသည် လက်ဖက်ရည်ဆိုင် တစ်ဆိုင်၌ လက်ဖက်ရည်
သောက်လိုက်၊ မုန့်များကို စားလိုက် လုပ်နေခိုက် ရုတ်တရ
တင်တိုးဆိုသူကို လှမ်းမြင်ရသည်။



သို့ဖြစ်၍ ပြာသိုမှာ တစ်ဝက်ခန့် ကျန်နေသေးသော လက်ဖက်ရည်ကို အမြန်မော့သောက်ပြီးနောက် ကျသင့်သောငွေများကို ရှင်းကာ လက်ဖက်ရည်ဆိုင်မှ အမြန်ထွက်လာခဲ့သည်။

လက်ဖက်ရည်ဆိုင်မှ ထွက်လာခဲ့ပြီးနောက် တင်တိုး၏ နောက်သို့ မသိမသာ နောက်ယောင်ခံ လိုက်နေသည်။

တင်တိုးမှာမူ သူ လားရှိုးမြို့သို့ ရောက်နေသည်ကို မသိသေး၍ ခပ်အေးအေးပင် လမ်းလျှောက်နေသည်။

သူ၏ပခုံးတွင်လည်း သူလွယ်နေကျ ကချင်လွယ်အိတ်ကြီးကို လွယ်ထားလျက်ပင်။

လားရှိုးဈေးကြီး၏ အနောက်ဘက်တွင်ရှိ ဓာတ်ပုံဆိုင်တစ်ဆိုင်သို့ အရောက်တွင် တင်တိုး ဝင်သွားသည်ကို မြင်ရသည်။

ပထမတွင် ပြာသိုလည်း ထိုဓာတ်ပုံဆိုင်သို့ ဝင်လိုက်သွားရန် စိတ်ကူးသေးသည်။

နောက် စိတ်ပြောင်းကာ မလိုက်တော့ဘဲ ထိုဓာတ်ပုံဆိုင်နှင့် မနီးမဝေးနေရာတွင် ရပ်ကာ တင်တိုး ပြန်အလာကို စောင့်ကြည့်နေသည်။

သိပ်မစောင့်ရပေ။

၁၀ မိနစ်ခန့်စောင့်ပြီးလျှင် တင်တိုးမှာ ဓာတ်ပုံဆိုင်မှ လူကြီးတစ်ဦးနှင့် ရယ်ရယ်မောမော စကားပြောကြရင်း ထွက်လာသည်။

ပြာသိုမှာ သူ့ကို မမြင်စေရန် အနီးရှိ ခရီးသည်တင်ကားကြီးတစ်စီးနှင့် အသာကွယ်ထားသည်။

တင်တိုး ဓာတ်ပုံဆိုင်အတွင်းမှ ထွက်လာလျှင် ဆိုင်ရှင်က အတွင်းသို့ ပြန်ဝင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြာသိမှာ တင်တိုးနောက်သို့ လိုက်ရန် ကြံပြီးမှ စိတ်ကူးတစ်မျိုးရကာ မလိုက်တော့ဘဲ ဓာတ်ပုံဆိုင်ဆီသို့သာ ဆက်သွားခဲ့သည်။

ဓာတ်ပုံဆိုင်သို့ရောက်လျှင် ပြာသိဝင်သွားခဲ့ရာ ဆိုင်ရှင်က ဓာတ်ပုံရိုက်ရန် လာသူထင်၍ ပျာပျာသလဲ ထိုင်နေရာမှ ထ၍ ခရီးဦးကြိုပြုသည်။

"ကြွပါခင်ဗျာ၊ ဓာတ်ပုံရိုက်မလို့လား"

ပြာသို ရုတ်တရက် မဖြေသေးဘဲ ဆိုင်ရှင်လူကြီး၏ စားပွဲခုံသို့ လှမ်းကြည့်သည်။

'ကင်မရာလဲင့်စ်'ခေါ် ဓာတ်ပုံရိုက်ကူးရာတွင် အသုံးပြုသော မှန်ဘီလူးကြီး တစ်ခုကို တွေ့ရသည်။

"ကျွန်တော် ဓာတ်ပုံရိုက်မလို့ မဟုတ်ပါဘူး။ နောင်ကြီးဆီမှာ မေးမြန်းစရာ ရှိလို့ပါဗျာ၊ ဒါထက် နောင်ကြီး ဒီမြို့ဇာတိပဲနော်"

ပြာသိက ပြန်ပြောနေသည်။

"ဟာ...ကျွန်တော် ဒီဇာတိ အစစ်ပါဗျာ၊ စိန်ပန်းဆိုရင် လူတိုင်း သိကြပါတယ်။ မယုံရင် လားရှိုးဈေးထဲက သောင်းစာနယ်မြေပိုင်ရှင် ကိုမြင့်ခိုင်နဲ့ ဒေါ်သောင်းတို့ကို မေးမလား။ ဝင်းနိုင်စာပေကို မေးမလား၊ ဒါမှမဟုတ်ရင် ရွှေဘိုလမ်းက ရန်ကြီးအောင်စာပေ၊ ကြာညိုလမ်း (၃)ရပ်ကွက်ထဲက စစ်ငြိမ်းပန်းစာပေကို မေးမလား၊ မေးကြည့်နိုင်ပါတယ်...ဟဲ ဟဲ"

ဓာတ်ပုံဆိုင်ပိုင်ရှင် စိန်ပန်းက သူ လားရှိုးဇာတိဖြစ်ကြောင်းကို သိစေရန် သက်သေများကို တင်ပြနိုင်ပါတယ်...ဟဲ ဟဲ"



ဓာတ်ပုံဆိုင်ပိုင်ရှင် စိန်ပန်းက သူ လားရှိုးဇာတိဖြစ်ကြောင်း ကို သိစေရန် သက်သေများကို တင်ပြနေသည်။

ပြာသို ပြုံးပြရင်း ပြန်ပြောသည်။

"မေးမနေတော့ပါဘူးဗျာ၊ ခင်ဗျား လားရှိုးမြို့ ဇာတိဆိုရင် ...းတာပါပဲ။ ဒီတော့ ကျွန်တော် မေးချင်တာက စောစောတုန်းက ...င်ဗျားဆိုင်ထဲက ထွက်သွားခဲ့တဲ့ တင်တိုးဆိုတဲ့သူအကြောင်းပါပဲ၊ ...ူကရော ဒီမြို့ဇာတိလားဗျ"

"ဟာ...မဟုတ်ဘူး၊ ဒါပေမယ့် ဘယ်မြို့ဇာတိ ဆိုတာတော့ ...ျွန်တော် မသိဘူး၊ ကျွန်တော် သိတာကတော့ သူဟာ ဒီလားရှိုး ...ို့ကို ရောက်နေတာ ငါးနှစ်ကျော်ကျော်လောက် ရှိနေပြီ ...ိတာပဲ"

"ဒီလိုဆိုရင် သူနေတဲ့နေရာကို နောင်ကြီး သိမှာပေါ့နော်"

"သိပါတယ်ဗျာ၊ နေပါဦး... မိတ်ဆွေက ဘယ်သူလဲ။ ...ထောက်ဘက်ကလား"

"မဟုတ်ပါဘူး၊ သူနဲ့ပတ်သက်ပြီး ကျွန်တော် သိချင်တာ ...ကလေးတွေရှိလို့ လာပြီး မေးနေတာပါ။ ဒီတော့ သူ ဒီဆိုင်မှာ ...စာစောက ဘာလာလုပ်တယ်ဆိုတာကို ပြောပြနိုင်ရင် ပြောပြ ...ါလား ခင်ဗျာ"

"ဟာ...မခက်ခဲပါဘူး၊ ဒီကိုတင်တိုးဆိုတဲ့လူက ဓာတ်ပုံရိုက် ...အင်မတန်တော်တာဗျ၊ ကျွန်တော်က ဓာတ်ပုံဆိုင်ဖွင့်ပြီး ထားပေ ...ယ့် ဒီအင်ဒိုးပုံတွေလောက်ပဲ ကျွမ်းကျွမ်းကျင်ကျင် ရိုက်...တ် ...ာ။ 'အောက်ဒိုး'လို့ခေါ်တဲ့ အပြင်ပုံမျိုးကျတော့ သူ့လောက် ...တော်ဘူး။ သူကတော့ အောက်ဒိုးရိုက် အင်မတန်တော်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုတော်လို့လည်း ဒီမြို့ပေါ်က လူငယ်လူရွယ်အချို့ဟာ အော ဒိုးနဲ့ ပတ်သက်ပြီး ဓာတ်ပုံရိုက်စရာရှိရင် သူ့ကို ငှားကြရတ သူဟာ ဓာတ်ပုံရိုက်ပြီးတိုင်း ကျွန်တော့်ဆိုင်မှာ လာလာ ဓာတ်ပုံတွေကို သူကိုယ်တိုင် ကူးဆေးလုပ်တယ်။ ဒီလူက ဓာ ကူးဆေးတဲ့ နေရာကျတော့လည်း ကျွန်တော့်ထက်သာလို့ တ ကျွန်တော့်ပုံတွေကိုတောင် သူ့ကို ခေါ်ပြီး ကူးဆေးခိုင်းရတယ် ...ဟဲဟဲ"

ဓာတ်ပုံဆိုင်ရှင် ပြောပြနေသည်ကို ပြာသို စိတ်ဝင်စား နားထောင်နေသည်။

"လွန်ခဲ့သော တစ်ပတ်ကျော်လောက်တုန်းကတော့ သူ ကျွန်တော့်ဆီက အခု စားပွဲပေါ်မှာရှိနေတဲ့ မှန်ဘီလူးကြီး ခဏငှားသွားခဲ့တယ်ဗျ"

"ဘာအတွက် ငှားသွားတာလဲ"

"အောက်ဒိုးအတွက်ပဲ နေမှာပေါ့။ အလျင်ကလည်း ဒီလ ငှားဖူးပါတယ်လေ။ အဲဒါ ငှားပြီး တော်တော်နဲ့ ပြန်မပေး ကျွန်တော်ကလည်း ဒီမှန်ဘီလူးကို အသုံးပြုစရာ ကိစ္စပေါ်လာ အတွက် သူ့ဆီကို ကျွန်တော့်တပည့်ကလေးလွှတ်ပြီး မှန်ဘီလ ပြန်ပေးဖို့ လွန်ခဲ့တဲ့နှစ်ရက်က တောင်းခိုင်းတာ သူက မရှိဘူ သူ့ဦးလေးတစ်ယောက်ဆီ သွားနေတယ်။ အဲ...ဒီကနေ့မှပဲ အ ခင်ဗျားမြင်တဲ့အတိုင်းပဲ ကိုတင်တိုးက လာပေးသွားတယ်ဗျ

"နေပါဦး၊ ဒီမှန်ဘီလူးက ဘယ်လိုနေရာမျိုးမှာ အသုံးချ ရသလဲဗျ"

"အင်း...ဘယ်လိုနေရာမျိုးမှာလဲဆိုတော့ အဝေးရှုခင်းတေ



တွေ ရိုက်ချင်ရင် ဒီမှန်ဘီလူးကို ကင်မရာမှာ တပ်ပြီးရိုက်မှ ်ထင်ရှားရှား ပေါ်လွင်နိုင်တာပေါ့ဗျာ။ ကျွန်တော့်မှန်ဘီလူးက ည်း အင်မတန်မှ အားကောင်းတာဗျ။ အနည်းဆုံး သုံးလေး လုံလောက်က ရှုမြင်ကွင်းတွေကို ပြတ်ပြတ်သားသားရအောင် က်နိုင်တယ်။ ဒီမှန်ဘီလူးဟာ နောက်ဆုံးပေါ် အကောင်းစား င်မရာလင့်စ်ပဲဗျ။ အဲဒါကို မန္တလေးမြို့ကို ကျွန်တော် လွန်ခဲ့တဲ့ လလောက်တုန်းက အလည်သွားခိုက်မှာ တိုးရစ်တစ်ယောက်နဲ့ တွေ့ပြီး သူ့ဆီက ဝယ်ထားလိုက်တာပဲဗျို့"

ဓာတ်ပုံဆိုင်ရှင် ပြောပြနေသော စကားများကို နားထောင င်း ပြာသိုမှာ သူတွေးထင်ထားသည့်အတိုင်း သူနှင့် ပန်းကြာ တို့အား တိတ်တဆိတ် ခိုး၍ ဓာတ်ပုံရိုက်သူမှာ တင်တိုး ်ကြောင်းကို လယ်ပြင်တွင် ဆင်သွားသလို ထင်ရှားစွာ တွေ့မြင်နေရပြီ ဖြစ်သည်။

ပိုမို၍ သေချာအောင် ပြာသိုက ဆက်၍ မေးနေပြန်သည်။

"ဒါဆိုရင် လွန်ခဲ့တဲ့ ရက်တွေတုန်းက နောင်ကြီးဆီမှာ ဓာတ်ပုံတွေဘာတွေ အတော်များများ ကူးခဲ့ဖူးမှာပေါ့နော်။ ကူးတဲ့ တွေကလည်း ဆယ်လက်မအရွယ်ပုံတွေ မဟုတ်လား"

"အေးဗျ၊ ခင်ဗျားပြောတာ မှန်တယ်၊ ဆယ်လက်မပုံတွေ တော်များများကို ကူးနေတာတော့ တွေ့ရတယ်။ ဒါပေမယ့် က ကျွန်တော့်ကို ဘာပုံတွေဆိုတာ မပြဘူး။ သူ့ဘာသာ းပြီး သူ့ဘာသာပဲ ဒီပုံတွေကို နက်ဂစ်တစ်ဖလင်ပြားကအစ သွားခဲ့တာပဲ။ ကျွန်တော်က ပြစမ်းပါလို့ ဆိုတာတောင် ပြဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ အခုလို စိတ်ရှည်ရှည်နဲ့ ကျွန်တော့်ကို ပြော ခဲ့တဲ့အတွက် နောင်ကြီးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။ ဒါထ သူ့လိပ်စာကလေးကို ပြောပြပါလား"

"ရပါတယ်၊ သူ့လိပ်စာကတော့ ကြာဖြူလမ်းမှာပါပဲ"

ဓာတ်ပုံဆိုင်ရှင်က ပြောရင်း တင်တိုး၏ အိမ်လိပ်စာ စာရွက် တစ်ရွက်ယူ၍ ရေးပေးသည်။

ပြာသိုလည်း ထပ်မံ၍ ကျေးဇူးတင်စကားပြောပြီး ထွက်လ ခဲ့သည်။

သူ ထွက်လာချိန်တွင် ညနေ (၆)နာရီခန့် ရှိနေပြီမို့ မှော ပြုနေပြီဖြစ်သည်။

သူသည် ဓာတ်ပုံဆိုင်ရှင် စိန်ပန်း ပေးလိုက်သော လိပ် အတိုင်း ကြာဖြူလမ်းကို မေးမြန်း၍လာခဲ့သည်။

ဆယ်မိနစ်ခန့်အကြာတွင်တော့ တင်တိုးနေထိုင်သော အိမ်ကို တွေ့ရသည်။

တင်တိုးနေထိုင်သောအိမ်မှာ ထရံကာ သွပ်မိုးနှင့် တစ်ထ အိမ်ကလေး ဖြစ်သည်။

အခြားအိမ်များနှင့်ယှဉ်လျှင် တင်တိုးနေထိုင်သော အိမ် သေးငယ်နေသည်။

ပြာသိုမှာ တင်တိုးအိမ်သို့ မဝင်မီ ပတ်ဝန်းကျင်ရှိ အိမ်မျ လူများကိုလည်းကောင်း၊ လမ်းသွားလမ်းလာများကိုလည်းကောင် လေ့လာမှု ပြုနေသေးသည်။

အိမ်များမှာ မြန်မာ့အသံမှ လာနေသော တေးသီချင်း ရေဒီယိုများ ဖွင့်၍ နားထောင်နေကြဟန်ဖြင့် ဂီတသံများ ဖြ



ဆူညံနေကြသည်။

လမ်းသွားလမ်းလာများကတော့ အနည်းငယ်ကျဲသည်။

ထိုအနေအထားမျိုးကို သိရလျှင် ပြာသို ကျေနပ်ဟန်ဖြင့် သူ့မျက်နှာကို ပြုံးပြသည်။

ပြီးတော့ တင်တိုး၏ အိမ်ဘက်သို့ လျှောက်သွားသည်။

အိမ်ရှေ့တံခါးမှာ ဖွင့်ထားသည်ကို တွေ့ရ၍ ပြာသို အသံ မပြုဘဲ အတွင်းသို့ ဝင်ခဲ့သည်။

အိမ်ခန်းထဲတွင် တင်တိုးကို မတွေ့ရသေးပေ။

သူ့အစား သစ်သားကုလားထိုင် နှစ်လုံး၊ စာရေးစားပွဲ တစ်လုံးနှင့် မှန်ဗီရိုတစ်လုံးသာ တွေ့ရသည်။

မှန်ဗီရိုပေါ်တွင် ဓာတ်ခဲသုံး 'နေရှင်နယ်'ရေဒီယိုကက်ဆက် တစ်လုံး ရှိနေသည်ကိုလည်း သတိပြုမိသည်။

ဖွင့်တော့ မထားပေ။

ပြာသိုမှာ အိမ်ထဲတွင် ရပ်ရင်း တင်တိုး မည်သည့်နေရာတွင် ရှိနေသည်ကို အကဲခတ်နေသည်။

သူရပ်နေသော နေရာ၏ ညာဘက်တွင်ရှိ အခန်းတစ်ခုမှ တင်တိုး လေချွန်သံကို ကြားလိုက်ရသည်။

ချက်ချင်းပင် တင်တိုးထံသို့ ပြာသို အပြေးသွားတွေ့သည်။

တင်တိုးမှာ သူ၏အိပ်ခန်းထဲတွင် အပေါက်ဝကို ကျောပေး ရင်း လေကလေး တချွန်ချွန်ရှပ်ကာ အဝတ်လဲနေသည်ကို တွေ့ရသည်။

"အဟမ်း..."

ပြာသိုက ချောင်းဟန့်သံ ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



တင်တိုး အလန့်တကြား လှည့်၍ ကြည့်သည်။

"ဟင်..."

ပြာသိုကို မမျှော်လင့်ဘဲ တွေ့လိုက်ရလျှင် တင်တိုးမှာ တစ္ဆေသရဲကို မြင်လိုက်ရသူအလား သူ့မျက်နှာ တစ်ပြင်လုံး ဖြူဖပ်ဖြူရော် ဖြစ်သွားတော့သည်။

ပြာသိုကတော့ သူ့အား ခပ်ပြုံးပြုံးကလေးဖြင့် လှမ်းကြည့် နေသည်။

"ခင်...ခင်ဗျား...ဘာ...ဘာ...ဘာကိစ္စ ကျုပ်ဆီ"

တင်တိုး ထိတ်ထိတ်လန့်လန့်ဖြင့် မေးနေခိုက် ပြာသိုက လက်ကို အသာကာပြရင်း ပြန်ပြောသည်။

"ဟိုး...ဟိုး...ဖြည်းဖြည်းမေးပါဗျာ၊ ကျုပ် ထွက်မပြေးပါဘူး။ ခင်ဗျားအစား မောလိုက်တာ...ဟား...ဟား...ဟား"

ပြာသို စကားအဆုံးတွင် ရယ်ပြနေသည်။

တင်တိုးမှာမူ မျက်လုံးကြီး အပြူးသားဖြင့် သူ့ကို ငေး ကြည့်နေသည်။

ပြာသို၏အသံ ဆက်၍ ပေါ်လာသည်။

"ခင်ဗျားတို့ တူဝရီး လုပ်ပုံကတော့ ပိုင်ပါပေတယ်ဗျာ... ဟဲ ဟဲ"

"ဗျာ...ဘာ...ဘာ...ဘာပိုင်တာလဲ၊ ခင်ဗျားပြောတာတွေ ကျွန်တော် တစ်လုံးမှ နားမလည်ဘူး"

တင်တိုးထံမှ တုန်ယင်သောအသံဖြင့် ပြန်ပြောသံ။

"ဟာဗျာ၊ ဒါတော့ ခင်ဗျား သက်သက်မဲ့ ကြောင်တာပဲ၊ ကျွန်တော် ဘာကို ပြောနေတယ်ဆိုတာ သိပါတယ်လေ။ အခု



ဆိုရင် ကြည့်လေ၊ ခင်ဗျားတို့ တူဝရီး စနက်ကြောင့် ကျုပ် သူတို့အိမ်က ထွက်ခဲ့ရပြီ"

"အဲဒါ ကျုပ်နဲ့ ဘာဆိုင်လို့လဲဗျာ၊ ခင်ဗျား အထင်မှားနေ ပြီ ထင်တယ်"

တင်တိုး ကြောင်သူတော်သံမျိုးဖြင့် ပြန်ပြောနေသည်။

"အထင်အရှား မြင်ရမှတော့ အထင်မှားနေစရာ လိုသေး သလား ကိုတင်တိုးရယ်၊ ခင်ဗျားက ဓာတ်ပုံရိုက်တော့ တော်တော့် ကို တော်တယ်ဗျာ။ ကျွန်တော်နဲ့ ပန်းကြာဖြူ ပွေ့ဖက်ထားပုံကို ရိုက်ထားလိုက်တာ ကတဲဗျာ ရုပ်ရှင်ထဲက မင်းသမီးနဲ့ မင်းသား တို့ရဲ့ 'လပ်ဗ်ဆဲင်း'ကို ရိုက်ထားတဲ့အတိုင်းပဲ၊ အင်မတန်မှ ပီပြင်ပါပေတယ်ဗျာ...ဟား ဟား ဟား"

"ဟာ...ခင်ဗျား ဘာတွေလာပြောနေတာလဲ၊ အခု ခင်ဗျား ပြောနေတာတွေကို ကျုပ် တစ်လုံးမှ နားမလည်ဘူး။ ကျုပ်လည်း ဓာတ်ပုံမရိုက်တတ်ဘူးဗျ၊ သိလား"

တင်တိုး ဗြောင်ပင် လိမ်နေတော့သည်။

"ဗျာ...ခင်ဗျား ဓာတ်ပုံမရိုက်တတ်ဘူး ဟုတ်လား၊ ဟဲဟဲ ဟုတ်မှလည်း ဖြီးစမ်းပါ ကိုတင်တိုးရယ်၊ ခင်ဗျား ဓာတ်ပုံရိုက် ဘယ်လောက်တော်တယ်ဆိုတာ ဈေးနားက ဓာတ်ပုံဆိုင်ပိုင်ရှင် ကိုစိန်ပန်းက ပြောလိုက်ပြီးပါပြီ၊ စောစောကလည်း အဲဒီဓာတ်ပုံ ဆိုင်ကို သွားပြီး ခင်ဗျားငှားလာခဲ့တဲ့ မှန်ဘီလူးကို ပြန်ပေးခဲ့ တယ် မဟုတ်လား...အဟဲ"

ပြာသို၏ ချက်ကျကျ ပြောနေသော စကားများကြောင့် တင်တိုး ပြန်၍ ငြင်းရန် ခက်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါဗျာ၊ အခုမှတော့ ငြင်းမနေစမ်းပါနဲ့၊ ယောက်ျား
ပီပီ အမှန်ကို ထုတ်ဖော်လိုက်စမ်းပါ၊ ကတဲဗျာ ဒီကိစ္စကြီးဟာ
ထောင်ကျမှာလည်း မဟုတ်ဘဲနဲ့ ဘာလို့ အမှန်ကို ဝန်ခံရမှာ
ကြောက်နေရတာလဲဗျ"

ပြာသိုက ဆက်၍ ပြောနေသည်။

သူ့အဖို့ ပြာသိုအား ဆက်၍ 'ဘူး'ကွယ်ရန်မှာလည်း မ
နိုင်တော့ပေ။

သူ့မိတ်ဆွေ ဓာတ်ပုံဆရာနှင့် ပြာသိုမှာ တွေ့ခဲ့ပြီးပြီ
သူ့အကြောင်းရော သူ့အိမ်လိပ်စာကိုပါ သိနေပြီ မဟုတ်လော

"ကောင်းပြီ၊ ခင်ဗျားပြောတာ ဟုတ်တယ်ဆိုရင် ခင်ဗျား
ဘာလုပ်ချင်သလဲ"

တင်တိုး ဘုကျကျ ပြန်မေးနေသည်။

"ခင်ဗျားကို ဘာလုပ်ရမယ်ဆိုတာ နောက်မှ ဆုံးဖြတ်မယ်
လေ၊ အခုလောလောဆယ် သိချင်တာကတော့ ခင်ဗျားတို့ တူဝ
ဟာ ဘာသဘောနဲ့ အခုလို လုပ်ကြတယ် ဆိုတာပဲ။ ဒီလိုလုပ်
ခင်ဗျားတို့မှာ ဘာအကျိုးဖြစ်ထွန်းသွားသလဲ၊ အဲဒါကို လက်
ဖြေစမ်းပါ"

"မေးနေစရာ လိုသေးလို့လား၊ ခင်ဗျားနဲ့ ပန်းကြာဖြူဟာ
ကျုပ်ဦးလေးရဲ့ ဆရာလင်မယားကို လာလိမ်တာ သိလို့ အခု
ဖော်ကောင်လုပ်လိုက်တာပဲ။ ဒီလိုလုပ်လိုက်လို့ ကျုပ်မှာရော
ဦးလေးသာချို့မှာပါ ဘာအကျိုးမှ မခံစားရပါဘူးလေ၊ ဒါ
မယ့် အမှန်ကို ဖော်ထုတ်ချင်လို့ လုပ်လိုက်တာပဲ"

တင်တိုး၏ စကားများကို နားထောင်နေရာမှ ပြာသို သ



ပြုံးကလေး ပြုံးပြမိသည်။

"ဪ...ဪ...ခင်ဗျားပြောတဲ့အတိုင်းသာ မှန်ရင်တော့
သာဓုခေါ်တောင် ခေါ်ထိုက်တဲ့အလုပ်ပဲ။ ဒါပေမယ့် ကျွန်တော်က
တော့ ဒီလိုမထင်ပါဘူးဗျာ...ဟဲ ဟဲ"

ပြာသို၏စကား ကြားရလျှင် တင်တိုးမျက်နှာ ကွက်ခနဲ
ပျက်သွားသည်။

"ခင်ဗျားက ဘယ်လိုများ ထင်နေလို့လဲ"

"ကျွန်တော့်အထင် ပြောရရင် ဒီလို လုပ်လိုက်တာဟာ
ပန်းကြာဖြူရဲ့ မိဘတွေကို လာလိမ်တာထက် ခင်ဗျားတို့အကျိုး
ကို ထိခိုက်မှာစိုးလို့ ဖြစ်မယ်ထင်တယ်ဗျာ"

"မဟုတ်တာပဲ"

"ဟဲ ဟဲ...ကျုပ်ကတော့ ဟုတ်တယ်လို့ထင်တယ်။ ဦးဖြူ
ထွေးတို့ အကျိုးတည်ခုတည်းကို ကြည့်ပြီး လုပ်ရင် ဒီလောက်
အထိ အပင်ပန်းခံ လုပ်နေပါ့မလား။ နောက်ပြီး ကျုပ် အခု
ရောက်လာခဲ့တာကလည်း ပန်းကြာဖြူရဲ့ မိဘတွေ စိတ်ချမ်းသာမှု
ပေးရုံက လွဲလို့ တခြား သူတို့နစ်နာမယ့် ကိစ္စတွေကို လုပ်ဖို့
မဟုတ်ဘူးလေ။ ဒါကို ခင်ဗျားရော ခင်ဗျားဦးလေးပါ ကောင်း
ကောင်းကြီး သိကြပါတယ်။ အဲဒီလို သိနေကြပါလျက်နဲ့ ကျုပ်ကို
ဦးဖြူထွေးတို့အိမ်မှာ မနေနိုင်အောင် အခုလိုလုပ်ခြင်းဟာ ခင်ဗျား
ဦးလေးအတွက် ကျုပ်မရှိမှ အကျိုးဖြစ်မှာမို့လို့ လုပ်လိုက်တာပဲလို့
တစ်ထစ်ချ ကျုပ် ယူဆထားတယ်၊ ကဲ...ငြင်းဦးမလား"

"ခင်ဗျား မဟုတ်တာတွေ လာပြောမနေစမ်းပါနဲ့ဗျာ၊ အခု
ကျုပ်အိမ်ပေါ်က ဆင်းသွားပါ၊ ခင်ဗျားနဲ့ ဘာစကားတွေမှ

www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြီး ဆွေးနွေးမနေချင်ဘူး”

တင်တိုးမှာ ပြာသိုနှင့် စကား ဆက်ပြောလိုစိတ် မရှိ၍ နှင်နေတော့သည်။

“ဟဲ ဟဲ...ကျုပ်ကို ဒီလိုလွယ်လွယ်နဲ့ နှင်လို့ရမယ်များ မှတ်နေလို့လား ကိုယ့်လူ၊ ကျုပ်သိချင်တာတွေ အစုံအစေ့ မသိရဘဲနဲ့ မသွားနိုင်ဘူးဗျ”

ပြာသို၏စကားများကြောင့် တင်တိုး ဒေါပွသွားတော့သည်။

“ခင်ဗျားကို ကောင်းကောင်း ပါးစပ်က ပြောနေတာ မရရင်တော့ လက်နဲ့ဆုံးမပြီး နှင်ရလိမ့်မယ်”

“အာ...အဲဒါမှ ကျုပ်ကလည်း ကြိုက်တာပဲ၊ ကိုင်း... ကိုယ့်လူ၊ ဘောက်ဆင်မပလေးရတာလည်း ကြာလှပြီမို့ အညောင်း ပြေ အညာပြေ တစ်ပွဲတစ်လမ်းလောက် စမ်းကြည့်ကြရအောင် လား ကိုယ့်လူ”

ပြာသို ပြောရင်း တင်တိုးအနီးသို့ ပြုံးဖြီးဖြီး မျက်နှာဖြင့် တိုးသွားသည်။

“ဟေ့လူ ခင်ဗျား အနားကို ကပ်မလာနဲ့နော်၊ ဟောဒီမယ်တွေ့လား”

တင်တိုး ပြောရင်း သူ၏ခုတင်ပေါ်တွင် အသင့်ထားသော ဓားမြှောင်ကို ကောက်ကိုင်ကာ ပြာသိုအား ပြနေသည်။

“ခင်ဗျားနှယ်ဗျာ၊ ဗလချင်းလည်း အတူတူ၊ အရွယ်ချင်းကလည်း မတိမ်းမယိမ်း ဖြစ်နေလျက်သားနဲ့ ဘာလို့ လက်သီးချင်း မယှဉ်ဘဲ ဓားတွေဘာတွေ အသုံးပြုချင်ရတာလဲ၊ လာပါဗျာ၊ ယောကျ်ားချင်းပဲဟာ လက်သီးချင်း ထိုးကြတာပေါ့”



ပြာသို ပြောရင်းမှ တင်တိုး၏ မျက်နှာကို ညာဝိုက်လက်သီးဖြင့် ခွပ်ခနဲမြည်အောင် လှမ်းထိုးသည်။

တင်တိုးမှာ ‘အား’ဟူ၍ နာကျင်သံဖြင့် အော်ရင်း သူ၏ခုတင်ပေါ်သို့ ပက်လက်လန် လဲကျသွားသည်။

သူ၏ပါးစပ်တွင်းမှလည်း သွေးများ စီးကျလာခဲ့သည်။

တင်တိုး ချက်ချင်းပင် ပြန်ထရန် ပြင်နေခိုက် ပြာသိုက သူ၏ကိုယ်ကြီးကို ခွစီးထားပြီး တင်တိုး၏ လည်မျိုကို ညာလက်ဖြင့် ညှစ်ထားသည်။

ပြာသို၏ သန်မာလှသော လက်ကြီးဖြင့် လည်မျို အညှစ်ခံနေရ၍ တင်တိုးမှာ အသက်ရှူရကျပ်ကာ မျက်လုံးကြီးအပြူးသားနှင့် တအစ်အစ်ဖြစ်ကာ မောဟိုက်နေသည်။

“ကိုင်း...ကိုယ့်လူ၊ ကျုပ်မေးတာကို သေသေချာချာ ဖြေမလား၊ သေရွာကို သွားမလား၊ ပြောစမ်း”

ပြာသို ခက်ထန်သောအသံဖြင့် မေးနေသည်။

တင်တိုး လက်ကလေးနှစ်ဖက်ကို ရှိခိုးသလိုပြုရင်း ခေါင်းကို ညိတ်ပြသည်။

သည်တော့မှ ပြာသိုမှာ တင်တိုး၏ လည်မျိုကို ညှစ်ထားရာမှ အလျှော့ပေးလိုက်သည်။

ပြာသိုက လည်မျိုညှစ်ထားရာမှ လွတ်လိုက်သော်လည်း တင်တိုးမှာမူ အိပ်ရာမှ မထနိုင်သေးဘဲ အသက်ကို ဝအောင် ရှူနေရသေးသည်။

ပြာသိုမှာမူ ခုတင်ဘေးတွင် ရပ်ရင်း တင်တိုးအား စိုက်ကြည့်ကာ မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း...ကျုပ်မေးတာ ဖြေမယ်မဟုတ်လား၊ ပြောစမ်း"

"ဟုတ်...ဟုတ်ကဲ့၊ ဖြေပါ့မယ်ဗျာ၊ ခင်ဗျား ဘာမေးချင်သလဲ...ဗိုး"

တင်တိုး ပြန်ပြောရင်း လေများကို တဝကြီး ရှူရှိုက်နေသည်။

"ကောင်းပြီ၊ သေသေချာချာ နားထောင်ပါ၊ ကျုပ် မေးချင်တာကတော့ တစ်အချက် ကျုပ်ကို ဘာဖြစ်လို့ ဒီအိမ်မှာ မနေရအောင် လုပ်တာရယ်၊ နှစ်အချက် ဦးဖြူထွေးတို့ရဲ့သားဟာ အသက်ရှင်လျက် ရှိ,မရှိနဲ့၊ သုံး ရှိနေရင် သူ ဘယ်မှာရှိနေတယ်ဆိုတာကိုပဲ၊ ဒါတွေကို တိတိကျကျ ဖြေစမ်း"

"ဟာဗျာ...ခင်ဗျားမေးတဲ့ ဟာတွေထဲမှာ ပထမတစ်ချက်ပဲ ဖြေနိုင်မှာပေါ့။ ဒုတိယနဲ့ တတိယ အဖြေကိုတော့ ကျုပ်က ဘယ်လိုလုပ် ဖြေနိုင်မှာလဲ။ သူတို့ရဲ့သား ကိုရာဇာ...ဟိုက်"

တင်တိုးမှာ လွှတ်ခနဲ ထွက်သွားခဲ့သော သူ၏စကားကြောင့် တစ်ကိုယ်လုံး ခါတ်လိုက်သလိုဖြစ်ကာ ဟိုက်ခနဲ အော်လိုက်မိသည်။

အကင်းပါးလှသော ပြာသိုကတော့ ချက်ဆို နားခွက်က မီးတောက်သလို သိလိုက်ပြီဖြစ်သည်။

"ဟော... စကားထဲက ဇာတိပြဆိုသလို ခင်ဗျားကသာ မဖြေနိုင်ဘူးပြောနေတယ်၊ ကိုရာဇာဆိုတာက ဘာလဲ၊ ဦးဖြူထွေးရဲ့သားများလားဗျာ"

"ဟာ...မ...မဟုတ်ပါဘူး၊ ဦးဖြူထွေးတို့ရဲ့သားက သေတာ ကြာလှပြီပဲ။ တကယ်ပါဗျ၊ ကျွန်တော်ပြောတာ ယုံစမ်းပါ"



ပြာသိုမှာ တင်တိုး၏ အမူအရာနှင့် ပြောစကားများကို ားထောင်ရင်း သူ့ကို လိမ်နေမှန်း သိနေသည်။

"အေးပါလေ၊ ယုံပါတယ်၊ ဒါထက် ပြောစမ်းပါဦး၊ ကိုရာဇာဆိုတာက ဘယ်သူလဲ၊ ဘယ်မှာနေတာလဲ"

ပြာသို ဆက်မေးနေပြန်သည်။

"သူလား၊ သူက တောပုန်း၊ အဲ...အဲ...မသိပါဘူးဗျာ၊ ဘယ်မှာနေတယ်ဆိုတာ၊ ခင်ဗျားနဲ့လည်း ဘာမှ မသက်ဆိုင်ဘဲနဲ့ သိချင်မနေစမ်းပါနဲ့"

"ဘာလို့မဆိုင်ရမှာလဲ၊ ဆိုင်လို့ မေးနေတာပေါ့။ ဒါပဲနော် ကျုပ်ပါးစပ်ကသာ မေးနေတုန်း ကောင်းကောင်းဖြေရင်ဖြေ၊ ဖြေရင်တော့ စောစောကလို လည်မျိုကို ညှစ်သတ်ရလိမ့်မယ်"

ပြာသို၏စကားကြောင့် တင်တိုး လန့်သွားသည်။

"မ...မ...မလုပ်လိုက်ပါနဲ့ဗျာ၊ စောစောက ခင်ဗျား ညှစ်ထားတာတောင် သေမတတ် ခံစားလိုက်ရပါပြီ၊ လည်မျိုလည်း အတော်နာနေပါတယ်ဗျာ"

တင်တိုး တောင်းပန်သံဖြင့် ပြောနေသည်။

"ဒါဖြင့် ကျုပ်မေးတာကို မှန်မှန်ဖြေပေါ့၊ ညာကာတော့ မများနဲ့နော်"

"ဟုတ်ကဲ့၊ ဖြေပါတော့မယ်ခင်ဗျာ၊ မေးလိုရာ မေးပါ"

"ခုနင်က ခင်ဗျားပါးစပ်က လွှတ်ခနဲ ထွက်သွားခဲ့တဲ့ ကိုရာဇာဆိုတဲ့သူအကြောင်းပဲ။ သူ ဘယ်သူလဲ၊ ကျုပ်ထင်သလို ဦးဖြူထွေးရဲ့သား မဟုတ်လား"

တင်တိုးမှာ ထိုအမေးအား ဖြေရန် ဝန်လေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်ကိုပြောလိုက်လျှင် ဇုဠ္ဌနှင့် သူ့ဦးလေးသာချိုက စိတ်ဆိုးလိမ့်မည်။

လိမ်ပြောလျှင်လည်း ပြာသို၏ လက်ချက်ဖြင့် အသက်ထွက်ရလိမ့်မည်။

သူ့အဖို့ လိမ်ပြောလည်း မသက်သာသလို မှန်ရာပြောလည်း သက်သာရာရမည် မဟုတ်ပေ။

ဘာပဲဖြစ်ဖြစ် ရှေးက အမတ်ကြီးများ၏ လမ်းစဉ်အတိုင်း နီးရာဓားကို ကြောက်ရတော့မည်မို့ နောင်ခါလာ နောင်ခါချေးထားကာ ပြာသိုအား အမှန်ကိုသာ ပြောပြဖို့ ဆုံးဖြတ်ချက်ချလိုက်မိသည်။

"ဟော့လူ...ဘာငိုင်နေတာလဲ၊ ကျုပ်မေးနေတာ ဖြေလေဗျာ"

ပြာသို အသံခပ်မာမာဖြင့် လှမ်းပြောသည်။

"ဟုတ်ကဲ့၊ ပြောပါတော့မယ်ခင်ဗျာ၊ ဒီလိုပြောပြပြီးတဲ့နောက် နောင်ဖြစ်ပေါ်လာမယ့် ကိစ္စတွေမှာ ခင်ဗျား တာဝန်ယူရမယ်နော်"

"အလို...ခင်ဗျားစကားက ဂေါ်ဇီလာရဲ့ဖင်ခေါင်းလောက်ကို ကြီးကျယ်နေပါကလား၊ ဘယ်လိုကြောင့်လဲဗျာ"

ပြာသို အံ့ဩသံဖြင့် ပြန်မေးနေသည်။

"ဘယ်လိုကြောင့်ဆိုတာ ကျုပ် ရှင်းပြရင် ခင်ဗျား သဘောပေါက်သွားမှာပါ။ ဒီလိုဗျ၊ ဦးဖြူထွေးရဲ့သား ရာဇာဆိုတာက မသေသေးဘူး၊ တောထဲမှာ ရှိနေတယ်"

"ဟင်...ဒါက ဘယ်လိုဖြစ်တာလဲ၊ ဘာဖြစ်လို့ သူ့မိဘတွေ ရှိနေလျက်နဲ့ ပြန်မလာရတာလဲ"



"မလာဆို...အဲဒီရာဇာဟာ သူ့မိဘရင်းများ ဖြစ်ကြတဲ့ ဦးဖြူထွေးနဲ့ ဒေါ်နုနုကို မသိဘူးလေ။ သူသိတာက သူ့ကို မွေးစားခဲ့တဲ့ သူ့အဖေ ဇုဠ္ဌဆိုတာကိုပဲ သိတယ်။ မွေးစားအဖေကို ကိုရာဇာက သူ့အဖေအရင်း မှတ်နေတာဗျ"

"ဒါဆိုရင် ဦးဖြူထွေးတို့ ထင်နေကြသလို ဇုဠ္ဌဟာ သူတို့သားကို ခိုးယူသွားပြီး သူ့သားအဖြစ် မွေးစားလိုက်တာပေါ့နော်။ ဘာဖြစ်လို့ အခုလို လုပ်ရတာလဲ၊ ရန်သူ့သားပဲဟာ သတ်ပစ်ရင်လည်း ဖြစ်သားနဲ့"

ပြာသို မတွေးတတ်အောင် ဖြစ်နေသည်။

တင်တိုးက ဝင်ရှင်းပြသည်။

"ပထမတော့ ဇုဠ္ဌဟာ ဒီကလေးကို သတ်ပစ်ဖို့ လာခိုးတာပဲ။ ဘာလို့လဲဆိုတော့ သူ့သား သံလုံးကို ဦးလေးဖြူထွေးက သတ်ပစ်ခဲ့တာကိုး"

"နို့...မသတ်ဘဲ မွေးစားထားတာကရောဗျာ"

"မသတ်တာကတော့ ကလေးက ဇုဠ္ဌ ခေါ်အလာမှာ ပါးကိုင်လိုက်၊ ရယ်လိုက် ပြုံးလိုက် လုပ်နေတာကို တွေ့ရလို့ ဇုဠ္ဌဟာ မသတ်ရက်တော့ဘဲ စိတ်ကူးတစ်မျိုးပေါက်ပြီး အခုလို မွေးစားလိုက်တာပဲ"

"ဒါဆိုရင် ဒီဇုဠ္ဌဟာ 'မြွေပေါ်းခါးပိုက်ပိုက်' ဖြစ်မနေဘူးလား။ သူ့အတွက် အန္တရာယ်ကြီးကို သူက လွယ်ထားတာနဲ့ တူနေတယ်ဗျ"

ပြာသို၏ စကားများကြောင့် တင်တိုးက ပြုံးပြသည်။

"ခင်ဗျားထင်တာ မှားနေပြီဗျ၊ ကိုရာဇာဟာ ဇုဠ္ဌကို သူ့

www.burmeseclassic.com

www.burmeseclassic.com



အဖေအရင်းပဲ မှတ်နေတာ။ ပြီးတော့ သူ့အဖေကို အင်မတန်မှ ချစ်တာဗျ။ အဲ...ဇူဠကလည်း သူ့မွေးစားသားကို တကယ့်သား အရင်းလိုပဲ ချစ်နေပြီ။ သူ့တပည့်တွေကိုတောင် ကိုရာဇာကို သူ့မွေးစားသားလို့ လုံးဝ မပြောရ၊ ပြောတဲ့သူ သတ်ပစ်မယ် လို့ကို အမိန့်ထုတ်ထားတာဗျ...ဟဲ ဟဲ"

"အော်...ဒီလိုလား၊ အေးလေ...ရန်သူရဲ့သား ဖြစ်ပေမယ့် ငယ်ငယ်ကလေးကတည်းက မွေးလာခဲ့ရတော့လည်း သူ့သား အရင်းလို ဖြစ်သွားတာပေါ့။ နို့...ခင်ဗျားတို့က ဒီကိစ္စတွေကို သိနေလျက်နဲ့ ဘာဖြစ်လို့ ခုထက်ထိ ဦးဖြူထွေးတို့ကို မပြောဘဲ ရေငုံနေရတာလဲဗျ၊ ဖွင့်ပြောဖို့ ကောင်းတာပေါ့"

"မပြောတာကတော့ ဇူဠကို ကြောက်တာကတစ်ကြောင်း၊ နောက်ပြီး ဒီစကားကို ဖွင့်ပြောလိုက်တာနဲ့ ကျွန်တော့်ဦးလေး လည်း ဦးဖြူထွေးလက်ချက်နဲ့ အသက်ထွက်ပြီးသားပဲဗျ"

"အလို...ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ အဲဒီ သူတို့ကလေးကို လာခိုးတဲ့ ညတုန်း က ဇူဠ ကလေးကို ခိုးယူနိုင်အောင် တစ်ဖက်တစ်လမ်းက ကူညီခဲ့တဲ့သူက ကျွန်တော့်ဦးလေး သာချို ဖြစ်နေလို့ပေါ့။ ဒီတော့ ဘယ်မှာ အကြောင်းမှန်ကို ဖွင့်ပြောရဲပါ့မလဲဗျာ"

တင်တိုး၏ စကားအဆုံးတွင် ပြာသို စဉ်းစားနေသည်။

ဤအတိုင်းသာဆိုပါက သာချိုမှာ အသားထဲက လောက် ထွက်နေသူပင်။

ဦးဖြူထွေးအဖို့ သာချိုကို လူယုံတော်အဖြစ် ခန့်ထားခြင်း မှာ 'မြွေပွေးကို ခါးပိုက်ပိုက်'ထားရသလို အန္တရာယ်တွေ အလွန်



ကြီးလှသည်။

သူ့အနေဖြင့် ရေငုံနေ၍ မဖြစ်တော့ပေ။

အဖြစ်မှန်ကို ဦးဖြူထွေးထံသို့ ပြေး၍ ပြောပြမှ ဖြစ်ပေ တော့မည်။

ယင်းသို့ပြောရာတွင် သူတစ်ဦးတည်းနှင့် မဖြစ်နိုင်ပေ။

ဦးဖြူထွေးက ယုံကြည်မည် မဟုတ်။

တင်တိုးကို ခေါ်၍ ပြောခိုင်းမှ ဦးဖြူထွေးက ယုံကြည်မည် ဖြစ်သည်။

"ကိုင်း...ကိုတင်တိုး၊ အခု ကျွန်တော့်ကို ပြောပြခဲ့တဲ့ စကား တွေကို ဦးဖြူထွေးရဲ့ရှေ့မှာ အခုအတိုင်း ပြောပြနိုင်ပါ့မလား"

"ဗျာ..."

တင်တိုး နှုတ်ဖျားမှ အာမေဋိတ်သံကြီး ပေးရင်း မျက်နှာ ပေါ်တွင် စိုးရိမ်ကြောက်ရွံ့သော အသွင်ပါ ပေါ်လာခဲ့သည်။

ပြာသိုကတော့ သူ့ကို ပြုံး၍ ကြည့်နေသည်။

"မ...မ...မဖြစ်ဘူးထင်တယ်၊ ကျုပ် ကြောက်တယ်ဗျ"

တင်တိုး ပြင်းပြင်းထန်ထန် ငြင်းဆန်နေသည်။

"ဘယ့်နှယ်ကြောင့် မဖြစ်ရမှာလဲ၊ ပြီးတော့ ဘာကို ကြောက် တာလဲ"

"ဦးလေးဖြူထွေးရှေ့မှာ ခုနင်က အကြောင်းတွေကို ပြောဖို့ ဆိုတာပေါ့"

"အဲဒါတော့ ခင်ဗျား စိတ်ကူးလွဲနေပြီ ကိုယ့်လူ"

"ဘာကြောင့်..."

"ကျုပ် ရှင်းပြမယ်၊ အခု ကျုပ်နဲ့အတူ ဦးဖြူထွေးရှေ့မှာ

www.burmeseclassic.com

www.burmeseclassic.com



ပြောပြမယ့်စကားတွေဟာ မုသားတွေ မဟုတ်ဘူး၊ အမှန်တွေသာ ဖြစ်တယ်။ မှန်တာပြောတာဟာ ကြောက်စရာလား။ ဘာမှ ကြောက်ဖို့မလိုပါဘူးလေ၊ အဲ…ဟိုတုန်းက အမှန်ကို ထုတ်ဖော် မပြောဘဲ လိမ်ညာထားတာမျိုးသာ ကြောက်စရာပါဗျ။ ဒီတော့ ဦးဖြူထွေးရှေ့ရောက်ရင် ရဲရဲကြီးသာပြောပြ၊ ဘာမှ ကြောက် မနေနဲ့"

ပြာသို အားပေးနေသည်။

"ဟာဗျာ…ခင်ဗျားက ပြောတော့ လွယ်လိုက်တာ၊ ကျုပ်မှာ က မလွယ်ဘူးလေ"

"ဘာတွေ မလွယ်နေတာလဲဗျ၊ ပြောပါဦး"

"တစ်အချက် ဦးလေးဖြူထွေးကို လိမ်ညာထားတဲ့အထဲမှာ ကျွန်တော်လည်း တစ်စိတ်တစ်ဒေသ ပါနေတာရယ်၊ နှစ်အချက် ဒီလိုဖွင့်ပြောတာကို ဦးလေးသာချို သိရင် ကျုပ်ကို ဒေါပွပြီး ရိုက်မှာရယ်၊ နောက်ဆုံးအချက်ဖြစ်တဲ့ သုံးအချက်ကိုတော့ ကျုပ် အလန့်ဆုံးပဲ"

"ဘာမို့လို့လဲ၊ ပြောစမ်းပါ"

"ဗျူဟကိုပေါ့၊ သူ့လျှို့ဝှက်ချက်ကို ကျုပ်က ဖောက်ဖျက်တာ ကို သိရင် ကျုပ်ကို လာသတ်မှာ ကျိန်းသေပဲဗျ"

"ဟာဗျာ…ခင်ဗျားနှယ်၊ သူက လာသတ်ရအောင် ခင်ဗျား အခုနေတာက ဘယ်နေရာမှာလဲ၊ နိုင်ငံတော်ရဲ့ ဥပဒေပိုင်နက် အတွင်းမှာ နေနေတဲ့ဟာ၊ သူလို လူဆိုးတောပုန်း တစ်ယောက်က လာသတ်လို့ရမလား။ ကျုပ်တို့ဆီမှာ ရဲတို့, တပ်မတော် တို့ ရှိနေပါတယ်လေ။ ဒီအတွက်လည်း ပူမနေစမ်းပါနဲ့"



"ခင်ဗျားက မပူနဲ့ဆိုပေမယ့် ကျုပ်ကတော့ ပူရတာပဲ၊ နောက် ကိုရာဇာနဲ့ ကျွန်တော်ကလည်း သူငယ်ချင်းလို ခင်မင် နေကြတာဗျ"

"ဟင်…"

တင်တိုး၏ စကားကို ကြားရလျှင် ပြာသို အံ့သြသွားတော့ သည်။

သူ့အနေဖြင့် တင်တိုးမှာ ဗျူဟတို့နှင့် ဤမျှ ရင်းနှီးလိမ့်မည် ဟု မထင်ခဲ့ပေ။ သူ့ဦးလေးသာချိုနှင့်သာ သိကျွမ်းနေကြမည် ဟု ထင်နေသည်။

"ဘာ…ခင်ဗျားနဲ့ ကိုရာဇာဟာ သူငယ်ချင်းလို ခင်မင်နေ ကြတယ် ဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဆိုရင် ခင်ဗျားဟာ သူတို့စခန်းကို မကြာခဏ ရောက် ႏုးနေမှာပေါ့"

တင်တိုးက ခေါင်းညိတ်ပြသည်။

"ဟောဗျ၊ ဒါနဲ့တောင်မှ ဦးဖြူထွေးတို့ကို သူတို့သား အကြောင်း ပြောမပြကြဘူး။ တကယ်ဆို ဒေါ်နုနုခမျှာ သား အတွက် ဘယ်လောက် စိတ်ဒုက္ခရောက်နေရှာတယ် ဆိုတာကို လည်း အသိသားနဲ့၊ ခင်ဗျားတို့ တော်တော် လူစိတ်ကင်းကြတဲ့ သူတွေပဲ"

ပြာသို ဒေါသဖြစ်နေမိသည်။

"ဒါကတော့ဗျာ၊ သူတို့ကို မသနားလို့မှ မဟုတ်ဘဲ၊ ၁င်ဗျားပဲ စဉ်းစားကြည့်စမ်းပါဦး၊ ဗျူဟတို့ သားအဖဟာ ဥပဒေ

www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်က လူတွေမို့ သူတို့နဲ့ ဆက်သွယ်နေတာကို အာ
ပိုင်တွေက သိကြရင် အရေးယူမှာမို့ မပြောဘဲ နေခဲ့တာပါဗျာ"

တင်တိုး ဆင်ခြေပြန်ပေးနေသည်။

"နို့...အဲဒီလို ဦးဖြူထွေးတို့ကို အသိမပေးဘဲ လူဆိုးဓား
တွေနဲ့ ဆက်သွယ်နေကြတာကရော အပြစ်မရှိဘူးလား။ ဒါဟာ
လည်း ရာဇဝတ်ပြစ်မှု မကင်းဘူးဗျ သိလား"

"သိပါတယ်၊ ကျွန်တော့်ဆန္ဒအတိုင်း ဆိုရင်တော့ သူ
တစ်တွေနဲ့ လုံးဝ အဆက်အသွယ် မလုပ်လိုပါဘူး။ ဒါပေမယ့်
ကျွန်တော့်ဦးလေး သာချိုက ဗျူဟတို့နဲ့ ဆက်သွယ်နေတော့
ကျွန်တော်ပါ သူတို့အထဲ ပါခဲ့ရတာပဲ။ ဒါပေမယ့် ဒီကနေ့အထိ
ရာဇဝတ်မှုနဲ့ မကင်းတဲ့ ကိစ္စတွေထဲတော့ လုံးဝ မပါဘူး
ဦးလေးသာချိုအတွက်သာ လုပ်ပေးနေတာပါဗျာ"

"ကိုင်း...ကိုယ့်လူ အခုမှတော့ ဘာမှ ဆင်ခြေပေးမနေနဲ့
အရေးကြီးတာက ဦးဖြူထွေးနဲ့တွေ့ပြီး သူတို့သား ဘယ်နေရာမှာ
ရှိနေတယ်ဆိုတာ ပြောပြဖို့ပဲ။ ဒီတော့ ကျုပ်နဲ့ လိုက်ခဲ့ပေတော့"

"ဟင်...အခု လိုက်ရမှာလား၊ မိုးပဲ ချုပ်တော့မယ့်ဟာ"

"အိုး...မိုးချုပ်တာ၊ မိုးလင်းတာ လုပ်မနေနဲ့ ကိုယ့်လူ
အချိန်ဆိုတာ အဖိုးတန်တယ်။ အလဟဿ အဖြစ်မခံနိုင်ဘူး
ကဲ...လာ သွားစို့"

ပြာသိုက ဇွတ်ပင်ခေါ်နေ၍ တင်တိုး မငြင်းသာဘဲ လိုက်ရ
သဘောတူရသည်။

❖



( တစ်ဆယ့်လေး )

---

## အကြောင်းစုံကို ရှင်းပြခြင်း

ည (၇)နာရီခန့်တွင် ပြာသိုနှင့် တင်တိုးတို့မှာ ဦးဖြူထွေး၏
အိမ်သို့ ရောက်သွားကြသည်။

သူတို့ ရောက်သွားချိန်တွင် ဦးဖြူထွေးတို့ မိသားစုမှာ
အိမ်ရှေ့ခန်းတွင် ဝိုင်းဖွဲ့၍ စကားပြောနေကြခိုက် ဖြစ်သည်။

ပန်းကြာဖြူမှာ ပြာသိုကို မြင်ရလျှင် ဝမ်းသာအားရ ပြေး
လာသည်။

ဦးဖြူထွေးကတော့ မနှစ်မြို့သော မျက်နှာထားဖြင့် လှမ်း
ကြည့်ပြီး မေးသည်။

ဟော့ကောင်...ဘာကိစ္စ ငါတို့ဆီ ပြန်လာရတာလဲ၊ မင့်ကို
နှင်ထားတယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"အို…ကိုထွေးရယ်၊ သားကလေးကို ဒီလို မပြောပါနဲ့၊ သနားပါတယ်"

ဒေါ်နုနု စိတ်မကောင်းသံဖြင့် ဦးဖြူထွေးကို ပြောနေသည်။

"ဘာသနားရမှာလဲ၊ ငါတို့ကို လာလိမ်တဲ့ကောင်ကို သနားရမှာလား"

ဦးဖြူထွေး ပြန်ပြောနေခိုက် ပြာသိုက ဝင်ပြောသည်။

"ကျွန်တော် အခုလာခဲ့တာဟာ ဦးလေး…အဲ…အဲ… ဖေဖေနဲ့ မေမေတို့အတွက် မင်္ဂလာသတင်းနဲ့ အမင်္ဂလာသတင်း ပေးဖို့ လာခဲ့တာပါ ခင်ဗျာ"

ပြာသို၏စကားကို ကြားကြရလျှင် သူတို့မိသားစုအားလုံး အံ့သြသွားကြသည်။

ပန်းကြာဖြူမှာ ပြာသို၏ လက်မောင်းကို ဆုပ်ကိုင်ရင်း ငေးကြည့်နေသလို ဒေါ်နုနုမှာလည်း ပါးစပ်ကြီး အဟောင်းသား ဖြင့် ကြည့်နေသည်။

ဦးဖြူထွေး တစ်ယောက်သာ ပြာသိုအား မျက်လုံးပြူးကြီး ဖြင့် လှမ်းကြည့်ကာ မေးသည်။

"ဘာလဲကွ၊ မင့်စကားကြီးက မင်္ဂလာသတင်းနဲ့ အမင်္ဂလာ သတင်းဆိုတာ၊ ဘာများလာပြီး လိမ်ချင် လှည့်ချင်သေးလို့လဲ"

ဦးဖြူထွေး ပြောနေရာမှ ပြာသို၏နောက်တွင် ခပ်ယို့ယို့ လေး ရပ်နေသော တင်တိုးကို ဆက်မေးသည်။

"ဟိုအကောင် တင်တိုး၊ မင်းကရော ဘာသဘောနဲ့ ဒီကို ပါလာတာလဲကွ"

တင်တိုး မည်သို့မျှ မပြောနိုင်မီ ပြာသိုက ပြန်ပြောသည်။



"ကျွန်တော် ရှင်းပြတာကို သည်းခံပြီး နားထောင်ရင် အခိပ္ပာယ်ပေါက်သွားပါလိမ့်မယ် ခင်ဗျာ"

"ကောင်းပြီ၊ ဒါဆို ရှင်းစမ်း၊ အပိုဆာဒါတွေ လုပ်မနေနဲ့"

ဦးဖြူထွေး စိတ်မရှည်သံဖြင့် ပြာသိုကို ပြောသည်။

"ဟုတ်ကဲ့၊ အတိုဆုံးနဲ့ အရှင်းဆုံး ပြောပြရမယ်ဆိုရင် ဦး…အဲ…ဖေဖေနဲ့ မေမေတို့ရဲ့သားဟာ အသက်မသေသေးဘူး။ အသက်ရှင်လျက် ရှိနေပါတယ်ဆိုတဲ့ မင်္ဂလာသတင်းနဲ့ အခု သူဟာ ဗျူရဲ့ သားအဖြစ်နဲ့ တောပုန်းကြီး လုပ်နေတယ်ဆိုတဲ့ အမင်္ဂလာသတင်းတွေပဲ၊ ရှင်းပြီလား"

ပြာသို၏ စကားအဆုံးတွင် ဦးဖြူထွေးတို့ မိသားစုမှာ အာမေဋိတ်သံများကိုပင် မပေးနိုင်အောင် ပါးစပ်ကြီးများ အဟောင်းသား ဖြစ်ကုန်ကြတော့သည်။

ပြာသိုကတော့ သူတို့တစ်တွေအား ပြုံးပြုံးကလေး ကြည့် နေသည်။

"အ…အစ်ကို၊ အ…အ…အခုပြောတာတွေ အမှန်ပဲလား… ဟင်"

ပန်းကြာဖြူထံမှ အလျင်ဦးဆုံး ပေါ်ထွက်လာသံ။

"ဟော့…မင်း အခုပြောနေတာ တကယ်လား၊ လာလိမ့်နေ တာလား"

"အဲဒီလို ကျွန်တော့်အပေါ်မှာ မယုံသင်္ကာ ဖြစ်မှာစိုးလို့ ဟောဒီက ကိုတင်တိုးကို သက်သေအဖြစ် ခေါ်လာခဲ့တာပဲ"

"ဟေ… ဒီတင်တိုးဆိုတဲ့ကောင်နဲ့ ငါ့သား ဘယ်လို ပတ်သက်နေလို့လဲကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေကို သူ ရှင်းပြပါလိမ့်မယ်။ ဖေဖေ့ရဲ့သား နာမည် ရော သိချင်သေးသလား။ သူ့နာမည်က ကိုရာဇာပါပဲ။ ကဲ... ကိုတင်တိုး ခင်ဗျားသိတာတွေကို ပြောပြလိုက်ပေတော့။ အဲ... သူမပြောခင် ဦး...အဲ...အဲ...ဖေဖေ့ဆီက ကတိတစ်ခုတော့ လိုချင်တယ်"

"ဘာကတိလဲ"

"တခြားမဟုတ်ပါဘူး၊ ကိုတင်တိုး ပြောတာတွေကို နား ထောင်ပြီးရင် သူ့အပေါ်မှာ အပြစ်မယူဖို့ပါပဲ။ ဒီပြဿနာတွေ အားလုံးရဲ့ တရားခံအစစ်ဟာ သူမဟုတ်ဘူး၊ ဖေဖေ့လူယုံတော် ဦးသာချိုပါ"

"ဟေ...သာချို...ဟုတ်လား၊ ကဲ...ကဲ...ပြောမှာသာ ပြော စမ်းပါကွာ။ မင်းပြောနေတဲ့ စကားတွေ နားထောင်နေရတာ ရူးချင်စိတ်ပေါက်လာနေပြီ"

ဦးဖြူထွေး စိတ်ရှုပ်သံဖြင့် ပြန်ပြောနေသည်။

ပြာသိုက တင်တိုးဘက်သို့ လှည့်၍ ပြောပြရန် မျက်ရိပ်ပြ သည်။

တင်တိုးလည်း သူသိသမျှကိစ္စများကို တစ်ခုမကျန် ပြောပြ နေသည်။

တင်တိုး ပြောပြနေသည်ကို နားထောင်ရင်း ပန်းကြာဖြူ နှင့် ဒေါ်နုနုတို့မှာ တအံ့တဩ ဖြစ်နေကြသလောက် ဦးဖြူထွေး မှာတော့ လက်သီးကြီးကို ဆုပ်ထားလိုက်၊ အံသွားကြီးကို ကြိတ် လိုက်နှင့် ဂနာမငြိမ် ဖြစ်နေတော့သည်။

"ဟွင်း.........သား သာချို၊ ဆန်ကောလောက်မှ ခေါက်



မနက်ဘူး။ တော်တော်လည်း ကျေးဇူးကန်းပြီး အကြံပက်စက်တဲ့ ကောင်ပါလား။ ဒီကောင့်ကို ငါကိုယ်တိုင် လည်မျိုညှစ်သတ်မယ်၊ သတ်မယ်...တောက်"

ဦးဖြူထွေး ဒေါသအမျက် ခြောင်းခြောင်းထွက်နေတော့ သည်။

"အို...ကိုထွေးရယ်၊ ဒေါသရှေ့မထားစမ်းပါနဲ့၊ ရှင် သူ့ကို သတ်နေစရာ မလိုပါဘူး။ သူ့တရား သူ စီရင်တာ ခံရမှာပေါ့။ အရေးကြီးတာက အမှောင်ထဲရောက်နေတဲ့ ကျွန်မတို့သားကလေး ကို အလင်းထဲပြန်ရောက်အောင် လုပ်ဖို့ပဲ။ ဒီကိစ္စ ဘယ်လိုလုပ် မလဲ၊ ပြောစမ်းပါဦး"

"ဟ...အဲဒါကတော့ ငါတစ်ဦးတည်းနဲ့ မတတ်နိုင်ဘူးလေ၊ ငါတို့သားဟာ ဟိုလူယုတ်မာ ဗျူဟာကြောင့် လူဆိုးတစ်ဦး ဖြစ်နေ တာမို့ သက်ဆိုင်ရာတွေထံ အကြောင်းကြားပြီး အခုကိစ္စကို အရေးယူခိုင်းရမှာပဲကွ"

"ရှင်ပြောသလိုဆို ကျွန်မတို့သားကလေးဟာ တရားဥပဒေ ရဲ့ အပြစ်ကို ခံရဦးမယ်ထင်တယ်။ ကျွန်မ စိတ်မကောင်းလိုက် တာတော်"

"စိတ်မကောင်း ဖြစ်မနေနဲ့ မိန်းမရေ၊ ဖြစ်လာမှတော့ မတတ်နိုင်ဘူး၊ တရားဥပဒေဆိုတာ ကျောသားရင်သား ခွဲခြား ထားတာ မဟုတ်တော့ တို့သားလေးဟာ တရားဥပဒေက ပေးမယ့် အပြစ်ကိုတော့ ခံရမှာပေါ့"

"ဟင်...ဒီလိုဆို ကျွန်မတို့သားလေးဟာ မိဘများနဲ့ ပြန် တွေ့ရပေမယ့် ထောင်ကျဦးမှာလားတော်၊ သနားပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နုနု စိတ်ထိခိုက်သံဖြင့် မေးနေသည်။

"ကျုပ်တော့ ကျိန်းသေတာပေါ့ကွာ၊ သူဟာ ငါတို့သား မှန်ပေမယ့် ဗျူဟာအဖြစ် မွေးစားပြီး သူ့လို လူဆိုးဖြစ်အောင် လုပ်ထားလေတော့ တရားဥပဒေ အပြစ်ဒဏ်ကတော့ ဘယ်လွတ်ပါ့မလဲ။ ဒါပေမယ့် တောထဲမှာ ဆင်းရဲဒုက္ခအမျိုးမျိုး ခံပြီး နေရတာထက်စာရင် ထောင်ထဲမှာ နေရတာက ပိုကောင်းပါတယ်လေ။ ပြီးတော့ ငါတို့တစ်ဟွေ့နဲ့လည်း မကြာခဏ တွေ့နိုင်တဲ့ဟာ။ ဒီတော့ စိတ်မကောင်းဖြစ်မနေပါနဲ့။ အရေးကြီး တာက ငါတို့သားကို အသက်မသေဘဲ ပြန်တွေ့ရဖို့ပဲကွ"

ဦးဖြူထွေး၏ စကားအဆုံးတွင် ဒေါ်နုနုမှာ သားအတွက် စိတ်ထိခိုက်ကာ ငိုရှိုက်နေသဖြင့် ပန်းကြာဖြူမှာ မိခင်ကြီးထံ နှုတ်ပြေး၍ ချော့နေရသည်။

"ကိုင်း...အချိန်ရှိတုန်းမှာ ငါ ရဲစခန်း သွားလိုက်ဦးမယ်၊ ပထမဆုံး ဖမ်းချုပ်ရမှာကတော့ သာချိုပဲ၊ ဟော့...တင်တိုး မင်းက ငါနဲ့လိုက်ခဲ့၊ ပြာသိုကတော့ ဒီမှာပဲ နေခဲ့"

"ဟုတ်ကဲ့"

ဦးဖြူထွေးမှာ စိတ်မြန်သူပီပီ စကားအဆုံးတွင် တင်တိုးကို ခေါ်၍ ထွက်သွားသည်။

"အစ်ကို ထမင်းစားပြီးပြီလားဟင်"

ပန်းကြာဖြူက ကရုဏာသံကလေးဖြင့် ပြာသိုကို လှမ်းမေးသည်။

"အာ...ဘယ်မှာ စားရဦးမှာလဲ၊ လားရှိုး ရောက်ကတည်းက လက်ဖက်ရည်တစ်ခွက်ပဲ သောက်ခဲ့ရသေးတယ်။ တင်တိုး



နောက် လိုက်ရတာနဲ့ ဘာမှ မစားရတော့ဘူး"

"ဒါဆို လာလေ၊ စားကြရအောင်၊ ညီမလည်း မစားရသေးဘူး"

"ဟောဗျ...မိုးပဲ ချုပ်နေပြီ၊ အခုထက်ထိ မစားရသေးဘူးလား၊ ဘာတွေများ စားထားလို့လဲ ညီမရယ်"

"ဘာမှ စားမထားပါဘူး၊ အစ်ကို ဒီအိမ်က ထွက်သွားတာကို စိတ်မကောင်းလို့ စားချင်စိတ်မရှိလို့ မစားတာဘဲ"

"နို့...အခုရော"

"အာ...အခုတော့ အစ်ကို ပြန်လာပြီပဲဟာ၊ ညီမလည်း ဆာလာပြီလေ...ခိ ခိ ခိ"

ပန်းကြာဖြူ၏ စကားကြောင့် ပြာသိုမှာ ဟက်ဟက်ပက် ပက်ကြီး ရယ်နေတော့သည်။

ထိုအချိန်တွင် သာချိုထံသို့ လူတစ်ယောက် အမြန်ပြေးသွားကာ သတင်းပို့နေသည်။

"ကိုသာချို၊ ကိုသာချို"

"ဟေ...ဘာလဲကွ...မှုန်ကြီး"

"ခင်ဗျားအတွက် အရေးကြီးတဲ့သတင်း ပေးမလို့ဗျ"

မှုန်ကြီး မောဟိုက်သံဖြင့် ပြောနေသည်။

"ဘာသတင်းလဲ၊ မြန်မြန်ပြောစမ်း"

"ခင်ဗျားကို ဆရာကြီး ဦးဖြူထွေး ဖမ်းတော့မယ်ဗျ"

"ဟင်...ဘယ်...ဘယ်လိုကြောင့်လဲကွ၊ ပြောပါဦး"

"ခင်ဗျားရဲ့တူ တင်တိုးနဲ့ ပြာသိုကြောင့်ပဲ။ သူတို့လေ ခင်ဗျားနဲ့ ဗျူဟာတို့ ဆက်သွယ်နေတာ သိသွားပြီ။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



ရာဇာဟာ သူတို့သား ဆိုတာလည်း သိကုန်ကြပြီဗျ”

“ဟိုက်...ဘယ်လိုဖြစ်ကုန်တာလဲ၊ ဟိုအကောင် တင်တိုး ကရော ဘာဖြစ်လို့ အခုလို ဖော်ကောင် လုပ်ရတာလဲကွ၊ မင်း သတင်းကရော သေချာရဲ့လား”

“ကျွန်တော် အခု အသက်ရှင်လျက်ရှိနေတာ သေချာသလို ကို သေချာပါတယ်ဗျာ၊ ကျွန်တော့်နားနဲ့ရော မျက်စိနဲ့ပါ မြင်ခဲ့ ကြားခဲ့ရတာပဲ”

“မင်းက ဘယ်လို ကြားခဲ့၊ မြင်ခဲ့ရတာလဲ”

“ကျွန်တော်လည်း ဆရာကြီးဆီကို အသုံးလိုနေတာနဲ့ ငွေ ချေးဖို့ အသွားမှာ သူတို့ ပြောဆိုနေကြတာကို ကြားခဲ့ရတာပဲ”

“ဒီလိုဆို မင်းကိုလည်း မြင်သွားတာပေါ့”

“မမြင်ပါဘူး၊ ကျွန်တော်က အပြင်ဘက်ကနေ ချောင်း နားထောင်နေတာပဲဟာ၊ အခုဆိုရင် ဆရာကြီးဦးဖြူထွေးဟာ တင်တိုးကို ခေါ်ပြီး ရဲစခန်းကို သွားနေပြီ။ ပထမဆုံး ဖမ်းရမှာက ခင်ဗျားတဲ့ဗျ”

ထိုစကားကြားရလျှင် သာချို တစ်ကိုယ်လုံး တုန်လှုပ်ကာ သွားတော့သည်။

“အဲဗျ...ဒါဆိုရင် မဖြစ်ဘူး၊ ငါလည်း ဗျူဟူဆီကို ပြေးမှ ဖြစ်မယ်။ ကဲ...ကဲ...ခေါင်းထဲက ငါ့မြင်း ဘော်ဖြူကြီးကို အမြန် သွားပြင်ထားလိုက်စမ်းကွာ”

“ဟုတ်ကဲ့”

မှုန်ကြီး ပြန်ပြောရင်း မြင်းဇောင်းဘက်သို့ ထွက်လာသည်။

သာချိုကတော့ တစ်ကိုယ်လုံး တုန်ယင်စွာဖြင့် ယူရန်ပစ္စည်း



များကို အမြန်ယူနေသည်။

နာရီဝက်ခန့်အကြာတွင်တော့ သူစီးနေကျ ဘော်ဖြူအမည်ရှိ မြင်းကြီးဖြင့် ဗျူဟူစခန်းရှိရာသို့ သုတ်ခြေတင်ကာ ပြေးတော့သည်။

သာချိုမှာ ဗျူဟူစခန်းသို့ ရောက်ဖူးသူ ဖြစ်နေ၍ အခက်အခဲ မရှိဘဲ ရောက်သွားခဲ့သည်။

သူ့ကိုလည်း ဗျူဟူ၏ တပည့်များက သိရှိနေ၍ မည်သည့် အန္တရာယ်မှ မပြုဘဲ ရှောရှောရှူရှူ လွှတ်ပေးခဲ့သည်။

“ဆရာကြီး...ဆရာကြီး”

ဗျူဟူ၏စခန်းတွင်းသို့ ရောက်သွားသည်နှင့် သာချို မောဟိုက် သံကြီးဖြင့် အော်ခေါ်နေသည်။

ဗျူဟူမှာ ညအချိန်မတော်ကြီး ရောက်လာသော သာချိုကို မြင်ရလျှင် အံ့သြသွားသည်။

“အလို...ကိုသာချို၊ ဒါက ဘယ်လိုဖြစ်လာတာလဲဗျ။ ကေန္တ အရေးတော် ပေါ်နေပြီထင်တယ်၊ ဟုတ်လား...ဟဲ ဟဲ”

“မှန်ပါတယ်၊ ကျွန်တော်တို့ နှစ်ပေါင်းများစွာ ဖုံးကွယ် ထားခဲ့သမျှကိစ္စတွေတော့ အကုန်ပေါ်ကုန်ပြီဗျ”

“ဟယ်...”

ဗျူဟူ အာမေဋိတ်သံပေးရင်း သူ၏မျက်နှာပေါ်တွင် ဒေါသ ရောင်တွေ လွှမ်းသွားတော့သည်။

နောက် ဒေါသတကြီးဖြင့် ပြန်မေးနေသည်။

“ပြောစမ်းပါဦး၊ ဘယ်လိုပေါ်ကုန်တာလဲ၊ ဒီအကြောင်း တွေဟာ ခင်ဗျားနဲ့ ကျုပ်ပဲ သိကြတဲ့ဟာ။ ကေန္တ... ခင်ဗျား သစ္စာဖောက်လိုက်ပြီထင်တယ်”

www.burmeseclassic.com

www.burmeseclassic.com



"ဟာ… မဟုတ်တာပဲ၊ ကျွန်တော်က ခင်ဗျားအပေါ်မှာ တစ်သက်လုံး သစ္စာရှိလာတဲ့ဟာ၊ ဘာဆိုင်လို့ သစ္စာဖောက်ရမှာလဲ"

"အဲဒီလိုဆိုရင် ကျုပ်တို့ လျှို့ဝှက်ချက်တွေကို ဘယ်သူက သိလို့ ပေါက်ကုန်တာလဲ"

"တင်တိုးလေဗျာ၊ ဒီခွေးကောင်ကြောင့် အခုလို ဖြစ်ကုန်တာပေါ့"

"ဘာ…"

ဗျူဟာ၏အသံမှာ မိုးကြိုးပစ်လိုက်သလို တောထဲတွင် ဟိန်းသွားသည်။

သူတို့ စကားပြောနေချိန်တွင် ရာဇာမှာ သူ့အိပ်ရာထဲတွင် အိပ်ပျော်၍ ဘာမှမသိသေးပေ။

"ပြောစမ်းပါဦး၊ ဒီကောင်ကရော ဘာသဘောနဲ့ သစ္စာဖောက်ရတာလဲ"

အမေးက ရှိနေ၍ သာချိုမှာ သူကြားခဲ့ရသော အဖြစ်များကို ပြောပြလိုက်ရသည်။

ဗျူဟာမှာတော့ သာချိုပြောပြနေသော စကားများကို နားထောင်ရင်း ဒေါသအလွန်ဖြစ်နေတော့သည်။

"တောက်…ရိုင်းလိုက်လေကွာ၊ ဒီတင်တိုးဆိုတဲ့အကောင်ကြောင့် နှစ်ပေါင်းများစွာ လျှို့ဝှက်ထားခဲ့တဲ့ ကိစ္စဟာ ပေါ်တော့မယ်၊ ဒီမယ် အခုလိုဖြစ်ရတာဟာ ခင်ဗျားအပြစ်လည်း ပါနေတယ်ဆိုတာ သိရဲ့လား"

"ဗျာ…"



"ဗျာမနေနဲ့၊ ဒီတင်တိုးဆိုတဲ့ကောင်ကို စ,လွှတ်ကတည်းက ခင်ဗျားကို ကျုပ်မေးခဲ့တယ် မဟုတ်လား။ ခင်ဗျားတူဟာ စိတ်ချရရဲ့လား၊ ယုံကြည်ရရဲ့လား ဆိုတာလေ။ ဒီတုန်းက ခင်ဗျားက တင်တိုးအတွက် အစစ အရာရာ တာဝန်ယူပါတယ်၊ ဒီကောင်ဟာ ခင်ဗျားက သေဆို သေရမယ့်ကောင်၊ ရှင်ဆို ရှင်ရမယ့်ကောင်မို့ ဘာမှ မစိုးရိမ်ပါနဲ့လို့ ပြောခဲ့တာတွေလေ၊ မှတ်မိသေးရဲ့လား"

"ဟုတ်…ဟုတ်ကဲ့၊ မှတ်မိပါတယ် ဆရာကြီး"

သာချို ထိတ်လန့်သံဖြင့် ပြန်ပြောနေသည်။

"မှတ်မိတယ်ဆိုရင် ခင်ဗျားမှာ အပြစ်ရှိနေတာကိုလည်း သိရမှာပေါ့"

"ဒါတော့ ဆရာကြီးရယ်…ဒီကောင် အခုလို သစ္စာမဲ့လိမ့်မယ် မထင်လို့ပဲဟာ၊ ပြီးတော့ ကျွန်တော့်အနေနဲ့ ဆရာကြီးရဲ့ စခန်းကို ခဏ ခဏ လာသတင်းပို့ဖို့ ဆိုတာကလည်း မလွယ်ဘူးလေ၊ ဦးဖြူထွေး ရိပ်မိသွားမှာလည်း စိုးရသေးတယ် မဟုတ်လား"

"တော်စမ်းပါဗျာ၊ အခုမှ ဆင်ခြေတွေ, မြင်းခြေတွေ ပေးမနေနဲ့၊ အပြစ်ကတော့ အပြစ်ပဲ၊ ဟေ့ကောင်တွေ ဒီကိုလာခဲ့ကြစမ်း"

ဗျူဟာက သာချိုကို ပြောနေရာမှ သူ၏တပည့်များကို လှမ်းခေါ်သည်။

သူ့ရှာပည့်နှစ်ဦး ပြေးလာခဲ့ကြသည်။

"ဟောဒီက သစ္စာဖောက်ကို အခု ချုပ်ထား…"

www.burmeseclassic.com

www.burmeseclassic.com



ဇူဃ၏စကားကို ကြားရလျှင် သာချိုမှာ ကြောက်စိတ်များ ဝင်လာသလို ဒေါသတွေလည်း ဖြစ်လာတော့သည်။

"အို... ဆရာကြီးရယ်၊ ခင်ဗျားအပေါ်မှာ တစ်သက်လုံး သစ္စာစောင့်ခဲ့တဲ့ ကျွန်တော့်ကို အပြစ်ပေးတော့မှာလား၊ ခင်ဗျား မှားမယ်နော်"

"ဟား ဟား ဟား...ဘာလို့မှားရမှာလဲ၊ ဇူဃတို့ လုပ်ခဲ့သမျှ ဘယ်တုန်းကမှ မမှားခဲ့ဘူးဗျ၊ အမှန်တွေချည့်ပဲ...ဟား ဟား ဟား"

"ဒါပေမယ့် အခု ကျုပ်ကို ဖမ်းတဲ့ကိစ္စကတော့ တကယ့် စင်အောင် မှားနေတာဗျ၊ ကျုပ်ကတော့ ခင်ဗျားကို အားကိုး တကြီးနဲ့ လာပြီး ပြောတာကို ခင်ဗျားက အထင်လွဲတာ ဘယ် ကောင်းမလဲ၊ ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီး ကျားထက် ဆိုး ဖြစ်နေတာပဲ"

"ဟုတ်တယ်၊ ဆိုးသင့်ရင် ဆိုးရမှာပဲ။ ကိုင်း...စကားရှည် မနေနဲ့၊ အခုလောလောဆယ်မှာတော့ ကျုပ် အချုပ်ခန်းထဲ စံမြန်း နေဦး၊ မနက်ဖြန်ကျမှ ခင်ဗျားကို ဘယ်လို အပြစ်ဒဏ်ပေးမယ် ဆိုတာ ကျုပ်ဆုံးဖြတ်မယ်။ ဟေ့ကောင်တွေ သူ့ကို ခေါ်သွားကြ တော့"

ဇူဃ အမိန့်ပေးလျှင် သာချိုမှာ လူဆိုးနှစ်ဦး၏ ဆွဲခေါ်ရာသို့ ကန့်လန့် ကန့်လန့်နှင့် ပါသွားတော့သည်။

ပါသွားရင်းမှ ဇူဃအား လှမ်း၍ တောင်းပန်နေသည်။

"ဆရာကြီး ကျုပ်အပေါ်မှာ အထင်မမှားပါနဲ့၊ ကျုပ် သစ္စာ မဖောက်ဘူး၊ ခင်ဗျားအတွက် နှစ်နဲ့ချီပြီး အကျိုးဆောင်ပေးခဲ့တဲ့



ကျေးဇူးတွေကိုလည်း ထောက်ထားပါဦးဗျာ"

သူ မည်မျှပင် တောင်းပန်စေကာမူ ဇူဃကတော့ အရေး မစိုက်တော့ပေ။

ဆေးပြင်းလိပ်ကြီး တစ်လိပ်ကို ထုတ်သောက်ရင်း စဉ်းစား ခန်း ဝင်နေသည်။

သူ စဉ်းစားခန်း ဝင်နေခိုက် သူ၏အနီးသို့ ရာဇာ ရောက် လာသည်။

"အဖေ..."

ရာဇာ၏အသံကြောင့် ဇူဃ စဉ်းစားနေရာမှ မော့ကြည့် သည်။

"ဟ...သား နိုးလာပြီလားကွ၊ သွားအိပ်ချေလေ"

"မအိပ်ချင်တော့ပါဘူးဗျာ၊ အဖေတို့ဆီက ဆူဆူညံညံ အသံတွေကြောင့် သား လန့်နိုးခဲ့တာပဲ။ ဒါထက် ဦးလေးသာချို ကို ဘာဖြစ်လို့ ဖမ်းလိုက်တာလဲ"

"ဖမ်းဆို...ဒီကောင်က အဖေတို့အပေါ် သစ္စာဖောက်လို့ ပေါ့ သားရ"

"ဗျာ...သစ္စာဖောက်လို့ ဟုတ်လား"

ရာဇာ အံ့သြမဆုံး ဖြစ်နေသည်။

"အေးပေါ့...သားရ"

"ဟာဗျာ...အဲ့ဖေကလည်း မဖြစ်နိုင်တာချည်းပဲ။ ဦးလေး သာချိုဟာ သစ္စာဖောက်မယ် မထင်ပါဘူး။ ဘယ်သူကများ အဖေ့ကို လာချောက်တွန်းသွားလို့လဲဗျ"

"မင့်နှယ်ကွာ၊ အဖေက သူများပြောတိုင်း ယုံတဲ့ကောင်များ

www.burmeseclassic.com

www.burmeseclassic.com



မှတ်နေလို့လားကွ၊ ဘယ်သူကမှ ချောက်မတွန်းဘူး၊ သူ သစ္စာဖောက်တာကို သိလို့ ဖမ်းလိုက်တာပဲ”

“ဘယ်လိုများ အဖေ့အပေါ် သစ္စာဖောက်လို့လဲ။ သား မသိရဘူးလား”

ရာဇာ၏အမေးကြောင့် ဗျူဟ ရုတ်တရက် မည်သို့ ပြန်ဖြေရမည်မသိ ဖြစ်သွားသည်။

ခေတ္တမျှကြာမှ သူ ပြန်ဖြေနိုင်သည်။

“ဟဲ ဟဲ...ဘာသစ္စာဖောက်သလဲဆိုတော့ အဖေတို့ရဲ့ ရန်သူတော်ကြီး ဦးဖြူထွေးဆိုတဲ့ ရဲလူထွက်ကြီးကို သင်းက အဖေတို့စခန်း ဘယ်မှာရှိတယ်ဆိုတာ သတင်းသွားပေးတယ်လေ။ ဒါကို သိရလို့ အဖေက သင်းကို ဥပါယ်တံမျဉ်နဲ့ ခေါ်ပြီး အခုလို ဖမ်းလိုက်တာပဲ”

ရာဇာမှာ ဗျူဟ၏ စကားများကို နားထောင်ရင်း မယုံနိုင်အောင် ဖြစ်နေမိသည်။

သာချိုကို သူ ကောင်းကောင်းသိသည်။

သူငယ်စဉ်က သူတို့ရှိရာ စခန်းသို့ မကြာခဏ လာရောက်သူမို့ ဦးလေးတစ်ဦးလိုလည်း ခင်မင်နေမိသည်။

သာချိုမှာ သူ့ဖခင်၏အကျိုးကို အမြဲတမ်း ထမ်းရွက်ပေးနေသူ ဖြစ်ကြောင်းကိုလည်း သိရသည်။

ယခုကျမှ သာချိုအား သစ္စာဖောက်သူဟူ၍ အပြစ်ပေးခြင်းမှာ သူ့ဖခင် အထင်လွဲခြင်းသာ ဖြစ်ရမည်ဟူ၍ သူ ထင်မှတ်နေသည်။

မည်သို့ပင်ဖြစ်ဖြစ် သူ့အနေနှင့် သာချို၏အသက်ကို မသေအောင်တော့ တားမြစ်ရပေမည်။

သူမတားနိုင်လျှင် သာချိုမှာ ဇရာမအိုမီ အသက်ခန္ဓာ ဆုံးရှုံးရမည် မဟုတ်လော”

ရာဇာ စဉ်းစားရင်း ဗျူဟအား ပြန်ပြောသည်။

“ဒီမယ်...အဖေ”

“ဟေ...ဘာပြောမလို့လဲ”

“ဪ...ဦးလေးသာချိုကို လက်လွှတ်စပယ်တော့ မလုပ်လိုက်ပါနဲ့လို့ ပြောချင်တာပါ”

“အောင်မယ်လေးသားရယ်၊ ဘာမဟုတ်တဲ့ သစ္စာဖောက်ကောင်အတွက်များ သားက ပူတတ်ရန်ကော...ဟား ဟား ဟား”

“ပူဆို ဦးလေးသာချိုဟာ သားငယ်ငယ်ကလေးကတည်းက ခင်မင်လာခဲ့လို့ပါ”

“သားက ခင်ပေမယ့် ဒီကောင်က သားခင်သလိုမှ မခင်တဲ့ဟာ၊ ကဲ...ကဲ...အဲဒီကိစ္စကို အသာထား၊ အခု သေရေးရှင်ရေး အရေးကြီးတာကို အဖေ ပြောပြမယ်”

“ဟုတ်ကဲ့ ပြောပါအဖေ”

“ဒီလိုကွ၊ အခု သာချိုဟာ အဖေတို့အပေါ် သစ္စာဖောက်ပြီး ရန်သူဖြစ်တဲ့ ဖြူထွေးတို့ကို ဖော်ပြောလိုက်ပြီမို့ မကြာခင် ဖေဖေတို့စခန်းကို ပြည်သူ့ရဲတပ်ဖွဲ့တွေနဲ့ လာတိုက်ကြမှာကတော့ သေချာနေပြီ။ ဒီတော့ သင်းတို့ လာမတိုက်ခင် အဖေတို့က လက်ဦးရအောင် သူတို့ လာကြမယ့် လမ်းကနေ ဆီးပြီး ပြောက်ကျားစစ်ဆင်ရေးနဲ့ ဖြတ်တိုက်ကြရမယ်၊ ဘယ့်နှယ်လဲ”

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ တကယ်လာကြမယ်ဆိုရင်တော့ အဖေပြောတဲ့ ပြောက်ကျားစစ်ဆင်ရေးနဲ့ တိုက်တာ အကောင်းဆုံးပေါ့။ မလာ ရင် အချိန်ကုန် လူပန်း ဖြစ်လိမ့်မယ်"

"ဟ...သားရ၊ အဖေတွေးရင် လွဲခဲပါတယ်ကွာ၊ ကြိမ်းသေ ကို လာကြမှာပါ"

"ဒါဆိုရင် အဖေ ဘယ်တော့သွားမယ် စိတ်ကူးလဲ၊ မိုး လင်းအထိ စောင့်မလား"

"မစောင့်ဘူးလေ၊ တို့က လက်ဦးအောင် ချရမှာမို့ အခု ညတွင်းချင်းပဲ သင်းတို့ လာကြမယ့် လမ်းကနေ ဆီးစောင့်ကြ တာပေါ့ကွ၊ ဒီတော့ သားလူတွေကို သွားပြောချေ၊ အဲ...ပြီး တော့ သားကို တစ်ခုပြောစရာ ရှိသေးတယ်"

"ဟုတ်ကဲ့၊ ပြောပါ အဖေ"

"တကယ်လို့များ ရဲတပ်ဖွဲ့တွေနဲ့အတူ ဖြူထွေးဆို တဲ့ လူများ ပါလာရင် သားဟာ အဲဒီလူကို ပွဲချင်းပြီး သေအောင် သေနတ်နဲ့သာ ပစ်သတ်ကွ"

ဗျူဠ လူယုတ်မာပီပီ ငါးကြင်းဆီနှင့် ငါးကြင်းကို ကြော်နေ လေပြီ"

အဖေအရင်းခေါက်ခေါက်အား သားအရင်းက သေနတ်ဖြင့် ပစ်သတ်ရန် ခိုင်းနေသည်။

ရာဇာမှာတော့ ဦးဖြူထွေးကို သူ့ဖခင်မှန်း မသိ၍ ပြန်မေး နေသည်။

"ဟာ...အဖေကလည်း ဦးဖြူထွေးကို သေနတ်နဲ့ ပစ်ရ အောင် ကျွန်တော်မှ ဒီလူကြီးကို မမြင့်ဖူးတဲ့ဟာ၊ ဘယ်လိုလုပ်



ပစ်ရမှာလဲ"

"အဲ...ဟုတ်သားပဲ၊ အဖေ စကားပြော လောသွားတယ်။ ဒီလိုလုပ်မယ်ကွာ၊ အဲဒီဦးဖြူထွေး ဘယ်သူဘယ်ဝါ ဖြစ်တယ် ဆိုတာ သားသိရအောင် အဖေတို့ ပြောက်ကျားစစ်ဆင်ရေး လုပ်တဲ့အခါ သားက အဖေ့နားမှာနေ၊ ဒီလူကြီး ပါလာရင် အဖေ ပြပေးမယ် ဟုတ်လား"

ရာဇာ သဘောတူဟန်ဖြင့် ခေါင်းကို ညိတ်ပြသည်။

"ကိုင်း...ဒါဆိုရင် သားလူတွေကို တိုက်ပွဲထွက်ဖို့ သွား စီမံချေတော့"

ဗျူဠစကားအတိုင်း ရာဇာလည်း ထွက်သွားခဲ့သည်။

"ဟဲ...ဟဲ...ဖြူထွေး...ဖြူထွေး မင်းက ငါ့ကို လာတိုက်ဖို့ ကြံတော့ ငါကလည်း မင့်လက်ဦးအောင် လုပ်ရမှာပေါ့။ မင့်ကို လေ မင်း အင်မတန်တွေ့ချင်နေတဲ့ သားအရင်းခေါက်ခေါက် က သေနတ်နဲ့ ပစ်သတ်စေရမယ်ကွ၊ မင့်သားက မင့်ကို သေနတ် နဲ့ ပစ်သတ်တာကို ငါ မြင်ရပြီးမှ ငါလည်း အသေခံလိုက်မယ်... ဟား ဟား ဟား"

ဗျူဠ တစ်ကိုယ်တည်း တွေးရင်း သူ့အကြံကို သဘောကျ ကာ တဟားဟား ဖြစ်နေတော့သည်-

www.burmeseclassic.com

www.burmeseclassic.com



( တစ်ဆယ့်ငါး )

## အဖေနှင့်သား တွေ့ကြရာဝယ်

နံနက် နှစ်နာရီကျော်ခန့် အချိန်တွင် ဗိုလ်ဂျွနှင့် ရာဇာတို့ ခေါင်းဆောင်ကြသော တောပုန်း လူဆိုးအဖွဲ့ကြီးမှာ လူအင်အား သုံးဆယ်ခန့်ဖြင့် ရဲတပ်ဖွဲ့ဝင်များ ရောက်လာလျှင် ပြောက်ကျားစနစ်ဖြင့် တိုက်ခိုက်ကြရန် တောတွင်းတစ်နေရာ၌ စောင့်ဆိုင်းနေကြသည်။

သူတို့အဖွဲ့နှင့်အတူ သာချိုကိုလည်း ကြိုးတို့ဖြင့် ခြေလက်တို့ကို ချည်နှောင်ကာ ခေါ်လာခဲ့ကြသည်။

သာချိုအား ဗိုလ်ဂျွက ခေါ်မလာဘဲ သေနတ်ဖြင့် ပစ်သတ်ရန် ကြံခဲ့သော်လည်း ရာဇာက ယင်းသို့ မပြုရန် ဖခင်အား အနုးအညွတ် တောင်းပန်ခဲ့၍ မသတ်တော့ဘဲ သူတို့နှင့်အတူ ခေါ်ဆောင်လာခဲ့ခြင်းပင်။



တစ်ဖက်တွင်လည်း ဦးဖြူထွေး၏ သတင်းပေးချက်ကြောင့် ဗိုလ်ဂျွ၏စခန်းကို အပြတ်ဖြိုခွင်းပစ်ရန်အတွက် ရဲတပ်ဖွဲ့ဝင်တို့မှာ ဦးဖြူထွေး ခေါင်းဆောင်သော ပြည်သူ့စစ်များနှင့် အတူ ချီတက်လာခဲ့ကြသည်။

ဦးဖြူထွေးတို့နှင့်အတူ ပြာသိုနှင့် တင်တိုးလည်း ပါလာခဲ့ကြသည်။

ပြာသို လိုက်နေသဖြင့် ပန်းကြာဖြူကလည်း လိုက်ရန် ကြံသည်။

ဦးဖြူထွေးက မလိုက်ရန်ပြော၍ ပန်းကြာဖြူမှာ မကျေမနပ်ဖြင့် ကျန်ရစ်ခဲ့သည်။

ဒေါ်နုနုမှာတော့ သားအတွက် ရတက်မအေးရှာဘဲ သူ့ခင်ပွန်းသည် ဦးဖြူထွေးအား သားကလေး ဘေးမသီ ရန်မခဘဲ ဖမ်းခေါ်ခဲ့ရန် အတန်တန် မှာနေသည်။

“စိတ်ချစမ်းပါ နုနုရယ်၊ ငါ အစွမ်းကုန် ကြိုးစားပါ့မယ်။ ဒီကနေ့ဟာ လူယုတ်မာ ဗိုလ်ဂျွအတွက် နေဝင်ချိန် ဖြစ်နေပါပြီ။ ဒီကောင်တွေအဖွဲ့ကို အပြီး ချေမှုန်းပစ်ရတော့မယ်။ သင်းတို့တစ်တွေဟာ နိုင်ငံတော်အတွက် မလိုလားအပ်တဲ့ အမှိုက်တွေပဲကွ”

“ဒါတော့ ဒါပေါ့တော်၊ သူတို့အထဲမှာ ကျွန်မတို့သားကလေးဟာ ဘုမသိ ဘမသိနဲ့ ပါနေရတာကိုလည်း သတိထားပါဦး။ ဒီတော့ သားကလေး အသက်မသေအောင် ရှင်က ကြိုးစားပေးပါ၊ ကျွန်မ သားကို တွေ့ချင်ပါသေးတယ်တော်”

“အေးပါ…ငါကြိုးစားပေးပါ့မယ် ဆိုမှပဲ တောက်…

www.burmeseclassic.com

www.burmeseclassic.com



ဟိုအကောင် သာချိုကို ဖမ်းမမိလိုက်တာ နာတာပဲကွာ။ ဒီကောင်ဟာ လျင်တော့ တော်တော်လျင်တဲ့ကောင်၊ သူ့ အကြောင်းတွေ ပေါ်တာ ဘယ်လိုလုပ်ပြီး သိသွားတာလဲ မသိဘူး...ဟွင်း"

ဦးဖြူထွေးမှာ သာချိုကို ဖမ်းမမိလိုက်သည့်အတွက် မချင့်မရဲ ဖြစ်နေသည်။

သူတို့မှာ ရဲစခန်းကို သွား၍ အကြောင်းကြားခဲ့ပြီးနောက် စခန်းမှူးနှင့်အတူ ရပ်ကွက်ကောင်စီဝင်များနှင့် ရဲများကို ခေါ်၍ သာချိုကို ဖမ်းရန် သွားခဲ့ရာတွင် သာချို လစ်ပြေးသွားကြောင်း သိရ၍ အံ့လည်း အံ့သြ၊ ဒေါသလည်း ဖြစ်ခဲ့ကြရသည်။

နောက်ဆုံးတွင်တော့ သက်ဆိုင်ရာ လူကြီးများက ဗျူဟတို့အဖွဲ့အား အပြတ်ချေမှုန်းပစ်ရန် အမိန့်ပေးခဲ့၍ ယခုလို တောတွင်းသို့ ချီတက်ကြရခြင်းပင်။

ပန်းကြာဖြူမှာ တောတွင်းသို့ လိုက်ခွင့်မရ၍ ပြာသိုအား စိုးရိမ်စိတ်ဖြင့် မှာကြားနေသည်။

"အစ်ကို ဟိုမယ် တိုက်ပွဲဖြစ်နေရင် အစ်ကိုက လွတ်ရာ ရှောင်နေနော်၊ မတ်တတ်ကြီး ရပ်မနေနဲ့ သိလား"

ပန်းကြာဖြူ၏ သတိပေးချက်ကြောင့် ပြာသိုမှာ တဟားဟား ရယ်နေမိသည်။

"ကြည့်ပါလား၊ သူများက စိုးရိမ်လို့ သတိပေးတာကို ဘာလို့ ရယ်နေရတာလဲလို့"

"ရယ်ရမှာပေါ့၊ ညီမ ပြောတာက ရယ်စရာကြီးပဲဟာ"

"ဘယ်မှာလဲရယ်စရာ၊ ဘာမှ ရယ်စရာမပါဘူး၊ သိလား"



"ဟာ...ဟာ...ပါပြီလား၊ တိုက်ပွဲဖြစ်ရင် မတ်တတ်ကြီး ရပ်မနေနဲ့ ဆိုတာလေ"

"အင်းလေ...အစ်ကို ရပ်နေမှာစိုးလို့ သတိပေးတာ ရယ်စရာလား"

ပန်းကြာဖြူ မျက်စောင်းကြီးထိုး၍ ပြောနေသည်။

"အဲဒါကိုက ရယ်စရာဖြစ်နေတာပေါ့။ အစ်ကိုက အရူးမှ မဟုတ်တာ၊ တိုက်ပွဲဖြစ်ရင် ရပ်နေပါ့မလား၊ လွတ်ရာကို ရှောင်နေမှာပေါ့၊ ပြီးတော့ ဒီအတိုင်းလည်း လက်ပိုက်ကြည့်မနေနိုင်ဘူး၊ လူဆိုး ဓားပြတွေကို ရဲတွေနဲ့အတူ ဝင်ဆော်မှာပဲ"

"အံမယ် ဝင်ဆော်ရအောင် အစ်ကို သေနတ်တွေဘာတွေ ပစ်တတ်လို့လား၊ ဟင်းနော်...ဘာမှ မတတ်ဘဲ လူစွမ်းကောင်း သွားလုပ်မနေနဲ့၊ ကြွနေဦးမယ်"

"မကြွပါဘူးဗျာ၊ အစ်ကိုဟာ သေနတ်ပစ် မကျွမ်းပေမယ့် သိုင်းတော့ တတ်ပါတယ်လေ၊ ကိုယ်တတ်ထားတဲ့ပညာနဲ့ လူဆိုးဓားပြတွေကို ဝင်တီးရမှာပေါ့"

"ဘာဖြစ်လို့ ဝင်တီးချင်ရတာလဲ၊ ရဲတွေနဲ့ ပြည်သူ့စစ်တွေ ပါနေတဲ့ဟာ၊ သူတို့မှာ လက်နက်တွေ ရှိပါတယ်။ အစ်ကို ဝင်တီးစရာ မလိုပါဘူး"

ပြာသို၏ စကားများကြောင့် ပန်းကြာဖြူမှာ ပိုမို၍ စိုးရိမ်နေတော့သည်။

"အေးပါ...အစ်ကိုလည်း အခြေအနေတွေကို စောင့်ကြည့်ပြီးမှ ဝင်တီးသင့် တီးမှာပါကွာ၊ ငါ့ညီမကလည်း စိုးရိမ်တတ်လိုက်တာ လွန်ပါရော၊ ဘာဖြစ်လို့ ဒီလောက်တောင် စိုးရိမ်နေရ

www.burmeseclassic.com

www.burmeseclassic.com



တာလဲ ပြောစမ်း...ဟဲ ဟဲ"

"အိုး...ကိုယ့်အစ်ကိုလို ခင်မင်နေတဲ့သူမို့ ပြောနေရတာ ပေါ့"

ပန်းကြာဖြူ ချစ်စဖွယ် နှုတ်ခမ်းလေး စူပြရင်း ပြောနေသည်။

"တော်ပါ မယုံပါဘူး၊ ဒီလိုဆို တစ်ဖက်မှာလည်း ညီမရဲ့ အစ်ကိုအရင်းခေါက်ခေါက် ကိုရာဇာ ရှိနေတဲ့ဟာ၊ သူ့အတွက် ရော မပူဘူးလားလို့"

"အိုး... သူ့အတွက်လည်း ပူတာပေါ့၊ ဒါပေမယ့် သူက လူဆိုးအဖွဲ့ထဲမှာမို့ ရှောင်နိုင် တိမ်းနိုင်တယ်၊ အစ်ကိုက ဘာ အတွေ့အကြုံမှ မရှိလို့ ပူရတာပေါ့"

"ဟဲ ဟဲ... ညီမက စကားပြောတော့ လည်တယ်ဟေ့၊ ရှေ့နေလုပ်စားဖို့ကောင်းတယ်...ဟား ဟား ဟား"

"ဘာ...ဘာ...ရှေ့နေလုပ်စားဖို့ ကောင်းတာလဲ၊ ဟင်းနော် ဒီက စေတနာကို မစော်ကားနဲ့၊ သိလား"

"မစော်ကားပါဘူးလေ၊ ညီမ စကားပြောလည်တာ ချီးမွမ်း တဲ့ဟာပဲ။ တစ်ဖက်သားစိတ်ကို ကလိကလိနဲ့ မချိတရိဖြစ်အောင် စကားကို လှည့်ပတ်ပြောနေတာပဲ။ ဒါပေမယ့် အစ်ကိုကတော့ သိပြီးပါပြီကွာ၊ ဘာအတွက် ဒီစကားမျိုးတွေ ပြောနေတယ် ဆိုတာကို...ဟဲ ဟဲ"

ပြာသို ပြောရင်း ပန်းကြာဖြူ၏ မျက်နှာကို ချစ်ရည်ရွှန်းလဲ့ သော မျက်လုံးအစုံဖြင့် စိုက်ကြည့်နေသည်။

ပန်းကြာဖြူ မနေတတ် မထိုင်တတ် ဖြစ်သွားသည်။



"အို...သူ့မျက်လုံးကြီးကလည်း ဒီလိုမကြည့်နဲ့၊ သူများ မနေတတ်ဘူး၊ ကဲ...သွားမှာဖြင့် သွားတော့၊ ဖေဖေတို့ မြင်းတွေ ကို ပြင်နေကြပြီ"

ပန်းကြာဖြူ နှင်နေသည်။

"ကောင်းပြီလေ၊ ညီမက နှင်တော့လည်း သွားရမှာပေါ့၊ ဒီတော့ မသွားခင် အစ်ကို တစ်ခုပြောခဲ့ချင်တယ်၊ ညီမ နား ထောင်ရမယ်နော်"

"ဘာကို ပြောမလို့လဲ၊ နားထောင်သင့်ရင် ထောင်မှာပေါ့"

"နားထောင်သင့်တဲ့ စကားမို့ ပြောနေတာပေါ့"

"ဒါဆို ပြောလေ"

"ပြောရမယ်ဆိုရင် အစ်ကို သွားခါနီးအချိန်မှာ ညီမက ဟောဒီအိမ်ဝက စောင့်နေ၊ အဲ...အစ်ကိုက ညီမကို လက်ညှိုး ထောင်ပြမယ်"

"နေပါဦး... လက်ညှိုးက ဘာကိစ္စ ထောင်ပြမှာလဲ။ ရှင်း အောင် ပြောသွား"

"ပြောမှာပေါ့၊ လက်ညှိုးထောင်ပြတဲ့ အခိုက်မှာ အစ်ကို့ ကို ညီမဟာ ဟောဒီ အစ်ကို ချစ်သလို ပြန်ချစ်မယ်ဆိုရင် လက်ညှိုးကလေးကို ထောင်ပြ၊ မချစ်နိုင်ဘူးဆိုရင် လက်ဝါး ဖြန့်ပြ၊ အဲဒါပဲ...ဟဲ ဟဲ"

"ဟာ...အစ်ကို မကောင်းဘူးကွာ၊ ညီမ ဒါတွေ မလုပ်ချင် ဘူး၊ ရှက်တယ်"

"မရဘူး၊ ခုနင်က အစ်ကို ပြောခဲ့တဲ့အတိုင်းပဲ ချစ်တယ် ဆိုရင် လက်ညှိုးထောင်၊ မချစ်နိုင်ရင် လက်ဝါးဖြန့်ပြ၊ နို့မို့ အစ်ကို

www.burmeseclassic.com

www.burmeseclassic.com



ဒီကို ပြန်မလာတော့ဘူး၊ တစ်ခါတည်း ထွက်သွားတော့မယ်... ဒါပါပဲ"

ပြာသို ပြောရင်း အိမ်ပေါ်မှ ဆင်းသွားသည်။

ပန်းကြာဖြူမှာ အိမ်ဝတွင် ရပ်ရင်း ပြာသိုအား ငေးကြည့်နေသည်။

ပြာသို မှာခဲ့သည့်အတိုင်းပင် ဦးဖြူထွေးတို့နှင့်အတူ မြင်းများကို စီး၍ သူတို့ခြံတွင်းမှ ထွက်မည်အပြု ပန်းကြာဖြူရှိရာသို့ လှမ်းကြည့်သည်။

ပန်းကြာဖြူက မည်သို့မှမပြောဘဲ ရပ်နေသည်ကို တွေ့ရလျှင် ပြာသိုက သူ၏လက်ညှိုးကို ထောင်ပြနေသည်။

လက်ညှိုးထောင်ပြသော အဓိပ္ပာယ်မှာ သူက ပန်းကြာဖြူအား ချစ်ပါသည်ဟု ဆိုလိုခြင်းပင်။

သည်တော့မှ ပန်းကြာဖြူက မီးရောင်ဘက်တွင် ကိုယ်ကို မြင်သာအောင် ထွက်၍ပြရင်း သူ၏လက်ဝါးကို ဖြန့်၍ ပြနေသည်။

ပြာသိုမှာ သူထင်သလို လက်ညှိုးမထောင်ဘဲ လက်ဝါးကို ဖြန့်ပြနေသည်ကို မြင်ရလျှင် သူ့မျက်နှာမှာ ညှိုးကျသွားတော့သည်။

"သွားပြီ၊ ငါမျှော်လင့်ထားတာတွေဟာ အလကားပဲ၊ ပန်းကြာဖြူကို အစက ငါထင်နေတာက သူဟာ ငါ့ကို ချစ်နေပါလျက်နဲ့ ရှက်လို့ အမှန်ကို မပြောဘဲ ဖုံးကွယ်ထားတာလို့ ထင်ခဲ့တာ၊ အခုတော့ ငါ့အထင်ဟာ မှားနေပြီ၊ ပန်းကြာဖြူဟာ ငါ့အပေါ်မှာ အစ်ကိုတစ်ဦးလိုက ပိုပြီး မချစ်တာ ထင်ရှား



နေပါပကော။ အေးလေ... ဘယ်ချစ်ပါ့မလဲ၊ သူနဲ့ ငါက အဆင့်ချင်းက ကွာလွန်းလှတာပဲ။ ပြီးတော့ သူ့အဖေကြီးကလည်း ငါနဲ့ သဘောတူတာ မဟုတ်တော့ လက်ဝါးပဲ ဖြန့်ပြတာပေါ့၊ ဘယ်လိုလုပ်ပြီး လက်ညှိုးထောင်နိုင်မလဲ"

ပြာသို စိတ်မော လူမော ဖြစ်သွားတော့သည်။

ဦးဖြူထွေးတို့မှာ မြင်းများ ကိုယ်စီဖြင့် ရှေ့မှ သွားနှင့်ကြပြီမို့ ပြာသိုလည်း စိတ်မကောင်း ဖြစ်မနေတော့ဘဲ နောက်မှ မြင်းကို စီးကာ အမြန်လိုက်သွားခဲ့ရသည်။

သူတို့တစ်တွေမှာ နံနက် အရုဏ်တက်အချိန်တွင် ဗျဿတို့ စခန်းအနီးသို့ ရောက်သွားကြသည်။

ထိုနေရာသို့ ရောက်၍ ငါးမိနစ်ခန့် အကြာတွင်တော့ ဗျဿတို့အဖွဲ့မှ နှစ်ဖက်ညှပ်ကာ စတင်၍ ပစ်ခတ် တိုက်ခိုက်တော့သည်။

ရဲတပ်ဖွဲ့များနှင့် ဦးဖြူထွေး ခေါင်းဆောင်သော ပြည်သူ့စစ် အဖွဲ့ဝင်များကလည်း ပြန်လည်၍ ပစ်ခတ်ကြရင်း နေရာယူလိုက်ကြသည်။

ပြာသိုလည်း ဦးဖြူထွေးနှင့်အတူ မြင်းပေါ်မှ ဆင်းကာ သစ်ပင်ကြီး တစ်ပင်တွင် အကွယ်အကာ ယူထားလိုက်ရသည်။

ဗျဿက ဦးဖြူထွေးရှိရာ သစ်ပင်ဆီသို့ သေနတ်ဖြင့် လှမ်းချိန်ရင်း သူ့ဘေးတွင် ရှိနေသော ရာဇာအား ပြောနေသည်။

"ဟေ့သား... ဟိုနားက သစ်ပင်ကြီးမှာ လူနှစ်ယောက် တွေ့လား"

"ဟုတ်တယ်၊ တွေ့တယ် အဖေ၊ တစ်ယောက်က လူကြီး၊

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကတော့ သားအရွယ်ပဲ ရှိသေးတယ်"

ရာဇာ ပြန်ပြောသည်။

"အေး...အဖေတို့ရဲ့ ရန်သူတော်ကြီး ဖြူထွေးဆိုတာ အဲဒီလူကြီးပဲ၊ သူ့ကို မလွတ်စေနဲ့နော် သား၊ ဒီလူကြီး မသေသမျှ အဖေတို့ရန်ဟာ အေးမှာ မဟုတ်ဘူး"

"စိတ်ချပါအဖေ၊ ကျွန်တော် အပြတ်ရှင်းပြပါ့မယ်"

ရာဇာ ပြန်ပြောရင်း ဦးဖြူထွေးတို့ဘက်သို့ သူ့လက်မှ ရိုင်ဖယ်သေနတ်ဖြင့် အဆက်မပြတ် ပစ်ခတ်နေသည်။

ဦးဖြူထွေးကလည်း ပြန်ပစ်နေသည်။

သို့သော် ဦးဖြူထွေးမှာ ပစ္စတိုသေနတ်နှင့်သာ ပစ်ခတ်နေရ၍ ရာဇာလောက် ပစ်အားမကောင်း ဖြစ်နေသည်။

အခြား ရဲတပ်ဖွဲ့ဝင်များမှာလည်း ဓားပြများအား တရစပ် ပစ်ခတ်နေကြသဖြင့် တောတစ်ခုလုံး သေနတ်သံများ ဆူဆူညံကာ နေတော့သည်။

၁၅ မိနစ်ခန့်အကြာတွင် ဗျူဟတို့ လူဆိုးအဖွဲ့မှာ အင်အား ချင်းရော၊ အတိုက်အခိုက်ပညာရော မယှဉ်သာကြသဖြင့် တဖြည်းဖြည်း နောက်ဘက်သို့ ဆုတ်ခွာနေကြသည်။

သူတို့ ဆုတ်ခွာမှန်းသိရလျှင် ရဲတပ်ဖွဲ့ဝင်များက နောက်မှ လိုက်တိုက်နေသည်။

ဤတွင် ဦးဖြူထွေးအဖို့ ရဲများနှင့် ဝေး၍ ကျန်ရစ်ခဲ့တော့သည်။

သူ့အနီးတွင် ပြာသိုတစ်ဦးတည်းသာ ရှိနေသည်။

ဗျူဟမှာ အကင်းပါးသူပီပီ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များနှင့်



ဦးဖြူထွေး ကွဲကွာသွားသည်ကို တွေ့ရလျှင် အကျေနပ်ကြီး ကျေနပ်နေတော့သည်။

"ဟား ဟား ဟား...ဖြူထွေးကိုတော့ အဖေတို့ အသေသတ်ရတော့မယ် သားရဲ့၊ ရဲတပ်ဖွဲ့ဝင်တွေဟာ အဖေတို့အဖွဲ့သားတွေနောက် လိုက်တိုက်နေကြလို့ ဒီလူကြီးနဲ့ ဝေးသွားကြပြီ၊ ဒါဟာ အဖေတို့အတွက် အကွက်ပဲ...ဟဲ ဟဲ"

"ဟုတ်တယ်အဖေ၊ ဒီလူကြီးမှာ ပစ္စတိုသေနတ် တစ်လက်ပဲ ရှိတယ်။ ဒီတော့ သားတို့ ဘာလုပ်ကြမလဲ"

"ဒီလိုလုပ်၊ အဖေက ဒီကနေ ဟန်မပျက် သူတို့ကို ပစ်နေမယ်၊ သားကတော့ ဟောဒီ နောက်ဘက်တောတန်းက လှည့်ပြီး ဖြူထွေးတို့ရှိရာကို သွား၊ သင်းတို့က ဒီတောအကြောင်း သိတာ မဟုတ်ဘူးကွ"

"ဟုတ်ပြီ...ဒီအကြံနိပ်တယ်၊ ဒါဆို သား သွားတော့မယ်၊ အဖေက ဒီကသာ သူတို့ဘက်ကို ပစ်နေ၊ သား နောက်ဘက်က လှည့်သွားပြီး သူတို့ကို လက်ရဖမ်းမယ်။ ပြီးရင် အဖေ့စိတ်တိုင်းကျ အဖေ့ရန်သူကို စီရင်ပေါ့ဗျ"

ရာဇာ ပြောပြီး နောက်ဘက်သို့ အသာ ဆုတ်သွားသည်။

ဗျူဟကတော့ ဦးဖြူထွေးရှိရာဘက် စက်သေနတ်ဖြင့် တရစပ် ပစ်ခတ်နေသည်။

ဦးဖြူထွေးနှင့် ပြာသိုတို့မှာ ခေါင်းပင် မဖော်ပံ့ဘဲ မြေပြင်တွင် ပြားပြားဝပ်ကာ နေကြရသည်။

ဗျူဟမှာ ဦးဖြူထွေးတို့၏ အဖြစ်ကို မြင်နေရ၍ ဝမ်းသာအားရဖြင့် အော်ရယ်ရင်း လှမ်းပြောနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟောကောင်...ဖြူထွေး ဒီလောက်ပဲ သေရမှာကို ကြောက်သလားကွ၊ ဇုဋ္ဌကို လာစမ်းရင် ဒီလိုပဲ ခံရမယ်ဆိုတာ မှတ်ထား ဟား ဟား ဟား"

ထိုအသံကို ကြားရလျှင် ဦးဖြူထွေး ဒေါသ အလွန်ဖြစ်သွားတော့သည်။

"ဟောကောင်...လူယုတ်မာဇုဋ္ဌ၊ သိပ်လည်း လေကြွားမနေနဲ့၊ ဒီကနေ့ဟာ မင်းရဲ့ နေဝင်ချိန်ဆိုတာကို သတိထားဦးကွ၊ သတ္တိရှိရင် မင်းလက်ထဲကစက်သေနတ်ကိုချပြီး ငါနဲ့ တစ်ယောက်ချင်း ယှဉ်ရအောင်လား"

ဦးဖြူထွေး ဒေါသတကြီးဖြင့် ပြန်ပြောနေသည်။

ပြာသိုမှာတော့ အခြေအနေ အရပ်ရပ်ကို သုံးသပ်နေသည်။

စောစောက ဇုဋ္ဌအနီးတွင် သူ့အရှယ် လူငယ်တစ်ဦး ရှိနေသည်ကို မြင်ရသည်။

ယခု မရှိတော့။

ဘယ်အရပ် ရောက်သွားသနည်း။

တခြားသို့ လစ်ပြေးသွားသလော၊ သို့မဟုတ် သူ့တို့အားနောက်မှ အလစ်ဝင်၍ ပစ်ရန် အကြံရှိ၍လော။

ပြာသို တွေးရင်း သူတို့နောက်ဘက်သို့ စိတ်မချ ဖြစ်လာသည်။

"ဖေဖေ"

ပြာသိုက ဦးဖြူထွေးအား လေသံဖြင့် ခေါ်သည်။

ဦးဖြူထွေးမှာ ဇုဋ္ဌနှင့် စကားစစ်ထိုးနေရာမှ သူ့ကို လှည့်ကြည့်သည်။



"ဘာလဲကွ၊ ဘာလုပ်မလို့လဲ"

"ပြောစရာရှိလို့ပါ"

"ပြောလေ"

"ကျွန်တော့်စိတ်ထဲ ဦးဇုဋ္ဌကို သိပ်မသင်္ကာဘူး"

"ဘာကို မသင်္ကာတာလဲကွ၊ ရှင်းရှင်းပြောစမ်းပါ"

"ဒီလိုလေ၊ စောစောတုန်းက သူ့အနားမှာ ကျွန်တော့်အရွယ် လူတစ်ယောက် ရှိနေတယ် မဟုတ်လား"

ပြာသိုပြောမှ ဦးဖြူထွေး သတိရသွားသည်။

"အာ...ဟုတ်တယ်ကွ၊ အခု ဒီကောင် မရှိတော့ဘူး၊ ဟာ...နေဦး၊ သူဟာ ငါ့သားကလေးများ ဖြစ်နေမလား မသိဘူး"

ဦးဖြူထွေး ဇဝေဇဝါ ဖြစ်နေသည်။

"သားဖြစ်တာ မဖြစ်တာ အသာထား၊ အဲဒီလူဟာ ကျွန်တော်တို့ နောက်ကျောကနေ ဝင်ပစ်မှာ စိုးရတယ် ဖေဖေ"

"အင်း...မင်းပြောတာ ဖြစ်နိုင်တယ်၊ ဒီတော့ ငါတို့ ဘာလုပ်ကြမလဲ၊ ရဲတပ်သားတွေကလည်း ဟိုကောင်တွေနောက် လိုက်တိုက်နေကြလို့ မရှိဘူး၊ ငါတို့ချည်းပဲရှိနေတာကွ၊ လက်နက်ဆိုရင်လည်း ငါ့လက်ထဲမှာ ပစ္စတိုသေနတ် တစ်လက်ပဲ ရှိတယ်။ မင်းက သေနတ်မပစ်တတ်တော့ မင့်ကို ပေးမထားမိဘူး"

"ဒါက ကိစ္စမရှိပါဘူး၊ ကျွန်တော် သေနတ်ပစ် မဘတ်ပေမယ့် ကိုယ်ခံပညာတော့ တတ်ပါတယ်။ ဒီတော့ ဖေဖေက ဦးဇုဋ္ဌ ခေါင်းမဖော်နိုင်အောင် သေနတ်နဲ့ ပစ်နေပါ၊ ကျွန်တော် တခြားနေရာမှာ ပုန်းနေလိုက်မယ်။ ဒါမှ ဖေဖေ့ကို ဟိုလူနောက်ကနေ လာတိုက်ရင် ကျွန်တော် ကူညီနိုင်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေး...မင်းအကြံကောင်းတယ်၊ ဒီတော့ ငါ သေနတ်နဲ့ ဟိုကောင်ကို ပစ်နေမယ်ဟီ၊ တောက်...အရေးထဲမှာ သေနတ်ထဲ ကျည်ဆန်ကုန်နေပြန်ပါပြီ"

"ဟင်...ဖေဖေ့မှာ ကျည်ကတ် အပိုမပါဘူးလား"

"ပါပါတယ်လေ၊ ငါ ကျည်ပြန်ဖြည့်လိုက်ဦးမယ်၊ ပြီးမှ မင်းသွားပေတော့"

ဦးဖြူထွေး ပြောရင်း သူ၏ပခုံးတွင် လွယ်ထားသော စစ်လွယ်အိတ်တွင်းမှ ကျည်ကတ်တစ်ခုကို ထုတ်၍ ပစ္စတိုသေနတ်တွင်းသို့ ကျည်ဖြည့်နေသည်။

သူ ဖြည့်နေခိုက်မှာပင် ဇုဠ္ဌအသံ ပေါ်လာပြန်သည်။

"ဟေ့ဖြူထွေး ဘာလုပ်နေတာလဲကွ၊ ကျည်ဆန်ကုန်သွားလို့ ငြိမ်နေတာလား...ဟား ဟား ဟား"

သူ ပြောနေခိုက် ဦးဖြူထွေးမှာ ကျည်ဖြည့်ပြီးပြီမို့ သူ့ဘက်သို့ သေနတ်ဖြင့် တရစပ် လှမ်းပစ်နေတော့သည်။

ဇုဠ္ဌမှာ ဦးဖြူထွေး၌ ကျည်ဆန်ကုန်ပြီ အထင်ဖြင့် စက်သေနတ်ကြီးကို ကိုင်ကာ မတ်တတ်အရပ်မို့ သေနတ်ဖြင့် မြေကြီးပေါ်သို့ အမြန်ဝပ်ချလိုက်သည်။

ပြာသိုကတော့ ခပ်လှမ်းလှမ်းတွင် ရှိနေသော သစ်ပင်ကြီးတစ်ပင်ဆီသို့ ထပြေးသွားသည်။

ဦးဖြူထွေးမှာ ဇုဠ္ဌအား အဆက်မပြတ် သေနတ်ဖြင့် လှမ်းပစ်ရင်းမှ မေးနေသည်။

"ဟေ့ကောင် ဇုဠ္ဌ ငါ့သား ဘယ်မှာလဲ"

ဇုဠ္ဌမှာ သစ်ငုတ်တိုတစ်ခုနှင့် သူ့ကိုယ်ကိုကွယ်ရင်း ပြန်ပြော



သည်။

"ဘယ်က မင့်သားလဲကွ၊ ငါ မသိဘူး"

"ဘာမသိရမှာလဲ၊ မင်း စိတ်ယုတ်မာနဲ့ ငါ့ဆီက ခိုးယူသွားခဲ့တဲ့ ငါ့သားလေ၊ ဒါကို မင့်သားအဖြစ် မွေးထားပြီး မင့်လို လူဆိုးဘဝရောက်အောင် လုပ်ထားခဲ့တဲ့ ရာဇာကို မေးနေတာကွ"

"ဟေ့ကောင် မဟုတ်တာတွေ လာပြောမနေနဲ့၊ ရာဇာဟာ ငါ့သားအစစ်ပါကွ၊ မင့်သား မဟုတ်ဘူး၊ မင့်သားကို ငါ သတ်ပစ်ခဲ့လို့ သေတာ ကြာလှပြီ...ဟဲ ဟဲ"

ဇုဠ္ဌ ဇွတ်ပင် ငြင်းနေသည်။

ဇုဠ္ဌ၏စကားကြောင့် ဦးဖြူထွေးမှာ ပိုမို၍ ဒေါသဖြစ်နေတော့သည်။

"ဟေ့ကောင် မင်း ညာမနေနဲ့၊ ငါ အကုန်လုံး သိပြီးနေပြီ၊ ဒီတော့ အမှန်ကို ဖွင့်ပြောကွ၊ နို့မို့ မင်း သေရလိမ့်မယ် သိလား"

"ဟား ဟား ဟား...မင်းကများ ပြောနေရသေးသလား၊ သေရမှာက ငါမဟုတ်ဘူးကွ၊ မင်း...မကြာခင် မင်း သေသေချာချာ သိရလိမ့်မယ်...ဟား ဟား ဟား"

ထိုအချိန်တွင် ရာဇာမှာ ခြောက်လုံးပြူး သေနတ်ကြီးကို ကိုင်ရင်း ဦးဖြူထွေးနောက်ဘက်သို့ ရောက်လာသည်။

ပြာသိုမှာ သူပုန်းနေသောနေရာမှ ရာဇာကို မြင်နေရသည်။

သို့ဖြစ်၍ ရာဇာအား နောက်မှ ခုန်အုပ်နိုင်ရန် ချောင်းနေသည်။

ဦးဖြူထွေးမှာ ဇုဠ္ဌဘက်သို့သာ အာရုံစိုက်နေသူမို့ ရာဇာ

www.burmeseclassic.com

www.burmeseclassic.com



နောက်တွင် ရောက်နေသည်ကို မသိသေးပေ။

"ဟေ့လူကြီး လက်နက်ချလိုက်စမ်း"

နောက်ဘက်မှ ရာဇာ၏ ခက်ထန်သော အသံကို ကြားလိုက်ရသည်။

ဦးဖြူထွေး ကိုယ်ကြီးကို လှည့်ရင်း ရာဇာကို ပစ်ထည့်သည်။

သူ့အနေဖြင့် ရာဇာအား သူ့သားမှန်း မသိ၍ ယခုလို ပစ်လိုက်ခြင်းပင်။

ရာဇာမှာ အမှတ်တမဲ့မို့ လက်မောင်းကို ရှပ်ထိသွားသည်။

သူကလည်း ဒေါပွကာ ဦးဖြူထွေးအား ပြန်ပစ်သည်။

"ဒိုင်း..."

သူပစ်ခိုက် ပြာသိုက နောက်မှနေ၍ ရာဇာအား ခုန်အုပ်လိုက်သဖြင့် သူ့ကျည်ဆန်မှာ ဦးဖြူထွေးကို မထိဘဲ နားအနီးမှ ဝီခနဲ ဖြတ်သွားသည်။

ရာဇာမှာ သူ့အား နောက်မှ ခုန်အုပ်ခဲ့သော ပြာသိုအား လက်ထဲမှ သေနတ်ဖြင့် ပစ်ရန်အပြင် ပြာသိုက သူ့သေနတ်ကို ခြေဖြင့် တအားလှမ်းခတ်လိုက်သည်။

ရာဇာ၏လက်မှ သေနတ်မှာ တခြားဘက်သို့ လွင့်ထွက်သွားသည်။

ထိုနောက်တော့ ပြာသိုက ရာဇာအား သူတတ်ထားသော ကိုယ်ခံပညာဖြင့် အပြင်းအထန် တိုက်ခိုက်နေတော့သည်။

ရာဇာမှာမူ သိုင်းပညာ မတတ်ကျွမ်းဘဲ သေနတ်ပစ်ပညာသာ ကျွမ်းကျင်စွာ တတ်မြောက်သူမို့ အလူးအလဲ ခံနေရတော့



သည်။

ရာဇာ၏ အဖြစ်ကို မြင်နေရသော ဗျူဟာ မနေသာတော့ဘဲ သစ်ငုတ်တိုအကွယ်မှနေ၍ စက်သေနတ်ကို ချိန်ရင်း ပြေးအလာ ဦးဖြူထွေးက သူ့ထက်ဦးအောင် လက်ထဲမှ သေနတ်ဖြင့် ရင်ဝသို့ လှမ်းပစ်သည်။

"ဒိုင်း..."

"အား..."

ဗျူဟာမှာ နာကျင်လှသော အသံကြီးဖြင့် အော်ရင်း နောက်ဘက်သို့ ပက်လက်လန်ကာ လဲကျသွားသည်။

သူ၏ရင်ဘတ်တစ်ပြင်လုံးတွင်လည်း သွေးများမှာ မြင်မကောင်းအောင် ဒလဟော ထွက်ကျလာသည်။

ရာဇာမှာ ပြာသိုနှင့် သတ်ပုတ်နေရာမှ ဗျူဟာ သေနတ်မှန်၍ လဲကျသွားသည်ကို မြင်ရလျှင် "ဟာ...ဖေဖေ"ဟူ၍ အော်ဟစ်ခေါ်ရင်း ဗျူဟာ လဲကျရာသို့ ပြေးသွားသည်။

ဤတွင်·ဦးဖြူထွေးရော ပြာသိုပါ ရာဇာမှန်း သိသွားကြတော့သည်။

ရာဇာမှာ ဗျူဟာ လဲကျရာသို့ သွားကာ ပြေးပွေ့ပြီး ငိုသံပါကြီးဖြင့် မေးနေသည်။

"အဖေ ဘာလို့ သတိလက်လွတ်ဖြစ်ပြီး သားဆီကို ပြေးလာရတာလဲဟင်၊ အခုတော့ အဖေ သေနတ်မှန်သွားပြီ"

ရာဇာ ဗျူဟာကို ပြောရင်းမှ ဦးဖြူထွေးဘက်သို့ ဒေါသအရှိန် ခြောင်းခြောင်းထွက်သော မျက်နှာဖြင့် လှမ်းကြည့်သည်။

"ခင်...ခင်ဗျားကြီး ကျုပ်အဖေကို သတ်လိုက်တယ်ပေါ့

www.burmeseclassic.com

www.burmeseclassic.com



လေ၊ ခင်ဗျားတို့ကိုလည်း အရှင့်မထားဘူး၊ ကျုပ်အဖေအတွက် လက်စားချေမယ်"

ရာဇာ ဒေါသတကြီး ပြောရင်း ဗျူဟလက်မှ လွတ်ကျသွားသော စက်သေနတ်ကို ကောက်ယူကာ ပစ်ရန်ပြင်သည်။

"အို...သား မှားမယ်နော်၊ ဖေဖေသာ သားရဲ့အဖေ အစစ်ပါကွယ်"

ဦးဖြူထွေး စိုးရိမ်တကြီးဖြင့် လှမ်းအော်ပြောသည်။

ပြာသိုကလည်း ဝင်ပြောသည်။

"ဟုတ်တယ် ကိုရာဇာ၊ ဟောဒီက ဦးဖြူထွေးသာ ခင်ဗျားအဖေအစစ်ပါ၊ သူက ခင်ဗျားအဖေအစစ် မဟုတ်ဘူး"

သို့သော် ရာဇာက နားမဝင်ပေ။

"ဘာအဖေလဲ၊ တော်စမ်း၊ ကျုပ် မယုံဘူး။ ကျုပ်မှာ အဖေတစ်ယောက်ပဲရှိတယ်။ နှစ်ယောက်မရှိဘူး။ ခင်ဗျားတို့ သေမှာစိုးလို့ လိမ်ပြောနေကြတာ မဟုတ်လား။ ကဲ...ဘုရားတရားသာ အောက်မေ့ကြပေတော့"

ရာဇာ ဒေါသတကြီးဖြင့် ပြောရင်း ဦးဖြူထွေးနှင့် ပြာသိုတို့ဘက်သို့ စက်သေနတ်ကို ချိန်ကာ ပစ်မည်အပြု ဗျူဟက ရာဇာ၏လက်ကို ဆွဲထားရင်း မောဟိုက်သော အသံဖြင့် လှမ်းပြောနေသည်။

"သား...မ...မ...မပစ်ပါနဲ့ကွယ်၊ သူတို့ပြောတာ အမှန်တွေပါ"

"ဟင်..."

ရာဇာတစ်သက်တွင် ဤမျှအထိ အံ့သြမှု မရှိခဲ့ဖူးပေ။



သူ၏ ရင်ခွင်ထဲတွင် သွေးတွေ ဒလဟောဖြင့် လဲကျနေသော ဗျူဟ၏ မျက်နှာကို ငုံ့ကြည့်ရင်း ငိုသံပါကလေးဖြင့် မေးနေသည်။

"အဖေပြောတာ ဘာစကားလဲဗျာ၊ ကျွန်တော်ဖြင့် နားကို မလည်ဘူး"

"အမှန်တွေကို ပြောနေတာပဲသား၊ အခုအချိန်ကျမှတော့ သားကို အဖေ မညာချင်တော့ပါဘူးကွယ်။ သားဟာ အဖေ့သားအရင်း မဟုတ်ဘူး။ မင့်အဖေ ဦးဖြူထွေးဟာ အဖေ့သားကို တိုက်ပွဲမှာ အသေသတ်ပစ်ခဲ့လို့ အဖေဟာ သူ့ကို ပြန်လက်စားချေမယ်ဆိုပြီး သားကို သူတို့အိပ်နေတုန်း ခိုးယူခဲ့တယ်။ ခိုးတုန်းကတော့ သားကို သတ်ပစ်ဖို့ပဲ။ ဒါပေမယ့် သားက ချစ်စရာကလေးမို့ မသတ်ရက်တော့ဘဲ အဖေက အခုလို သားအဖြစ် မွေးစားထားတာပါပဲ။ ဒီစကားတွေ အဖေ ပြောနေရတာ မချိဘူးသား၊ မချိဘူး၊ ဒါပေမယ့် အဖေမသေခင် သား အမှန်ကို သိစေချင်လို့ရယ်၊ အဖေ မဟုတ်မှန်း သိရတဲ့နေ့မှာ သားဟာ အဖေ့အပေါ်မှာ ဘယ်လိုသဘောထားတယ် ဆိုတာပါ သိချင်လို့ ပြောနေတာပဲ။ အဖေ့ကို သား မုန်းသွားပြီလားကွယ်။ အဖေ ယုတ်မာခဲ့တာတွေကို တောင်းပန်ပါတယ် သားရယ်"

ဗျူဟ၏စကားကြောင့် ရာဇာမှာ စက်သေနတ်ကြီးကို ပစ်ချပြီး မွေးစားဖခင်ကို ဖက်၍ ကြုံကြုံပါအောင် ငိုကြွေးနေတော့သည်။

ဦးဖြူထွေးနှင့် ပြာသိုတို့လည်း သူတို့အနီးသို့ ရောက်လာခဲ့ကြသည်။

"သားရယ်၊ အခုမှတော့ ငိုမနေပါနဲ့တော့။ အဖေလည်း

www.burmeseclassic.com

www.burmeseclassic.com



မနေရတော့ပါဘူး။ သားလည်း အဖေမရှိတဲ့နောက် သား အဖေရင်း အမေရင်းနဲ့သာ လိမ်လိမ်မာမာ နေပေတော့။ အဖေ့အပြစ်တွေ အတွက်လည်း အဖေ တောင်းပန်မနေချင်တော့ပါဘူး”

ဗျူဩမှာ ဝေဒနာကို အလူးအလဲ ခံစားရာမှ အားတင်းကာ ပြောနေသည်။

“အဖေရယ် သား အဖေ့ကို အဖေအရင်း မဟုတ်မှန်း သိပေမယ့် မမုန်းပါဘူး။ ဟိုတုန်းက ဘယ်လို စေတနာမျိုးနဲ့ပဲ မွေးလာ မွေးလာ သားဟာ လသားအရွယ်ကလေးကတည်းက အဖေနဲ့သာ နေလာခဲ့တာမို့ အဖေ့ကို သားအဖေအရင်းလို ချစ်နေပါတယ်။ အခုလည်း ချစ်နေတာပါပဲ အဖေရယ်”

ရာဇာမှာ စကားအဆုံးတွင် မွေးစားဖခင်၏ ကိုယ်ကို ဖက်၍ ငိုနေသည်။

ဗျူဩမှာတော့ သူ့သားက သူ့အား မမုန်းဘဲ ချစ်မြဲချစ်နေမှန်း သိရလျှင် အလွန်ဝမ်းသာသွားသည်။

“ဒီစကားကြားရတာ အဖေ ဝမ်းသာလိုက်တာ သားရယ်၊ အဖေ သေပျော်ပါပြီ”

ဗျူဩမှာ ရာဇာကို ပြောနေရာမှ သူတို့အနီးတွင် ရပ်နေသော ဦးဖြူထွေးအား လှမ်း၍ တောင်းပန်သံဖြင့် ပြောနေသည်။

“ကိုဖြူထွေး... ခင်ဗျားအပေါ်မှာ ကျုပ်သားအတွက် အာဃာတတွေထားပြီး ယုတ်ယုတ်မာမာ ကြံခဲ့တာတွေကို ခွင့်လွှတ်ပါဗျာ။ ကျုပ်လည်း သေရတော့မှာမို့ ခင်ဗျားကို ဆက်ပြီး ဒုက္ခမပေးနိုင်တော့ပါဘူး။ ဟောဒီက သားကိုသာ ခင်ဗျား ဆက်ပြီး စောင့်ရှောက်လိုက်ပါဗျာ”



ဦးဖြူထွေးကလည်း စိတ်မကောင်းသံကြီးဖြင့် ပြန်ပြောနေသည်။

“ဒါတွေ ပြောမနေပါနဲ့ ကိုဗျူဩရယ်၊ ပြီးတာတွေလည်း ပြီးပါပြီ။ ခင်ဗျားသားကို ကျွန်တော်ဟာ သေစေလိုတဲ့ သဘောနဲ့ ပစ်ခဲ့တာ မဟုတ်ပါဘူး။ သူ့ကို လက်နက်ချခိုင်းတာ မချဘဲ ကျုပ်တို့ကို သေနတ်နဲ့ အတင်းပြန်ခုခံနေလို့ မတတ်သာဘဲ ပစ်လိုက်ရတာပါဗျာ။ ကျွန်တော့်မှာကလည်း နိုင်ငံတော်က ပေးထားတဲ့ တာဝန်အရ အခုလို ပြုရတာပါ။ ဒါကိုလည်း ခင်ဗျားကို တောင်းပန်ချင်ပါတယ်”

“တောင်းပန်မနေပါနဲ့ဗျာ၊ ရာဇဝတ်ဘေးဆိုတာ ပြေးမလွတ်ဘူးဆိုတာ ကျုပ်သိပါပြီ။ ဒါကြောင့် ကျုပ်ကြောင့် ရာဇဝတ်သားဖြစ်နေရတဲ့ ဟောဒီသားလေးကိုသာ အမှုက ပေါ့အောင် ခင်ဗျားပဲ ဆောင်...ဆောင်ရွက်”

ဗျူဩ စကားကို ဆုံးအောင် မပြောနိုင်တော့ပေ။

သူ၏ မွေးစားသား ရာဇာ၏ လက်မောင်းကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း အသက်ပျောက်သွားတော့သည်။

“အို...အဖေ...အဖေ၊ ကျုပ်ကို ထားခဲ့ပြီလား အဖေရယ်”

ရာဇာမှာ ဗျူဩအလောင်းကို ပွေ့ဖက်ကာ ရှိုက်ကြီးတငင် ငိုနေတော့သည်။

ဦးဖြူထွေးနှင့် ပြာသိုတို့မှာတော့ စိတ်မကောင်းသော မျက်နှာများဖြင့် ရာဇာကို ကြည့်နေကြသည်။

ထိုအခိုက်မှာပင် ပြည်သူ့ရဲများနှင့် ပြည်သူ့စစ် အဖွဲ့ဝင်များ သူတို့ထံသို့ ရောက်လာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲအရာရှိတစ်ဦးက ဦးဖြူထွေးအား တွေ့ရလျှင် လှမ်းပြောသည်။

"ဆရာဦးဖြူထွေးရေ... ဓားပြတွေ ဆယ်ယောက် ကျပြီး ကျန်တာတွေ အကုန်ဖမ်းခဲ့ပြီးပြီ။ ဒါထက် သူတို့က ဘယ်သူတွေလဲဗျ။ ဗျူ့ဌတို့လား"

ရဲအရာရှိက မေးလျှင် ဦးဖြူထွေး ခေါင်းညိတ်ပြရင်း ပြန်ပြောသည်။

"ဟုတ်တယ်၊ သေဆုံးသွားတာ ဗျူ့ဌ၊ ဟောဒီ ကလေးကတော့ ငယ်ငယ်ကတည်းက ဗျူ့ဌ ခိုးယူသွားခဲ့တဲ့ ကျွန်တော့်သားပဲ။ သူ့နာမည်က ရာဇာတဲ့"

"အို...ကြားရတာ စိတ်မကောင်းစရာပဲဗျာ"

"စိတ်မကောင်း ဖြစ်မနေနဲ့တော့ဗျာ၊ သူဟာ ကျွန်တော့်သားပေမယ့် ဥပဒေအပြင်ဘက် ရောက်နေတဲ့သူမို့ ခင်ဗျားတို့ ဝတ္တရားရှိသလို အရေးယူကြပါ။ အဲ...တစ်ခုပဲ မေတ္တာရပ်ခံချင်တယ်၊ ဒါကတော့ သူ့ကို မိခင်ရင်းဖြစ်တဲ့ ကျွန်တော့်မိန်းမနဲ့ သူ့ညီမ ပန်းကြာဖြူတို့ဆီကို ခေါ်သွားချင်ပါတယ်။ သူ့အမေနဲ့ ညီမတို့နဲ့ တွေ့ပြီးရင် ခင်ဗျားတို့ဆီ ပြန်ပို့ပေးပါ့မယ်ဗျာ"

"ဟာ...ရပါတယ်လေ၊ ဆရာကိုယ်တိုင်လည်း ရဲ တပ်ဖွဲ့က အရာရှိကြီးတစ်ယောက်ပဲ။ ပြီးတော့လည်း ဗျူ့ဌတို့ အဖွဲ့ ပြိုကွဲအောင် ကူညီခဲ့တဲ့ဟာ...ခေါ်သာသွားပါ"

ရဲအရာရှိက ခွင့်ပြုလျှင် ဦးဖြူထွေးမှာ ဗျူ့ဌ၏ အလောင်းကို ဖက်၍ ငိုကြွေးနေသော ရာဇာအား လှမ်းပြောသည်။

"ကိုင်း...သားရေ၊ ဖေဖေတို့ သွားကြစို့လား၊ နောက်မှ



င့်အဖေအတွက် သင်္ဂြိုဟ်ကြတာပေါ့ကွာ"

ဦးဖြူထွေးက ခေါ်လျှင် ရာဇာမှာ မွေးစားဖခင်၏အလောင်းကို ပွေ့ပိုက်ထားရာမှ မျက်ရည်များ အရွဲသားဖြင့် မြေပေါ်သို့ အသာချသည်။

ပြီးတော့ ဦးဖြူထွေး ခေါ်ရာသို့ လေးကန်သော ခြေလှမ်းတို့ဖြင့် လိုက်သွားသည်။

တင်တိုးလည်း ရောက်လာကာ ရာဇာအား မြင်ရလျှင် လှမ်း ခေါ်သည်။

"ကိုရာဇာ ခင်ဗျား ဘာမှ မဖြစ်ဘူးနော်"

ရာဇာ တစ်ချက်လှမ်းကြည့်ရင်း ခေါင်းကို ညိတ်ပြသည်။

"ဟာ...ခင်ဗျားက ဘာမှ မဖြစ်ဘူးသာဆိုတယ်၊ လက်မောင်းမှာ သွေးတွေနဲ့ပါလားဗျ"

တင်တိုးက သွေးများစီးကျနေသော ရာဇာ၏ လက်မောင်းကို ကြည့်ရင်း ပြောနေသည်။

"ကိစ္စမရှိပါဘူး၊ ဒီဒဏ်ရာက အသက်နဲ့ အဝေးကြီးပါ"

ရာဇာပြောရင်း တင်တိုးအနီးမှ ထွက်သွားသည်"

ဦးဖြူထွေးမှာ တင်တိုးကိုမြင်မှ သာချိုကို သတိရသွားသည်။

"ဟော့...တင်တိုး၊ မင့်ဦးလေး သာချိုရော"

"ဟုတ်ကဲ့၊ ဦးလေးသာချိုကိုလည်း ရဲတွေက ဖမ်းမိထားပါတယ် ဦးလေး"

"သြော်...သြော်"

ဦးဖြူထွေး ပြောပြီးနောက် သူ၏မြင်းများရှိရာသို့ ထွက်

www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

ပြည်သူ့ရဲတပ်သားများမှာလည်း ဇျူဆိုဂိုဏ်းသား အားလုံး ဖမ်းမိခဲ့ပြီမို့ တောတွင်းမှ ပြန်ရန် ပြင်ဆင်နေကြသည်။

ဦးဖြူထွေးမှာ သူ့သားရာဇာနှင့်အတူ မြင်းများကို စီး၍ ရှေ့မှ သွားနေကြသည်။

သူတို့နောက်မှ ပြာသိနှင့် တင်တိုးတို့က မြင်းများစီး၍ လိုက်ခဲ့ကြသည်။

❖



( တစ်ဆယ့်ခြောက် )

## ချစ်တယ်ဆိုရင် လက်ညှိုးထောင်

တောတွင်းမှ ထွက်လာခဲ့ကြပြီးနောက် ဦးဖြူထွေးတို့ နေထိုင်သော ရွာသို့ ရောက်လျှင် ပြာသိက နောက်မှ လှမ်း၍ ခေါ်သည်။

"ဖေဖေ"

ပြာသိ၏ ခေါ်သံကြောင့် ဦးဖြူထွေးရော၊ ရာဇာပါ လှည့်ကြည့်ကြသည်။

"ဘာလဲကွ၊ ဘာပြောချင်လို့လဲ"

ဦးဖြူထွေး ပြန်မေးသည်။

"ကျွန်တော် ဖေဖေတို့နဲ့ အိမ်ကို မလိုက်တော့ဘူး"

"ဟ...ဒါက ဘယ်လိုဖြစ်သွားရတာလဲ၊ ဘာများစိတ်ရှုပ်ပေါက်လာလို့လဲကွ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ရန်ကုန်ကို ပြန်တော့မယ်လေ"

"အလို ဘာဖြစ်လို့လဲ"

"မနေချင်လို့ပါ၊ အခုဆိုရင် ဖေဖေတို့မှာ သားအစစ် ပြန် တွေ့နေပြီပဲဟာ၊ ကျွန်တော် နေဖို့ မလိုတော့ပါဘူး"

"အဲဒါတော့ မင့်သဘောပဲ၊ ဒါပေမယ့် အိမ်ကိုတော့ လိုက် သင့်ပါသေးတယ်"

"ဟင့်အင်း...လိုက်ကို မလိုက်ချင်တော့ပါဘူး။ မေမေနဲ့ ညီမလေးကိုသာ ကျွန်တော် နှုတ်ဆက်သွားတယ်ဆိုတဲ့အကြောင်း ပြောပြလိုက်ပါ"

"မင့်နှယ်ကွာ၊ တစ်လမ်းလုံး လိုက်လာပြီး အိမ်နား ရောက် ကာမှ ဘာသဘောနဲ့ စိတ်ပြောင်းပြီး အခုလို ဖြစ်ရတာလဲ။ တော်ကြာ ငါ့မိန်းမနဲ့ သမီးက သားအစစ်ကို ရလာလို့ သား အတုကို နှင်လွှတ်တယ်လို့ ထင်နေပါဦးမယ်"

"အဲဒီလိုမထင်အောင် ဟောဒီက ကိုတင်တိုးကို သက်သေ အဖြစ် ခေါ်သွားပေါ့။ ပြီးတော့ ကိုရာဇာကလည်း ဖေဖေ့ဘက်က နေ ဝင်ပြောပေးမယ့်ဟာပဲ။ ဒီမယ် ကိုရာဇာ ခင်ဗျားကလည်း ဖေဖေ့ဘက်က သက်သေခံပေးလိုက်ပါဗျာ"

ရာဇာက ခေါင်းတစ်ချက် ညိတ်ပြသည်။

ဦးဖြူထွေးမှာတော့ အိမ်ရောက်ခါနီးမှ စိတ်ပြောင်းသွား သော ပြာသို၏ အပြုအမူကို တွေးမရ ဖြစ်နေသည်။

"နို့...မင့်အဝတ်အစားတွေရော မယူတော့ဘူးလား"

"မယူတော့ပါဘူးလေ၊ ကျွန်တော့် အဝတ်အစားတွေက သုံးလေး ထည်ပဲဟာ၊ ပြီးတော့ သိပ်လည်း ကောင်းတော့တာ မဟုတ်ပါဘူး"

"ဒါဆို မင့်မှာ ပြန်စရိတ်ရော ရှိရဲ့လား"

"ရှိပါတယ်၊ မနေ့တုန်းက မေမေ ပေးထားတဲ့ ငွေ တစ်ထောင် ရှိနေတယ်။ အဲဒါနဲ့ပဲ စရိတ်လုပ်ပြန်မယ်"

"အိမ်း...တားမရလည်း ကွဲပေါ့ကွာ၊ ငါကတော့ မင့်ကို မနှင်တော့ပါဘူး"

"ကျေးဇူးတင်ပါတယ် ဖေဖေ၊ သွားမယ်နော်၊ ကဲ...ကိုရာဇာ သွားဦးမယ်ဗျာ။ ခင်ဗျားတို့ မိသားစု ပျော်ပျော်ရွှင်ရွှင် နေနိုင် ကြပါစေ"

ပြာသို ပြောရင်း သူတို့အနီးမှ မြင်းကို စီးသွားမည်ပြုခိုက် ဦးဖြူထွေး လှမ်းမေးသည်။

"ဟေ့...ဟေ့...သား ခဏနေပါဦး၊ မြင်း အခု စီးသွားတဲ့ မြင်းကို ဘယ်လိုလုပ်မလဲ။ ဒီမြင်းနဲ့တော့ ရန်ကုန်ရောက်အောင် မသွားပါဘူးနော်"

"ဟုတ်ကဲ့...မသွားပါဘူး။ ဒီမြင်းကို ဟောဒီ ကိုတင်တိုးတို့ အိမ်မှာ ထားခဲ့ပါ့မယ်။ နောက်တော့ ကိုတင်တိုး လာယူပေါ့။ ကျွန်တော်ကတော့ မီးရထားနဲ့ ပြန်မှာပါ"

"ကောင်းပြီ၊ ဒါဆို ပြီးတာပဲ"

ဦးဖြူထွေး စကားအဆုံးတွင် ပြာသိုသည် သူတို့အနီးမှ မြင်းကို စီး၍ ထွက်သွားသည်။

"သူက ဘယ်သူလဲ ဖေဖေ"

ပြာသို ထွက်သွားအပြီးတွင် ရာဇာက ဖခင်အား လှမ်းမေး သည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း...ဘယ်သူလဲဆိုတော့ ဒီလိုပါကွာ"

ဦးဖြူထွေးက အထက်ပါအတိုင်း အစချီကာ... ပြာသို အကြောင်းကို ပြောပြနေသည်။

"ဟင်...ဒါဆိုရင် ဒီလူဟာ မေမေတို့ကို စေတနာကောင်း နဲ့ လာကူညီတာပဲ။ ဒီလိုမှန်းသိရင် သား ဝင်တားပေးပါတယ်"

"တားမနေနဲ့တော့ သားရေ၊ ဒီကောင်လေးက တစ်မျိုးကွဲ့။ သူလုပ်ချင်ရာ လျှောက်လုပ်နေတဲ့ကောင်လေး။ ကဲ...လာပါကွာ၊ အိမ်မှာ သားမေမေနဲ့ ညီမလေး မျှော်နေရောမယ်။ သွားကြစို့"

သူတို့ အိမ်အရောက်တွင် ဒေါ်နုနုနှင့် ပန်းကြာဖြူတို့ အိမ်ဝ တွင် ကုလားထိုင် တစ်ယောက်တစ်လုံးစီဖြင့် စောင့်ဆိုင်းနေ ကြသည်ကို တွေ့ကြရသည်။

ဒေါ်နုနု စောင့်နေခြင်းမှာ သားဖြစ်သူ ရာဇာကို တွေ့လို၍ ဖြစ်ပြီး ပန်းကြာဖြူ စောင့်နေခြင်းကတော့ အစ်ကိုအရင်းထက် ပြာသိုကို တွေ့လို၍ပင်။

ခြံထဲသို့ မြင်းများ ဝင်လာသည်ကို တွေ့ကြရလျှင် သားအမိ နှစ်ယောက် ပြိုင်တူ ထရပ်ကြသည်။

ဦးဖြူထွေးမှာ ဇနီးသည်ကို တွေ့လိုက်ရလျှင် ဝမ်းသာ အားရ လှမ်းပြောသည်။

"ဟေး...နုနု၊ ဟောဒီမယ် မင့်သားအစစ်"

သူ့ဘေးတွင် မြင်းစီး၍ လိုက်ပါလာခဲ့သော ရာဇာအား လှမ်းပြပြီး ပြောသည်။

ဒေါ်နုနု ဝမ်းသာအားရဖြင့် ရာဇာရှိရာသို့ ပြေးလာသည်။

ရာဇာလည်း မြင်းပေါ်မှဆင်းကာ မိခင်ကြီးအား ပြေးဖက်



သည်။

သူ လူမှန်းသိသော အရွယ်မှစ၍ မိခင်နှင့် ကင်းကွာနေရ၍ ယခု သူ မိခင်အစစ်ကို မြင်ရသောအခါ သူလည်း ဝမ်းသာအားရ ပြေးဖက်ထားခြင်းပင်။

"မေမေ"

ရာဇာက ခေါ်သလို ဒေါ်နုနုကလည်း မျက်ရည်လည်ရွဲဖြင့် ပြန်ခေါ်သည်။

"သား...သား...မေမေ့သားကြီး မသေလို့ ပြန်တွေ့ကြရ တယ်နော်"

ဒေါ်နုနု သားကို ပွေ့ပိုက်ထားသည်။

ပြီးတော့ ရာဇာ၏ လက်မောင်းကို အပြင်မှ စမ်းရင်း မေးသည်။

"သားရေ...မေမေလေ သားငယ်ငယ်တုန်းက အမှတ်ကို ကြည့်ချင်လို့ အင်္ကျီချွတ်ပြစမ်းပါ သားရယ်"

ရာဇာကလည်း မိခင်၏စကားအတိုင်း ကိုယ်ပေါ်မှ အင်္ကျီကို ချွတ်ပြသည်။

သူတို့အနီးသို့ ပန်းကြာဖြူလည်း ရောက်လာသည်။

ဦးဖြူထွေးနှင့် တင်တိုးတို့လည်း မြင်းပေါ်မှ ဆင်းကာ ဒေါ်နုနုအနီး၌ ရပ်နေကြသည်။

"ဟယ်...သားလက်မောင်းက မည်းမည်းအမှတ်ကြီးအော ငယ်ငယ်ကထက် ပိုကြီးလာတယ်နော်။ ဟို သားမောင်ပြာသို ရဲ့ လက်မောင်းကအမှတ်အတိုင်းပဲ။ ထူးဆန်းလိုက်တာ၊ အဲတော့ ဒါထက် သားမောင်ပြာသိုရော"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နုနုမှာ ယခုမှ သတိရဟန်ဖြင့် ပြာသိုကို မေးနေသည်။

ပန်းကြာဖြူကလည်း ဒေါ်နုနုလိုပင် ဝင်မေးသည်။

"ဟုတ်သားပဲ၊ အစ်ကိုပြာသို ဘယ်မှာလဲ ဖေဖေ၊ သူ ဘာဖြစ်လို့လဲဟင်"

"ပြာသိုလား၊ တိုက်ပွဲ..."

"ဟင်...အစ်ကိုပြာသို တိုက်ပွဲမှာ ကျသွားပြီလား ဖေဖေ"

ပန်းကြာဖြူ ငိုသံပါကလေးဖြင့် မေးသည်။

"ဟဲ့...နေစမ်းပါဦး၊ ငါမှ စကားမဆုံးသေးဘဲ၊ တိုက်ပွဲပြီးလို့ အိမ်ကို ပြန်အလာမှာ ဘာစိတ်ကူးပေါက်တယ် မသိဘူး၊ သူ ရန်ကုန်ကို ပြန်တော့မယ်၊ အိမ်ပြန်မလိုက်တော့ဘူးလို့ ပြောနေတယ်။ ငါ အတန်တန် တားပေမယ့် မရဘူး။ အခု လားရှိုးကို ထွက်သွားပြီ၊ ရန်ကုန်ကို ပြန်မယ်လို့ ပြောသွားတယ် သမီးရဲ့"

"အို..."

ပန်းကြာဖြူ အာမေဍိတ်သံကလေးပေးရင်း မျက်နှာကလေး မဲ့သွားတော့သည်။

ရာဇာကတော့ ညီမအဖြစ်ကို ကြည့်၍ ပြုံးနေသည်။

"သူ...သူ...ဘာဖြစ်လို့ အခုလို ထွက်သွားတာလဲ ဖေဖေ၊ ဧကန္တ ဖေဖေက နှင်လွှတ်လို့နဲ့တူတယ်"

"ဟဲ ဟဲ...ငါလည်း အဲဒီလို အပြောခံရမယ်လို့ ထင်သားပဲ။ ကိုင်း...ငါက နှင်တာလား၊ သူ့ဘာသာ သူ စိတ်ရှုပ်ပေါက်ပြီး ထွက်သွားတာလားဆိုတာ သိချင်ရင် သမီးရဲ့ ကိုကိုနဲ့ တင်တိုး ကိုသာ မေးကြည့်ပေတော့"

ဦးဖြူထွေး စကားအဆုံးတွင် ရာဇာက ဝင်ပြောသည်။



"ဟုတ်တယ် ညီမလေးရဲ့၊ ဖေဖေက နှင်တာ မဟုတ်ပါဘူး၊ သူ့ဘာသာသူ ထွက်သွားတာပါ"

"ဟာ...ဒါဆိုရင် သမီး သူ့ကို လိုက်ခေါ်မယ်နော် ဖေဖေ"

"အေးလေ...သမီး ခေါ်ချင်သပဆိုရင် ခေါ်ပေါ့။ ဖေဖေ ကတော့ မတားပါဘူး"

"ဒါဆို သမီး ဖေဖေ့ဂျစ်ကားကို ယူသွားပါရစေ"

"သဘောပဲ"

ဦးဖြူထွေးက ခွင့်ပြုလျှင် ပန်းကြာဖြူသည် အနီးတွင် ရပ်နေသော တင်တိုးအား လှမ်းကြည့်ပြီး ခေါ်သည်။

"ကိုတင်တိုး ရှင်ပါ ကျွန်မနဲ့လိုက်ခဲ့၊ သွားကြမယ်၊ ဪ ...ဖေဖေ ဂျစ်ကားသော့ရော"

"ကားမှာပဲ အသင့်တပ်ထားပါတယ်ဗျာ"

ပန်းကြာဖြူ ဆက်ပြောမနေတော့ဘဲ ဂျစ်ကား ရပ်ထားရာ သို့ သွားနေသည်။

ဒေါ်နုနုမှာ သားဖြစ်သူ၏ အမှတ်ကို ကြည့်နေရာမှ ရာဇာ၏ ရှုပ်မှန်ထားသော သေနတ်ဒဏ်ရာကို မြင်သွားသည်။

"ဟောတော့ သားလက်မှာ ဒဏ်ရာကြီးနဲ့ပါလား။ ဘာလို့ မေမေ့ကို မပြောတာလဲကွယ်"

"မပြောဆို ဒဏ်ရာက မကြီးကျယ်လို့ပါ မေမေရယ်၊ ပြီးတော့ သားဟာ မေမေတို့နဲ့ ခဏပဲ နေရမယ့်ဟာ။ သား အပြစ်တွေအတွက် ဥပဒေကပေးမယ့် အပြစ်ကို ခံရဦးမယ်လေ"

ရာဇာ၏ စကားကြားရလျှင် ဒေါ်နုနု မျက်နှာမှာ မဲ့ကျသွား တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုထွေး ရှင့်သားကို အပြစ်က လွတ်အောင် လုပ်မပေးနိုင်ဘူးလား ရှင်"

"ကွင်းလုံးကျွတ် လွတ်ဖို့တော့ မဖြစ်နိုင်ဘူး နန်း၊ အမှုက သက်သာအောင်တော့ ငါ ကြိုးစားပေးပါ့မယ်ကွာ။ ကဲလာ... အိမ်ထဲ သွားကြစို့"

ဦးဖြူထွေးက ခေါ်လျှင် ဒေါ်နန်းမှာ ရာဇာ၏လက်ကိုဆွဲကာ အိမ်ဆီသို့ လျှောက်သွားသည်။

ပန်းကြာဖြူမှာမူ သူ့ဖခင် ဂျစ်ကားကလေးကို မောင်းကာ ပြာသိုနောက်သို့ အမြန်လိုက်နေသည်။

တင်တိုး၏ အကြံပေးချက်အရ လားရှိုးမြို့သို့ ရောက်လျှင် တင်တိုး နေထိုင်ရာ ကြာဖြူလမ်းသို့ ကားကို မောင်းခဲ့သည်။

တင်တိုးအိမ်တွင် ပြာသိုကို မတွေ့ရဘဲ သူစီးသွားသော မြင်းသာ အိမ်ရှေ့ ဝရန်တာ၌ ချည်ထားသည်ကို မြင်ရသည်။

"ဟင်...သူ...မရှိပါလား ကိုတင်တိုး"

"မရှိရင် ဘူတာကို လိုက်ပေါ့ဗျာ၊ ဒီလူ ဘူတာမှာပဲ ရှိမှာပါ။ မီးရထားကတော့ ဆိုက်ဦးမယ် မထင်ပါဘူး"

တင်တိုး ပြောသည့်အတိုင်း ပန်းကြာဖြူမှာ ဂျစ်ကားကို ကြာဖြူလမ်းမှနေ၍ ဘူတာဘက်သို့ ပြန်မောင်းခဲ့ရသည်။

သူတို့လာနေချိန်တွင် ပြာသိုမှာ မီးရထားကြီး ရောက်လာပြီမို့ ရထားပေါ်သို့ တက်ပြီးနေပြီဖြစ်သည်။

ဘာလိုလို့နှင့် သူ့မှာ ပန်းကြာဖြူနှင့် ခွဲရတော့မည်မို့ သူ့ မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲသောအသွင် ပေါ်နေသည်။

ရထားစီးခရီးသည်များကတော့ ပစ္စည်းတင်သူ တင်၊ ချသူ



ချနှင့် အလုပ်ရှုပ်နေကြသည်။

သူကတော့ မည်သည့်ပစ္စည်းမှ တင်စရာလည်း မရှိ၊ ချစရာလည်း မရှိပေ။

ရထားကြီး ထွက်ရန် သုံးမိနစ်အလိုတွင် သူ၏နှာဝတွင်းသို့ ပေါင်ဒါနှင့် ရေမွှေးနံ့တို့ တိုးဝင်လာ၍ အနံ့လာရာသို့ လှမ်းကြည့်မိသည်။

သူထိုင်နေသော ထိုင်ခုံအနီးတွင် ရပ်ရင်း သူ့အား ပြုံး၍ ကြည့်နေသော ပန်းကြာဖြူကို မြင်ရသည်။

"ဟင်...ပန်းကြာဖြူ၊ ဘာ...ဘာလို့လာတာလဲ"

ပြာသို အံ့သြသံဖြင့် ပြန်မေးနေသည်။

အနီးရှိ ခရီးသည်များကလည်း သူတို့နှစ်ဦးအား လှမ်းကြည့်နေကြသည်။

"ဘာဖြစ်လို့လာတာလဲဆိုတော့ ဟောဒါ ပြချင်လို့ပဲ"

ပန်းကြာဖြူ ပြောရင်း သူ့လက်ညှိုးကလေးတစ်ချောင်းကို ထောင်၍ ပြနေသည်။

"ဟ...ဒါက ဘာလဲ၊ ဘာအဓိပ္ပာယ်လဲ။ ကိုယ် နားမလည်ဘူး"

"အို...ကိုယ်ပေးခဲ့တဲ့ သင်္ကေတ ကိုယ့် ပြန်မေ့နေပြီလား"

"ဘာသင်္ကေတလဲ"

"ချစ်တယ်ဆိုရင် လက်ညှိုးထောင် ဆိုတာလေ"

"နို့...မချစ်ဘူးဆိုပြီး လက်ဝါးဖြန့်ပြခဲ့တာကရော"

"အဲဒါက အစ်ကို့ကို ဒီက တမင် နောက်လိုက်တာ၊ သိလား"

www.burmeseclassic.com

www.burmeseclassic.com



"သိဘူးလေ၊ ခု လက်ညှိုးထောင်တာကရော တကယ်လား၊ ဒါမှမဟုတ်ရင် ကျောင်းသားလေးတွေ ရှူးရှူးပေါက်ချင်လို့ ဆရာမကို ခွင့်တိုင်တဲ့ သဘောနဲ့ ပြတာလား၊ ပြောစမ်း"

ပြာသို၏စကား ကြားရလျှင် ပန်းကြာဖြူ ဒေါပွသွားတော့သည်။

"ကြည့်စမ်း၊ ကြည့်စမ်း၊ သူများကို မဟုတ်တာတွေ လာပြောနေတယ်။ ဒီကတော့ သူ့စကားအတိုင်း လက်ညှိုးထောင်တဲ့ဟာ။ ကိုင်း...မယုံရင်နေတော့၊ မီးရထားကြီးလည်း ထွက်တော့မှာမို့ ညီမ သွားတော့မယ်"

ပန်းကြာဖြူ ပြောပြောဆိုဆိုနှင့် မီးရထားတွဲပေါ်မှ ဆင်းသွားခဲ့သည်။

"ဟေး...ပန်းကြာဖြူ ညီမ နေဦးလေ"

ပြာသို နောက်မှ ပျာပျာသလဲ လှမ်းခေါ်ရင်း လိုက်သွားသည်။

ပန်းကြာဖြူ လှည့်မကြည့်ဘဲ ရထားတွဲပေါ်မှ ဆင်းသည်။

ပြာသိုလည်း ရထားတွဲပေါ်မှ အဆင်းတွင် မီးရထားကြီးမှာ အချိန်စေ့ပြီမို့ တရွေ့ရွေ့ ထွက်ခွာစ ပြုနေတော့သည်။

ပြာသိုက ပန်းကြာဖြူ၏ လက်ကလေးကို နောက်မှ လှမ်းဆွဲထားရင်း ပြောသည်။

"အချစ်ကလည်း အစ်ကိုက စ,တာကို တကယ် စိတ်ဆိုးရသလားလို့"

"ဆိုးတာပေါ့၊ သူများက မိန်းကလေးတန်မဲ့နဲ့ သူ့ဆီကိုလည်း လိုက်လာရသေးတယ်၊ ချစ်ပါပြီလို့လည်း လက်ညှိုးကို



ထောင်ရသေးတယ်။ ဘယ့်လောက် မိန်းမဈေးပေါ့ပျက်သလဲ...ဟွင်း"

"မပျက်ပါဘူးဗျာ၊ ဒီကလည်း အချစ် ရောက်လာကတည်းက အဖြေသိပြီးသားပါ။ လက်ညှိုးထောင်ပြနေစရာတောင် မလိုဘူး ဟဲ ဟဲ"

"သွားစမ်းပါ၊ အခုမှ အပိုတွေပြောမနေနဲ့၊ ကဲလာ အိမ်ကို သွားကြမယ်"

"ဟာ...မဖြစ်ဘူးထင်တယ်"

"ဘာဖြစ်လို့လဲ၊ ပြောစမ်းပါဦး"

"ညီမအဖေကို ရန်ကုန်ပြန်မယ်ပြောပြီး ထွက်လာခဲ့တာ၊ အခု ပြန်သွားလို့ ဖြစ်မလား"

"ဖြစ်ပါတယ်လေ၊ ဖေဖေကိုယ်တိုင်က အစ်ကို့ကို သွားခေါ်မယ်ဆိုတော့ သမီး ရအောင်ခေါ်နိုင်ရင် ခေါ်ခဲ့ချေတဲ့ရှင့်"

"ဟင်...ဟုတ်လား၊ ဒီလိုဆိုတော့လည်း ယောက္ခမကြီးက သဘောကောင်းသားပဲ...ဟား ဟား ဟား"

"ကြည့်စမ်း၊ ကြည့်စမ်း၊ ကိုယ့်မွေးစားတဲ့ အဖေကို ဒီလိုပဲ ပြောရသလား"

ပန်းကြာဖြူ ပြောရင်း ပြာသို၏ ရင်ဘတ်ကို လက်ဖြင့် အသာထုနေသည်။

"ဟာကွာ၊ ဒီမွေးစားအဖေစကားကြီးကို ဒီတင်ပဲ ရပ်လိုက်ပါတော့။ ညီမတို့ အစ်ကိုလည်း ပြန်တွေ့နေမှပဲ။ ဒါကြောင့် ယောက္ခမလိုပဲ သဘောထားပါရစေလား အချစ်ရယ်...ဟဲဟဲ"

ပြာသို ပြောပြီး ရယ်နေရာ ပန်းကြာဖြူ ပေါ်ပွကာ သူ့လက်

www.burmeseclassic.com

www.burmeseclassic.com



မောင်းကို ဆွဲလိမ်သည်။

"ဟင်း...သူကတော့ အပိုင်တွက်နေတာပဲ"

"အလိုဗျာ မပိုင်သေးဘူးလား။ ဒါပဲနော် ဒီတစ်ခါတော့ မရဘူး၊ အိမ်ကျရင် လူကြီးတွေ အပြတ်ပြောပြလိုက်ပေတော့"

"ရှည်မနေနဲ့၊ လိုက်မှာသာ လိုက်ခဲ့"

ပန်းကြာဖြူ ပြောရင်း ပြာသို၏လက်ကို ဆွဲ၍ ဘူတာအပြင်ဘက်သို့ ထွက်လာသည်။

"အဲဗျ...ရန်ကုန်ပြန်မယ့်လူကြီး ပြန်ပါလာသလားဗျ... ဟား ဟား ဟား"

ဘူတာရုံအပြင်ဘက်တွင် ဂျစ်ကားစောင့်နေသော တင်တိုးက လှမ်းနောက်နေသည်။

"ဒါပေါ့ဗျာ၊ ခေါ်တဲ့လူက ခေါ်တော့လည်း လိုက်လာရတာပေါ့"

ပန်းကြာဖြူကမူ တင်တိုးကို လှမ်းပြောနေသည်။

"ကိုတင်တိုး သူထားခဲ့တဲ့မြင်းကို သွားယူပြီး အိမ်ကိုလာခဲ့နော်၊ ကျွန်မက အစ်ကိုနဲ့ သွားနှင့်မယ်"

"ကောင်းပါပြီခင်ဗျာ၊ ကျွန်တော်ပါနေရင်လည်း ခင်ဗျားတို့အတွက် အနှောင့်အယှက် ဖြစ်နေမှာ မဟုတ်လား။ သိပါတယ်ဗျာ ဟား ဟား ဟား"

တင်တိုး၏ စကားကြောင့် ပန်းကြာဖြူနှင့် ပြာသိုတို့မှာ ရယ်နေကြသည်။

နောက်တော့ ပန်းကြာဖြူက ဂျစ်ကားကို မောင်းထွက်လာခဲ့သည်။



အိမ်သို့ရောက်လျှင် ပန်းကြာဖြူက ပြာသို၏လက်ကို ဆွဲ၍ သူ့မိဘများထံသို့ ခေါ်သွားသည်။

ဧည့်ခန်းထဲတွင် ဦးဖြူထွေး၊ ဒေါ်နုနုနှင့် ရာဇာတို့ ထိုင်၍ စကားပြောဆိုနေကြသည်။

ရာဇာ၏ လက်မောင်းတွင် ပတ်တီးတစ်ခု စည်းထားသည်ကို တွေ့ရသည်။

ဦးဖြူထွေးမှာ ပြာသို ပါလာသည်ကို တွေ့ရလျှင် လှမ်းပြောသည်။

"ဟ...ရန်ကုန်ပြန်မယ် ဆိုတဲ့ကောင် ဘယ်လိုဖြစ်လာတာလဲကွ...ဟေ"

ထိုအမေးကို ပြာသိုအစား ပန်းကြာဖြူ ပြန်ဖြေသည်။

"သမီး အတင်းခေါ်ခဲ့လို့ပါ ဖေဖေ"

"ဩော်...ငါ တားတုန်းကတော့ မရဘူး၊ သမီး ခေါ်မှ ပြန်လာတယ်ဆိုတော့ မင့်စိတ်က မျက်နှာကြီး မျက်နှာငယ် လိုက်ရာ မကျဘူးလားကွ...ဟား ဟား ဟား"

ဦးဖြူထွေး စကားကြောင့် ပြာသိုမှလွဲ၍ ကျန်လူတွေအားလုံး ရယ်နေကြသည်။

ပန်းကြာဖြူက မိခင်နှင့် ဖခင်ဘက်သို့ လှမ်းကြည့်ရင်း ဆက်ပြောသည်။

"သူပြန်ပါလာတာက တခြားကြောင့်မဟုတ်ပါဘူး ဖေဖေ"

"ဘာကြောင့်လဲ၊ ဆိုစမ်း"

"သူ...သူကလေ သူ့ကို သမီးက လက်ထပ်မှ ပြန်လိုက်ခဲ့မယ်ဆိုလို့ သမီးက လက်ထပ်ပါ့မယ်လို့ပြောပြီး ခေါ်လာခဲ့တာပဲ

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ။ ဒီတော့ ဖေဖေနဲ့ မေမေ့ဆန္ဒက ဘယ်လိုဆိုတာ ပြောပါ”

ဒေါ်နုနုမှာ သမီးစကားကို ကြားရလျှင် ဦးဖြူထွေးဘက်သို့ လှမ်းမေးသည်။

“ကဲ…ကိုထွေး တော့်သဘောက ဘယ်လိုလဲ။ ကျွန်မကတော့ သားလေး မောင်ပြာသိုနဲ့ သဘောတူပါတယ်လေ”

“ဟ… ငါ့သဘောကိုလည်း မေးမနေပါနဲ့၊ မင့်သမီးဟာ သူ့ကို ရန်ကုန်ကနေ စပြီး ခေါ်လာကတည်းက သူကြိုက်လို့ ခေါ်လာတာမို့ အခုမှ အဆန်းလုပ်ပြီး မနေပါနဲ့။ ဒီယုန်မြင်လို့ ဒီချုံထွင်ခဲ့တာပဲဟာ။ ဒီလောက်တောင် ဖြစ်နေမှတော့ ငါကလည်း သဘောတူ ပေးစားရမှာပေါ့ကွာ။ ဩော်…ငါ့သားကြီး ဆန္ဒကရော ဘယ်လိုလဲကွ၊ အင်း…မင်းအဖြစ်ကလည်း ဆန်းတယ်နော်။ ဒီကနေ့ကျမှ မိဘ ညီမတွေနဲ့ ပြန်တွေ့ကြရသလို ယောက်ဖလည်း ဒီကနေ့ပဲ ရတယ်ဆိုတော့ ဟဲဟဲ လူကြားလို့တော့ သိပ်မကောင်းဘူး သားရဲ့။ အေးလေ… လူကြားလို့ မကောင်းပေမယ့် သူတို့အတွက်ကတော့ ကောင်းနေတာမို့ သားကလည်း ရှက်မနေဘဲ သဘောတူလိုက်ပါတော့ကွာ…ဟား ဟား ဟား”

ဦးဖြူထွေး စကားအဆုံး ရယ်နေသလို ကျန်လူများကလည်း ရယ်နေကြသည်။

ဤဝတ္ထု ဇာတ်လမ်းကို နိဂုံးချုပ်အဖြစ် တင်ပြရသော်…

နောက်တစ်ပတ်ခန့် အကြာတွင် ပြာသိုနှင့် ပန်းကြာဖြူတို့ကို ရပ်ကွက်လူကြီးများအား ဖိတ်၍ ဦးဖြူထွေးတို့က လက်ထပ်ပေးလိုက်ကြသည်။



ရာဇာမှာတော့ သူပြုမူမှားခဲ့သော အပြစ်များအတွက် မှားကြောင်း ဝန်ခံခဲ့သဖြင့် တရားသူကြီးများက သက်ညှာစွာ စဉ်းစား၍ သူ့အား အလုပ်နှင့် ထောင်ဒဏ် တစ်နှစ် အပြစ်ပေးခဲ့သည်။

အသားထဲက လောက်ထွက်ခဲ့သူ သာချိုမှာတော့ လူဆိုးများနှင့် ဆက်သွယ်ခဲ့ခြင်း၊ ဥပဒေပ အပြစ်များကို ပြုလုပ်ခဲ့ခြင်းနှင့် ဦးဖြူထွေး၏ ငွေများကို အများအပြား အလွဲသုံးစားလုပ်ခြင်း စသည့် အပြစ်များကြောင့် အလုပ်နှင့် ထောင်ဒဏ် ငါးနှစ် ချမှတ်ခြင်းကို ခံခဲ့ရကြောင်း ပြောကြားရင်း ဤ'ချစ်တယ်ဆိုရင် လက်ညှိုးထောင်' ဝတ္ထုအား အဆုံးသတ်ပေးလိုက်ရပါသတည်း။

“ချစ်စွာသော စာဖတ်သူများ အားလုံး စိတ်ဒုက္ခ ကာယဒုက္ခ ကင်းစင်၍ သုခ ချမ်းသာကြီးစွာဖြင့်” ... 

အစဉ်လေးစားစွာဖြင့်…

ကြူမွေး

ဤဝတ္ထုပြီးဆုံးချိန်
၁၉၈၈ ခုနှစ်၊ မတ်လ (၁၄)ရက်၊
တနင်္လာနေ့၊ ည(၁၀)နာရီ (၅)မိနစ်ခန့်။

www.burmeseclassic.com